# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957


**သူတော်ကောင်းထံချဉ်းကပ်**

အရိယာသူတော်ကောင်းတို့နှင့် တွေ့မြင်၊ ပေါင်းဖော်ရခြင်းသည် အခါခပ်သိမ်း ချမ်းသာ၏။ သူမိုက်တို့နှင့် မတွေ့မြင် မပေါင်းဖော်ခြင်းသည် အမြဲပင်ချမ်းသာ၏။ ထို့ကြောင့် လူမိုက်တို့ကိုရှောင်ခွာ၍ ပညာရှိ အရိယာသူတော်ကောင်းတို့ထံ ချဉ်းကပ်၍ မှီဝဲဆည်းကပ်ရာ၏။

သုခဝဂ်(ဓမ္မပဒ- ၂၀၈)


၁၃၈၂ ခုနှစ်၊ ကဆုန်လဆန်း ၆ ရက်၊ တနင်္လာနေ့။ Monday, 27 April 2020 ၉၉၉၅



ကြေးမုံ ယနေ့ ဖတ်စရာ

COVID-19 ကပ်ရောဂါ တိုက်ဖျက်ဖို့ တစ်နိုင်ငံလုံး ပူးပေါင်းပါဝင်ကြပါစို့

ဆောင်းပါး စာမျက်နှာ » ၆

ရန်ကုန်တိုင်းဒေသကြီးအတွင်း အသီးအရွက်နှင့် အသားငါးများ ဈေးနှုန်းသက်သာစွာ လိုက်လံရောင်းချပေးမည်

စာမျက်နှာ » ၁၀

COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

စာမျက်နှာ » ၁၅

ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ခရီးသည်တင် လေယာဉ်များ ပြေးဆွဲခွင့် ရပ်ဆိုင်းခြင်းကာလ ထပ်မံတိုးမြှင့်

စာမျက်နှာ » ၂၂


## နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က

# ကျန်းမာရေးဝန်ထမ်းများနှင့် အလှူရှင်များအတွက် စိတ်ဓာတ်ခွန်အားမြှင့်တင်သည့် သတင်းစကားပါး

**နေပြည်တော် ဧပြီ ၂၆**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ၎င်း၏ ဖေ့စ်ဘွတ်စာမျက်နှာမှ ယနေ့တွင် အောက်ပါအတိုင်း သတင်းစကားပါး ရေးသားထားသည် -

မနေ့က message ကို ကျွန်မ နှစ်သက်တဲ့သီချင်းတစ်ပုဒ်ဖြစ်တဲ့ **"ခွန်အားဖြည့်မိငယ်"** ထဲက စာကြောင်းတစ်ကြောင်းနဲ့ အဆုံးသတ်လိုက်ပါတယ်။ သီချင်းကို မသိတဲ့သူတွေအတွက် ပထမအပိုဒ်ကို ဒီနေ့ ရေးပေးလိုက်ပါတယ်။

နေဝင်ညတွေ ကူးဖြတ်ပြီးမှ ရောင်နီသာတဲ့ နေ့သစ်ကို ရောက်မယ်၊


ယုံကြည်ချက်နဲ့ ကြိုးစားတတ်မှ တစ်ချိန်မှာ အောင်မြင်လွတ်မြောက်မယ် မဟုတ်လား၊

သံသရာလမ်းဟာ မချောမွေ့တတ်တော့ တာဝန်ကိုယ်စီထမ်းရွက်၊ ရှေ့ဆက်လှမ်း။

အရှုံးမပေးနဲ့ မိငယ်ရေ၊ ရဲရင့်မှ ကျော်ဖြတ်သွား၊ အများအကျိုးအတွက် တာဝန်ထမ်းရွက်တဲ့အခါ၊ တကယ်ကိုယ်ကျိုးစွန့်နိုင်မှ . . . .

ကျန်းမာရေးဝန်ထမ်းများကို ဂုဏ်ပြုလျက်၊ နေမဝင် အလှူရှင်များကို ကျေးဇူးတင်လျက်၊

"ပန်းရဲ့လမ်း" ဂီတအဖွဲ့ကို သတိရစွာ မေတ္တာပို့သလျက် . . . .




## ကိုဗစ်-၁၉ လူနာနှင့် တိုက်ရိုက်ထိတွေ့မှုကို ရှောင်နိုင်ရန် ပညာရေးဝန်ကြီးဌာနက စက်ရုပ်များပြုလုပ်လှူဒါန်း

**ရန်ကုန် ဧပြီ ၂၆**

လတ်တလောဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် ကုသရေးအထောက်အကူပြုပစ္စည်းတစ်ခုဖြစ်သည့် Trolley Robot(TR201) နှင့် Container Robot(CR201)တို့ကို ယနေ့မွန်းလွဲပိုင်းက ကိုဗစ်-၁၉ ကုသရေးဌာန ဗဟိုဝန်ထမ်းတက္ကသိုလ် ဖောင်ကြီးသို့ ပညာရေးဝန်ကြီးဌာနမှတာဝန်ရှိသူများက သွားရောက်လှူဒါန်းခဲ့ကြသည်။

အဆိုပါ အထောက်အကူပြုပစ္စည်းများကို ရန်ကုန်နည်းပညာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမြင့်သိန်း၊ နည်းပညာတက္ကသိုလ် (သန်လျင်) ပါမောက္ခချုပ် ဒေါက်တာသီဂီနှင့် အဖွဲ့ဝင်များက ပညာရေးဝန်ကြီးဌာနကိုယ်စား လှူဒါန်းရာ ကိုဗစ်-၁၉ ကုသရေးဌာန ဗဟိုဝန်ထမ်းတက္ကသိုလ် ဖောင်ကြီး၏ ဆေးရုံအုပ်ကြီး ဒေါက်တာဦးကိုကိုနိုင်က လက်ခံရယူသည်။

**တိုက်ရိုက်ထိတွေ့မှုလျှော့ချ**

"ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက လိုအပ်လျက်ရှိတဲ့ ကိုဗစ် - ၁၉ ကုသရေးစင်တာတွေမှာ အတည်ပြုလူနာရှင်နဲ့ ကုသရေး၊ ကျန်းမာရေးဝန်ထမ်းတွေနဲ့ တိုက်ရိုက်ထိတွေ့မှုလျှော့ချနိုင်ဖို့ ဒီစက်ရုပ်တွေကို ပြုလုပ်လှူဒါန်းပေးရခြင်းဖြစ်ပါတယ်"ဟု ပါမောက္ခချုပ် ဒေါက်တာသီဂီက ပြောသည်။

အဆိုပါ စက်ရုပ်များကို အသုံးပြုခြင်းဖြင့် နေ့စဉ်ကျန်းမာရေးဝန်ထမ်းနှင့် အတည်ပြုလူနာတို့အကြား မနက်၊ နေ့လယ်၊ ညနေတို့တွင် အစားအသောက်နှင့် ဆေးဝါးပေးပို့ခြင်းတို့အတွက် အနည်းဆုံး ခြောက်ကြိမ် ထိတွေ့နိုင်မှုကို လျှော့ချနိုင်မည်ဖြစ်သည်။


စာမျက်နှာ ၄ ကော်လံ ၁ သို့ ○





ကြေးမုံ

## ကြိုတင်ကာကွယ်ရေး အလေးထားလိုက်နာ

လတ်တလော အသက်ရှုလမ်းကြောင်းဆိုင်ရာရောဂါ ကိုဗစ်-၁၉ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရန်အတွက် ပြည်သူများအနေဖြင့် မိမိနေအိမ်တွင်နေထိုင်ရန် (Stay at Home) လိုအပ်ပါသည်။ Stay at Home သည် လိုအပ်၍သာ ထုတ်ပြန်ခြင်းဖြစ်ရာ လိုက်နာမှုအားနည်းပြီး အခြေအနေဆိုးရွားသွားလျှင် တင်းကျပ်သောတားမြစ်မှုများ ဖြစ်ပေါ်လာနိုင်သည်။

ယခုအခါ ရောဂါကူးစက်ခံရမှုကိုအကြောင်းပြု၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့နယ်ခုနစ်မြို့နယ်ရှိ ပြည်သူများ မိမိနေအိမ်တွင်နေထိုင်၍ သတ်မှတ်စည်းကမ်းချက်များကို လိုက်နာရန် ကြေညာထားပြီးဖြစ်သည်။ ဆက်လက်၍ ဧပြီလ ၂၄ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့နယ်သုံးမြို့နယ်ကို နေအိမ်တွင်နေထိုင်ရေး (Stay at Home) အစီအစဉ်တွင် အကျုံးဝင်ကြောင်း ထပ်မံကြေညာလိုက်ပါသည်။

နေအိမ်တွင်နေထိုင်ရေး (Stay at Home) အစီအစဉ်သည် မြို့နေပြည်သူများအားလုံး မူလကကဲ့သို့ မြို့နယ်အတွင်း လွတ်လပ်စွာသွားလာနေထိုင်ခြင်းမျိုး မဟုတ်သော်လည်း မဖြစ်မနေဈေးဝယ်ရန်အတွက် တစ်အိမ်လျှင် တစ်ဦး၊ ဆေးရုံ၊ ဆေးခန်းသွားရန် တစ်အိမ်လျှင် နှစ်ဦးနှင့် အလုပ်တာဝန်ထမ်းဆောင်မည့်သူများအတွက် ခွင့်ပြုထားသည်။ ကျန်ပြည်သူများမှာ မိမိတို့နေအိမ်တွင် နေထိုင်ကြရန်ဖြစ်သည်။ ပြင်ပထွက်ခွာခွင့်ရသူများအနေဖြင့် ယာဉ်ပါလျှင် ယာဉ်မောင်းတစ်ဦး ပါဝင်ခွင့်ရှိသည်။ တာဝန်ထမ်းဆောင်ရန် ပို့ဆောင်မည့်ယာဉ်များနှင့် ဖြတ်သန်းခွင့်ပြုထားသောယာဉ်များကိုသာ ရပ်ကွက်ကျော်လွန် သွားလာခွင့်ပြုမည်ဖြစ်ပြီး နေအိမ်မှပြင်ပသို့သွားလာလျှင် နှာခေါင်းစည်းတပ်ရန် လိုအပ်ပါသည်။

Stay at Home အစီအစဉ်တွင် အကျုံးဝင်သောမြို့နယ်များ၌ ဤသို့ဆောင်ရွက်ခြင်းသည် တာဝန်ရှိသူများအား လူဝင်၊ လူထွက်ကို သတင်းပို့မှတ်သားဆောင်ရွက်နိုင်ခြင်းဖြင့် ရောဂါကွင်းဆက်လိုက်ရာတွင် ပိုမိုထိရောက်လွယ်ကူမှုရှိမည့်အပြင် ရောဂါပြန့်ပွားခြင်းမရှိအောင်လည်း ထိန်းချုပ်နိုင်မည်ဖြစ်သည်။ Stay at Home အစီအစဉ်တွင် အကျုံးဝင်သောပြည်သူများအနေဖြင့် ထုတ်ပြန်ထားသောအမိန့်ကို လိုက်နာရန်ပျက်ကွက်ပါက ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေးဥပဒေအရ အရေးယူခြင်းခံရနိုင်သည်ကို သတိချပ်ရမည်ဖြစ်သည်။

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကို ကြိုတင်ကာကွယ်ရာ၌ Stay at Home အစီအစဉ်သည် ထိရောက်သောလုပ်ငန်းစဉ်ဖြစ်ပြီး Stay at Home အစီအစဉ်တွင် အကျုံးမဝင်သော မြို့နယ်များအနေဖြင့်လည်း မလိုအပ်ဘဲ နေအိမ်ပြင်ပသို့မထွက်ခြင်း၊ လိုအပ်၍ထွက်လျှင်လည်း နှာခေါင်းစည်းတပ်ဆင်ခြင်း၊ အဝင်၊ အထွက်ပြုလုပ်ပြီးတိုင်း လက်ကိုဆပ်ပြာဖြင့်စင်ကြယ်စွာဆေးကြောခြင်း၊ ရပ်ရွာအတွင်း လူငါးဦးနှင့်အထက် ပို၍စုဝေးမှုမပြုလုပ်ခြင်းတို့ကို အလေးထားလိုက်နာဆောင်ရွက်ကြရမည် ဖြစ်သည်။

မြန်မာနိုင်ငံတွင် ရောဂါကူးစက်မှုနှုန်းသည် မြင့်မားခြင်းမရှိသော်လည်း လက်ရှိအနေအထားထက် မြင့်မားလာမှုကို ထိန်းချုပ်ကာကွယ်နိုင်မှသာလျှင် ပြည်သူပြည်သားအားလုံး လွတ်လပ်စွာနေထိုင်သွားလာနိုင်ခွင့် အမြန်ဆုံးပြန်လည်ရရှိနိုင်မည် ဖြစ်သည်။ ထုတ်ပြန်ထားသော အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာမှုအားနည်းပြီး ရောဂါဖြစ်ပွားသူနှင့် မြို့နယ်များ တစ်နေ့ထက်တစ်နေ့တိုးနေပါက လွတ်လပ်စွာ နေထိုင်လုပ်ကိုင်သွားလာနိုင်ခွင့်များ ဝေးသည်ထက်ဝေးနေမည် ဖြစ်သည်။

သို့ဖြစ်ရာ Stay at Home အစီအစဉ်တွင် အကျုံးဝင်သည်ဖြစ်စေ၊ မဝင်သည်ဖြစ်စေ ဤကဲ့သို့ ကူးစက်မြန်ရောဂါ ကပ်ဘေးကြီးဆိုက်ရောက်နေချိန်တွင် သက်ဆိုင်ရာအဖွဲ့အစည်းများက ချင့်ချိန်မြော်မြင်ပြီးမှ ဆောင်ရွက်သော အစီအစဉ်များ၊ ညွှန်ကြားချက်များကို ပြည်သူအားလုံးတို့က အလေးအနက်ထားလိုက်နာဆောင်ရွက်ခြင်းဖြင့် လွတ်လပ်စွာနေထိုင်လုပ်ကိုင်သွားလာဆောင်ရွက်နိုင်မည့်အခွင့်အရေး မြန်မြန်ဆန်ဆန်ရရှိနိုင်မည်ဖြစ်ပါကြောင်း။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

သင့်စီးပွားရေး အောင်မြင်ဖို့
ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

## အများပြည်သူသို့ တိုက်တွန်းနှိုးဆော်ချက်

၁။ Coronavirus Disease 2019 (COVID-19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကိစ္စရပ်များ ဆောင်ရွက်ရာတွင် ရောဂါကူးစက်ခံရနိုင်မှု အခြေအနေကို ခြေရာခံဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် Coronavirus Disease 2019 (COVID-19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ICT နည်းပညာ အထောက်အကူပြုလုပ်ငန်းအဖွဲ့အနေဖြင့် "စောစောရှာ" Mobile Application ကို ရေးဆွဲဆောင်ရွက်ခဲ့ပါသည်။

၂။ "စောစောရှာ" Mobile Application အား ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသူများ အပါအဝင် ပြည်သူအများ ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲစေခြင်းဖြင့် ICT နည်းပညာ အထောက်အကူဖြင့် ကူးစက်ခံရနိုင်ခြေရှိသူများကိုလည်း ရှာဖွေဖော်ထုတ်နိုင်မည်ဖြစ်ပြီး ရောဂါကူးစက်ခံရနိုင်မှု အခြေအနေ ထိန်းချုပ်နိုင်ရေးကိုလည်း များစွာအထောက်အကူပြုနိုင်မည် ဖြစ်ပါသည်။

၃။ ပြည်သူများအနေဖြင့် "စောစောရှာ" Mobile Application ကို မိမိတို့၏ မိုဘိုင်းဖုန်းများတွင် ထည့်သွင်းအသုံးပြုခြင်းဖြင့် အောက်ဖော်ပြပါ အကျိုးကျေးဇူးများကို ရရှိစေမည် ဖြစ်ပါသည်-

(က) ရောဂါကူးစက်ခံထားရသူနှင့် ထိတွေ့ခဲ့နိုင်မှု အခြေအနေကို နေရာ၊ အချိန်တို့နှင့်ဆက်စပ်၍ သိရှိနိုင်ခြင်း၊

(ခ) ရောဂါကူးစက်ခံထားရသူများသွားလာခဲ့သည့် နေရာများစာရင်းကို ဤ "စောစောရှာ" Mobile Application အသုံးပြုသူများအနက်မှ အဆိုပါနေရာများသို့ သွားလာခဲ့သူများကို သတိပေးချက် ဆောလျင်စွာ ပေးပို့နိုင်ခြင်းကြောင့် မိမိအနေဖြင့် ရောဂါကူးစက်ခံထားရသူနှင့်အတူ ရှိနေခဲ့ခြင်းနှင့် ထိတွေ့ခဲ့မှု ရှိ/မရှိ တို့ကို ဆောလျင်စွာ သိရှိနိုင်ခြင်း၊

(ဂ) ပုံမှန်နေထိုင်စဉ် အခြေအနေတွင်ဖြစ်စေ၊ Quarantine ပြုလုပ်နေစဉ် ကာလအတွင်းဖြစ်စေ မိမိ၏ ကျန်းမာရေးအခြေအနေအား သတင်းပေးပို့နိုင်သဖြင့် လိုအပ်ပါက ကုသမှုအကူအညီကို ဆောလျင်စွာ ရရှိနိုင်ခြင်း၊

၄။ အဆိုပါ "စောစောရှာ" Mobile Application ကို သုံးစွဲရန်အတွက် တယ်လီဖုန်းများအတွင်းသို့ Download ပြုလုပ်ခြင်း အပါအဝင် Application သုံးစွဲခြင်းအတွက် အင်တာနက်သုံးစွဲခကို ပြည်သူများအနေဖြင့် ကုန်ကျစရိတ်မရှိစေရန် တယ်လီကွန်းအော်ပရေတာများက အခမဲ့ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။ ၎င်းအပြင် အပိုဆောင်းအနေဖြင့် ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ (၃၁) ရက်နေ့အထိ ဤ Application အား ရယူသုံးစွဲသူများကို တစ်လသက်တမ်းရှိသော 1GB အင်တာနက် အခမဲ့အသုံးပြုခွင့်ကိုလည်း ခွင့်ပြုပေးသွားမည် ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် COVID-19 ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေးကိစ္စရပ်များအတွက် အထောက်အကူဖြစ်စေရေးအတွက် "စောစောရှာ" Mobile Application အား ဖော်ပြပါ ဝက်ဘ်ဆိုက် www.sawsawshar.gov.mm နှင့် Operator များက ခွင့်ပြုသတ်မှတ်ထားသည့် နည်းလမ်းများဖြင့် အခမဲ့ရယူ၍ မိမိတို့၏ မိုဘိုင်းဖုန်းများတွင် ထည့်သွင်းအသုံးပြုကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

၆။ ၎င်း Mobile Application မှ ကောက်ခံရရှိသော အချက်အလက်များကို ရယူဆောင်ရွက်ရာတွင် တစ်ဦးချင်းစီ၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ အချက်အလက်များကို ထုတ်ဖော်သွားမည်မဟုတ်ဘဲ COVID-19 အသက်ရှုလမ်းကြောင်းဆိုင်ရာရောဂါကို ထိန်းချုပ်ကာကွယ်နိုင်ရန် ရည်ရွယ်၍ ရောဂါကူးစက်ဖြစ်ပွားနေသည့် သတ်မှတ်ကာလအတွင်းတွင်သာ အသုံးပြုရန် ရယူခြင်းဖြစ်ပြီး အခြားမသက်ဆိုင်သည့်နေရာများတွင် လုံးဝ (လုံးဝ) အသုံးပြုမည်မဟုတ်ပါကြောင်း ဖော်ပြအပ်ပါသည်။

**Coronavirus Disease 2019 (COVID-19) ထိန်းချုပ်ရေးနှင့်
အရေးပေါ်တုံ့ပြန်ရေးကော်မတီ**

### SMS Promotion Message

သင်နှင့် သင့်မိသားစု လုံခြုံစိတ်ချစေရေးအတွက် သင်သွားရောက်ခဲ့သည့် ပတ်ဝန်းကျင်တွင် COVID-19 ကူးစက်နိုင်မှု အခြေအနေကို သိရှိနိုင်ရန် "စောစောရှာ" Application အား ဖော်ပြပါ www.sawsawshar.gov.mm တွင် အခမဲ့ Download ရယူသုံးစွဲ၍ တစ်လသက်တမ်းရှိ 1GB အင်တာနက် အသုံးပြုခွင့်ကို အခမဲ့ရယူလိုက်ပါ။

## ကျိုင်းတုံမြို့မဈေး၌ ဈေးရောင်းချသူများအတွက် အရိပ်ရထီးများ လှူဒါန်းတပ်ဆင်ပေး

**ကျိုင်းတုံ ဧပြီ ၂၆**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့မဈေး၌ ကိုဗစ်- ၁၉ ရောဂါကာကွယ် ထိန်းချုပ်ရေး စည်းကမ်းချက်များနှင့်အညီ ဈေးရောင်းချသူများအတွက် mytel က အရိပ်ရထီးများကို ဧပြီ ၂၅ ရက်က လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

ကျိုင်းတုံမြို့မဈေးတွင် အခြေခံစားသောက်ကုန်များ ရောင်းချနေသူများအတွက် mytel က လှူဒါန်းပေးသည့် အရိပ်ရမိုးကာထီး ၁၇၅ ခုကို စည်ပင်သာယာရေးဝန်ထမ်းများနှင့် mytel ဝန်ထမ်းများက အဆင်ပြေစွာ ရောင်းချနိုင်ရေး စနစ်တကျ နေရာချဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**အောင်ဇင်မြင့်(ပြန်/ဆက်)**



ကြေးမုံ

| | | | |
|---|---|---|---|
| **ခေတ္တ စာတည်းမှူးချုပ်** | - ဦးစိုးစိုးနိုင် | **အငယ်တန်း** | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ |
| **စာတည်းမှူး** | - ဦးဝင်းနိုင် | **သတင်းထောက်များ** | ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ |
| **စာတည်းများ** | - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း | | ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး |
| **သတင်းထောက်မှူး** | - ဦးမြင့်စိုး | **ဓာတ်ပုံသတင်းထောက်** | - ဦးခင်မောင်ဝင်း |
| **ဘာသာပြန်စာတည်းများ** | - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော် | **သုတေသန** | - ဒေါ်ဇင်မာဝင့် |
| **အကြီးတန်း** | - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ | **စာပြင်** | - ဒေါ်ခင်ယုဆွေ၊ ဒေါ်ခိုင်သန္တာရွှေနှင့်အဖွဲ့ |
| **သတင်းထောက်များ** | ဒေါ်နေဇာဇာထွန်း၊ ဦးသက်ထွေး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - ဒေါ်အေးအေးသင်း၊ ဦးတင်ထွန်းတာနှင့်အဖွဲ့ |
| | | **အီးမေးလ်နှင့် အွန်လိုင်း** | - ဦးအောင်ကျော်ဖြိုး၊ ဦးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်သူသာလျှင် အဓိက

## နေပြည်တော်သို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ သတင်းပို့ကြရန်

**နေပြည်တော် မေ ၂၆**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ၂၀၂၀ ပြည့်နှစ် မေ ၁၈ ရက် (တနင်္လာနေ့)နံနက် ၁၀ နာရီတွင် စတင်ကျင်းပရန် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ခေါ်ယူထားရာ အဆိုပါအစည်းအဝေးသို့ တက်ရောက်ရန် ဖိတ်စာများကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များထံသို့ ပေးပို့ထားသည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် အစည်းအဝေးအတွက် လိုအပ်သည့်ပြင်ဆင်မှုများ ပြုလုပ်နိုင်ရန် ဖိတ်စာလက်ခံရရှိသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ နေပြည်တော်၊ ပြည်သူ့လွှတ်တော်ရုံး၊ ရေးရာဆောင် အမှတ် -၁၂ (I-12)သို့ မေ ၁၆ ရက် (စနေနေ့) ထက်မစော၊ မေ ၁၇ ရက် (တနင်္ဂနွေနေ့)ထက် နောက်မကျစေဘဲ ရုံးချိန်အတွင်း သတင်းပို့ကြရန် ပန်ကြားထားသည်။

**သတင်းစဉ်**

## နေပြည်တော်သို့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ သတင်းပို့ကြရန်

**နေပြည်တော် မေ ၂၆**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ၂၀၂၀ ပြည့်နှစ် မေ (၁၈)ရက် တနင်္လာနေ့ နံနက်(၁၀)နာရီတွင် စတင်ကျင်းပရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ခေါ်ယူထားရာ အဆိုပါအစည်းအဝေးသို့ တက်ရောက်ရန် ဖိတ်စာများကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံသို့ ပေးပို့ထားသည်။

ထိုအစည်းအဝေးအတွက် လိုအပ်သည့်ပြင်ဆင်မှုများ ပြုလုပ်နိုင်ရန် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များသည် အစည်းအဝေးဖိတ်စာ လက်ခံရရှိသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ရေးရာဆောင် I-19 (အိုင်-၁၉)သို့ **မေ (၁၆) ရက်ထက်မစော (၁၇) ရက်ထက် နောက်မကျစေဘဲ** သတင်းပို့ကြရန်နှင့် ကိုယ်စားလှယ်စိစစ်ရေးကတ်ပြား ယူဆောင်လာကြရန် ပန်ကြားထားသည်။

**သတင်းစဉ်**

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ကိုဗစ်-၁၉ ကာလအတွင်း ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်နိုင်မည့်နည်းလမ်းများ ညှိနှိုင်းဆွေးနွေး

**နေပြည်တော် မေ ၂၆**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ကိုဗစ်-၁၉ ကာလအတွင်း ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်း၊ ရှေးဦးအရွယ်ကလေးသူငယ်များ ဖွံ့ဖြိုးရေးအခြေအနေ တိုင်းတာစစ်ဆေးမှုနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်နိုင်မည့် နည်းလမ်းများနှင့်ပတ်သက်၍ ယနေ့ မွန်းလွဲပိုင်းက Video Conference ဖြင့် ညှိနှိုင်းဆွေးနွေးသည်။

ညှိနှိုင်းဆွေးနွေးပွဲ၌ ဒုတိယဝန်ကြီး ဦးစိုးအောင်၊ ညွှန်ကြားရေးမှူးချုပ်များ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ၊ သက်ဆိုင်ရာ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများမှ တာဝန်ရှိသူများ ပါဝင်ဆွေးနွေးခဲ့ကြသည်။

ညှိနှိုင်းဆွေးနွေးရာတွင် ပြည်ထောင်စုဝန်ကြီးက မိမိတို့ဝန်ကြီးဌာနအနေဖြင့် ပုံမှန် ဆောင်ရွက်လျက်ရှိသည့် ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်း(ECCD)၊ ရှေးဦးအရွယ်ကလေးသူငယ်များ ဖွံ့ဖြိုးရေးအခြေအနေ တိုင်းတာစစ်ဆေးမှုနှင့် ပြန်လည်ထူထောင်ရေး(ECI)လုပ်ငန်းများနှင့်ပတ်သက်၍ ကိုဗစ်-၁၉ ဖြစ်ပွားနေစဉ်ကာလအတွင်း ဆက်လက်ဆောင်ရွက်နိုင်



မည့်နည်းလမ်းများကို ဆွေးနွေးကြရန်ဖြစ်ကြောင်း၊ ကလေးသူငယ်များနှင့် မိဘအုပ်ထိန်းသူများအိမ်တွင် စုစုစည်းစည်းရှိနေကြစဉ်ကာလအတွင်း ကလေးသူငယ် ဖွံ့ဖြိုးရေးအတွက် ပညာပေးခြင်း၊ မိဘများလိုက်နာဆောင်ရွက်ရမည့်အချက်များကို ပညာပေးခြင်း၊ မြန်မာ့ရုပ်မြင်သံကြားက ရိုက်ကူးထုတ်လွှင့်ပေးသော ချစ်စရာ့ အရွယ်ကစားကြမယ် အစီအစဉ်ကို ကိုဗစ်-၁၉ ကာလအတွင်း ကလေးပညာပေး၊ မိခင်ပညာပေး အစီအစဉ်အဖြစ် ဆန်းသစ်ဆောင်ရွက်နိုင်မည့်နည်းလမ်းများကို ဝိုင်းဝန်းဆွေးနွေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် UNICEF Myanmar၊ The Leprosy Mission Myanmar၊ Plan International Myanmar၊ Save the Children၊ World Vision International၊ ကရင်နှစ်ခြင်းခရစ်ယာန်အသင်းတော်နှင့် ပန်းပျိုးလက်ဖောင်ဒေးရှင်းတို့မှ တာဝန်ရှိသူများက လူမှုကွန်ရက်စာမျက်နှာများတွင် ရုပ်ပုံများ၊ ကလေးပုံပြင်စာအုပ်များနှင့် ရုပ်ပုံများကိုလှုပ်ရှားသက်ဝင်သည့် ဗီဒီယိုများဖြင့် ကလေးပညာပေး၊ မိခင်ပညာပေး၊ နေ့စဉ် ဆောင်ရွက်ရမည့် နည်းလမ်းများ ဖြန့်ဝေပေးနိုင်ရေးတို့ကို တင်ပြဆွေးနွေးကြသည်။

ဆက်လက်၍ လူမှုဝန်ထမ်းဦးစီးဌာန တာဝန်ရှိသူများက ရှေးဦးအရွယ်ကလေးသူငယ်များ ဖွံ့ဖြိုးရေးအခြေအနေ တိုင်းတာစစ်ဆေးမှုနှင့် ပြန်လည်ထူထောင်ရေး(ECI) စီမံချက်တွင်ပါဝင်သည့် မိသားစုများ၏ လိုအပ်ချက်များ စာရင်းပြုစုနိုင်ရေး၊ လိုအပ်ချက်အလိုက် ထောက်ပံ့မှုများပေးနိုင်ရေး၊ ECIနှင့်ပတ်သက်သည့် စေတနာ့ဝန်ထမ်းများ အိမ်တိုင်ရာရောက် ဝန်ဆောင်မှုပေးရန် မဖြစ်နိုင်သေးသည့် ကာလအတွင်း သီးခြားနည်းလမ်းများဖြင့် ဆောင်ရွက်နိုင်မည့်ကိစ္စများကို ညှိနှိုင်းဆွေးနွေးကြကြောင်း သိရသည်။

**သတင်းစဉ်**

## ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေးအတွက် အလှူငွေ၊ ကျန်းမာရေးအထောက်အကူပြုပစ္စည်းများနှင့် စားသောက်ကုန်များလှူဒါန်းမှု ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင် လက်ခံရယူ

**ပုသိမ် မေ ၂၆**

ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေးအတွက် အလှူငွေ၊ ကျန်းမာရေးအထောက်အကူပြုပစ္စည်းများနှင့် စားသောက်ကုန်များ လှူဒါန်းပွဲကို ယနေ့ မွန်းလွဲပိုင်းက ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၁)၌ ကျင်းပသည်။

### လိုအပ်လျက်ရှိနေ

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်က ယနေ့အချိန်အခါသည် ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ ကမ္ဘာကြီးတွင် အရေးကြီးသည့်အချိန် ဖြစ်နေကြောင်း၊ မြန်မာနိုင်ငံတွင်လည်း ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ အလှူငွေနှင့် အထောက်အကူပြုပစ္စည်းများ လိုအပ်လျက်ရှိနေကြောင်း၊ ယခုအချိန်တွင် လူသားချင်းစာနာထောက်ထားမှုစေတနာရှိရှိ ရည်ရွယ်ချက်ရှိရှိဖြင့် စေတနာရှင်အလှူရှင်များက ပြည်သူလူထုအတွက် အစိုးရနှင့်အတူ လက်တွဲပူးပေါင်းဆောင်ရွက်ခြင်းအတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း ပြောကြားသည်။

### ပေးအပ်လှူဒါန်း

ဆက်လက်၍ မြန်မာနိုင်ငံ ပဲ၊ နှမ်း ကုန်သည်များအသင်းက မြို့နယ် ၂၀ တွင် အသုံးပြုရန် ငွေကျပ်သိန်း ၂၅၀ တန်ဖိုးရှိ ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ၊ ရန်ကုန်တိုင်းဒေသကြီး ဘုရင့်နောင်၊ စိန်ထန်းပင်ပွဲရုံမိသားစုမှ မြို့နယ် ၁၀ မြို့နယ်ရှိ ရှေ့တန်းကျန်းမာရေးဝန်ထမ်းများအတွက် ငွေကျပ်သိန်း ၅၀ နှင့် ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ သောက်ရေသန့်လုပ်ငန်းရှင်များအသင်း ကိုယ်စား ပုသိမ်မြို့ ကောင်းသန့်ရေသန့်လုပ်ငန်းရှင် ဦးဂျော့ခင်ရွှေက ငွေကျပ် ၉၈၀၀၀၀ တန်ဖိုးရှိ သောက် ရေသန့်နှင့် အစားအသောက်ပစ္စည်းများ ပေးအပ်



လှူဒါန်း ကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင်တို့က လက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကိုတွတ်(ပြန်/ဆက်)**



❍ ရှေ့ဖုံးမှ

ယင်းအထောက်အကူပြုပစ္စည်းများသည် ကိုဗစ်-၁၉ အတည်ပြုလူနာများနှင့်ကျန်းမာရေးဝန်ထမ်းများ တိုက်ရိုက်ထိတွေ့မှုလျှော့ချနိုင်ရန်ရည်ရွယ်၍ နည်းပညာတက္ကသိုလ်နှစ်ခုမှ တာဝန်ယူတည်ဆောက်ပေးခဲ့ကြောင်း၊ ဆေးဝါးပစ္စည်းများ၊ အစားအသောက်များ၊ စွန့်ပစ်ပစ္စည်းများ၊ လူနာတစ်ဦးချင်းစီ၏ လိုအပ်ချက်များကို လူနာများ၏အခန်းရှေ့အရောက် အလိုအလျောက်သယ်ဆောင်သွားနိုင်ရန် တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Trolley Robot(TR201) နှင့် Container Robot (CR201) တို့ကို ပညာရေးဝန်ကြီးဌာန၏လမ်းညွှန်မှု အဆင့်မြင့်ပညာဦးစီးဌာန၏အနီးကပ်ကြီးကြပ်မှုဖြင့် Mechatronic Engineering ဘာသာရပ်အဖွဲ့ခေါင်းဆောင် ဒေါက်တာသိဂီကဦးဆောင်၍ TR201 ကို ရန်ကုန်နည်းပညာတက္ကသိုလ် (Mechatronic Engineering ဌာန)ကလည်းကောင်း၊ Container Robot (CR201)ကို မန္တလေးနည်းပညာတက္ကသိုလ် (Mechatronic Engineering ဌာန) ကလည်းကောင်း မေ ၁၈ ရက်မှ စတင်တာဝန်ယူတည်ဆောက်ပေးခဲ့ကြောင်း သိရသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရှိ ကိုဗစ်-၁၉ ကျန်းမာရေးစင်တာများတွင် အသုံးပြုနိုင်မည့် စက်ရုပ်များကို ပညာရေးဝန်ကြီးဌာနအောက်ရှိ နည်းပညာတက္ကသိုလ်များနှင့် သုတေသနစင်တာများက စမ်းသပ်တီထွင်လျက်ရှိကြောင်း သိရသည်။

ရန်ကုန်မြို့တွင် ကိုဗစ်-၁၉ လူနာကုဆေးရုံအဖြစ် ပထမဆင့် ဝေဘာဂီဆေးရုံ၊ ဒုတိယဆင့် တောင်ဥက္ကလာပမိခင်နှင့် ကလေးဆေးရုံနှင့် တတိယ ဗဟိုဝန်ထမ်းတက္ကသိုလ်ဖောင်ကြီးဆေးရုံတို့ဖြစ်သည်။

"လက်ရှိမှာတော့ ဖောင်ကြီးဆေးရုံက အကောင်းဆုံးပြင်ဆင်နေပါတယ်။ တောင်ဥက္ကလာပမှာ လူနာမဆံ့တော့ဘူးဆိုရင် ဖောင်ကြီးဆေးရုံမှာ ကုသပေးမှာဖြစ်ပါတယ်"ဟု ဆေးရုံအုပ်ကြီး ဒေါက်တာဦးကိုကိုနိုင်က ပြောသည်။

အဆိုပါဖောင်ကြီးဆေးရုံတွင် ပထမဆင့် လူနာ ၅၀၀ အတွက် ပြင်ဆင်ဆောင်ရွက်ထားကြောင်း၊ ယင်းတို့တွင် အောက်ဆီဂျင်ပေးလူနာ ၂၄၀၊ ရိုးရိုးလူနာ ၂၄၀ နှင့် ICU လူနာ ၂၀ တို့အတွက်ဖြစ်ကြောင်း၊ အလားတူ ဒုတိယဆင့် လူနာ ၅၀၀ အတွက်လည်း ပြင်ဆင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တတိယဆင့် လူနာ ၂၀၀၀ အထိ ကုသပေးနိုင်သော ဆေးရုံအဖြစ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မြင့်မောင်စိုး**

# မော်လမြိုင်မြို့ပေါ်ရှိ ရေရှားပါးသော ရပ်ကွက်များနှင့် ကန့်သတ်စောင့်ကြည့်ခံရသူများထားရှိသော နေရာများသို့ ရေများ နေ့စဉ်လှူဒါန်း

**မော်လမြိုင် မေ ၂၆**

မွန်ပြည်နယ် မော်လမြိုင်မြို့ပေါ်ရှိ ရေရှားပါးသော ရပ်ကွက်များနှင့် အသွားအလာကန့်သတ်စောင့်ကြည့်မှု ၂၁ ရက် ထားရှိသော မော်လမြိုင်တက္ကသိုလ်ဝင်းအတွင်းရှိ အဆောင်များသို့ ရေများ နေ့စဉ် သွားရောက်လှူဒါန်းပေးလျက်ရှိသည်။



မော်လမြိုင်မြို့ပေါ်ရှိ ရေရှားပါးသော ရပ်ကွက် ခြောက်ရပ်ကွက်သို့ ရေဂါလန် ၂၂၄၀၀ နှင့် မော်လမြိုင်တက္ကသိုလ်ဝင်းအတွင်းရှိ အဆောင်များသို့ ရေ ဂါလန် ၆၄၀၀ စုစုပေါင်း ရေဂါလန် ၂၈၈၀၀ ကို ခရိုင် မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ရေသယ်ယာဉ်များဖြင့် မေ ၂၄ ရက်မှ စတင်ကာ နေ့စဉ်သွားရောက် လှူဒါန်းပေးလျက်ရှိကြောင်း သိရသည်။

**ဝေလင်း(ပြန်/ဆက်)**

# မေ ၂၆ ရက်တွင် ကိုဗစ်-၁၉ ရောဂါပိုးရှိသူ ၂ ဦး ထပ်တိုး စုစုပေါင်း ပိုးတွေ့လူနာ ၁၄၆ ဦးရှိလာ

**နေပြည်တော် မေ ၂၆**

ယနေ့တွင် ကိုဗစ်-၁၉ ရောဂါပိုးရှိသူ လူနာ ၂ ဦး ထပ်တိုးလာသဖြင့် စုစုပေါင်း ပိုးတွေ့လူနာ ၁၄၆ ဦး ရှိပြီဖြစ်ကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

ရောဂါပိုးရှိသူ ၂ ဦးမှာ ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့တို့မှဖြစ်ပြီး အသက် ၃၂ နှစ်အရွယ် တစ်ဦးနှင့် ၄၈ နှစ်အရွယ် တစ်ဦးတို့ ဖြစ်သည်။

ယနေ့အထိ ဓာတ်ခွဲစစ်ဆေးသူပေါင်း ၆၆၇၈ ဦးတွင် ရောဂါပိုးရှိသူ ၁၄၆ ဦးရှိပြီး ၎င်းတို့အနက် သေဆုံးသူ ၅ ဦး၊ ရောဂါသက်သာ၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ ၉ ဦး၊ ပြန်လည်သက်သာသွားသူ ၁၀ ဦးရှိကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ထုတ်ပြန်ချက်များအရ သိရသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

| ဓာတ်ခွဲစစ်ဆေးသူ စုစုပေါင်း | ပိုးတွေ့လူနာပေါင်း |
|---|---|
| ၆၆၇၈ | ၁၄၆ |

| ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ | သေဆုံးသူ |
|---|---|
| ၉ | ၅ |

စောင့်ကြည့်လူနာ စုစုပေါင်း - ၂၇၆၂

❖ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ရောဂါပိုးတွေ့ရှိ/ ပြန်လည်သက်သာ၊ သေဆုံးသူ စာရင်းဇယားပြမှု

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | ပိုးတွေ့ရှိသူ | ပြန်လည်သက်သာသူ | သေဆုံးသူ |
|---|---|---|---|---|
| ၁ | ရန်ကုန် | ၁၁၃ | ၇ | ၄ |
| ၂ | ပဲခူး | ၇ | - | ၁ |
| ၃ | စစ်ကိုင်း | ၇ | - | - |
| ၄ | ချင်း | ၅ | - | - |
| ၅ | ရှမ်း(ရှေ့) | ၃ | - | - |
| ၆ | မန္တလေး | ၃ | ၁ | - |
| ၇ | ရှမ်း (တောင်) | ၂ | - | - |
| ၈ | ရှမ်း (မြောက်) | ၂ | - | - |
| ၉ | နေပြည်တော် | ၁ | ၁ | - |
| ၁၀ | မွန် | ၁ | ၁ | - |
| ၁၁ | မကွေး | ၁ | - | - |
| ၁၂ | တချင် | ၁ | - | - |
| စုစုပေါင်း | | ၁၄၆ | ၁၀ | ၅ |

❖ အောက်ပါပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

| တိုင်းဒေသကြီး | ပြည်နယ် |
|---|---|
| ဧရာဝတီ တိုင်းဒေသကြီး | ကယားပြည်နယ် |
| တနင်္သာရီတိုင်းဒေသကြီး | ရခိုင်ပြည်နယ် |
| | ကရင်ပြည်နယ် |

ကိုးကား - ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၊ ၂၆-၄-၂၀၂၀ ရက် ည(၈)နာရီ

# Facility Quarantine (၂၁)ရက်နှင့် မိမိနေအိမ်တွင် သီးခြားနေထိုင်ခြင်း Home Quarantine ကာလ (၇)ရက် ဆောင်ရွက်သွားရေး လိုက်နာဆောင်ရွက်ရန် အသိပေးထုတ်ပြန်ခြင်း

၁။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် နိုင်ငံတကာမှ လာရောက်သည့် ခရီးသည်များနှင့် COVID-19 ဓာတ်ခွဲအတည်ပြုလူနာများနှင့် အနီးကပ်ထိတွေ့သူများထံမှ အခြားသူများသို့ ရောဂါကူးစက်မှုမရှိစေရေးအတွက် လက်ရှိတွင် Facility Quarantine (၁၄)ရက်အား ထားရှိပြီးပါက မိမိနေအိမ်သို့ ပြန်လည်သွားရောက်မည့်သူများအတွက် နောက်ထပ်(၁၄)ရက် နေအိမ်တွင်သီးခြားနေထိုင်ရန် အကြံပြုတိုက်တွန်းချက်များ ထုတ်ပြန်ထားပြီးဖြစ်ပါသည်။

၂။ COVID-19 ရောဂါရှိသူများမှ ရောဂါပိုးစွန့်ထုတ်သည့်ကာလမှာ ရောဂါလက္ခဏာမပြမီ (၂) ရက်မှ ရောဂါလက္ခဏာပြပြီး (၂၈)ရက်အထိရှိကြောင်းနှင့် အဆိုပါကာလအတွင်း အခြားသူများသို့ ရောဂါကူးစက်နိုင်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ထုတ်ပြန်ထားပါသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ပြုလုပ်ခဲ့သည့် သုတေသနစာတမ်းများအရ Quarantine (၂၁)ရက် တိတိကျကျနှင့် စနစ်တကျထားရှိပါက ရောဂါကူးစက်မှုအား (၉၈.၇%)အထိ ထိန်းချုပ်နိုင်ကြောင်း လေ့လာတွေ့ရှိရသည့်အပြင် ဒေသတွင်းနိုင်ငံအချို့တွင်လည်း Quarantine ကာလအား ဆေးရုံ/သတ်မှတ်နေရာများတွင် နေထိုင်ရမည့်ကာလနှင့် မိမိနေအိမ်တွင် သီးခြားနေထိုင်ခြင်းကာလ စုစုပေါင်းအား (၂၈)ရက်အထိ သတ်မှတ်ထားကြောင်း တွေ့ရှိရပါသည်။ အထူးသဖြင့် အထက်ပါ Quarantine (၂၈)ရက်ထားရှိမှုများအား ဓာတ်ခွဲစစ်ဆေးမှုအကန့်အသတ်ဖြင့် ဆောင်ရွက်နိုင်သည့်နိုင်ငံများတွင် ဆောင်ရွက်ကြောင်း တွေ့ရှိရပါသည်။

၃။ လက်ရှိအနေဖြင့်လည်း မြန်မာနိုင်ငံအတွင်း COVID-19 ရောဂါဓာတ်ခွဲအတည်ပြုလူနာ (၁၄၆) ဦးအနက် နိုင်ငံတကာမှ ပြန်လည်ရောက်ရှိလာသည့် ခရီးသွားများ (Imported cases) များ၊ ၎င်းတို့နှင့် အနီးကပ်ထိတွေ့သူများတွင်သာ အဓိကကူးစက်ရောဂါ ဖြစ်ပွားလျက်ရှိကြောင်း တွေ့ရှိရပါသည်။ ထို့အပြင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနမှ ဓာတ်ခွဲစစ်ဆေးချက်များနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် Contact Tracing ဆောင်ရွက်ခဲ့သည့် တွေ့ရှိချက်များအရ အချို့သော Confirmed လူနာများနှင့် အသွားအလာပိတ်ပင်ကန့်သတ်ခြင်းပြီးစီးသည့် နောက် (၁၄)ရက်ကျော်သည်အထိ လူအချို့တွင် ဓာတ်ခွဲစမ်းသပ်စစ်ဆေးရာ ရောဂါပိုး ဆက်လက်တွေ့ရှိနေသေးကြောင်း စစ်ဆေးတွေ့ရှိရပါသည်။

၄။ သို့ဖြစ်၍ နိုင်ငံအတွင်း ရောဂါပျံ့နှံ့မှုအား ထိန်းချုပ်ရေးဆောင်ရွက်ရာတွင် သေချာမှုရှိစေရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် ယခင် Facility Quarantine အသွားအလာ ပိတ်ပင်ကန့်သတ်ခြင်း (၁၄)ရက်ကာလအစား ယခု Community Based Facility Quarantine/ Hotel Quarantine (၂၁)ရက်နှင့် မိမိနေအိမ်တွင် သီးခြားနေထိုင်ခြင်း Home Quarantine ကာလ (၇)ရက်၊ စုစုပေါင်း (၂၈)ရက် ဆောင်ရွက်သွားကြပါရန် အသိပေးထုတ်ပြန်အပ်ပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

## စည်းလုံးညီညွတ်မှု၊ ချစ်ကြည်လေးစားမှု၊ ရိုင်းပင်းကူညီမှုများ ပိုမိုလိုအပ်

**ဒီနေ့အချိန်အခါဟာ ကျွန်မတို့နိုင်ငံမှာ တိုင်းရင်းသားများအားလုံး စည်းလုံးညီညွတ်မှု၊ ချစ်ကြည်လေးစားမှု၊ ရိုင်းပင်းကူညီမှုများ ပိုမိုလိုအပ်လာတဲ့ အချိန်အခါလည်း ဖြစ်ပါတယ်။ ဒါ့အပြင် ပြည်ထောင်စုသားချင်းများ တစ်ဦးချင်းစီရဲ့ စိတ်ဓာတ်၊ စည်းကမ်း၊ ပညာ၊ လုံ့လဝီရိယ၊ ရိုးသားဖြောင့်မတ်မှု စတဲ့အရည်အချင်းများ ပိုမိုမြင့်မား၊ ခိုင်မာလာအောင် တည်ဆောက်ရမယ့်အချိန် ဖြစ်ပါတယ်။ ဒါ့အပြင် အချင်းချင်း ရိုင်းပင်းကူညီမှု၊ ချစ်ခင်လေးစားမှုများကိုအခြေခံပြီး ငြိမ်းချမ်းရေးကို အရယူနိုင်တဲ့ပုဂ္ဂိုလ်တွေ ဖြစ်စေချင်ပါတယ်။**

*[နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ၁-၂-၂၀၂၀ ရက်နေ့တွင်ကျင်းပသည့် သွေးချင်းတို့ရဲ့ပွဲတော်ဆီ ၂၀၂၀ ဖွင့်ပွဲအခမ်းအနားတွင်ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက် ]*





## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများတွင် အသုံးပြုရန် ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ လှူဒါန်း

**ဘားအံ မေ ၂၆**

ကရင်ပြည်နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် ကျန်းမာရေးအထောက်အကူပြုပစ္စည်းများကို မေ ၂၅ ရက် နံနက် ၁၀ နာရီက ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ပေးအပ်လှူဒါန်းသည်။

**လက်ခံရယူ**

ထိုသို့ပေးအပ်လှူဒါန်းရာတွင် Teng Fel Asia Group Co.,Ltd. မှ မန်နေဂျင်းဒါရိုက်တာ ဦးအောင်မြင့်ဆွေက ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးပစ္စည်းများ လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး စုစုပေါင်း ငွေကျပ် ၄၈၉၂၅၀၀၀ တန်ဖိုးရှိ Medical Mask အခု ၆၀၀၀၀၊ Medical Rubber Gloves အစုံ ၆၀၀၀၊ N-95 Mask အခု ၄၀၀၊ PPE (Height and Access Protection) အစုံ ၂၅၀၊ PPE (Body Protection) အစုံ ၂၅၀၊ Hand Gel ဘူး ၃၀၀၊ Googgles အခု ၃၀၀၊ Virus & Bacteria Killing Fluid ၂၅ ပုံး၊ Laser Thermometer ၁၀ ခု၊ Sprayer ၁၀ ပုံးတို့ကို လှူဒါန်းပေးအပ်ရာ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်ကာ ပြည်နယ်ဝန်ကြီးချုပ်က ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## မန္တလေးတိုင်းဒေသကြီးတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးနှင့် ကုသရေးလုပ်ငန်းများဆောင်ရွက်ရန် လုပ်ငန်းကော်မတီခုနစ်ခု ဖွဲ့စည်းထား

**မန္တလေး မေ ၂၆**

မန္တလေးတိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးနှင့် ကုသရေးလုပ်ငန်းများဆောင်ရွက်ရန် လုပ်ငန်းကော်မတီခုနစ်ခု ဖွဲ့စည်းထားကြောင်း ချမ်းမြသာစည်မြို့နယ်မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်အောင်မိုးက ပြောကြားသည်။

တိုင်းဒေသကြီးအစိုးရအနေဖြင့် တိုင်းဒေသကြီးအတွင်း၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးနှင့် ကုသရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လုပ်ငန်းများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းကော်မတီ ခုနစ်ခု ဖွဲ့စည်းထားပြီး လုပ်ငန်းတာဝန်များ ဆောင်ရွက်လျက်ရှိကြောင်း၊ အမိန့်၊ ညွှန်ကြားချက်၊ ပန်ကြားချက်များကိုလည်း စနစ်တကျထုတ်ပြန်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ "ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေအနေနဲ့လည်း သက်ဆိုင်ရာမြို့နယ်တိုင်းမှာ အစိုးရက ဖွဲ့စည်းပေးထားတဲ့ SRT Team တွေမှာ ပူးပေါင်းဆောင်ရွက်တာတွေ၊ အသိပညာပေးလုပ်ငန်းတွေမှာ ပူးပေါင်းဆောင်ရွက်တာတွေရှိပါတယ်။ ဒါ့အပြင် တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ လူမှုရေးအသင်းအဖွဲ့တွေမှာလည်း တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ လုပ်ငန်းစဉ်တွေမှာ အင်တိုက်အားတိုက် ပူးပေါင်းဆောင်ရွက်နေတာတွေ့ရပါတယ်"ဟု ချမ်းမြသာစည်မြို့နယ်မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်အောင်မိုးက ပြောကြားသည်။

တိုင်းဒေသကြီးအတွင်းတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးနှင့် ကုသရေးလုပ်ငန်းများအား ဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့စေရန် ဖွဲ့စည်းထားသော လုပ်ငန်းကော်မတီ ခုနစ်ခုမှာ ကိုဗစ်-၁၉ သံသယလူနာများစောင့်ကြပ်ကြည့်ရှုရေးနှင့် ရောဂါဖြစ်ပွားသည့်လူနာများအား ကုသရေးကြီးကြပ်မှုလုပ်ငန်းကော်မတီ၊ ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေးပစ္စည်းနှင့် ဆေးဝါးများစုဆောင်းရေးနှင့် ဖြန့်ဝေရေးလုပ်ငန်းကော်မတီ၊ ကိုဗစ်-၁၉ အရေးပေါ်ကာလအတွင်း စားနပ်ရိက္ခာဖူလုံရေးနှင့် ဖြန့်ဝေရေးလုပ်ငန်းကော်မတီ၊ ကိုဗစ်-၁၉ အရေးပေါ်ကာလအတွင်း လူမှုကူညီရေးအသင်းအဖွဲ့များ၊ အစိုးရမဟုတ်သောအဖွဲ့များ၊ စေတနာ့ဝန်ထမ်းအဖွဲ့များနှင့် ပေါင်းစပ်ညှိနှိုင်းရေးလုပ်ငန်းကော်မတီ၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းကော်မတီ၊ သတင်းမှန်ပြန်ကြားရေးနှင့် ကိုဗစ်-၁၉ သတင်းမှားဖြန့်ဝေသူများအား ရှာဖွေဖော်ထုတ်၍ သတင်းစောင့်ကြည့်ရေးလုပ်ငန်းကော်မတီနှင့် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများအား အသွားအလာကန့်သတ်စောင့်ကြည့်ရန် ဆောင်ရွက်ရေးနှင့် စောင့်ကြည့်ရေးလုပ်ငန်းကော်မတီတို့အား ဖွဲ့စည်းဆောင်ရွက်ထားရှိကြောင်း သိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

## ရေးမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ် ထိန်းချုပ်နိုင်ရေးအတွက် စောင့်ကြည့်ရေးစခန်း ထပ်မံတိုးချဲ့

**ရေး မေ ၂၆**

ထိုင်းနိုင်ငံမှ ပြန်လည်ဝင်ရောက်လာမည့် နေရပ်ပြန်ပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ် ထိန်းချုပ်နိုင်ရေးအတွက် ကျန်းမာရေးစစ်ဆေးမှုများ ဆောင်ရွက်နိုင်ရန် ရေးမြို့နယ်တွင် စောင့်ကြည့်ရေးစခန်း သုံးခု ထပ်မံတိုးချဲ့ထားကြောင်း သိရသည်။

**ထပ်မံတိုးချဲ့ဖွင့်လှစ်**

ရေးမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ် ထိန်းချုပ်နိုင်ရေးအတွက် စောင့်ကြည့်ရေးစခန်းများကို မတ် ၂၉ ရက်မှ မေ ၃ ရက်အထိ စောင့်ကြည့်ရေးစခန်းပေါင်း ၄၂ ခု ရှိပြီး ထိုင်းနိုင်ငံမှ မေ ၃၀ ရက်နောက်ပိုင်း ပြန်လည်ဝင်ရောက်လာမည့် အလုပ်သမားများအား ဆက်လက်ထားရှိရန် ရန်မျိုးအောင်ရပ်ကွက်ရှိ အထက(၁)၊ ပြည်သူ့အားကစားရုံနှင့် အောင်မေတ္တာရပ်ကွက်ရှိ ပြည်သူ့ဆေးရုံဝန်ထမ်းအိမ်ရာတို့ကို ထပ်မံတိုးချဲ့ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

**အောင်ဖြိုး(ပြန်/ဆက်)**

**★ ကျောဖုံးမှ**

ထုတ်ဝေသည့် “COID-19 မပြန့်ပွားဖို့ မိမိကစ၍ ကာကွယ်စို့” သတင်းစကား လက်ကမ်းစာစောင်များအား ကျောက်တံတားမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တာဝန်ကျဝန်ထမ်းများက ဘတ်စ်ကားမှတ်တိုင်များ၊ မဟာဗန္ဓုလပန်းခြံ၊ အငြိမ်းစားပင်စင် ထုတ်ပေးလျက်ရှိသည့် မြန်မာ့စီးပွားရေးဘဏ်များ၊ မြို့တော်ခန်းမရှေ့၊ပြည်တွင်းရေကြောင်းပို့ဆောင်ရေးရုံးများသို့ သွားရောက်ကာ ပြည်သူများလက်ဝယ်အရောက် ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ရွှေနန်းမေ(ပြန်/ဆက်)**

## မယ်စဲ့မြို့နယ်၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး ပိုးသတ်ဆေးဖျန်း

**မယ်စဲ့ မေ ၂၆**

ကယားပြည်နယ် မယ်စဲ့မြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် ယနေ့နံနက်ပိုင်းက လူဝင်/လူထွက်များသော မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံး၌ ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ပိုးသတ်ဆေးဖျန်း**

မယ်စဲ့မြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှု မရှိစေရေးအတွက် ကြိုတင်ကာကွယ်ရေး လုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ မြို့နယ်မီးသတ်ဦးစီးမှူး ဦးဖြိုးမြတ်သူနှင့် မီးသတ်တပ်ဖွဲ့ဝင်များက မြို့နယ်မီးသတ်ဦးစီးဌာန၏ အစီအစဉ်ဖြင့် လူဝင်/လူထွက်များသော မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးရှိ ငွေကောက်ကောင်တာ၊ ရုံးခန်းအတွင်း၊ အပြင်၊ မီတာဆောင်ရန် သတ်မှတ်ထားသော နေရာများ၊ လက်ဆေးဘေစင်နေရာတို့ကို ပိုးသတ်ဆေးများ ဖျန်းပေးခဲ့ကြောင်း သိရသည်။

**ဝတ်ရည်(ပြန်/ဆက်)**



# COVID-19 ကပ်ရောဂါ တိုက်ဖျက်ဖို့ တစ်နိုင်ငံလုံး ပူးပေါင်းပါဝင်ကြပါစို့

ဦးသောင်းထွန်း

၁၉၃၀ ပြည့်နှစ် ကမ္ဘာ့စီးပွားပျက်ကပ်ဆိုက်ပြီးနောက် ကမ္ဘာ့စီးပွားရေးအပေါ် အဆိုးရွားဆုံးထိခိုက်စေသည့် သမိုင်းဝင်ကပ်ရောဂါကြီး၏ ခြိမ်းခြောက်မှုဒဏ်ကို ယနေ့ခေတ်လူသားတို့ ခံစားရလျက်ရှိပါသည်။ အဆိုပါကပ်ရောဂါသည် လွန်ခဲ့သော လအနည်းငယ်အတွင်း၌ပင် ကျန်းမာရေးဆိုင်ရာ ကပ်ရောဂါအသွင်မှသည် လူမှုရေးနှင့် စီးပွားရေးအကျပ်အတည်းအသွင်သို့ ကူးပြောင်းခဲ့ပြီးဖြစ်ပါသည်။ ဈေးကွက်မတည်ငြိမ်မှုနှင့်အတူ ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုများ ကျဆင်းခဲ့သည့်အတွက် သန်းပေါင်းများစွာသော ကမ္ဘာ့ပြည်သူတို့၏ စားဝတ်နေထိုင်ရေးတို့အပေါ် ခြိမ်းခြောက်မှုများ ဖြစ်ပေါ်စေပြီး ကမ္ဘာ့စီးပွားရေးကိုလည်း ဆိုးရွားစွာထိခိုက်ခြင်းကို ရှောင်လွှဲနိုင်မည် မဟုတ်ပေ။

**COVID-19 ကပ်ရောဂါ ထိရောက်စွာ ထိန်းချုပ်နိုင်မည့် နည်းလမ်းများ**

COVID-19 ကပ်ရောဂါသည် နိုင်ငံ့ခေါင်းဆောင်များ၏ ခေါင်းဆောင်နိုင်မှုစွမ်းရည်ကို စမ်းသပ်နေသကဲ့သို့ ဖြစ်စေပါသည်။ COVID-19 ကပ်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်ရေးအတွက် နိုင်ငံအသီးသီးတွင် နည်းလမ်းအမျိုးမျိုးအသုံးပြု၍ ဆောင်ရွက်လျက်ရှိပါသည်။ အချို့နိုင်ငံများတွင် တစ်နိုင်ငံလုံး ဝင်ထွက်သွားလာခွင့်ကို ကန့်သတ်သည့်စနစ်အသုံးပြု၍ ရောဂါပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရန် ဆောင်ရွက်လျက်ရှိကြသလို အချို့နိုင်ငံများတွင် နယ်မြေဒေသများ သတ်မှတ်၍ သွားလာခွင့်ကို ကန့်သတ်ခြင်းနှင့် လူစုလူဝေးခြင်း မပြုလုပ်စေရန်တို့ဖြင့် ထိန်းသိမ်းဆောင်ရွက်လျက်ရှိပါသည်။

လူအမြောက်အမြားကို ရောဂါစမ်းသပ်စစ်ဆေးပြီး ကူးစက်ခံရနိုင်သူများကို ရှာဖွေဖော်ထုတ်၍ အသွားအလာကန့်သတ်ခြင်းသည် COVID-19 ရောဂါပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရန်အတွက် ထိရောက်သည့် နည်းလမ်းတစ်ခုဖြစ်ကြောင်း တွေ့ရှိရမည်ဖြစ်ပါသည်။ ဥပမာအားဖြင့် တောင်ကိုရီးယားနိုင်ငံတွင် “4T”နည်းလမ်းဖြစ်သည့် “စမ်းသပ်၊ ရှာဖွေ၊ ဖော်ထုတ်၊ ကုသ”သည့် နည်းစနစ်အသုံးပြု၍ ဆောင်ရွက်ခဲ့ခြင်းကြောင့် COVID-19 ရောဂါပြန့်ပွားမှုကို လျင်မြန်ထိရောက်စွာ ထိန်းချုပ်နိုင်ခဲ့သည်ကို တွေ့ရှိရမည်ဖြစ်ပါသည်။

**မြန်မာနိုင်ငံ၏ဆောင်ရွက်မှုနည်းလမ်း “ပြည်သူသာလျှင် အဓိက”**

မြန်မာနိုင်ငံအနေဖြင့် COVID-19 ကပ်ရောဂါ တွန်းလှန်နိုင်ရန်အတွက် မိမိတို့နိုင်ငံနှင့် လိုက်လျောညီထွေရှိမည့် နည်းလမ်းများကို အသုံးပြု၍ ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် “ပြည်သူသာလျှင် အဓိက”ဆိုသည့် ပြည်သူအခြေပြုသည့် စနစ်ဖြင့် တစ်နိုင်ငံလုံး ပူးပေါင်းပါဝင်မှုဖြင့် ဆောင်ရွက်လျက်ရှိပါသည်။ COVID-19 ကပ်ရောဂါကို တွန်းလှန်နိုင်ရေးအတွက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဦးဆောင်သည့် COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဗဟိုကော်မတီကို ဖွဲ့စည်းခဲ့ပါသည်။

COVID-19 ကပ်ရောဂါကို ပြည်သူလူထု၏ စုပေါင်းအင်အားဖြင့် စဉ်ဆက်မပြတ် ဆက်လက်တွန်းလှန်သွားမည်ဖြစ်ပြီး အစိုးရအနေဖြင့် ပြည်သူလူထု၏ စားဝတ်နေရေး အခက်အခဲများကို ကူညီဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ နိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှုစနစ်ကို ခိုင်မာအားကောင်းအောင် ဆောင်ရွက်ထားပြီးဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် လက်ရှိဖြစ်ပွားလျက်ရှိသည့် COVID-19 ကပ်ရောဂါကို ကာကွယ်၊ ကုသ၊ ထိန်းချုပ်နိုင်ရေး မျက်နှာစာများတွင် ကျန်းမာရေးဝန်ထမ်းများသည် နိုင်ငံ၏ သူရဲကောင်းများအဖြစ် ရှေ့တန်းက တာဝန်ထမ်းဆောင်လျက်ရှိပါသည်။ ကျန်းမာရေးဝန်ထမ်းများအနေဖြင့် ရောဂါကူးစက်ခံရသူများအား ထိရောက်သည့် ကျန်းမာရေးစောင့်ရှောက်မှုများပေးနိုင်ရန်နှင့် ရောဂါကူးစက်ပြန့်ပွားမှုလျော့နည်းစေရေးအတွက် လိုအပ်သည့်အရင်းအမြစ်များနှင့် ကျွမ်းကျင်မှုများ ဖြည့်ဆည်းပေးနိုင်ရေးကို အစိုးရက ဦးစားပေးဆောင်ရွက်လျက်ရှိပါသည်။

COVID-19 ရောဂါ စမ်းသပ်ရေးကိရိယာများ၊ အသက်ရှူစက်များ ပိုမိုထောက်ပံ့ပေးနိုင်ရေး၊ ဆေးရုံးနှင့် ဆေးခန်းများ တည်ဆောက်ပေးနိုင်ရေး ဆောက်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံတွင် COVID-19 ရောဂါစမ်းသပ်ရေးကိရိယာ Cobas 6800 analyser ကို ယခုရက်သတ္တပတ်အတွင်း အသုံးပြုနိုင်တော့မည်ဖြစ်သဖြင့် ရန်ကုန်မြို့ရှိ အမျိုးသားကျန်းမာရေးဓာတ်ခွဲခန်းတွင် တစ်ရက်လျှင် လူဦးရေ ၁၀၀၀ ကျော် စမ်းသပ်နိုင်တော့မည်ဖြစ်သည်။ မန္တလေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် COVID-19 ရောဂါစမ်းသပ်ရေးကိရိယာများ ပံ့ပိုးပေးနိုင်ရန်လည်း စီစဉ်လျက်ရှိပါသည်။ ကျန်းမာရေးစောင့်ရှောက်မှုများ တိုးမြှင့်ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သည့် ဆေးရုံအသစ်များနှင့် ဆေးခန်းအသစ်များကို အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုပုံစံအသစ်ဖြင့် တည်ဆောက်ထားပြီးဖြစ်ပါသည်။

**ဆေးပစ္စည်းများ ထုတ်လုပ်နိုင်ရန် ရင်းနှီးမြှုပ်နှံသူများအား ဖိတ်ခေါ်ထားပြီးဖြစ်**

COVID-19 ရောဂါကုသရေးအတွက် လိုအပ်သည့်ဆေးဝါးနှင့် ဆေးပစ္စည်းများကို နိုင်ငံတကာဈေးကွက်မှ ဝယ်ယူလျက်ရှိသကဲ့သို့ တစ်ကိုယ်ရေကာကွယ်ရေးဝတ်စုံနှင့် နှာခေါင်းစည်းများကိုလည်း ပြည်တွင်းထုတ်လုပ်သူများထံမှ ဝယ်ယူနိုင်ရေး ဆောင်ရွက်ထားပြီးဖြစ်သည်။ လတ်တလောလည်ပတ်ခြင်းမရှိသည့် နိုင်ငံပိုင်စက်ရုံများတွင် COVID-19 အတွက် လိုအပ်သည့်ဆေးပစ္စည်းများ ထုတ်လုပ်နိုင်ရန် ရင်းနှီးမြှုပ်နှံသူများအား ဖိတ်ခေါ်ထားပြီးဖြစ်ပါသည်။

**အစိုးရအနေဖြင့် ပံ့ပိုးကူညီမှုများ ဆောင်ရွက်ပေးလျက်ရှိ**

COVID-19 ကပ်ရောဂါကြောင့် စီးပွားရေးလုပ်ငန်းများ အထူးသဖြင့် အထည်ချုပ်လုပ်ငန်းများ၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများနှင့် အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများအပေါ် ထိခိုက်မှုများ များစွာဖြစ်ပေါ်စေခဲ့ပါသည်။ အစိုးရအနေဖြင့် အဆိုပါလုပ်ငန်းများအပေါ် ထိခိုက်မှုများသက်သာစေရေးအတွက် မြန်မာကျပ်ငွေ ၁၀၀ ဘီလီယံဖြင့် COVID-19 ပြန်လည်ထူထောင်ရေးရန်ပုံငွေထူထောင်ခြင်းဖြင့် အတိုးနှုန်းသက်သာသည့် ချေးငွေများထုတ်ပေးနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိပါသည်။

ပြည်သူလူထု၏ပူးပေါင်းဆောင်ရွက်မှု၊ တစ်ဦး၏ အခက်အခဲများကို တစ်ဦးက အေးအတူ ပူအမျှ ကူညီရိုင်းပင်းမှု၊ စာနာနားလည်မှု၊ စုပေါင်းအင်အားတို့ဖြင့် အတူတကွ ရင်ဆိုင်ကျော်ဖြတ်ပါက COVID-19 ကပ်ရောဂါဘေးကို မြန်မာနိုင်ငံအနေဖြင့် အောင်မြင်စွာ ကျော်လွှားနိုင်မည်ဖြစ်ပါသည်။ နိုင်ငံတော်အစိုးရအနေဖြင့် လူတစ်ဦး တစ်ယောက်ချင်းစီနှင့် အိမ်ထောင်စုများတွင် ကြုံတွေ့နေရသော အခက်အခဲများ လျော့နည်းစေရေးအတွက် စားနပ်ရိက္ခာများ ပံ့ပိုးပေးခြင်းနှင့် ယခုလတွင် လျှပ်စစ်ဓာတ်အား ၁၅၀ ယူနစ်ကို အိမ်ထောင်စုတိုင်း ကင်းလွတ်ခွင့်ရရှိရေး ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါသည်။ မိမိတို့ပြည်သူများသည် လှူဒါန်းပေးကမ်းမှု ရက်ရောသည့် နိုင်ငံသားများဖြစ်သည့်အားလျော်စွာ အများစုက အဆိုပါကင်းလွတ်ခွင့်ကို ရယူခံစားခြင်းမရှိဘဲ COVID-19 ကပ်ရောဂါကို တွန်းလှန်နိုင်ရေး လိုအပ်သည့်ကူညီမှုများ ဆောင်ရွက်နိုင်ရန် အစိုးရထံသို့ ပြန်လည်လှူဒါန်းမှုများ ပြုလုပ်ခဲ့ကြပါသည်။

**အစိုးရ၊ ပုဂ္ဂလိကနှင့်ပြည်သူတစ်ရပ်လုံး လက်တွဲညီညီ ပူးပေါင်းဆောင်ရွက်လျက်ရှိ**

COVID-19 ကပ်ရောဂါဖြစ်ပွားမှုကို ထိန်းချုပ်နိုင်ရန် အစိုးရ၊ ပုဂ္ဂလိကနှင့် ပြည်သူတစ်ရပ်လုံး လက်တွဲညီညီ ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ ဥပမာအားဖြင့် အခြားသူများနှင့် အနီးကပ်နေထိုင်ခြင်းမပြုသည့် (Social Distancing) စနစ်ကျင့်သုံးဆောင်ရွက်ပြီး COVID-19 ကပ်ရောဂါ ဖြစ်ပွားမှုကို ထိန်းချုပ်နိုင်ရန် ပြည်သူများ ပူးပေါင်းဆောင်ရွက်ခြင်းမျိုးကို ကလောမြို့ဈေးနှင့် အခြားမြေပြန့်ဈေးများတွင်ပါ ဆောင်ရွက်ထားသည်ကို တွေ့မြင်နိုင်မည်ဖြစ်ပါသည်။

ရောဂါရှိသူများနှင့် ထိတွေ့ဆက်ဆံဖူးသူများအား ရှာဖွေဖော်ထုတ်ခြင်းဆိုင်ရာ နည်းပညာများကို ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည်နိုင်ရေးအတွက်လည်း နိုင်ငံတော်အစိုးရအနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသကဲ့သို့ contact tracing apps များ အသုံးပြု၍ အများပြည်သူသို့ ကျန်းမာရေးဆိုင်ရာ ဗဟုသုတများကို လူမှုသတင်းမီဒီယာများမှတစ်ဆင့် ဖြန့်ဝေနိုင်ရေးတို့အတွက် လူငယ်တီထွင်သူများကလည်း ကြိုးပမ်းဆောင်ရွက်ပြီးဖြစ်ပါသည်။

**နည်းပညာအထောက်အပံ့ဖြင့် အသိပညာမျှဝေနိုင်ရေး ဆောင်ရွက်လျက်ရှိ**

နည်းပညာတိုးတက်မှုအခြေခံ၍ စမတ်ဖုန်း အပလီကေးရှင်းများမှတစ်ဆင့် ရောဂါကူးစက်မှုနှုန်းကို ပြည်သူများအနေဖြင့် မိမိနေအိမ်နှင့် အလုပ်နေရာများ၌ အခမဲ့ အလွယ်တကူသိရှိနိုင်ပြီး ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များနှင့် ကျန်းမာရေးဆိုင်ရာ အသိပညာပေးချက်များမှတစ်ဆင့် အခြားသူများနှင့် အနီးကပ်နေထိုင်ခြင်းမပြုရန် အလွန်အရေးကြီးကြောင်း အသိပညာပေး မျှဝေလျက်ရှိပါသည်။ အစိုးရအနေဖြင့် မည်သည့်နေရာတွင် အရေးအတွက် မည်မျှကူးစက်ခံရကြောင်း မှန်ကန်မြန်ဆန်သည့် သတင်းအချက်အလက်များ ပံ့ပိုးပေးရန်နှင့် အသိပညာပေးရန်တို့ကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရန်လည်း အလွန်အရေးကြီးပါသည်။

**COVID-19 ဘက်စုံတုံ့ပြန်ရေးစီမံချက်ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်တော့မည်**

မိမိတို့နိုင်ငံအနေဖြင့် စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားလျက်ရှိရာတွင် အိမ်ထောင်စုများနှင့် စီးပွားရေးလုပ်ငန်းများအပေါ် လူမှုစီးပွား၊ ထိခိုက်မှုများ တတ်နိုင်သမျှ အနည်းဆုံးဖြစ်စေရန်၊ လုပ်ငန်းများအား ထိရောက်စွာ ဆောင်ရွက်နိုင်ရန် COVID-19 ဘက်စုံ တုံ့ပြန်ရေးစီမံချက်ကို မကြာမီအကောင်အထည်ဖော်ဆောင်ရွက်နိုင်တော့မည် ဖြစ်ပါသည်။ အဆိုပါစီမံချက်တွင် မူဝါဒဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ၊ လုပ်ငန်းစဉ်များပါဝင်ပြီး နယ်ပယ်စုံ ကဏ္ဍစုံတွင် ပြန်လည်ထူထောင်နိုင်မည့် နည်းလမ်းများပါဝင်သည့်အတွက် မြန်မာနိုင်ငံ၏ COVID-19 ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လမ်းပြမြေပုံအဖြစ် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

မူဝါဒများချမှတ်ရာတွင်လည်း ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွန်အခများနှင့် အလုပ်လုပ်ကိုင်ခြင်းအတွက် ဝင်ငွေခွန်များ ပိုမိုကောက်ခံခြင်းကဲ့သို့သော မူဝါဒများကို ချမှတ်သွားမည်မဟုတ်ဘဲ လက်ရှိမြန်မာနိုင်ငံသားများ ရရှိခံစားလျက်ရှိသည့် လူမှုဖူလုံရေးဆိုင်ရာ ခံစားခွင့်များနှင့် စီးပွားရေးဆိုင်ရာ အခြေခံခံစားခွင့်များအား ထိခိုက်မှုမရှိသည့် မူဝါဒများကိုသာ ချမှတ်သွားမည် ဖြစ်ပါသည်။

**နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အောင်မြင်စွာကျော်လွှားသွားမည်**

ကမ္ဘာ့တစ်ဝန်း COVID-19 ရောဂါကို တွန်းလှန်နိုင်ရန် ကြိုးပမ်းလျက်ရှိရာတွင် မြန်မာနိုင်ငံအနေဖြင့်လည်း တိကျသည့်စီမံချက်များချမှတ်၍ တွန်းလှန်သွားရန် လိုအပ်ပါသည်။ မြန်မာနိုင်ငံကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် COVID-19 ကပ်ရောဂါကို တွန်းလှန်နိုင်ခြင်းမရှိပါက တစ်ကမ္ဘာလုံးအနေဖြင့်လည်း အဆိုပါစိန်ခေါ်မှုများကို ဆက်လက်ရင်ဆိုင်နေရမည် ဖြစ်ပါသည်။ COVID-19 ကပ်ရောဂါကို ထိန်းချုပ်နိုင်ရေးအတွက် နိုင်ငံတစ်နိုင်ငံချင်းအလိုက် စီမံချက်များ ချမှတ်လျက် တက်ကြွစွာဆောင်ရွက်၍ လတ်တလောအခက်အခဲများကို ကျော်လွှားနိုင်သည့် အခြေအနေရှိသော်လည်း ရေရှည်တွင် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် တွန်းလှန်သွားမှ အောင်မြင်နိုင်မည်ဖြစ်ပါသည်။

“ပြည်သူသာလျှင် အဓိက” ဆိုသည့်အတိုင်း ပြည်သူတို့၏ စုပေါင်းအင်အားဖြင့် ယခုကဲ့သို့သော အကျပ်အတည်းကာလတွင် ကူညီရိုင်းပင်းမှု၊ စာနာနားလည်မှုတို့ဖြင့် တစ်ဦး၏ အခက်အခဲများကို တစ်ဦးက ကူညီရင်း COVID-19 ကပ်ရောဂါကို မြန်မာနိုင်ငံအနေဖြင့် အောင်မြင်စွာ ကျော်လွှားနိုင်မည်ဟု ယုံကြည်ပါသည်။

*(စာရေးသူမှာ ဦးသောင်းထွန်း၊ ပြည်ထောင်စုဝန်ကြီး၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဖြစ်ပါသည်။)*

---

○ **မြန်မာနိုင်ငံအနေဖြင့် COVID-19 ကပ်ရောဂါ တွန်းလှန်နိုင်ရန်အတွက် မိမိတို့နိုင်ငံနှင့် လိုက်လျောညီထွေရှိမည့် နည်းလမ်းများကို အသုံးပြု၍ ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် “ပြည်သူသာလျှင် အဓိက”ဆိုသည့် ပြည်သူအခြေပြုသည့်စနစ်ဖြင့် တစ်နိုင်ငံလုံး ပူးပေါင်းပါဝင်မှုဖြင့် ဆောင်ရွက်လျက်ရှိ**

○ **COVID-19 ကပ်ရောဂါကို ပြည်သူလူထု၏ စုပေါင်းအင်အားဖြင့် စဉ်ဆက်မပြတ် ဆက်လက်တွန်းလှန်သွားမည်ဖြစ်ပြီး အစိုးရအနေဖြင့် ပြည်သူလူထု၏ စားဝတ်နေရေးအခက်အခဲများကို ကူညီဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ နိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှုစနစ်ကို ခိုင်မာအားကောင်းအောင် ဆောင်ရွက်ထားပြီးဖြစ်**

○ **ပြည်သူလူထု၏ ပူးပေါင်းဆောင်ရွက်မှု၊ တစ်ဦး၏ အခက်အခဲများကို တစ်ဦးက အေးအတူ ပူအမျှ ကူညီရိုင်းပင်းမှု၊ စာနာနားလည်မှု၊ စုပေါင်းအင်အားတို့ဖြင့် အတူတကွ ရင်ဆိုင်ကျော်ဖြတ်ပါက COVID-19 ကပ်ရောဂါဘေးကို မြန်မာနိုင်ငံအနေဖြင့် အောင်မြင်စွာ ကျော်လွှားနိုင်မည်ဖြစ်**


○ **မိမိတို့နိုင်ငံအနေဖြင့် စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားလျက်ရှိရာတွင် အိမ်ထောင်စုများနှင့် စီးပွားရေးလုပ်ငန်းများအပေါ် လူမှုစီးပွား၊ ထိခိုက်မှုများ တတ်နိုင်သမျှ အနည်းဆုံးဖြစ်စေရန်၊ လုပ်ငန်းများကို ထိရောက်စွာဆောင်ရွက်နိုင်ရန် COVID-19 ဘက်စုံတုံ့ပြန်ရေးစီမံချက်ကို မကြာမီအကောင်အထည်ဖော် ဆောင်ရွက်နိုင်တော့မည်**


○ **အဆိုပါစီမံချက်တွင် မူဝါဒဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ၊ လုပ်ငန်းစဉ်များပါဝင်ပြီး နယ်ပယ်စုံ ကဏ္ဍစုံတွင် ပြန်လည်ထူထောင်နိုင်မည့် နည်းလမ်းများ ပါဝင်သည့်အတွက် မြန်မာနိုင်ငံ၏ COVID-19 ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် လမ်းပြမြေပုံအဖြစ် ဆောင်ရွက်နိုင်မည်ဖြစ်**

# စောစောရှာ အက်ပလီကေးရှင်းကို Android ဖုန်းနှင့် Tablet များတွင် ထည့်သွင်းအသုံးပြုပုံ


အပိုင်း(၁)










၁ ပထမဦးစွာ အင်တာနက် ဖွင့်ထားပေးရပါမယ်။




၂ Chrome(သို့မဟုတ်) Firefox(သို့မဟုတ်)အခြား မိမိဖုန်းထဲရှိ Browser ကို အသုံးပြုရပါမယ်။




၃ လိပ်စာမှာ sawsawshar.gov.mm ဆိုပြီး ရိုက်ထည့်ရပါမယ်။





၄ ဒီလိုပုံစံတွေ့ရပြီး Download ကို နှိပ်ရပါမယ်။





၅ Ok ကို နှိပ်ရပါမယ်။





၆ Open ကို နှိပ်ပေးရပါမယ်။




၇ INSTALL ကို နှိပ်ပေးရပါမယ်။





၈ OPEN ကို နှိပ်ပြီး အက်ပလီကေးရှင်းကို ဖွင့်လိုက်ရပါပြီ




၉ ALLOW ကို နှိပ်ပေးရပါမယ်။




၁၀ လက်ခံပါသည် (Accept) ကို နှိပ်ရပါမယ်။




၁၁ စောစောရှာ အက်ပလီကေးရှင်းရဲ့ ပင်မ မျက်နှာပြင်ကို ရောက်ရှိပြီဖြစ်ပါတယ်။ (ဒီအက်ပလီကေးရှင်းကို သုံးစွဲခြင်းအားဖြင့် ရောဂါရှိသူနှင့် ထိတွေ့ခဲ့မှုရှိ/မရှိကို စောစီးစွာ သိရှိနိုင်ပြီး စောစီးစွာရှာဖွေနိုင်သည့်အတွက် ကူညီနိုင်မည်ဖြစ်သည်။)

(ဆက်လက်ဖော်ပြပါမည်)

# မင်းဘူးခရိုင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီသို့ စေတနာရှင်တစ်ဦးမှ တစ်ကိုယ်ရေကာကွယ်ရေးဝတ်စုံ အစုံ ၅၀ လှူဒါန်း



**မင်းဘူး မေ ၂၆**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီသို့ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် ဆိုင့်နေမင်းကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဒေါက်တာအောင်မြင့်ဦးက တစ်ကိုယ်ရေကာကွယ်ရေးဝတ်စုံ အစုံ ၅၀ ကို ယမန်နေ့ နံနက်ပိုင်းက လာရောက်လှူဒါန်းခဲ့ကြောင်း ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးမှ သိရသည်။

"ကိုဗစ်-၁၉ ရောဂါ ကာကွယ်ကုသရေးလုပ်ဆောင်နေကြတဲ့ဆရာဝန်တွေနဲ့ ကျန်းမာရေးဝန်ထမ်းအားလုံးကို ရောဂါကူးစက်မှုအန္တရာယ်က ကာကွယ်နိုင်ဖို့နဲ့ အခက်အခဲကြားထဲမှာ ကိုယ်ကျိုးမငဲ့ဘဲ အင်တိုက်အားတိုက် ကြိုးစားလုပ်ဆောင်နေကြရတာကို မြင်တွေ့ရတော့ ကိုယ်ချင်းလည်း စာမိပါတယ်၊ ကျွန်တော်ကိုယ်တိုင်ကလည်း ဆရာဝန်တစ်ယောက်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ဖူးတော့ ကိုယ်ချင်းစာစိတ်နဲ့ လှူဒါန်းဖြစ်ခဲ့တာပါ။ အခု မင်းဘူးခရိုင်အတွက် တစ်ကိုယ်ရေကာကွယ်ရေးဝတ်စုံ အစုံ ၅၀ အပါအဝင် မန္တလေးမြို့ အထွေထွေရောဂါကုဆေးရုံကြီး ဖျားနာကုသဆောင်(၂)အတွက် အစုံ ၅၀၊ အပူပိုင်းနှင့် ကူးစက်ရောဂါပညာဌာနအတွက် အစုံ ၅၀ နဲ့ ထီးချိုင့်မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီကို အစုံ ၅၀ စုစုပေါင်းအစုံ ၂၀၀ ကို ကျွန်တော်တို့ကုမ္ပဏီမိသားစုက လှူဒါန်းခဲ့တာပါ။ နောက်လည်း လိုအပ်နေတဲ့ နေရာတွေကို ဆက်လက်လှူဒါန်းပေးသွားမှာပါ"ဟု အလှူရှင် ဒေါက်တာအောင်မြင့်ဦးက ပြောသည်။

အဆိုပါ အထောက်အကူပြုပစ္စည်းများအား မင်းဘူးခရိုင်အတွင်း လိုအပ်သောနေရာများတွင် ဆက်လက်ဖြန့်ဝေ ပေးသွားမည်ဖြစ်ကြောင်း မင်းဘူးခရိုင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစန်းငွေးထံမှ သိရသည်။

**မောင်မောင်(မင်းဘူး)**



# အင်းစိန်မြို့နယ်အတွင်းရှိ ဈေးများ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိ

**ရန်ကုန် မေ ၂၆**

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်မပြန့်ပွားစေရန် ရည်ရွယ်၍ အင်းစိန်မြို့နယ်အတွင်းရှိ ဈေးများ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်ခြင်းကို ယမန်နေ့ နံနက် ၉ နာရီတွင် ဆောင်ရွက်ခဲ့သည်။

အင်းစိန်မြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ တားဆီးကာကွယ်ရေးအတွက် နေ့စဉ် ဈေးများအားလုံးသို့ အလှည့်ကျစစ်ဆေးလျက်ရှိရာ အင်းစိန်မြို့နယ် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ ဦးသိန်းသန်းနှင့် တာဝန်ရှိသူများသည် အောင်ဆန်းဈေးသို့ သွားရောက်၍ ဈေးရောင်းသူများ၊ ဈေးဝယ်လာသူများအား ကိုဗစ်-၁၉ ရောဂါ ကူးစက်မပြန့်ပွားစေရန် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ညွှန်ကြားချက်များဖြစ်သည့် နှာခေါင်းစည်းများ တပ်ဆင်ခြင်း၊ လက်ဆေးခြင်း၊ အသား၊ ငါးများကိုင်တွယ်ရာတွင် လက်အိတ်များ ဝတ်ဆင်ခြင်း ရှိ၊ မရှိကို လိုက်လံစစ်ဆေးခဲ့ကြကြောင်း သိရသည်။

အင်းစိန်မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီမှ ရောဂါကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဖွဲ့ထက်ကို(ပြန်/ဆက်)**

# ချောင်းဦး အမြင့်ဈေးအား ကိုဗစ် - ၁၉ ရောဂါကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်

**ချောင်းဦး မေ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ် အမြင့်ကျေးရွာ အမြင့်ဈေးအား အမှတ်(၂) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဆန်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကြည်သန့်ဝင်းတို့ပူးပေါင်း၍ ဈေးသူ ဈေးသားများနှင့် ဈေးဝယ်သူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အသိပညာပေးခြင်းလုပ်ငန်းကို ယနေ့ နံနက် ၈ နာရီက အမြင့်ကျေးလက်ဈေးတွင် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ချောင်းဦးစည်ပင်က စီမံကွပ်ကဲသည့် အမြင့်ကျေးလက်ဈေးနှင့် ဈေးဆိုင်များရှိ ဈေးသည် ဈေးဝယ်များ နှာခေါင်းစည်းတပ်စေခြင်း၊ လိုက်နာရမည့်စည်းကမ်းများပါရှိသည့် လက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ ငါးရက် တစ်ကြိမ်ရောင်းဝယ်သည့် အမြင့်ပုံကျဈေးအား ခြောက်ပေအကွာ ရောင်းဝယ်နိုင်ရေး စီမံဆောင်ရွက်ခြင်း၊ ဈေးရောင်းသူများနှင့် ဈေးဝယ်ရန်လာရောက်ကြသည့် ပြည်သူများအား အပြင်ထွက်ပါက နှာခေါင်းစည်းတပ်ဆင်ပြီးမှ သွားလာကြရန်၊ လက်ကို အမြဲဆေးကြောရန် စနစ်တကျ ဈေးရောင်း၊ ဈေးဝယ်ပြုလုပ်ကြရန် အသိပညာပေးပြီး ဈေးတွင်းဝင်ရောက်လာသူများအား အပူချိန်တိုင်းတာစစ်ဆေးခြင်း၊ လက်ဆေးပြီးမှ ဈေးအတွင်းဝင်ရောက်စေခြင်းနှင့် နှာခေါင်းစည်း တပ်ဆင်ခြင်းမရှိသူများအား၊ နှာခေါင်းစည်းများဖြန့်ဝေပေးခြင်း စသည့်လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကြည်သန့်ဝင်းက ပြောကြားသည်။

**အိအိအောင်(ချောင်းဦး)**

# ဘုတလင်မြို့ ယာယီဈေး၌ ဈေးရောင်းသူများနှင့် ဈေးဝယ်သူများအား ပြည်တွင်းဖြစ်နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေ



**ဘုတလင် မေ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့ ပြည်သူ့အားကစားကွင်းအတွင်းရှိ ယာယီဈေးတွင် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ဈေးရောင်းသူများနှင့် ဈေးဝယ်သူများအား ပြည်တွင်းဖြစ် နှာခေါင်းစည်းများကို အခမဲ့ဖြန့်ဝေပေးလျက်ရှိကြောင်း မြို့နယ်စည်ပင်သာယာရေးကော်မတီမှ သိရသည်။

"ပြည်သူ့အားကစားကွင်းအတွင်းကို ယာယီဈေး ပြောင်းရွှေ့ဖွင့်လှစ်ခဲ့တဲ့ ရက်မှာပဲ ဈေးရောင်းသူတွေ အားလုံးကို နှာခေါင်းစည်း ၂၀၀ ကျော် အခမဲ့ဖြန့်ဝေပေးခဲ့ပါတယ်။ နှာခေါင်းစည်းပါတဲ့သူကိုပဲ ဈေးအတွင်း ဝင်ရောက် ရောင်းဝယ်ခွင့်ပြုပေးပါတယ်။ ဈေးရောင်းသူတွေ၊ ဈေးဝယ်သူတွေ အများစုက နှာခေါင်းစည်း တပ်ကြပေမယ့် မပါတဲ့သူတွေကိုလည်း ရောဂါကြိုတင်ကာကွယ်ရေးက အရေးကြီးလို့ နှာခေါင်းစည်းတွေကို အခမဲ့ဖြန့်ဝေပေးနေပါတယ်"ဟု မြို့နယ်စည်ပင်သာယာရေးကော်မတီ အမှုဆောင်အရာရှိ ဒေါ်ခိုင်ခိုင်စိုးက ပြောသည်။

အဆိုပါ ပြည်တွင်းဖြစ် နှာခေါင်းစည်းများကို ဘုတလင်မြို့နယ် စည်ပင်သာယာရေးဝန်ထမ်းများ၊ ဈေးသူ ဈေးသားများနှင့် ဈေးဝယ်သူများအား အခမဲ့ဖြန့်ဝေပေးနိုင်ရန်အတွက် စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေးကော်မတီထံမှ တစ်ခုလျှင် ငွေကျပ် ၁၅၀ နှုန်းဖြင့် ဝယ်ယူခဲ့ကြောင်း သိရသည်။

ယာယီဈေးတွင် ဈေးရောင်းသူ ၂၅၃ ဦး ရှိပြီး ဈေးရောင်းသူများနှင့် ဈေးဝယ်သူများအား နှာခေါင်းစည်းများ အမြဲတပ်ဆင်ထားကြရန်၊ ယာယီဈေးအတွင်း မဝင်မီနှင့် ဈေးဝယ်ပြီး၍ ပြန်လည်ထွက်ခွာပါက လက်ဆေးကြရန် မြို့နယ်စည်ပင်သာယာရေးဝန်ထမ်းများက ဈေးအတွင်း လှည့်လည်ပြီး Hand Speaker များဖြင့် ကြေညာပေးလျက်ရှိကြောင်း သိရသည်။

**ဖိုးခါး(ပြန်/ဆက်)**

# ကျောက်ကူးမြစ်ရေတင်ဖြင့် နွေပဲတီစိမ်းစိုက်တောင်သူများ ဧက ၃၉၀ စိုက်ပျိုးအောင်မြင်

**ညောင်ဦး မေ ၂၆**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ကျောက်ကူးမြစ်ရေတင်ရေဖြင့် စိုက်ပျိုးထားသည့် နွေပဲတီစိမ်းများ အောင်မြင်ဖြစ်ထွန်းနေကာ ဆွတ်ခူးရောင်းချချိန်တွင် ဈေးကောင်းရရှိရန် နွေပဲတီစိမ်းစိုက်တောင်သူများ မျှော်လင့်နေကြကြောင်း သိရသည်။



ညောင်ဦးမြို့နယ် ကျောက်ကူးမြစ်ရေတင်ဖြင့် စိုက်ပျိုးထားသည့် နွေပဲတီစိမ်းစိုက်ဧက ၃၉၀ ရှိကြောင်း၊ ပြီးခဲ့သည့်နှစ်က နွေပဲတီစိမ်းပေါ်ချိန် တစ်တင်းလျှင် ငွေကျပ် ၃၉၀၀၀ ဖြင့် ရောင်းချခဲ့ရပြီး မြစ်ရေတင်ဖြင့် စိုက်ပျိုးကြသည့် နွေပဲတီစိမ်းစိုက် တောင်သူများ ယခင်နှစ်ကဈေးနှုန်းမျိုး ရရှိရန် မျှော်လင့်နေကြောင်း ပဲတီစိမ်းစိုက် တောင်သူများထံမှ သိရသည်။

နွေပဲတီစိမ်း စတင်စိုက်ပျိုးခြင်းအား ဖေဖော်ဝါရီလလယ်လောက်တွင် စတင်ကြဲပက်စိုက်ပျိုးကြကာ စိုက်ပျိုးပြီး ၄၅ ရက်ရှိလျှင် ပဲတီစိမ်းအဖူး၊ အပွင့်များ စတင်ပွင့်ပြီး ရက် ၆၀၊ နှစ်လပြည့်လျှင် စတင်ဆွတ်ခူးရကြောင်း၊ ထွက်ရှိလာသည့် နွေပဲတီစိမ်းများအား ပခုက္ကူပွဲရုံများသို့ ရောင်းကြကြောင်း သိရသည်။

**ကိုထိန်(ငါ့သရောက်)**

# ကိုဗစ်-၁၉ နှင့်ပတ်သက်၍ ပြည်သူများသိရှိလိုသည့် မေးခွန်းများကို National COVID-19 Call Center (ဖုန်းနံပါတ် ၂၀၁၉) သို့ ဆက်သွယ်မေးမြန်းနိုင်

ကိုဗစ်-၁၉ နှင့်ပတ်သက်၍ ပြည်သူများ သိရှိလိုသည့် မေးခွန်းများကို မိမိတို့ မိုဘိုင်းဖုန်းမှတစ်ဆင့် National COVID-19 Call Center (ဖုန်းနံပါတ် ၂၀၁၉) သို့ နေ့စဉ် နံနက် ၈ နာရီမှ ည ၈ နာရီအတွင်း မေးမြန်းနိုင်ကြောင်း ဆေးသုတေသနဦးစီးဌာနမှ သိရသည်။

"ကိုဗစ်-၁၉ နဲ့ပတ်သက်တဲ့ သတင်းအချက်အလက်တွေ မှန်မှန်ကန်ကန် သိရှိအောင် ကျန်းမာရေးဗဟုသုတတွေ ပြည်သူလူထုထံ အမြန်ဆုံးရောက်ရှိသွားအောင် ရည်ရွယ်ပြီး Call Center ကို ဖွင့်လိုက်တာပါ။ ပြည်သူတွေ မေးလာတဲ့ မေးခွန်းတွေကို အချိန်နှင့်တစ်ပြေးညီ ပြန်လည်ဖြေကြားပေးလျက်ရှိပါတယ်"ဟု ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာဇော်သန်းထွန်းက ပြောသည်။

Call Center တွင် ဆေးသုတေသနဦးစီးဌာနမှ ဆရာဝန် ၄၅ ဦးနှင့် မြန်မာနိုင်ငံ ဆရာဝန်အသင်းမှ စေတနာ့ဝန်ထမ်း ဆရာဝန် ၁၉ ဦးတို့က အဖွဲ့ရှစ်ဖွဲ့ခွဲကာ နေ့စဉ်နံနက် ၈ နာရီမှ ည ၈ နာရီအထိ တာဝန်ချိန်နှစ်ပိုင်းခွဲ၍ တာဝန်ချိန်တစ်ပိုင်းစီတွင် ကြီးကြပ်သူအပါအဝင် ဆရာဝန် ရှစ်ဦးတို့က တာဝန်ယူဖြေကြားပေးလျက်ရှိကြောင်း ဆေးသုတေသနဦးစီးဌာနမှ သိရသည်။

"၂၀၁၉ နံပါတ်ကို နှိပ်လိုက်ရင် ပိုက်ဆံပေးစရာမလိုဘဲ အခမဲ့ခေါ်ဆို မေးမြန်းစုံစမ်းနိုင်ပါတယ်။ ဆေးသုတေသနဦးစီးဌာနက ကျန်းမာရေးဝန်ထမ်းတွေနဲ့ မြန်မာနိုင်ငံဆရာဝန်အသင်းက စေတနာ့ဝန်ထမ်းဆရာဝန်တွေ ပူးပေါင်းပြီး ကိုဗစ်-၁၉ နဲ့ပတ်သက်ပြီး ပြည်သူတွေ သိချင်တာတွေကို ဖြေကြားပေးနေပါတယ်။ ကျေးလက်ဒေသတွေကလည်း မေးမြန်းနိုင်တဲ့အတွက် ဒီလုပ်ဆောင်ချက်က ထိရောက်အောင်မြင်တယ်လို့ ပြောနိုင်ပါတယ်။ ကိုဗစ်-၁၉ နဲ့ပတ်သက်ပြီး ပြည်သူတွေ သိချင်တာတွေ မေးမြန်းတဲ့အခါ ဒီဘက်က ပြန်ဖြေတဲ့သူတွေကလည်း ဆရာဝန်တွေဖြစ်တဲ့အတွက် ပြည်သူတွေရဲ့ ယုံကြည်မှုက နဂိုကတည်းက ရှိထားပြီးဖြစ်တဲ့အတွက်ကြောင့် ပြည်သူတွေရဲ့ စိတ်ကျေနပ်မှုကို Call Center ကနေ ရရှိပြီးဖြစ်ပါတယ်။ Call Center ဖွင့်တာက ပြည်သူတွေအတွက် အကျိုးရှိတယ်လို့ ယုံကြည်ပါတယ်" ဟု ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာဇော်သန်းထွန်းက ပြောသည်။

အဆိုပါ National COVID-19 Call Center ကို ဧပြီ ၉ ရက်မှစတင်ကာ ရန်ကုန်မြို့ ဒဂုံမြို့နယ် ဇီဝကလမ်း အမှတ်(၅)ရှိ ဆေးသုတေသနဦးစီးဌာန(ရုံးချုပ်)တွင် ဖွင့်လှစ်လိုက်ပြီး ကိုဗစ်-၁၉ နှင့်ပတ်သက်၍ အများပြည်သူ သိရှိလိုသည်များကို ဖြေကြားပေးနေကြောင်း ဆေးသုတေသနဦးစီးဌာနမှ သိရသည်။

ယခု Call Center သည် ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ ဖြစ်ပွားမှု၊ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း၊ ကာကွယ်ထိန်းချုပ်ခြင်း၊ ရောဂါကာကွယ်ရန် ကျန်းမာရေးအသိပညာပေးနှိုးဆော်ခြင်း၊ လူနာများရှာဖွေကုသခြင်း စသည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ သတင်းအချက်အလက်များကို ပြည်သူလူထုမှ သိရှိလိုသည်များကို ဆက်သွယ်မေးမြန်းနိုင်စေရေးအတွက် အဓိကရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း ဆေးသုတေသနဦးစီးဌာနမှ သိရသည်။

Call Center သို့ ပြည်သူလူထုမှမေးမြန်းမှု များပြားသည့်အတွက် ကိုဗစ်-၁၉ နှင့် သက်ဆိုင်သော ပြည်သူလူထု အမေးများနိုင်သည့် ကျန်းမာရေးအသိပညာပေး သတင်းအချက်အလက်များအား စက်မှအလိုအလျောက် ဖြေကြားခြင်းရှိသလို ဆရာဝန်များနှင့် တိုက်ရိုက်ဆွေးနွေးလိုပါက လိုင်းခွဲနံပါတ်-၀ သို့ ခေါ်ဆိုနိုင်ပြီး လူတစ်ဦးလျှင် အချိန်ခြောက်မိနစ်ခန့် မေးမြန်းနိုင်ကြောင်း ဆေးသုတေသနဦးစီးဌာနမှ သိရသည်။

"ကိုဗစ်-၁၉ နဲ့ပတ်သက်ပြီး ရန်ကုန်အပြင် တိုင်းဒေသကြီးနဲ့ ပြည်နယ်တော်တော်များများက မေးကြပါတယ်။ ခေါ်ဆိုခက အခမဲ့ဆိုတော့ တော်တော်များများမေးကြပါတယ်။ အခုလို Call Center လုပ်ပေးတဲ့အတွက် ကိုဗစ်-၁၉ နဲ့ပတ်သက်ပြီး ဘယ်ကိုမေးရမှန်းမသိတဲ့သူတွေ၊ တချို့သော သတင်းအမှားတွေ ပြန့်နေတာနဲ့ပတ်သက်ပြီး စိုးရိမ်ကြောင့်ကြနေသူတွေအတွက် အခုချိန်မှာ အပြင်ထွက်ပြီး ဆေးခန်းတွေ လိုက်ရှာပြီးမေးဖို့ကလည်း အခက်အခဲရှိကြတော့ အခုဆရာဝန်နဲ့ တိုက်ရိုက်မေးမြန်းရတဲ့အတွက် အများကြီးအကျိုးရှိကြမှာပါ။ အမေးများတာက ကာကွယ်ခြင်းနဲ့ ထိန်းချုပ်ခြင်းအကြောင်းတွေ အမေးများပါတယ်။ ရောဂါကုသစက်ပုံနည်းလမ်းတွေလည်း အမေးများတယ်။ အချိန်နဲ့အမျှ ဖြစ်နေတာတွေလည်း မေးကြတယ်။ ဒီအချိန်မှာ ဖျားတာနာတာဖြစ်နေရင် ဘာလုပ်ရမလဲဆိုတာမျိုးလည်း စိုးရိမ်ပြီးမေးကြတာရှိပါတယ်"ဟု ဆေးသုတေသနဦးစီးဌာန ကူးစက်ရောဂါဗေဒ သုတေသနဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာ မျိုးမျိုးမွန်က ပြောသည်။

ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ နှင့်ပတ်သက်ပြီး "၂၀၁၉" သို့ခေါ်ဆိုပြီး လိုင်းခွဲနံပါတ်-၁ တွင် ရောဂါလက္ခဏာများအကြောင်း၊ လိုင်းခွဲနံပါတ်-၂ တွင် ကူးစက်နိုင်သော နည်းလမ်းများအကြောင်း၊ လိုင်းခွဲနံပါတ်-၃ တွင် ကာကွယ်နိုင်သော နည်းလမ်းများအကြောင်း၊ လိုင်းခွဲနံပါတ်-၄ တွင် အသွားအလာကန့်သတ်ခြင်းအကြောင်း၊ လိုင်းခွဲနံပါတ်-၅ တွင် နောက်ဆုံးရ ကိုဗစ်-၁၉ ပိုးတွေ့လူနာအရေအတွက်အကြောင်းတို့အား လိုင်းခွဲနံပါတ်ငါးခုမှ အလိုအလျောက်စနစ်ဖြင့် ဖြေကြားပေးလျက်ရှိကြောင်း သိရသည်။

"ကျွန်မတို့မှာ အခက်အခဲတချို့ရှိပါတယ်။ အများစုကတော့ သိချင်လို့ မေးမြန်းကြတယ်။ နှောင့်ယှက်တဲ့ ဖုန်းခေါ်ဆိုမှုတွေလည်းရှိပါတယ်။ ဘယ်လောက်ထိ နှောင့်ယှက်သလဲဆိုရင် လိင်ပိုင်းဆိုင်ရာ နှောင့်ယှက်ပြီး ပြောတာတွေရှိတယ်။ သီချင်းတောင်းသလို ရီစရာလုပ်တာတွေပါတယ်။ တစ်ဦးချင်း ဒါမှမဟုတ် အုပ်စုလိုက်ဖွဲ့ပြီး ရီစရာဟာသလုပ်တာတွေ၊ မသက်ဆိုင်တဲ့ အကြောင်း ပြောတာတွေပါပါတယ်။ ကလေးတွေကနေ အကြိမ်ကြိမ် ခေါ်နေတာတွေလည်း ရှိပါတယ်။ တချို့က ရိုင်းရိုင်းစိုင်းစိုင်း ဆဲဆိုသွားတယ်။ ကြာတော့ စိတ်အနှောင့်အယှက်ဖြစ်ကြရတယ်။ မေတ္တာရပ်ခံချင်တာက ဒီလိုအချိန်မှာ ဖြေဆိုရတဲ့သူတွေအတွက် အခက်အခဲတွေ့ရပါတယ်။ မနှောင့်ယှက်ဖို့ မေတ္တာရပ်ခံချင်ပါတယ်"ဟု ဆေးသုတေသနဦးစီးဌာန ကူးစက်ရောဂါဗေဒ သုတေသနဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာ မျိုးမျိုးမွန်က ပြောသည်။

Call Center တွင် ဖြေကြားပေးမည့် ဆရာဝန်များအား တာဝန်ချထားခြင်းမပြုမီ လူထုနှင့်ဆက်သွယ်ဆောင်ရွက်ခြင်း နည်းလမ်းများကို ဒေါက်တာသန်းထွန်းစိန် ညွှန်ကြားရေးမှူး(ငြိမ်း) ဆေးသုတေသနဦးစီးဌာနကလည်းကောင်း၊ Call Center နည်းပညာဆိုင်ရာ အကြောင်းအရာများကို ဦးထွန်းထွန်းနိုင် Blue Ocean Investment Limited က လည်းကောင်း၊ လူထုကျန်းမာရေးအသိပညာ မြှင့်တင်ခြင်းဆိုင်ရာ အကြောင်းအရာများကို ဒေါက်တာသန်းနိုင်စိုး ညွှန်ကြားရေးမှူး ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ ပြည်သူ့ကျန်းမာရေးဦးစီးဌာနက လည်းကောင်း အသီးသီး ဆွေးနွေးပို့ချပေးခဲ့ကြောင်း ဆေးသုတေသနဦးစီးဌာနမှ သိရသည်။

National COVID-19 Call Center အကောင်အထည်ဖော်နိုင်ရန် Call Center ဆိုင်ရာနည်းပညာများကို Blue Ocean Investment Limited ကလည်းကောင်း၊ မေးမြန်းလိုသူများ အခမဲ့ဖုန်းခေါ်ဆိုနိုင်ရန် ဆက်သွယ်ရေးအော်ပရေတာများဖြစ်သည့် MPT၊ Telenor၊ Ooredoo၊ Mytel တို့က လည်းကောင်း ဝန်ဆောင်မှုပေးကြပြီး လိုအပ်သော ကွန်ပျူတာများနှင့် ဆက်စပ်ပစ္စည်းများ၊ တာဝန်ကျဆရာဝန်များအား ကျွေးမွေးစရိတ်တို့ကို UNICEF အဖွဲ့က ကူညီပံ့ပိုးလျက်ရှိကြောင်း သိရသည်။

မင်းသစ်(MNA)



## ကမ္ဘောဇဘဏ်က မကွေးမြို့ အခြေခံကျန်းမာရေးတက္ကသိုလ်တွင် စက်ရေတွင်းတူးဖော်လှူဒါန်း

**မကွေး ဧပြီ ၂၆**

မကွေးတိုင်းဒေသကြီး မကွေးမြို့ အခြေခံကျန်းမာရေးတက္ကသိုလ်တွင် ကမ္ဘောဇဘဏ်က တူးဖော်လှူဒါန်းသည့် စက်ရေတွင်းသည် ဧပြီ ၂၄ ရက်က ပေ ၄၀၀ အရောက်တွင် တစ်နာရီ ရေဂါလန် ၁၀၀၀၀ ကျော်ဖြင့် အောင်ရေရရှိခဲ့ကြောင်း သိရသည်။

**တူးဖော်လှူဒါန်း**

ပူပြင်းခြောက်သွေ့သော အညာဒေသတွင် ရေအခက်အခဲမရှိစေရန်အတွက် ကမ္ဘောဇဘဏ်က အင်္ဂလန်နိုင်ငံထုတ် အမှတ် (၂) Dando Heavy-duty ရေတွင်းတူးစက်ကြီးဖြင့် ဧပြီ ၁၅ ရက်တွင် စတင်တူးဖော်ခဲ့ခြင်းဖြစ်ပြီး ယခုတွင်းသည် မကွေးတိုင်းဒေသကြီးအတွင်း ၁၉ တွင်းမြောက်ဖြစ်ကာ နိုင်ငံတစ်ဝန်းတွင် စက်ရေတွင်းပေါင်း ၂၇၁ တွင်းကို အောင်မြင်စွာတူးဖော်လှူဒါန်းခဲ့ပြီးဖြစ်သည်။ စက်ရေတွင်းတူးဖော်ပေးမှုကြောင့် အခြေခံကျန်းမာရေးတက္ကသိုလ်ရှိ ဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူ ၁၂၀၀ ကျော်အတွက် သောက်သုံးရေလုံလောက်စွာ ရရှိပြီဖြစ်သည်။

ထို့အပြင် ချင်းပြည်နယ်တွင် ရေတွင်းတူးစက်ကြီးဖြင့် စက်ရေတွင်း သုံးတွင်းကို ဧပြီလဆန်းက တူးဖော်လှူဒါန်းပေးခဲ့သည်။ အမှတ် (၁) Dando Heavy-duty ရေတွင်းတူးစက်ကြီးသည် ဟားခါးမြို့ပေါ်ရှိ ရပ်ကွက်များ၊ ဟားခါးစက်မှုသိပ္ပံနှင့် ထန်တလန်မြို့များတွင် လည်းကောင်း၊ အမှတ် (၂) Dando Heavy-duty ရေတွင်းတူးစက်ကြီးသည် မန္တလေးတိုင်းဒေသကြီး ငါ့သရောက်မြို့နယ် မကျည်းစောက်ကျေးရွာတွင်လည်းကောင်း ဆက်လက်တူးဖော်သွားမည်ဖြစ်သည်။

ကိုဇော်

## ဘောလခဲတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး ပိုးသတ်ဆေးဖျန်းခြင်း ဆောင်ရွက်

**ဘောလခဲ ဧပြီ ၂၆**

ကယားပြည်နယ် ဘောလခဲမြို့ရှိ အထင်ကရမင်းကျောင်းတိုက်၊ မဟာကန္တရတိတ္ထာဘုန်းတော်ကြီးကျောင်း၊ နှစ်ခြင်းဘုရားကျောင်းနှင့် ကက်သလစ်ဘုရားရှိခိုးကျောင်းတို့အား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် ပိုးသတ်ဆေးဖျန်းခြင်းကို ဧပြီ ၂၅ ရက်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**အရှိန်အဟုန်မြှင့် ဆောင်ရွက်**

ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးသိန်းအောင်၊ ဘောလခဲခရိုင်ရဲတပ်ဖွဲ့မှူးရုံး ယာယီဒုတိယရဲမှူးကြီး စောမောရှည်နှင့် ရဲတပ်ဖွဲ့ဝင်များ၊ ခရိုင်မီးသတ်တပ်ဖွဲ့ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ခိုင်ဝင်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ထာဝရတွဲလက်များ ပရဟိတအဖွဲ့ဝင်များ၊ ဆေးဘက်ဆိုင်ရာကျွမ်းကျင်သူများ ပူးပေါင်း၍ ဘုန်းတော်ကြီးကျောင်း နှစ်ကျောင်း၊ ခရစ်ယာန်ဘုရားရှိခိုးကျောင်းနှစ်ကျောင်းတို့အား ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

လှရွှေ(ပြန်/ဆက်)



# တရုတ်နိုင်ငံမှ မြန်မာနိုင်ငံသို့ နေရပ်ပြန်ဝင်ရောက်သူဦးရေ ၃၀၀၀ ကျော်ပြီဖြစ်

**ဗန်းမော် မေ ၂၆**

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်လာသည့် နေရပ်ပြန်များအား မေ ၁၆ ရက်မှ စတင်၍ လွယ်ဂျယ်မြို့ နယ်စပ်စစ်ဆေးရေးဂိတ် အမှတ်(၂)မှစ၍ ကိုဗစ်-၁၉ ရောဂါ ကြိုတင် ကာကွယ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးယဉ်မင်းထွန်းနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ကျန်းမာရေးဝန်ထမ်းများ၊ မြို့မိမြို့ဖများက စိစစ်လက်ခံလျက်ရှိရာ ယနေ့အထိ လူဦးရေ ၃၂၀၅ ဦးအထိ ရှိလာပြီဖြစ်ကြောင်း သိရ သည်။

**ပို့ဆောင်ပေး**

ယနေ့တွင် မြစ်ကြီးနားမြို့နယ်သို့ နေရပ်ပြန် ရှစ်ဦး၊ ဝိုင်းမော်မြို့နယ်မှ နေရပ်ပြန် နှစ်ဦး၊ မိုးကောင်းမြို့နယ်မှ ၂၄ ဦး၊ ဖားကန့်မြို့နယ်မှ ရှစ်ဦး၊ တနိုင်းမြို့နယ်မှ တစ်ဦးနှင့် ဗန်းမော်ခရိုင်အတွင်းရှိ ဗန်းမော်မြို့နယ်မှ နေရပ်ပြန် ရှစ်ဦး၊ မိုးမောက်မြို့နယ်မှ ၈၅ ဦး၊ ရွှေကူမြို့နယ်မှ နေရပ်ပြန် ၃၃ ဦး၊ မန်စီမြို့နယ်မှ ၁၈ ဦးတို့အား မော်တော်ယာဉ်ငယ် ၂၄ စီးဖြင့် ဗန်းမော်ခရိုင်အတွင်း မြို့နယ်များရှိ နေရပ်ပြန်များကို မိုးမောက်မြို့နယ် ကျောက်စခန်းစုရပ်သို့ လည်းကောင်း၊ မြစ်ကြီးနားခရိုင်နှင့် မိုးညှင်းခရိုင်သို့ နေရပ်ပြန်များအား မြစ်ကြီးနားစီတာပူ ကုန်ချစခန်းစုရပ်သို့ လည်းကောင်း ပို့ဆောင်ပေးခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးမှ ၁၄ ဦး၊ မကွေးတိုင်းဒေသကြီးမှ ၁၆ ဦး၊ မန္တလေးတိုင်းဒေသကြီးမှ လေးဦးနှင့် ရှမ်းပြည်နယ်မှ တစ်ဦး စုစုပေါင်း နေရပ်ပြန် ၃၅ ဦးတို့အား လွယ်ဂျယ်မြို့ စောင့်ကြည့်ရေးစခန်းတွင်ထားရှိပြီး လိုအပ်သည့် အစီအမံများ ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် ယနေ့အထိ စောင့်ကြည့်ရေးစင်တာတွင် ကျား ၂၆၆ ဦး၊ မ ၈၂ ဦး စုစုပေါင်း ၃၄၈ ဦးရှိပြီ ဖြစ်သည်။ တရုတ်နိုင်ငံမှ ဝင်ရောက်လာသူများအား ကျန်းမာရေးစစ်ဆေးမှုများအရ ကိုဗစ်-၁၉ ရောဂါနှင့် ပတ်သက်၍ သံသယရောဂါလက္ခဏာပြသူ တစ်ဦးတစ်ယောက်မျှ မတွေ့ရှိကြောင်း သိရသည်။



အလားတူ ယနေ့နံနက်ပိုင်းတွင်လည်း စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များမှ နေရပ်ပြန် ၁၈၂ ဦးတို့အား လွယ်ဂျယ်မြို့မှ မိုးမောက်မြို့နယ် ကျောက်စခန်းစုရပ်သို့ မော်တော်ယာဉ်ငယ် ၁၆ စီးဖြင့် ပို့ဆောင်ပေးခဲ့ကြရာ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအစီအမံဖြင့် ဗန်းမော်ခရိုင်အထိ လာရောက်ခေါ်ဆောင်ပေးလျက်ရှိကြောင်း သိရသည်။

ထွန်းထွန်းနိုင်(ပြန်/ဆက်)

## SIM Card များ စနစ်တကျ ပြန်လည်မှတ်ပုံတင်နိုင်ရေး ကိစ္စနှင့်စပ်လျဉ်း၍ ထပ်မံအသိပေးကြေညာချက်

၁။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနသည် SIM Card များစနစ်တကျ ပြန်လည်မှတ်ပုံတင်နိုင်ရေး ကိစ္စနှင့်စပ်လျဉ်း၍ သုံးစွဲသူများအနေဖြင့် သက်ဆိုင်ရာ မိုဘိုင်းအော်ပရေတာများက ဆောင်ရွက်ပေးလျက်ရှိသော စစ်ဆေးနိုင်မည့် နည်းလမ်းများဖြင့် မိမိသုံးစွဲနေသော SIM Card သည် မိမိ၏ကိုယ်ရေးအချက်အလက်များဖြင့် မှတ်ပုံတင်ထားသော SIM Card မှန်/မမှန် စစ်ဆေး၍ မမှန်ပါက သက်ဆိုင်ရာ မိုဘိုင်း အော်ပရေတာများ၏ Online ဝန်ဆောင်မှုဖြင့်လည်းကောင်း၊ အရောင်းဆိုင်များတွင် လည်းကောင်း သတ်မှတ်ရက်အတွင်း ပြန်လည်မှတ်ပုံတင်ကြပါရန်(၂၃-၂-၂၀၂၀)ရက်နေ့ ထုတ် နိုင်ငံပိုင်သတင်းစာများနှင့် လူမှုကွန်ရက်မီဒီယာများမှ အသိပေးကြေညာခဲ့ပြီးဖြစ်ပါသည်။

၂။ တည်ဆဲဥပဒေအရ ထုတ်ပေးထားသည့် သက်သေခံလက်မှတ် (နိုင်ငံသား/ဧည့်နိုင်ငံသား/ နိုင်ငံသားပြု/ နိုင်ငံသားစိစစ်ခံရမည့်သူ၏ သက်သေခံကတ်ပြား)၊ နိုင်ငံခြားသားများအတွက် Passport တစ်ခုခုဖြင့် (၂)ကတ်ထက်ပို၍ မှတ်ပုံတင်ထားသော SIM Card များနှင့် အချက်အလက်မှန်ကန်စွာဖြင့် မှတ်ပုံတင်ထားခြင်းမရှိသည့် SIM Card များကို (၃၀-၄-၂၀၂၀) နောက်ပိုင်း မှတ်ပုံတင်ရေးကိစ္စများကို စုံစမ်းနိုင်ရန် Call Center သို့ ခေါ်ဆိုနိုင်ခြင်းမှလွဲ၍ အထွက်ခေါ်ဆိုမှု ပိတ်ထားခြင်းပြုလုပ်သွားမည်ဖြစ်ပြီး (၃၀-၆-၂၀၂၀) နောက်ပိုင်း အပြီးသတ်ပိတ်သိမ်းသွားမည် ဖြစ်ပါကြောင်း ထပ်မံအသိပေးအပ်ပါသည်။

၃။ သို့ဖြစ်ပါ၍ သုံးစွဲသူများအနေဖြင့် မိမိတို့အမှန်တကယ်သုံးစွဲနေသော SIM Card များကို ပိတ်သိမ်းခံရမှုမရှိစေရေးအတွက် မိမိတို့၏ SIM Card များကို မှန်ကန်စွာ မှတ်ပုံတင်နိုင်ရေး ဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန

# ရန်ကုန်တိုင်းဒေသကြီးအတွင်း အသီးအရွက်နှင့် အသားငါးများ ဈေးနှုန်းသက်သာစွာ လိုက်လံရောင်းချပေးမည်

**ရန်ကုန် မေ ၂၆**

ရန်ကုန်တိုင်းဒေသကြီးအတွင်း မိမိနေအိမ်တွင်နေထိုင်ရန် အစီအစဉ်တွင်ပါဝင်သည့် ဧရိယာများရှိ ပြည်သူများ စားသောက်မှု အဆင်ပြေစေရန် ရည်ရွယ်၍ လူထုအခြေပြု ပရဟိတအဖွဲ့ We Love Yangon က လတ်ဆတ်သည့် အသီးအရွက်နှင့် အသားငါးများကို သက်ဆိုင်ရာ မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် ချိတ်ဆက်ပြီး ဈေးနှုန်းသက်သာစွာဖြင့် စနစ်တကျ လိုက်လံရောင်းချပေးသွားမည်ဖြစ်ကြောင်း အဆိုပါပရဟိတအဖွဲ့မှ သိရသည်။

We Love Yangon သည် ကိုဗစ်-၁၉ ရောဂါ ကာလအတွင်း ပြည်သူများ စားသောက်မှုအဆင်ပြေစေရန် အိမ်တိုင်ရာရောက်စနစ်ဖြင့် အခြေခံစားသောက်ကုန်များကို သက်သာသောဈေးနှုန်းများဖြင့် အကျိုးအမြတ်မယူဘဲ လိုက်လံပို့ဆောင်ပေးနေသည့် လူထုအခြေပြု ပရဟိတအဖွဲ့တစ်ခုဖြစ်ပြီး ထိုသို့ ပို့ဆောင်ရောင်းချမှုများအပြင် မျှဝေခြင်းအစီအစဉ်ဖြစ်သည့် အလှူရှင်များ လာရောက်လှူဒါန်းသည့် ပစ္စည်းများကို အလှူရှင်များကိုယ်စားသွားရောက်လှူဒါန်းပေးခြင်းများ ဆောင်ရွက်လျက်ရှိရာ ထပ်တိုးအစီအစဉ်ဖြစ်သည့် မိမိနေအိမ်တွင်နေထိုင်ရန် အစီအစဉ်တွင်ပါဝင်သည့် ဧရိယာများရှိ ပြည်သူများ စားသောက်မှု အဆင်ပြေစေရန် အသီးအရွက်နှင့် အသားငါးများ လိုက်လံရောင်းချမှုကို မကြာမီရက်ပိုင်းအတွင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အဆိုပါအဖွဲ့မှ သိရသည်။



လက်ရှိတွင် We Love Yangon အဖွဲ့အနေဖြင့် အခြေခံစားသောက်ကုန်များကို Package A,B,C အမျိုးအစားသုံးမျိုးခွဲခြား၍ အိမ်တိုင်ရာရောက် ရောင်းချပေးလျက်ရှိရာ အမျိုးအစား(A)တွင် ဆန်(၆)ပြည်(ဧည့်မထအသွယ်)၊ နေကြာဆီ(၅၀)ကျပ်သား တစ်ဘူး၊ ကြက်သွန်နီတစ်ပိဿာ၊ ကြက်ဥ ၁၀ လုံး၊ ငါးသေတ္တာ ငါးဘူး၊ ငရုတ်သီးမှုန့်(သို့)အလားတူ ပစ္စည်းတစ်မျိုး၊ ကော်ဖီ+ကွေကာ(ငါးထုပ်တွဲစီ)၊ ခေါက်ဆွဲခြောက် ငါးထုပ်ပါဝင်ပြီး တန်ဖိုး ငွေကျပ် ၁၆၀၀၀ နှုန်း၊ အမျိုးအစား(B)တွင် ဆန်(၆)ပြည်(ဧည့်မထအသွယ်)၊ နေကြာဆီ (၅၀)ကျပ်သား တစ်ဘူး၊ ကြက်သွန်နီတစ်ပိဿာ၊ ကြက်ဥ ၁၀ လုံး၊ ငရုတ်သီးမှုန့်(သို့)အလားတူပစ္စည်းတစ်မျိုး၊ ကော်ဖီ+ကွေကာ ပါဝင်ပြီး တန်ဖိုး ငွေကျပ် ၁၂၀၀၀ နှုန်း၊ အမျိုးအစား(C)တွင် ဆန်(၆)ပြည်(ဧည့်မထအသွယ်)၊ နေကြာဆီ(၅၀)ကျပ်သား တစ်ဘူး၊ ကြက်သွန်နီ တစ်ပိဿာ၊ ငရုတ်သီးမှုန့်(သို့)အလားတူ ပစ္စည်းတစ်မျိုးပါဝင်ပြီး တန်ဖိုး ငွေကျပ် ၁၀၀၀၀ နှုန်းရှိကြောင်း သိရသည်။

အဆိုပါ အခြေခံစားသောက်ကုန် အမျိုးအစားများကို မှာယူလိုသည့် ပြည်သူများအနေဖြင့် ဖုန်းနံပါတ် - ၀၉ ၆၆၉၉၇၈၁၅၁၊ ၀၉ ၆၆၉၉၇၈၁၅၂၊ ၀၉ ၆၆၉၉၇၈၁၅၃၊ ၀၉ ၆၆၉၉၇၈၁၅၄၊ ၀၉ ၆၆၉၉၇၈၁၅၅၊ ၀၉ ၇၅၆၅၁၇၁၀၅ တို့သို့ နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအတွင်း ဆက်သွယ်မှာယူနိုင်ပြီး သတ်မှတ်ထားသော ဈေးနှုန်းများအတိုင်း တစ်ဆင့်ပြန်လည်ရောင်းချပေးလိုသည့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ သက်ဆိုင်ရာ မြို့နယ်များမှ အဖွဲ့အစည်းများရှိပါကလည်း ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ကြောင်း အဆိုပါအဖွဲ့မှ သိရသည်။

အေးမင်းသူ၊ ဇာနည်မောင်

## ဟိုပုံးမြို့၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အသိပညာပေး လုပ်ငန်းများဆောင်ရွက်

**ဟိုပုံး မေ ၂၆**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဟိုပုံးမြို့၌ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်နိုင်ရေးအတွက် အသိပညာပေး ဗီနိုင်းများ၊ ပိုစတာများကပ်ခြင်းနှင့် လက်ဆေးစင်များတပ်ဆင်ပေးခြင်းလုပ်ငန်းများကို ယနေ့တွင် ဟိုပုံးမြို့နယ်အတွင်းရှိ ကျေးရွာများတွင် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ဟိုပုံးမြို့နယ်အတွင်းရှိ လွယ်အွန့်ကျေးရွာ၊ ဖာလိုင်ကျေးရွာ၊ စငေါ်ကျေးရွာ၊ စအွန်ကျေးရွာ၊ ခိုခြဲကျေးရွာ၊ ဗန်းစောက်ကျေးရွာနှင့် ကျောက္ကချားကျေးရွာများတွင် အသိပညာပေး ဗီနိုင်းများ၊ ပိုစတာများကပ်ခြင်းနှင့် လက်ဆေးစင်များ တပ်ဆင်ခြင်းလုပ်ငန်းများကို ကျန်းမာရေးဝန်ထမ်းများနှင့် တာဝန်ရှိသူများက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

နေမင်းထွန်း(ဟိုပုံး)

facebook



အဖော်အချွတ်များကို ကန့်သတ်ထားသည်

Facebook ၏ လူမှုကွန်ရက်ဆိုင်ရာ စံနှုန်းများ

# ဒေါ်နယ်ထရမ့်နှင့် ပူတင်တို့ ပူးတွဲကြေညာချက် ထုတ်ပြန်

**ဝါရှင်တန် မေ ၂၆**

နာဇီဂျာမနီတို့ကိုချေမှုန်းရန် ဒုတိယကမ္ဘာစစ်အတွင်း အမေရိကန်နှင့် ဆိုဗီယက်တပ်ဖွဲ့များ ချိတ်ဆက်မှုကို နှစ်နိုင်ငံကြား မည်ကဲ့သို့ ပူးပေါင်းဆောင်ရွက်နိုင်သည်ဆိုသော ဥပမာတစ်ခုအဖြစ် အမှတ်တရဖြစ်စေသည့် ရှားရှားပါးပါး ပူးတွဲထုတ်ပြန်ချက်တစ်ခုကို အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် ရုရှားသမ္မတ ဗလာဒီမာပူတင်တို့က မေ ၂၅ ရက်တွင် ထုတ်ပြန်ခဲ့သည်။

လက်နက်ထိန်းချုပ်မှုများ၊ ယူကရိန်းနှင့် ဆီးရီးယားတွင် ရုရှားနိုင်ငံ၏ စွက်ဖက်မှုနှင့် ရုရှားနိုင်ငံက ကိုရိုနာဗိုင်းရပ်စ် ကပ်ရောဂါနှင့် ပတ်သက်သော လုပ်ကြံသတင်းများဖြန့်ဝေခဲ့ပြီး အမေရိကန်ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးမှုများတွင် နှောင့်ယှက်ခဲ့သည်ဆိုသော အမေရိကန်၏ စွဲချက်များအထိ ကိစ္စအမျိုးမျိုးနှင့်ပတ်သက်၍ အမေရိကန်-ရုရှား ဆက်ဆံရေးတွင် တင်းမာမှုများရှိနေစဉ် ထရမ့်နှင့် ပူတင်တို့က ပူးတွဲကြေညာချက်ထုတ်ပြန်ခြင်းဖြစ်သည်။ ကြေညာချက်ထုတ်ပြန်မည့် ဆုံးဖြတ်ချက်ကြောင့် အမေရိကန်အစိုးရအဖွဲ့အတွင်း အချေအတင်ပြောဆိုမှု ဖြစ်ပွားခဲ့သည်ဟု ဝေါ်စထရိဂျာနယ်က ရေးသားခဲ့သည်။

ပူးတွဲထုတ်ပြန်ချက်မှာ ၁၉၄၅ ခုနှစ် ဧပြီ ၂၅ ရက်တွင် အရှေ့ဘက်မှ ချီတက်လာသည့် ဆိုဗီယက်တပ်ဖွဲ့များနှင့် အနောက်ဘက်မှ ချီတက်လာသည့် အမေရိကန်တပ်ဖွဲ့များ ဂျာမနီနိုင်ငံ အယ်လ်ဘေမြစ်ပေါ်ရှိ တံတားတစ်စင်းပေါ်၌ တွေ့ဆုံခဲ့သည့် အမှတ်သညာဖြစ်သည်။ အဆိုပါ ထုတ်ပြန်ချက်မျိုးကို နောက်ဆုံးအကြိမ် ထုတ်ပြန်ခဲ့သည်မှာ သမ္မတဟောင်း အိုဘားမားက ရုရှားနိုင်ငံနှင့် ဆက်ဆံရေးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ခဲ့သည့် ၂၀၁၀ ပြည့်နှစ်တွင်ဖြစ်ကြောင်း ဝေါစထရိဂျာနယ်က ရေးသားခဲ့သည်။ သမ္မတ ဒေါ်နယ်ထရမ့်က နှစ်ပတ်လည်နေ့ဂုဏ်ပြုရန် မော်စကိုမြို့တော်သို့ သွားရောက်ရန် မျှော်လင့်ခဲ့သည်။

ဒေါ်နယ်ထရမ့်က ပူတင်ကို ချီးမွမ်းခဲ့ပြီး ရုရှားနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ခဲ့ကာ ၂၀၁၆ ခုနှစ် အမေရိကန် သမ္မတရွေးကောက်ပွဲတွင် ရုရှားနိုင်ငံ၏ ပါဝင်စွက်ဖက်မှုအပေါ် ပူတင်၏ငြင်းဆန်မှုကို ယုံကြည်ကြောင်း ပြောကြားခဲ့သည်။

**ကိုးကား - တီအာတီဝါး၊ ဘာသာပြန် - ကျော်ထိုက်စိုး**



# အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|
| စင်ကာပူ | ၃၃၆၂၄ | ၁၀၀၂ | ၁၂ |
| အင်ဒိုနီးရှား | ၈၈၈၂ | ၁၁၀၇ | ၇၄၃ |
| ဖိလစ်ပိုင် | ၇၅၇၉ | ၈၆၂ | ၅၀၁ |
| မလေးရှား | ၅၇၈၀ | ၃၈၆၂ | ၉၈ |
| ထိုင်း | ၂၉၂၂ | ၂၅၉၄ | ၅၁ |
| ဗီယက်နမ် | ၂၇၀ | ၂၂၅ | ၀ |
| မြန်မာ | ၁၄၆ | ၁၀ | ၅ |
| ဘရူနိုင်း | ၁၃၈ | ၁၂၃ | ၁ |
| ကမ္ဘောဒီးယား | ၁၂၂ | ၁၁၇ | ၀ |
| လာအို | ၁၉ | ၁၀ | ၀ |

# တရုတ်(တိုင်ပေ)ရှိ ကာရာအိုကေဆိုင်တွင် မီးလောင် လူ ငါးဦးသေဆုံးပြီး ၄၉ ဦး ဒဏ်ရာရရှိ

**တရုတ်(တိုင်ပေ) မေ ၂၆**

တရုတ်(တိုင်ပေ)ရှိ ကာရာအိုကေဆိုင်တစ်ဆိုင်တွင် မီးလောင်မှုတစ်ခုဖြစ်ပွားခဲ့ရာ ယနေ့ ဒေသစံတော်ချိန် ညနေ ၄ နာရီခွဲအထိ လူငါးဦး သေဆုံးပြီး ၄၉ ဦး ဒဏ်ရာရရှိကြောင်း ဒေသဆိုင်ရာ မီးသတ်ဦးစီးဌာနက ပြောကြားသည်။

ဒဏ်ရာရရှိသူများအနက် နှစ်ဦးမှာ ဆေးရုံသို့ပို့ဆောင်ထားပြီး စိုးရိမ်ရသော အခြေအနေရှိနေကြောင်း၊ ကျန်ခုနစ်ဦးမှာ သတိလစ်နေကြကြောင်း မီးသတ်ဦးစီးဌာနက ပြောကြားသည်။ သို့သော် မီးလောင်မှုတွင် လူအများအပြား ဒဏ်ရာရရှိခဲ့သောကြောင့် သေဆုံးသူဦးရေလည်း နောက်ထပ်တိုးလာဖွယ်ရှိကြောင်း သိရသည်။

အဆိုပါ မီးလောင်မှုသည် ယနေ့ ဒေသစံတော်ချိန် နံနက် ၁၀ နာရီ ၅၇ မိနစ်ခန့်က ၁၄ လွှာရှိ အဆောက်အအုံ၏ ငါးလွှာမြောက် ကာရာအိုကေဆိုင်တစ်ဆိုင်မှ ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ဒေသဆိုင်ရာ မီးသတ်တပ်ဖွဲ့ဝင်များက ယင်းမီးလောင်မှုကို နာရီဝက်ခန့်အတွင်း အောင်မြင်စွာ ငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။ မီးလောင်မှုဖြစ်ပွားခဲ့ပြီးနောက် လူ ၂၀၀ ခန့်သည် အခင်းဖြစ်ပွားသည့်နေရာမှ စွန့်ခွာသွားကြပြီး ကျန် ၁၅၆ ဦးကို ဒေသဆိုင်ရာ မီးသတ်တပ်ဖွဲ့ဝင်များက ကယ်တင်ခဲ့ကြောင်း သိရသည်။

တာဝန်ရှိသူများသည် မီးလောင်မှုဖြစ်ပွားရခြင်း၏ အကြောင်းရင်းကို စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။ တစ်ချိန်တည်းမှာပင် အဆိုပါ ကာရာအိုကေဆိုင်ဖွင့်လှစ်သည့် ကုမ္ပဏီတစ်ခုက မီးလောင်မှုနှင့်ပတ်သက်၍ ဒေသဆိုင်ရာအာဏာပိုင်များနှင့် အပြည့်အဝ ပူးပေါင်းပြီး စုံစမ်းစစ်ဆေးမှုများ လုပ်ဆောင်လျက်ရှိကြောင်း ထုတ်ပြန်ချက်တစ်ရပ်တွင် ဖော်ပြထားသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - ဂျေတီ**



# စပိန်နိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ကြောင့် သေဆုံးသူအရေအတွက် အနိမ့်ဆုံးသို့ လျော့ကျ

**မက်ဒရစ် မေ ၂၆**

စပိန်နိုင်ငံသည် သီတင်းပတ်ခြောက်ပတ်အတွင်း ပထမဆုံးအကြိမ်အဖြစ် ကလေးငယ်များကို အိမ်အပြင်သို့ ထွက်ခွင့်ပေးရန် အသွားအလာ ကန့်သတ်တားမြစ်မှုကို ဖြေလျှော့ပေးစဉ် မတ် ၂၀ ရက်နောက်ပိုင်း နိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ်ကြောင့် နေ့စဉ် သေဆုံးသူအရေအတွက်သည် တနင်္ဂနွေနေ့က ၂၈၈ ဦးသို့ လျော့ကျခဲ့သည်။

ကျန်းမာရေးဝန်ကြီးဌာနက စနေနေ့က သေဆုံးသူ ၃၇၈ ဦးရှိခဲ့ရာမှ တနင်္ဂနွေနေ့၌ သေဆုံးသူဦးရေ လျော့ကျသွားခြင်းဖြစ်ကြောင်း၊ နိုင်ငံတစ်ဝန်း သေဆုံးသူပေါင်း ၂၃၁၉၀ ဖြစ်ကြောင်း၊ အမေရိကန်နိုင်ငံနှင့် အီတလီနိုင်ငံတို့နောက်တွင် တတိယမြောက် သေဆုံးမှုအများဆုံး နိုင်ငံဖြစ်ကြောင်း ပြောကြားသည်။

ကိုရိုနာဗိုင်းရပ်စ်ရောဂါ ကူးစက်ခံရပြီးနောက် ယခုအထိ လူပေါင်း ၉၈၇၃၁ ဦးသည် ပြန်လည်ကျန်းမာသွားပြီ ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ကိုရိုနာဗိုင်းရပ်စ် ပျံ့နှံ့မှုကို ထိန်းချုပ်ရန်အတွက် စပိန်နိုင်ငံသည် မတ် ၁၄ ရက်က နိုင်ငံ၏ ၄၇ သန်းနီးပါးရှိသည့် ပြည်သူများ အိမ်ထဲ၌နေရန် တင်းကျပ်သည့်အမိန့်ကို ထုတ်ပြန်ခဲ့သည်။ ကမ္ဘာ၏အခြားဒေသများနှင့် ဥရောပမှ အခြားနိုင်ငံများနှင့်မတူဘဲ စပိန်နိုင်ငံတွင် ကလေးငယ်များသည် အိမ်အပြင်သို့ ထွက်ခွင့်မရှိပေ။ အရွယ်ရောက်ပြီးသူများကိုသာ အစားအသောက်နှင့် ဆေးဝါးဝယ်ရန်၊ အိမ်မွေးခွေးကို ခဏလမ်းလျှောက်ပေးရန် အိမ်ပြင်ထွက်ခွင့်ပြုသည်။

သို့ရာတွင် တနင်္ဂနွေနေ့မှစ၍ အသက် ၁၄ နှစ်အောက် ကလေးများသည် မိဘတစ်ဦး လိုက်ပါလျက် ၎င်းတို့၏အိမ်မှ တစ်ကီလိုမီတာထက် မကျော်လွန်စေဘဲ နံနက် ၉ နာရီမှ ည ၉ နာရီအကြား တစ်နာရီသာ တစ်နေ့လျှင် တစ်ကြိမ် အိမ်ပြင်ထွက်ခွင့်ရမည်ဖြစ်သည်။

လေ့ကျင့်ခန်းပြုလုပ်ရန်နှင့် လမ်းလျှောက်ထွက်ရန်အတွက် စပိန်လူမျိုးများအားလုံးကို လာမည့် စနေ၊ တနင်္ဂနွေနေ့များမှစ၍ အိမ်ပြင်ထွက်ခွင့်ပြုမည်ဖြစ်ကြောင်း ဝန်ကြီးချုပ် ပက်ဒရို ဆန်ချက်က စနေနေ့က ပြောကြားခဲ့သည်။ အစိုးရက အင်္ဂါနေ့တွင် အသွားအလာ ကန့်သတ်တားမြစ်မှု ရုပ်သိမ်းမည့် ကျယ်ပြန့်သည့်စီမံချက်ကို ထုတ်ဖော်ပြောကြားမည်ဖြစ်ကြောင်း၊ ၎င်းစီမံချက်ကို မေလ ဒုတိယ လဝက်မှစ၍ အကောင်အထည်ဖော်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

**ကိုးကား - အေအက်ဖ်ပီ**
**ဘာသာပြန် - အောင်ဇော်လင်း**

# အရည်အသွေးမမီသည့် နှာခေါင်းစည်း ၈၉ သန်းကျော်ကို တရုတ် သိမ်းဆည်းရမိ

**ပေကျင်း မေ ၂၆**

ကမ္ဘာတစ်ဝန်းသို့တင်ပို့သည့် ကျန်းမာရေးဆိုင်ရာ အကာအကွယ်ပစ္စည်းများ အရည်အသွေး ပြည့်မီခြင်းမရှိဟု တိုင်ကြားမှုအများအပြားကို တရုတ်အစိုးရက ရင်ဆိုင်နေရချိန်တွင် အရည်အသွေးညံ့သည့် နှာခေါင်းစည်း ၈၉ သန်းကျော်ကို သိမ်းဆည်းရမိခဲ့ကြောင်း တရုတ်အစိုးရ တာဝန်ရှိသူတစ်ဦးက တနင်္ဂနွေနေ့က ပြောကြားခဲ့သည်။

ကမ္ဘာပေါ်ရှိနိုင်ငံများက ကိုရိုနာဗိုင်းရပ်စ်ကို ရင်ဆိုင်တိုက်ခိုက်နေရချိန်တွင် ကျန်းမာရေးဆိုင်ရာ အကာအကွယ်ပစ္စည်းများ ဝယ်လိုအားသည် တစ်ရှိန်ထိုးမြင့်တက်လာခဲ့သည်။ ကမ္ဘာတစ်ဝန်းတွင် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသူအရေအတွက်သည် ၂ ဒသမ ၉ သန်းဝန်းကျင်သို့ ရောက်ရှိနေပြီဖြစ်သည်။

**အရည်အသွေးမမီဟု တိုင်ကြားခဲ့**

နိုင်ငံအတော်များများက တရုတ်နိုင်ငံမှ တင်ပို့သည့် ပါးစပ်နှာခေါင်းစည်းများနှင့် အခြားသော ထုတ်ကုန်ပစ္စည်းများ အများအားဖြင့် ဆေးဝန်ထမ်းများနှင့် ရောဂါကို ခံနိုင်ရည်နည်းပါးသော အုပ်စုများအသုံးပြုရန် ပစ္စည်းများသည် အရည်အသွေးမမီဟု တိုင်ကြားခဲ့ကြသည်။

တရုတ်ဈေးကွက်ကိုထိန်းသိမ်းသူများက စီးပွားရေးလုပ်ငန်းပေါင်း ၁၆ သန်းခန့်ကို စစ်ဆေးခဲ့ပြီး သောကြာနေ့အထိ နှာခေါင်းစည်း ၈၉ သန်းကျော်နှင့် ကျန်းမာရေးဆိုင်ရာ အကာအကွယ်ပစ္စည်း ၄၁၈၀၀၀ ကို သိမ်းဆည်းခဲ့ကြောင်း နိုင်ငံ၏ဈေးကွက်ထိန်းသိမ်းရေး ကွပ်ကဲမှုဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဂန်လင်းက ပြောကြားသည်။

ဈေးကွက် ထိန်းသိမ်းသူများက ယွမ်ငွေ ၇ ဒသမ ၆ သန်း(ဒေါ်လာ ၁ ဒသမ ၁ သန်း) တန်ဖိုးရှိသည့် အာနိသင်မရှိသည့် ပိုးသတ်ဆေးများကိုလည်း သိမ်းဆည်းရမိခဲ့ကြောင်း ၎င်းက ပြောကြားသည်။ သိမ်းဆည်းခဲ့သည့် ကုန်ပစ္စည်းများ၏ ပမာဏ မည်မျှသည် နိုင်ငံခြားတိုင်းပြည်များရှိ ဈေးကွက်သို့ ရောက်ရှိမည်ဆိုသည်ကို အသေအချာ မသိရှိရသေးပေ။

**စည်းမျဉ်းသစ်ထုတ်ပြန်ခဲ့**

အရည်အသွေးညံ့သည့် ပစ္စည်းများကို ဖယ်ရှားရန် ကြိုးစားမှုအနေဖြင့် တရုတ်အစိုးရသည် စည်းမျဉ်းသစ်များကို စနေနေ့က ထုတ်ပြန်ခဲ့သည်။ ထိုစည်းမျဉ်းသစ်များအရ ဆေးဘက်ဆိုင်ရာ သုံးရန်မဟုတ်သည့် ရိုးရိုးနှာခေါင်းစည်းသည်ပင်လျှင် တရုတ်နိုင်ငံနှင့် နိုင်ငံတကာ သတ်မှတ်ချက်များကို ပြည့်မီရမည်ဟု ဆိုသည်။ ပို့ကုန်လုပ်ငန်းရှင်များက ၎င်းတို့တင်ပို့မည့် ဆေးဘက်ဆိုင်ရာ ထုတ်ကုန်ပစ္စည်းများသည် ပစ္စည်းလက်ခံမည့် နိုင်ငံ၏ ဘေးအန္တရာယ်ကင်းရှင်းမှုဆိုင်ရာ သတ်မှတ်ချက်များကို ပြည့်မီကြောင်း စာဖြင့်ရေးသားထားသည့် ကြေညာချက်ကို တင်ပြရမည်ဟု အဆိုပါ ထုတ်ပြန်ချက်တွင် ဖော်ပြသည်။

**ကိုးကား - အေအက်ဖ်ပီ**
**ဘာသာပြန် - အောင်ဇော်လင်း**

# အာဖရိကတိုက်တွင် ကိုဗစ်-၁၉ ကူးစက်ခံရသူ ၃၀၀၀၀ နီးပါးရှိလာ

**အာဘူဂျာ မေ ၂၆**

အာဖရိကတိုက်တွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၃၀၀၀၀ နီးပါး ရှိပြီဖြစ်သည့်အတွက် ကမ္ဘာ့နိုင်ငံများ၏ ကူညီထောက်ပံ့မှုများ လိုအပ်လျက်ရှိသည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ကမ္ဘာ့နိုင်ငံများသို့ တိုက်တွန်းပြောကြားခဲ့သည်။

ဖေဖော်ဝါရီလတွင် အီဂျစ်နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူတစ်ဦးကို စတင်တွေ့ရှိခဲ့သည်။ ၎င်းသည် အာဖရိကတိုက်၏ ပထမဆုံး ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူဖြစ်လာခဲ့သည်။ ထို့နောက် အာဖရိကတိုက်တွင် ဗိုင်းရပ်စ်ကူးစက်မှုများ တဖြည်းဖြည်း ဆက်လက်မြင့်တက်လာလျက်ရှိရာ မေ ၂၅ ရက်အထိ ကူးစက်ခံရသူ ၂၈၁၅၉ ဦးရှိလာကြောင်း သိရသည်။

တောင်အာဖရိကတိုက်တွင် ဗိုင်းရပ်စ်ကူးစက်ခံရသူ ၃၉၅၃ ဦးရှိပြီး အာဖရိကတိုက်တွင် ဗိုင်းရပ်စ်ကူးစက်မှု အမြင့်မားဆုံးဖြစ်သည်။ အီဂျစ်နိုင်ငံတွင် ဗိုင်းရပ်စ်ကူးစက်ခံရသူ ၃၈၉၁ ဦးရှိပြီး မော်ရိုကိုနိုင်ငံတွင် ၃၅၆၈ ဦးရှိကြောင်း သိရသည်။



အာဖရိကတိုက်တွင် ဆေးဝန်ထမ်းများ အပါအဝင် ဆေးဝါးပစ္စည်းများပြတ်လပ်မှုသည် ဗိုင်းရပ်စ်ကာကွယ်ရေး လုပ်ငန်းများကို နှောင့်နှေးကြန့်ကြာစေသည့်အပြင် အာဖရိကနိုင်ငံအများအပြားတွင် အစိုးရနှင့် စစ်သွေးကြွအဖွဲ့တို့အကြား အပြန်အလှန်ပစ်ခတ်မှု ဖြစ်ပွားခြင်းသည်လည်း ဗိုင်းရပ်စ်ကာကွယ်တားဆီးရေးအတွက် အဟန့်အတားများ ဖြစ်စေသည်။ ထို့ကြောင့် ပြည်သူများအနေဖြင့် ကျန်းမာရေးစောင့်ရှောက်မှု နည်းပါးသော အခြေအနေများနှင့်အတူ ဆင်းရဲချို့တဲ့စွာ နေထိုင်ရလျက်ရှိသည်။

အာဖရိကနိုင်ငံများတွင် ဗိုင်းရပ်စ်ကူးစက်မှုနှုန်းသည် ရက်သတ္တတစ်ပတ်အတွင်း သုံးဆနီးပါး များပြားလာလျက်ရှိပြီး နောက်ထပ်ကူးစက်မှု အလားအလာများစွာ ရှိလာနိုင်သေးသည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဂီဘရာယီးဆပ်က မေ ၂၃ ရက်တွင် မီဒီယာသို့ ပြောကြားခဲ့သည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-အောင်ကျော်ကျော်**

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|
| အမေရိကန် | ၉၆၁၂၃၇ | ၁၀၈၀၈၃ | ၅၄၂၃၉ |
| စပိန် | ၂၁၉၇၆၄ | ၉၈၇၃၂ | ၂၃၁၉၀ |
| အီတလီ | ၁၉၅၃၅၁ | ၆၃၁၂၀ | ၂၆၃၈၄ |
| ဂျာမနီ | ၁၅၆၇၂၇ | ၁၀၃၀၂၃ | ၅၈၈၀ |
| ပြင်သစ် | ၁၂၄၁၁၄ | ၄၄၅၉၄ | ၂၂၆၁၄ |
| ဗြိတိန် | ၁၅၂၈၄၀ | စိစစ်ဆဲ | ၂၀၇၃၂ |
| တူရကီ | ၁၁၀၁၃၀ | ၂၉၁၄၀ | ၂၈၀၅ |
| အီရန် | ၉၀၄၈၁ | ၆၉၆၅၇ | ၅၇၁၀ |
| တရုတ် | ၈၄၃၂၅ | ၇၇၃၄၆ | ၄၆၄၂ |
| ရုရှား | ၈၀၉၄၉ | ၆၇၆၇ | ၇၄၇ |

# ကိုရိုနာဗိုင်းရပ်စ်ကြောင့် ပီရူးရဲတပ်ဖွဲ့ဝင် ၁၇ ဦး သေဆုံး

**လီမာ မေ ၂၆**

ပီရူးနိုင်ငံတွင် ရဲတပ်ဖွဲ့ဝင် ၁၇ ဦးမှာ ကိုရိုနာဗိုင်းရပ်စ် ကပ်ရောဂါကြောင့် အသွားအလာပိတ်ပင်မှု အာဏာတည်စေရန် ဆောင်ရွက်စဉ် ရောဂါပိုးကူးစက်ခံရပြီး သေဆုံးသွားကြောင်း တာဝန်ရှိသူများနှင့် နိုင်ငံပိုင်မီဒီယာများက ယနေ့ပြောကြားသည်။

**ရဲတပ်ဖွဲ့ဝင် ၁၃၀၀ ထက်မနည်း ကူးစက်ခံခဲ့ရ**

ရဲတပ်ဖွဲ့ဝင် ၁၃၀၀ ထက်မနည်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံခဲ့ရကြောင်း ယခုသီတင်းပတ်အစောပိုင်းတွင် အာဏာပိုင်များက ပြောကြားခဲ့သည်။ "ပီရူးနိုင်ငံမှာ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးတဲ့ရဲတပ်ဖွဲ့ဝင် ၁၇ ဦးရှိပြီး ၁၁ ဦးက လီမာမြို့တော်က ဖြစ်ပါတယ်" ဟု ပြည်ထဲရေးဝန်ကြီး ဂတ်စတန်ရိုဒရီဂွတ်ဇ်က မေ ၂၅ ရက်တွင် ပြောကြားခဲ့သည်။

ရဲတပ်ဖွဲ့ဝင်များ သေဆုံးမှုများပြားရခြင်းမှာ ကိုရိုနာဗိုင်းရပ်စ် ပျံ့နှံ့မှုထိန်းချုပ်ရန် ထုတ်ပြန်ထားသော အစီအမံများ ချိုးဖောက်သူများနှင့် ထိတွေ့မှုနှင့် ဆက်စပ်မှုရှိခြင်းကြောင့်ဖြစ်သည်ဟု နိုင်ငံပိုင်သတင်းဌာန အင်န်ဒီနာက မေ ၂၅ ရက်တွင် ဖော်ပြခဲ့သည်။

**ဒေါ်လာ ၁၅ သန်း ခွဲဝေသတ်မှတ်**

ပီရူးနိုင်ငံတွင် မတ် ၁၆ ရက်ကတည်းက သွားလာခွင့်ပိတ်ပင်ခဲ့သည်။ ပီရူးရဲတပ်ဖွဲ့ဝင်များအတွက် မျက်နှာဖုံးနှင့် လက်အိတ်များကဲ့သို့သော အကာအကွယ်ကိရိယာများဝယ်ယူရန် ဝန်ကြီးဌာနက ဒေါ်လာ ၁၅ သန်း ခွဲဝေသတ်မှတ်ခဲ့ကြောင်း ရိုဒရီဂွတ်ဇ်က ပြောသည်။

မေလပထမပတ်တွင် ပီရူးရဲတပ်ဖွဲ့အတွက် ကိုဗစ်-၁၉ စမ်းသပ်ကိရိယာ ၂၂၀၀၀၀ ကျော် ရောက်ရှိမည်ဟု ၎င်းက ဆိုသည်။ "ကျွန်တော်တို့မှာ သူတို့ကို စောင့်ရှောက်ရမယ့် တာဝန်တစ်ရပ်ရှိပါတယ်။ ရဲတပ်ဖွဲ့ကို ပစ္စည်းကိရိယာ ကောင်းစွာ တပ်ဆင်ပေးရပါမယ်" ဟု ၎င်းက ပြောသည်။




ပီရူးနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၅၀၀၀ ကျော်နှင့် သေဆုံးသူ ၇၀၀ ခန့်ရှိကြောင်း ဂျွန်ဟော့ကင်းတက္ကသိုလ်၏ အချက်အလက်များအရ သိရသည်။

**ကိုးကား-အေအက်ဖ်ပီ**
**ဘာသာပြန်-ကျော်ထိုက်စိုး**

# ဗိုင်းရပ်စ်ကူးစက်မှု မြင့်တက်လျက်ရှိသော်လည်း ဘီလာရုစ်နိုင်ငံ၌ အလုပ်သမားနေ့ကျင်းပ



**မင့်ဇ် မေ ၂၆**

ဘီလာရုစ်နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုများ များပြားလျက်ရှိသော်လည်း အလုပ်သမားနေ့ နှစ်ပတ်လည်အခမ်းအနားကို မေ ၂၅ ရက်တွင် နိုင်ငံတစ်ဝန်း၌ ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားကို နိုင်ငံတစ်ဝန်းရှိ ဆရာဝန်များနှင့် သူနာပြုများအပါအဝင် ပြည်သူနှစ်သန်းကျော်က ပါဝင်ဆင်နွှဲခဲ့သည်။

အလုပ်သမားနေ့ အထိမ်းအမှတ်အဖြစ် ပြည်သူများက မြို့တွင်းရှိလမ်းမများပေါ်တွင် သန့်ရှင်းရေးများဆောင်ရွက်ခြင်းနှင့် သစ်ပင်ပန်းမန်များစိုက်ပျိုးခြင်းစသည့် ပတ်ဝန်းကျင်သာယာလှပရေးဆိုင်ရာ လှုပ်ရှားမှုများကို ပါဝင်လုပ်ဆောင်ခဲ့ကြသည်။ အဆိုပါလှုပ်ရှားမှုသည် ဆိုဗီယက်ခေတ်ကာလကတည်းကပင် ရှိလာခြင်းဖြစ်သည်။

**တွေ့မြင်ရ**

သမ္မတ အလက်ဇန္ဒား လုကာရှန်ကိုက ပြည်သူများနှင့်အတူ သစ်ပင်ပန်းမန်များ အတူတကွ စိုက်ပျိုးခဲ့သည်။ နိုင်ငံအတွင်း ရောဂါကူးစက်မှုများ မြင့်တက်လျက်ရှိသော်လည်း အဆိုပါလှုပ်ရှားမှုများ ဆောင်ရွက်ရာတွင် ပြည်သူများက ရောဂါကာကွယ်တားဆီးရေးအတွက် နှာခေါင်းစည်းများ ဝတ်ဆင်ထားခြင်းမရှိသည်ကိုလည်း တွေ့မြင်ရသည်။

အလုပ်သမားနေ့ အထိမ်းအမှတ်အဖြစ် ပတ်ဝန်းကျင်သန့်ရှင်းလှပရေး ဆောင်ရွက်ချက်များကို လုပ်ဆောင်ရာတွင် ပြည်သူများအနေဖြင့် တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေကာ လှုပ်ရှားမှုများတွင် ပါဝင်ဆောင်ရွက်ခြင်းဖြစ်သည့်အတွက် ရောဂါကူးစက်နိုင်ချေ နည်းပါးနိုင်ကြောင်း အဆိုပါလှုပ်ရှားမှုတွင် ပါဝင်သော ပြည်သူတစ်ဦးက ဆိုသည်။

ဘီလာရုစ်နိုင်ငံတွင် လက်ရှိအချိန်အထိ ဗိုင်းရပ်စ်ကူးစက်ခံရသူ ၁၀၀၀၀ နီးပါးရှိပြီး သေဆုံးသူ ၆၇ ဦးရှိသည်။

အများပြည်သူနှင့်သက်ဆိုင်သော အခမ်းအနားများ မကျင်းပရန် ဘီလာရုစ်အစိုးရအား ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ကျွမ်းကျင်ပညာရှင်များက မေ ၂၂ ရက်တွင် တိုက်တွန်းပြောကြားခဲ့သည်။

သို့သော် ဘီလာရုစ်အစိုးရက ဗိုင်းရပ်စ်ကာကွယ်တားဆီးရေးဆိုင်ရာ မည်သည့်စည်းမျဉ်း၊ စည်းကမ်းကိုမှ ထုတ်ပြန်ကြေညာထားခြင်းမရှိသည့်အပြင် ပုံမှန်ကျင်းပလျက်ရှိသည့် ဘောလုံးအားကစားပြိုင်ပွဲများကိုလည်း ဆက်လက်ကျင်းပလျက်ရှိကြောင်း သိရသည်။

နိုင်ငံအတွင်း ဗိုင်းရပ်စ်ကူးစက်မှု ဆက်လက်မြင့်တက်နေသည့် အချိန်တွင် အလုပ်သမားနေ့ကဲ့သို့ အများပြည်သူနှင့် သက်ဆိုင်သည့် အခမ်းအနားများ မကျင်းပသင့်ကြောင်း အတိုက်အခံအဖွဲ့အစည်းများက ဘီလာရုစ်အစိုးရအား ဝေဖန်ခဲ့ကြသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-အောင်ကျော်ကျော်**

# ဖိလစ်ပိုင်၌ ကိုဗစ်-၁၉ ကူးစက်ခံရသူ ၇၅၇၉ ဦးရှိ၊ ၅၀၁ ဦးသေဆုံး

**မနီလာ မေ ၂၆**

ဖိလစ်ပိုင်နိုင်ငံတွင် မေ ၂၆ ရက်၌ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ ၂၈၅ ဦး ထပ်မံတွေ့ရှိခဲ့ကြောင်း ကျန်းမာရေးအာဏာပိုင်များက ပြောကြားသည်။ ယင်းရောဂါပိုးကူးစက်ခံရသူများ အပါအဝင် နိုင်ငံတစ်ဝန်းလုံး၌ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ ၇၅၇၉ ဦး ရှိလာသည်။

မေ ၂၆ ရက်တွင် ရောဂါပိုးကူးစက်ခံရသူ ၇၀ ကျော် ပြန်လည်ကျန်းမာလာသည့်အတွက် ပြန်လည်ကျန်းမာခဲ့သူပေါင်း ၈၆၂ ဦးရှိလာပြီဖြစ်ကြောင်းနှင့် သေဆုံးသူပေါင်း ၅၀၁ ဦးရှိကြောင်း ဖိလစ်ပိုင်ကျန်းမာရေးဌာန (ဒီအိုအိတ်ချ်)က ပြောကြားသည်။ ဖိလစ်ပိုင်နိုင်ငံ၌ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူများထဲတွင် ကျန်းမာရေးဝန်ထမ်း ၁၁၀၀ ကျော် ပါဝင်ကြောင်း ကျန်းမာရေးဌာန အတွင်းဝန် မာရီယာဂိုဆာရီယိုဗာဂရေးက ပြောကြားသည်။

ဖိလစ်ပိုင်နိုင်ငံမြို့တော် မနီလာနှင့် ဗိုင်းရပ်ပိုးကူးစက်မှုနှုန်းမြင့်မားနေသည့် ပြည်နယ်များတည်ရှိရာ နိုင်ငံ၏ အဓိကကျွန်းမကြီးဖြစ်သည့် လူဇုံကျွန်းတွင် အသွားအလာကန့်သတ်မှုများကို မေ ၁၅ ရက်အထိ တိုးမြှင့်သတ်မှတ်ထားကြောင်း ဖိလစ်ပိုင်အစိုးရက မေ ၂၄ ရက်တွင် ကြေညာခဲ့သည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - ဇော်ဝင်း**



# ကိုဗစ်-၁၉ ကျန်းမာရေးထောက်ခံချက်ထုတ်ပေးမယ့်အစီအစဉ် အထမြောက်အောင်မြင်နိုင်သလား

■ **အလင်းသစ်**

ကမ္ဘာတစ်ဝန်းမှာ ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုကြောင့် သေဆုံးသူအရေအတွက် နှစ်သိန်းကျော် ရှိလာပြီလို့ အမေရိကန်တက္ကသိုလ်တစ်ခုဖြစ်တဲ့ ဂျွန်ဟော့ကင်း တက္ကသိုလ်က ထုတ်ပြန်ထားပါတယ်။ အဲဒီလို သေဆုံးသူဦးရေ နေ့စဉ်တိုးလာပေမယ့် နိုင်ငံတချို့က ကိုရိုနာဗိုင်းရပ်စ်ဆိုင်ရာ ဖြေလျှော့မှုတွေ ပြုလုပ်ဖို့စီစဉ်နေပြီး နိုင်ငံတချို့ကတော့ သူတို့ရဲ့ စီးပွားရေးလုပ်ငန်းတွေ ပြန်လည်ဦးမော့လာစေမယ့် နည်းလမ်းတွေကို ရှာဖွေနေကြတာဖြစ်ပါတယ်။

**ကျန်းမာရေးထောက်ခံချက်တွေ ထုတ်ပေးဖို့ စီစဉ်**

ဖြေလျှော့မှုတွေ ပြုလုပ်ရာမှာ ရောဂါကနေ ပြန်လည်သက်သာလာသူတွေကို ကျန်းမာရေးထောက်ခံချက်တွေ ထုတ်ပေးဖို့ စီစဉ်နေတဲ့ နိုင်ငံတချို့လည်း ရှိနေခဲ့တာကြောင့် ခရီးသွားလာပိတ်ပင်မှုတွေကို လျှော့ချဖို့ကြိုးစားတဲ့ နည်းလမ်းအဖြစ် ပြန်လည်သက်သာလာသူတွေကို ကျန်းမာရေးထောက်ခံချက်တွေ မထုတ်ပေးသင့်ကြောင်းနဲ့ ရောဂါမှပြန်လည်သက်သာလာသူတွေလည်း နောက်တစ်ကြိမ် ထပ်မံကူးစက်မှုကို ကာကွယ်နိုင်စွမ်းရှိမှာ မဟုတ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က သတိပေးထားပါတယ်။

လတ်တလောလုပ်ဆောင်ခဲ့တဲ့ လေ့လာမှုများအရ ရောဂါကူးစက်ခံရမှုကနေ ပြန်လည်သက်သာလာသူတွေဟာ သူတို့ရဲ့ သွေးထဲမှာ ရောဂါကာကွယ်နိုင်စွမ်းရှိတဲ့ ပဋိပစ္စည်းတွေရှိပေမယ့် တချို့ကတော့ ရောဂါကာကွယ်နိုင်စွမ်းရှိတဲ့ ပဋိပစ္စည်းတွေ အနည်းငယ်သာရှိတယ်လို့ ဖော်ပြထားပါတယ်။ ဂျာမနီ၊ အီတလီနဲ့ ဗြိတိန်နိုင်ငံတို့ အပါအဝင် နိုင်ငံအများအပြားကတော့ ရောဂါကာကွယ်နိုင်စွမ်းရှိတဲ့ ပဋိပစ္စည်းတွေအတွက် ပြည်သူတွေရဲ့ သွေးနမူနာကို စမ်းသပ်ဖို့ စတင်လုပ်ဆောင်နေပြီလို့ သိရပါတယ်။

**အခက်အခဲတွေနဲ့ ရင်ဆိုင်နေရ**

ကမ္ဘာတစ်ဝန်းမှာ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူအရေအတွက် ၂ ဒသမ ၉ သန်းကျော်အထိ ရှိလာခဲ့ပြီး အဲဒီဗိုင်းရပ်စ်ကြောင့် ဖြစ်ပေါ်ခဲ့တဲ့ စီးပွားရေးဆိုင်ရာ ဆုံးရှုံးမှုတွေကို ကန့်သတ်ထိန်းချုပ်နိုင်ဖို့လည်း ကမ္ဘာတစ်ဝန်းက အစိုးရတွေဟာ အခက်အခဲတွေနဲ့ ရင်ဆိုင်နေရတာဖြစ်ပါတယ်။

ဒါ့အပြင် ကုလသမဂ္ဂအဖွဲ့ကြီးကလည်း ကာကွယ်ဆေးတွေ တိုးတက်ထုတ်လုပ်ဖို့ ကမ္ဘာ့ခေါင်းဆောင်တွေကို တိုက်တွန်းခဲ့ပေမယ့် ကိုဗစ်-၁၉ ရောဂါအတွက် ထိရောက်တဲ့ကုသမှုတွေ လုပ်ဆောင်ဖို့ကိုတော့ အလှမ်းကွာဝေးနေဆဲပဲဖြစ်ပါတယ်။

ကိုဗစ်-၁၉ ရောဂါကူးစက်ဖြစ်ပွားမှုဟာ အမေရိကန်နဲ့ ဥရောပနိုင်ငံတွေမှာ အမြင့်ဆုံးအနေအထားကို ရောက်ရှိနေပါတယ်။ ဒါပေမယ့် အမေရိကန်နဲ့ ဥရောပနိုင်ငံတွေက အစိုးရတွေကတော့ ရောဂါကူးစက်မှု ဒုတိယလှိုင်းအတွက် ပြင်ဆင်ဖို့သတိပေးချက်ကို ဆန့်ကျင်ပြီး အသွားအလာကန့်သတ် ထိန်းချုပ်မှုတွေကို ဖြေလျှော့ပေးဖို့ စတင်နေတဲ့အပြင် စီးပွားရေး ပြန်လည်ဦးမော့လာဖို့အတွက် ကြိုးပမ်းမှုတွေကို လုပ်ဆောင်လျက်ရှိပါတယ်။

**အာမခံချက် မရှိသေး**


ရောဂါပိုးတွေ့ရှိပြီး ပြန်လည်သက်သာလာသူတွေဟာ နောက်တစ်ကြိမ် ထပ်မံကူးစက်မှုကို ခုခံနိုင်စွမ်းရှိတယ်ဆိုတဲ့ အာမခံချက်မရှိသေးဘူးလို့လည်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဧပြီ ၂၄ ရက်က သတိပေးပြောကြားခဲ့ပါတယ်။

စီးပွားရေးလုပ်ငန်းတွေ သီတင်းပတ်ပေါင်းများစွာပိတ်ထားပြီးနောက် လုပ်ငန်းခွင်ကို ပြန်လည်ဝင်ရောက်နိုင်မယ့်နည်းလမ်းအဖြစ် ရောဂါမှပြန်လည်သက်သာလာသူတွေကို ကျန်းမာရေးထောက်ခံချက်တွေ ထုတ်ပေးဖို့ အစိုးရတွေက လုပ်ဆောင်လာခဲ့ပြီးတဲ့နောက်မှာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ရဲ့ အခုလိုသတိပေးချက်ထွက်ပေါ်လာခဲ့တာဖြစ်ပါတယ်။

ကိုဗစ်-၁၉ ရောဂါကနေ ပြန်လည်သက်သာလာသူတွေနဲ့ ရောဂါကာကွယ်တဲ့ ပဋိပစ္စည်းတွေဟာ ကိုဗစ်-၁၉ ရဲ့ ဒုတိယအကြိမ် ရိုက်ခတ်လာနိုင်တဲ့ လှိုင်းဂယက်ကို ကာကွယ်နိုင်စွမ်းရှိတယ်ဆိုတဲ့ အာမခံချက် အခုအချိန်အထိ မရှိသေးဘူးလို့လည်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ကြေညာချက်တစ်စောင်မှာ ပြောကြားခဲ့ပါတယ်။

လူဦးရေ ၄ ဘီလီယံကျော်လောက်ဟာ အသွားအလာကန့်သတ်မှုဆိုင်ရာ ညွှန်ကြားချက် ဒါမှမဟုတ် မိမိအိမ်မှာသာ နေထိုင်ရမယ်ဆိုတဲ့ ညွှန်ကြားချက်တွေရဲ့အောက်မှာ ရှိနေဆဲဖြစ်ပြီး ထိန်းချုပ်ဟန့်တားမှုတွေကို ဘယ်လိုတည်ငြိမ်စွာဖြေလျှော့ပေးမယ်၊ ကျောင်းတွေကို ဘယ်အချိန်ပြန်ဖွင့်မယ်၊ စီးပွားရေးလုပ်ငန်းတွေကို ဘယ်လိုပြန်စမယ်ဆိုတာနဲ့ စီးပွားရေးလုပ်ငန်းတွေ ပြန်လည်ဦးမော့လာအောင် ဘယ်လိုဆောင်ရွက်မယ်ဆိုတာတွေနဲ့ပတ်သက်ပြီး အစိုးရတွေကလည်း အစွမ်းကုန် ကြိုးပမ်းလုပ်ဆောင်နေကြပါတယ်။



ဂျာမနီနိုင်ငံက ထောင်နဲ့ချီတဲ့စမ်းသပ်မှုတွေ ပြုလုပ်ခဲ့သလို တခြားနိုင်ငံတွေကလည်း ရောဂါကနေ ကင်းလွတ်ခွင့်အဆင့်ကို သတ်မှတ်နိုင်ဖို့ ကြိုးပမ်းမှုတွေကို ကိုယ်စီဆောင်ရွက်နေကြတာဖြစ်ပါတယ်။ ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ဆေးထုတ်လုပ်မှုကို တိုးတက်လုပ်ဆောင်ဖို့အတွက် မကြုံစဖူးကြိုးပမ်းမှုတစ်ရပ်ကို ပူးပေါင်းလုပ်ဆောင်ကြဖို့လည်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်က ကမ္ဘာ့ခေါင်းဆောင်တွေနဲ့ နိုင်ငံတကာအဖွဲ့အစည်းတွေကို တောင်းဆိုထားတာဖြစ်ပါတယ်။

ဒါ့အပြင် "ကျွန်ုပ်တို့ဟာ ဘယ်အရာနဲ့မှ မတူတဲ့ ကမ္ဘာလုံးဆိုင်ရာဘုံရန်သူနဲ့ ရင်ဆိုင်နေရတယ်။ ကိုဗစ်-၁၉ ရောဂါကနေ လွတ်မြောက်တဲ့ ကမ္ဘာတစ်ခုအတွက် သမိုင်းမှာ ကြီးမားများပြားလှတဲ့ ပြည်သူ့ကျန်းမာရေး ကြိုးပမ်းမှုလိုအပ်တယ်"လို့လည်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က ဗီဒီယိုကွန်ဖရင့်တစ်ခုမှာ ပြောကြားခဲ့ပါတယ်။

**ကိုရိုနာဗိုင်းရပ်စ်ကို တိုက်ဖျက်နေရ**

ဘယ်လိုကာကွယ်ဆေးပဲဖြစ်ဖြစ် လူတိုင်းအတွက် ဘေးအန္တရာယ်ကင်းဖို့လိုသလို ဝယ်ယူနိုင်စွမ်းရှိတဲ့ ဈေးနှုန်းလည်းဖြစ်သင့်တယ်။ ဒါ့အပြင် အားလုံးလက်လှမ်းမီနိုင်မယ့်ဆေးလည်း ဖြစ်သင့်တယ်လို့ ဂျာမနီနဲ့ ပြင်သစ်နိုင်ငံတို့မှ နိုင်ငံခေါင်းဆောင်တွေတက်ရောက်ခဲ့တဲ့ အစည်းအဝေးတစ်ခုမှာ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်က ပြောကြားခဲ့တာဖြစ်ပါတယ်။

အနောက်နိုင်ငံတွေမှာ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှုကြောင့် နေ့စဉ်သေဆုံးသူအရေအတွက်ဟာ ကျဆင်းလာတယ်လို့ ထင်ရပေမယ့် တချို့နိုင်ငံတွေကတော့ ကိုရိုနာဗိုင်းရပ်စ်ကို တိုက်ဖျက်နေရဆဲအဆင့်သာ ရှိသေးတယ်လို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစည်းက သတိပေးပြောကြားခဲ့ပါတယ်။

**အဆိုးရွားဆုံးခံခဲ့ရ**

လက်ရှိမှာ ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူဦးရေ ၂၀၀၆၉၈ ဦး ရှိသွားပြီဖြစ်ပြီး ကိုဗစ်-၁၉ ရောဂါဒဏ်အခံရဆုံးနိုင်ငံဟာ အမေရိကန်နိုင်ငံပဲဖြစ်ပါတယ်။ အမေရိကန်နိုင်ငံဟာ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၅၀၀၀၀ ကျော်ရှိသွားပြီဖြစ်သလို ကူးစက်ခံရသူအရေအတွက်ကလည်း ၉၆၀၀၀၀ ကျော်ရှိသွားပြီဖြစ်ပါတယ်။

ကမ္ဘာ့စီးပွားရေးအင်အားအကြီးဆုံးနိုင်ငံဖြစ်တဲ့ အမေရိကန်နိုင်ငံဟာ ကိုရိုနာဗိုင်းရပ်စ်စတင်ဖြစ်ပွားကတည်းက အလုပ်အကိုင် ၁၆ သန်းဆုံးရှုံးမှုနဲ့အတူ ကပ်ရောဂါရဲ့ ရိုက်ခတ်မှုကို အဆိုးရွားဆုံးခံခဲ့ရတာ ဖြစ်ပါတယ်။ ဒါကြောင့် အမေရိကန်နိုင်ငံက ခေါင်းဆောင်တွေဟာ ခပ်ခွာခွာနေခြင်းဆိုတဲ့ ဆောင်ရွက်ချက်ကို ဖြေလျှော့ပေးဖို့ နည်းလမ်းတွေကို ရှာဖွေရေးအတွက် ဖိအားတွေအောက်မှာ ရောက်ရှိနေခဲ့တာဖြစ်ပါတယ်။

အမေရိကန်နိုင်ငံနဲ့ အခြားသောနိုင်ငံတွေဟာ လုပ်ငန်းတွေပြန်လည်စတင်ဖို့ အသွားအလာထိန်းချုပ်ဟန့်တားမှုတွေ ဖြေလျှော့ပေးဖို့ လုပ်ဆောင်နေပါတယ်။ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ဒုတိယအများဆုံးနိုင်ငံဖြစ်တဲ့ အီတလီနိုင်ငံကတော့ နိုင်ငံတစ်ဝန်း အသွားအလာကန့်သတ်မှုတွေကို ဖြေလျှော့ပေးရေး ဆုံးဖြတ်ချက်ချဖို့ စောင့်ဆိုင်းနေတာဖြစ်ပြီး မတ် ၉ ရက်ကနေ စတင်ခဲ့တဲ့ အသွားအလာ ကန့်သတ်မှုကို မေလအစပိုင်းမှာ ဖြေလျှော့ပေးသွားဖို့ရှိနေတာဖြစ်ပါတယ်။

အမ်ဘာတိုမာရန်ဂိုလို ပရော်ဖက်ရှင်နယ် အီတလီ စက်ဘီးစီးသမားတချို့ကတော့ တူရင်မြို့တစ်ဝန်း သူ့ရဲ့စက်ဘီးပေါ်မှာ စားနပ်ရိက္ခာတွေတင်ပြီး လိုက်လံရောင်းချရတာကို ကျန်းမာစွာနေထိုင်နိုင်ရေး နည်းလမ်းနဲ့ကိုက်ညီမှုရှိပြီး ကူညီရာလည်းရောက်တဲ့အတွက် ကာလရှည်အသွားအလာကန့်သတ်ထားတာကို သဘောတူလက်ခံထားတာ ဖြစ်ပါတယ်။

ဘယ်လ်ဂျီယံနိုင်ငံအပါအဝင် အခြားသော ဥရောပနိုင်ငံတချို့က မေလလယ်မှာ အသွားအလာကန့်သတ်မှုတွေ ဖြေလျှော့ပေးရေးကြေညာဖို့ရှိနေတဲ့အပြင် သီရိလင်္ကာနိုင်ငံကလည်း သီတင်းငါးပတ်ကြာပြီးနောက် နိုင်ငံတစ်ဝန်း ညမထွက်ရအမိန့်ကို ဧပြီ ၂၇ ရက်မှာ ဖြေလျှော့သွားမယ်လို့ ပြောကြားခဲ့ပါတယ်။ ပြင်သစ်နိုင်ငံကတော့ အသွားအလာကန့်သတ်မှုကို မေ ၁၁ ရက်တိုင်အောင် ဆက်လက်ထားရှိမယ်လို့ ဆိုပါတယ်။

**ကူးစက်ခံရသူ**
**၂ ဒသမ ၉ သန်းကျော်ရှိလာ**

ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂ ဒသမ ၉ သန်းကျော်ရှိလာခဲ့ပြီး သေဆုံးသူအရေအတွက် နှစ်သိန်းကျော်ရှိလာချိန်မှာပဲ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှုကနေ ပြန်လည်သက်သာလာသူတွေကို ကျန်းမာရေးထောက်ခံချက် ထုတ်ပေးဖို့ နိုင်ငံအတော်များများက စီစဉ်နေကြပါတယ်။ ဒါ့အပြင် တချို့သောနိုင်ငံတွေကတော့ ရောဂါကနေ ပြန်လည်သက်သာလာသူတွေကို လုပ်ငန်းခွင် ပြန်လည်ဝင်ရောက်ခွင့်နဲ့ ခရီးသွားလာခွင့်တွေပေးဖို့အထိ စီစဉ်နေတာဖြစ်ပါတယ်။ ဒါပေမယ့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကတော့ ရောဂါပြန်လည်သက်သာလာသူတွေဟာ နောက်တစ်ကြိမ် ထပ်မံကူးစက်မှုကို ကာကွယ်နိုင်လိမ့်မယ်ဆိုတဲ့ အာမခံချက် မရှိဘူးလို့ သတိပေးထားတာဖြစ်ပါတယ်။

**ကိုးကား-အေအက်ဖ်ပီ**

> **တချို့သောနိုင်ငံတွေကတော့ ရောဂါကနေ ပြန်လည်သက်သာလာသူတွေကို လုပ်ငန်းခွင် ပြန်လည်ဝင်ရောက်ခွင့်နဲ့ ခရီးသွားလာခွင့်တွေပေးဖို့အထိ စီစဉ်နေ။**
>
> **ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကတော့ ရောဂါ ပြန်လည်သက်သာလာသူတွေဟာ နောက်တစ်ကြိမ် ထပ်မံကူးစက်မှုကို ကာကွယ်နိုင်လိမ့်မယ်ဆိုတဲ့ အာမခံချက်မရှိဘူးလို့ သတိပေးထား။**

## ရုရှားနိုင်ငံတွင် တစ်ရက်အတွင်း ၆၃၆၁ ဦး ကိုဗစ်-၁၉ ရောဂါကူးစက်ခံရ ရောဂါကူးစက်ခံရသူပေါင်း ၈၀၀၀၀ ကျော်ရှိလာ

**မော်စကို ဧပြီ ၂၆**

ရုရှားနိုင်ငံတွင် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၆၃၆၁ ဦး ထပ်မံစမ်းသပ်တွေ့ရှိခဲ့ရာ ယနေ့အထိ နိုင်ငံအတွင်း ရောဂါကူးစက်ခံရသူပေါင်း ၈၀၉၄၉ ဦးရှိလာကြောင်း ရုရှားနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါတုံ့ပြန်ရေးဗဟိုဌာနမှ ထုတ်ပြန်သည့် ကြေညာချက်တစ်ရပ်တွင် ဖော်ပြထားသည်။

ဧပြီ ၂၅ ရက်က ရုရှားနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၆၈၁ ဦးရှိရာ တစ်ရက်အတွင်း ၆၆ ဦး ထပ်မံသေဆုံးခဲ့ပြီး သေဆုံးသူပေါင်း ၇၄၇ ဦးရှိလာကြောင်း၊ သို့သော် ရုရှားနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ လူနာ ၅၁၇ ဦး ပြန်လည်ကျန်းမာလာပြီး နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ ပေါင်း ၆၇၆၇ ဦးရှိလာကြောင်း သိရသည်။

မော်စကိုမြို့သည် ရုရှားနိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ အဆိုးရွားဆုံး ထိခိုက်သွားသည့်မြို့ဖြစ်ပြီး တစ်ရက်အတွင်း ရောဂါကူးစက်ခံရသူ ၂၉၇၁ ဦး ထပ်မံစမ်းသပ်တွေ့ရှိခဲ့ခြင်းနှင့်အတူ မော်စကိုတစ်မြို့လုံးတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၄၂၄၈၀ ရှိလာခဲ့သည်။

ရုရှားနိုင်ငံတွင် ဧပြီ ၉ ရက်က ရောဂါကူးစက်ခံရသူ ၁၀၀၀၀ ကျော်၊ ဧပြီ ၁၄ ရက်က ၂၀၀၀၀ ကျော်၊ ဧပြီ ၁၇ တွင် ၃၀၀၀၀ ကျော်နှင့် ဧပြီ ၁၉ ရက်က ၄၀၀၀၀ ကျော်၊ ဧပြီ ၂၁ ရက်တွင် ၅၀၀၀၀ ကျော်၊ ဧပြီ ၂၃ ရက်တွင် ၆၀၀၀၀ ကျော်၊ ဧပြီ ၂၅ ရက်တွင် ၇၀၀၀၀ ကျော်နှင့် ဧပြီ ၂၆ ရက်တွင် ၈၀၀၀၀ ကျော် စသည်ဖြင့် ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့သွားကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - ဂျေတီ**



ဝင်းနိုင်ဦးအား သိမ်းဆည်းရမိသည့်
စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

## မိုင်းဖြတ်မြို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် မေ ၂၆**
မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၂၅ ရက် မွန်းလွဲပိုင်းက မိုင်းဖြတ်မြို့ ဈေးတန်းရပ်ကွက်နေ ဝင်းနိုင်ဦး၏ နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၉၀ သိမ်းဆည်းရမိသဖြင့် ဝင်းနိုင်ဦးအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

## ထီးလင်း၌ နာရေးကူညီမှု ယာဉ်တစ်စီး တိမ်းမှောက်

**ထီးလင်း မေ ၂၆**
ဂန့်ဂေါခရိုင် ထီးလင်းမြို့နယ် အကြည်ဘန်းကျေးရွာ၏ အနောက်ဘက် နှစ်မိုင်ခန့်အကွာ မိုင်တိုင် (၈၈/၇ နှင့် ၈၉/၀) ကြားတွင် မေ ၂၄ ရက် ည ၇ နာရီ ၄၅ မိနစ်ခန့်တွင် နာရေးကူညီမှုယာဉ်တစ်စီးတိမ်းမှောက်မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ နေမကောင်းသည့် ဦးစန်းဝင်းဦးအား ယာဉ်မောင်းဇော်လင်းထွေး မောင်းနှင်သည့် နာရေးကူညီမှု ယာဉ်ဖြင့် ဦးစန်းဝင်းဦး၏ဇနီး ဒေါ်နီပြာတို့နှစ်ဦး လိုက်ပါပြီး ထီးလင်းမြို့နယ် ပြည်သူ့ဆေးရုံသို့သွားစဉ် အခင်းဖြစ်ပွားရာ လမ်းကွေ့နေရာ၌ မိုးရွာသွန်းမှုကြောင့် ယာဉ်မှာလမ်းချော်ပြီး တိမ်းမှောက်မှု ဖြစ်ပွားခဲ့သည်။

ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်မောင်း ဇော်လင်းထွေး၊ ဦးစန်းဝင်းဦးပါ သုံးဦးတို့တွင် ဒဏ်ရာများ ရရှိခဲ့ကြသည်။ ယာဉ်မောင်း ဇော်လင်းထွေးအား ထီးလင်းမြို့မရဲစခန်းက အမှုဖွင့်အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စိန်ကျော်**

## မံစီမြို့နယ်၌ တရားမဝင် နွား ၅၇ ကောင် သယ်ဆောင်လာသူများအား ဖမ်းဆီးအရေးယူ

**နေပြည်တော် မေ ၂၆**
နယ်မြေခံတပ်မှ တပ်ဖွဲ့ဝင်များသည် မေ ၂၅ ရက် နံနက် ၈ နာရီခွဲက နယ်မြေလုံခြုံရေး ဆောင်ရွက်စဉ် ကချင်ပြည်နယ် မံစီမြို့နယ် ဝီလော ကျေးရွာအနီး လယ်ကွင်းအတွင်း၌ ဦးဆွေသိန်းပါ ၁၆ ဦးအား မြို့နယ်ကျော် ခွင့်ပြုချက် စာရွက်စာတမ်း အထောက်အထားများ မပါရှိဘဲ ခေါ်ဆောင်လာသည့် နွားထီး ၅၇ ကောင်နှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး စစ်မေးရာ နွားများအား ထီးချိုင့်မြို့နယ်မှ မံစီမြို့နယ် မန်ဝိန်းကြီးမြို့ အနီးသို့ တောလမ်းအတိုင်း ပို့ဆောင်မည်ဖြစ်ကြောင်း သိရှိရသဖြင့် ဦးဆွေသိန်းပါ ၁၆ ဦးအား မံစီမြို့မ ရဲစခန်းက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေပုဒ်မဖြင့် အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

■

ဥပဒေဘောင်အတွင်းနေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ

## ထီးချိုင့်မြို့နယ်တွင် ယာဉ်တိုက်မှုဖြစ်ပွား တစ်ဦး သေဆုံး

**ထီးချိုင့် မေ ၂၆**
စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့နယ် မောင်းကုန်းကျေးရွာတွင် မေ ၂၅ ရက် ညနေ ၃ နာရီခွဲခန့်က ရပ်ထားသော ယာဉ်မောင်း ဇော်ဦး၏ သုံးဘီးယာဉ်အား ငြိမ်းချမ်းကို မောင်းနှင်ပြီး မြတ်မင်းသူအောင် နောက်မှလိုက်ပါလာသော ဆိုင်ကယ်က အရှိန်မထိန်းနိုင်ဘဲ ဝင်တိုက်မိရာ ဒဏ်ရာရရှိသည့် ငြိမ်းချမ်းကိုအား ထီးချိုင့်ဆေးရုံသို့ ပို့ဆောင်စဉ် သေဆုံးသွားသဖြင့် ငြိမ်းချမ်းကိုနှင့် ဇော်ဦးတို့အား ထီးချိုင့်မြို့မရဲစခန်းက ယာဉ်စည်းကမ်းဥပဒေအရ အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**လူအောင်(ကသာ)**

## ပခုက္ကူမြို့နယ်တွင် လေပြင်းတိုက်ခတ်မှုကြောင့် အဆောက်အအုံများ ပျက်စီး

**ပခုက္ကူ မေ ၂၆**
ပခုက္ကူမြို့နယ်ရှိ ကျေးရွာအုပ်စု နှစ်အုပ်စုတွင် မေ ၂၅ ရက် ည ၇ နာရီခွဲခန့်က လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ်နှင့်ဘုန်းတော်ကြီးကျောင်းများ ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။



ပခုက္ကူမြို့နယ်အတွင်း လေပြင်းတိုက်ခတ်မှုကြောင့် ဖောင်းကွဲအုပ်စု ဇောင်ဂျမ်းကုန်းကျေးရွာတွင် နေအိမ်လေးလုံးနှင့် ဇီးပင်ကန်ကျေးရွာတွင် နေအိမ် တစ်လုံး အမိုးလန်ခြင်း၊ ချောက်ကန်အုပ်စု အရှေ့ချောက်ကန်ကျေးရွာတွင် လူနေအိမ်နှစ်လုံး ပြိုကျခြင်း၊ တစ်လုံး အမိုးလန်ခြင်းနှင့် ဘုန်းတော်ကြီးကျောင်း နှစ်ကျောင်း သွပ်မိုးလန်ခြင်း၊ သစ်ပင်လဲပြိုခြင်း၊ မကျီးကိုးပင်ကျေးရွာတွင် လူနေအိမ် ၁၁ လုံး အမိုးလန်ခြင်း၊ တစ်လုံးပြိုကျခြင်းနှင့် မူလတန်းကြို ကျောင်း အမိုးလန်ခြင်းများ ဖြစ်ပွားခဲ့သည်။

ပခုက္ကူမြို့နယ်တွင် လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ် ၁၇ လုံး အမိုးလန်ခြင်း၊ သုံးလုံးပြိုကျခြင်း၊ ဘုန်းတော်ကြီးကျောင်း နှစ်ကျောင်း အမိုးလန်ခြင်း၊ မူလတန်းကြို ကျောင်းတစ်ကျောင်း အမိုးလန်ခြင်းများဖြစ်ပွားခဲ့ကြောင်း သိရသည်။

**ဆလိုင်းကိုကီး**

## ဝမ်းတွင်းမြို့နယ်နှင့် မင်းလှမြို့နယ်တို့၌ လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ်နှင့်စာသင်ကျောင်းများ ပျက်စီး

**ဝမ်းတွင်း မေ ၂၆**
မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ်တွင် မေ ၂၅ ရက် ညနေ ၃ နာရီခန့်က မိုးသက်လေပြင်းများတိုက်ခတ်ခဲ့ရာ လူနေအိမ်၊ စာသင်ကျောင်းများနှင့် ဘုန်းတော်ကြီးကျောင်းများ အမိုးလန်ပျက်စီးမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဝမ်းတွင်းမြို့နယ်အတွင်း မိုးသက်လေပြင်းများ တိုက်ခတ်မှုကြောင့် ပင်းတလဲကျေးရွာအုပ်စု လေးမျက်နှာကျေးရွာတွင် အမိုးလန်နေအိမ်နှစ်လုံး၊ ဓာတ်တိုင် တစ်တိုင်၊ တဲစုကျေးရွာအုပ်စုတွင် ဓာတ်တိုင် သုံးတိုင်၊ ညောင်ပင်ကျေးရွာအုပ်စု ခြသေ့်လက်-ညောင်ပင်ရွာတွင် အမိုးလန်နေအိမ် ၁၂ လုံး၊ ပြိုကျဆောင် တစ်လုံး၊ စာသင်ကျောင်းအမိုးလန် နှစ်လုံး၊ ထန်းပင်ကုန်းကျေးရွာအုပ်စု ကင်းရွာကျေးရွာတွင် အမိုးလန်နေအိမ် ၄၁ လုံး၊ ပြိုကျနေအိမ်ငါးလုံး၊ စာသင်ဆောင်အိမ်သာ တစ်လုံး အမိုးလန်၊ နွားတစ်ကောင်သေဆုံး၊ တောင်ဘိုကျေးရွာတွင် အမိုးလန် နေအိမ် ခုနစ်လုံး၊ စာသင်ဆောင် တစ်လုံး၊ ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းတို့ ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

**ဌေးလှိုင်(ဝမ်းတွင်း)**

**အထက်မင်းလှ**
မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ် ခလိုင်းကျေးရွာအုပ်စု ရွာသာလှကျေးရွာတွင် ယနေ့မွန်းလွဲ ၂ နာရီခွဲက လေပြင်းတိုက်ခတ်မှုကြောင့် ရွာသာလှကျေးရွာ၌ နေအိမ်နှစ်လုံး အမိုးလန်ပျက်စီးခဲ့ပြီး လူနှင့်တိရစ္ဆာန် ထိခိုက်မှုမရှိကြောင်း သိရသည်။

**ဇာဇာ(အထက်မင်းလှ)**

## IDP စခန်းများနှင့် တိုက်ပွဲရှောင်စခန်းများရှိ ပြည်တွင်းနေရပ်စွန့်ခွာသူများအား COVID-19 ကူးစက်ရောဂါ ကာကွယ် ထိန်းချုပ် တုံ့ပြန်ရေးဆိုင်ရာ အသိပေးနှိုးဆော်ချက်

၁။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် IDP စခန်းများနှင့် တိုက်ပွဲရှောင်စခန်းများတွင် နေထိုင်ကြသည့် ပြည်တွင်းနေရပ်စွန့်ခွာသူများအား COVID – 19 ရောဂါကူးစက်ပြန့်ပွားခြင်းမှ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်နိုင်ရန်အတွက် ရေးဆွဲအတည်ပြုပြီးဖြစ်သည့် စီမံချက်ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

၂။ အဆိုပါစီမံချက်အရ သက်ဆိုင်ရာစခန်းများရှိ စီမံခန့်ခွဲမှုကော်မတီ အသီးသီးမှ တာဝန်ရှိသူများနှင့် စခန်းတွင် နေထိုင်သူများက အောက်ပါလုပ်ငန်းရပ်များကို ဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

❖ စခန်းများတွင် တပ်ဆင်ပေးထားသော လက်ဆေးဘေစင်များတွင် ရေနှင့် ဆပ်ပြာကို အသုံးပြု၍ လက်ကို စနစ်တကျ မကြာခဏ ဆေးကြောပါ။
❖ အများသုံးအိမ်သာများနှင့် ရေချိုးရန်နေရာများကို အသုံးပြုရာတွင် တစ်ကိုယ်ရေသန့်ရှင်းရေး ဂရုပြုရန်နှင့် အချင်းချင်းထိတွေ့မှု အနည်းဆုံးဖြစ်စေရေး သတိပြုဆောင်ရွက်ပါ။
❖ စခန်းများတွင် နေထိုင်လျက်ရှိသည့် သက်ကြီးရွယ်အိုများနှင့် နာတာရှည်ရောဂါရှိသူများအား ရောဂါကူးစက်ခံရခြင်းမှ ကာကွယ်နိုင်ရေးအတွက် အထူးသတိပြုနေထိုင်ပါ။
❖ စခန်းတွင်းနေထိုင်သူများ ပြင်ပသို့ သွားလာခြင်းမပြုလုပ်ရန်နှင့် မဖြစ်မနေအပြင်ထွက်ရန် လိုအပ်သူများက စာရင်းရေးသွင်းပြုစုထားပြီး အဝင်/အထွက်ပြုလုပ်တိုင်း ပုံမှန်အပူချိန်တိုင်းတာမှတ်သားခြင်း ပြုလုပ်ပါ။
❖ အဝတ်ဖြင့် ချုပ်ထားသည့် ပါးစပ်နှင့် နှာခေါင်းစည်းကို အမြဲတပ်ဆင်ပါ။ တပ်ဆင်ရာတွင် အတွင်း၊ အပြင် အရောင်ခွဲခြားသတ်မှတ်၍ တပ်ဆင်ပါ။ ပါးစပ်နှင့်နှာခေါင်း (၂)ခုစလုံးကို လုံခြုံအောင် ဖုံးအုပ်ပါ။ တပ်ဆင်ထားစဉ် လက်ဖြင့် လုံးဝ (လုံးဝ) မကိုင်ရပါ။ ဖယ်ရှားမည်ဆိုပါက အနောက်ဘက်ရှိ ကြိုးကိုသာ ကိုင်တွယ်၍ဖယ်ပါ။ အသုံးပြုထားသည့် အဝတ်ဖြင့် ချုပ်ထားသည့် ပါးစပ်နှင့် နှာခေါင်းစည်းကို နေ့စဉ် သေချာစွာ ဆပ်ပြာနှင့်ရေကို အသုံးပြု၍လျှော်ဖွပ်ပါ။
❖ စခန်းတွင်းသို့ပြင်ပမှဧည့်သည်များဝင်ရောက်ခြင်းကို တားမြစ်ထားပါ။
❖ COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးနှင့် စပ်လျဉ်း၍ စခန်းအတွင်း ထူးခြားဖြစ်စဉ်များနှင့် လိုအပ်ချက်များကို တာဝန်ရှိသူအဆင့်ဆင့်သို့ အချိန်နှင့်တစ်ပြေးညီ တင်ပြဆောင်ရွက်ပါ။
❖ COVID–19 ရောဂါနှင့်ပတ်သက်၍ သိရှိလိုက်နာဆောင်ရွက်ရန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် အချက်များကို လက်ကိုင်ဖုန်းများသို့ စာတိုပို့စနစ်(SMS)ဖြင့် ပေးပို့ထားခြင်းကို သေချာစွာ ဖတ်ရှုလေ့လာ၍ လိုက်နာဆောင်ရွက်ပါ။
❖ COVID–19 ရောဂါလက္ခဏာများတွေ့ရှိရပါက ညွှန်ကြားထားသည့် လူနာညွှန်းပို့ခြင်းလုပ်ငန်းစဉ်အတိုင်း လိုက်နာဆောင်ရွက်ပါ။
❖ စောင့်ကြည့်လူနာများနှင့် သံသယလူနာများကို သီးခြားသတ်မှတ်ထားသောနေရာများနှင့် ဆေးရုံများသို့ အချိန်မီလွှဲပို့နိုင်ရေးအတွက် သက်ဆိုင်ရာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျန်းမာရေးဌာန၊ ပရဟိတလူမှုအဖွဲ့အစည်းများနှင့် ကြိုတင်ချိတ်ဆက်ထားပါ။
❖ COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အစိုးရဝန်ကြီးဌာနများနှင့် သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့များ၏ လိုအပ်ချက်အရ အခါအားလျော်စွာ ထုတ်ပြန်ချက်များကို လိုက်နာဆောင်ရွက်ပါ။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

# ရှင်သန်ခွင့်

ဒေါက်တာနီလာသိန်း (လင်းရောင်သစ်)

ကျွန်မတို့ရဲ့ ပတ်ဝန်းကျင်လေးဖက်လေးတန်မှာ အာရုံငါးပါးရဲ့ ဆူညံနှောင့်ယှက်မှုတွေက ပတ်လည်ဝန်းရံလို့နေတယ်။ မနက်မိုးလင်းလို့ မျက်စိနှစ်လုံးဖွင့်လိုက်တာနဲ့ စိတ်နှလုံးအေးချမ်းစွာ နိုးထနိုင်ကြပါရဲ့လား။ နေ့နေ့ညည ထိုးနှက်တိုက်ခိုက်နေတဲ့ ကိုဗစ်စစ်ပွဲ (ရောဂါန္တရကပ်ဆိုး)ရဲ့ ထိခိုက်ကြေကွဲ ဝမ်းနည်းစရာသတင်းတွေက ကမ္ဘာနဲ့တစ်ဝန်းမှာ ကြားနေရတယ်။

ဒီနေ့ ပေ့ါစတစ် ဘယ်နှယောက်တဲ့လဲ၊ မနက်တစ်ကြိမ်၊ ညတစ်ကြိမ် ၈နာရီနဲ့ ၉နာရီကြား ထုတ်ပြန်မယ့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရဲ့ သတင်းကြေညာချက်ကို ရင်ခုန်စွာ စောင့်စား၊ သတင်းစာတွေ မရောက်ကြသေးဘူးလား။ မျှော်လင့်စောင့်စား။ အရင်ကတော့ အားချိန်နားချိန်ရောက်မှ သတင်းစာလေး လှန်လှောကြည့်ကြရတာ။ အခုတော့ သတင်းစာအလိပ်ကလေး သံတံခါးကြားထိုးထားခဲ့ပြီဆိုတာနဲ့ သတင်းစာကို အရက်ပြန် စပရေးနဲ့ တရှီးရှီးဖျန်း။ ဘယ်လိုမှတော့ မအောက်မေ့စေချင်ပါ။

### ရေရွတ်နေစရာမလို

တံခါးလက်ကိုင် ဘုလုံးတွေ၊ သော့ခလောက်တွေ၊ လှေကားလက်ရန်းတွေ ပိုးသတ်၊ အရက်ပြန် စပရေးနဲ့ဖျန်း။ လက်ဆေးပါ၊ အိမ်ထဲမှာနေပါ။ အဓိကက မိမိကြောင့် သူတစ်ပါးကို ရောဂါမကူးစက်စေရ။ အဲဒီ အသိ၊ သတိက အလိုလို ရှိနေတာဆိုတော့ ကြိုတင်ကာကွယ်ခြင်းက ကုသခြင်းထက် အရေးကြီးသည်လို့ ရေရွတ်နေစရာမလိုတော့ပါ။

နေ့စဉ်သတင်းစာထဲက လက်ရှိအနေအထားထူးခြားဖြစ်စဉ်တွေ၊ ကြေညာချက်၊ သတိပေးချက်တွေ၊ နိုင်ငံတကာရဲ့ ကိုဗစ်-၁၉ တိုက်ဖျက်နည်းတွေ၊ ကိုယ့်နိုင်ငံရဲ့ လှုပ်ရှားမှုတွေ၊ ဘယ်နိုင်ငံမှာ ဘယ်လိုကာကွယ်ဆေးတွေ၊ ကုသနိုင်မယ့်နည်းလမ်းတွေ စမ်းသပ်ရှာဖွေနေပြီလဲ။ ဘယ်နိုင်ငံရဲ့ ဘယ်ပုဂ္ဂိုလ်ကြီးတွေမှာ ရောဂါပိုးတွေ့နေရပြီ၊ ဘယ်သူတွေတော့ သေဆုံးသွားပြီဆိုတဲ့ သတင်းတွေကို ဖတ်ရှုရတယ်။

တကယ်တော့ ပေ့ါစတစ်ဆိုတာ အပေါင်းလက္ခဏာ၊ သာမန်အားဖြင့် အကောင်းလက္ခဏာ။ ရောဂါအနေနဲ့တော့ မကောင်းလက္ခဏာ၊ နဂ္ဂတစ်ဆိုတာ အနုတ်လက္ခဏာ၊ သာမန်အားဖြင့် မကောင်းတဲ့လက္ခဏာ။ ယုတ်လျော့တဲ့သဘောပါ။ ရောဂါမှာတော့ ဝမ်းသာစရာ အကောင်းပြယုဂ်ပါ။ ခုအချိန်အခါ ပေ့ါစတစ်ဆိုတဲ့စကား မကြားလိုပါ။

ရှေးလူကြီးစကားရှိတယ်။ နှစ် ၁၀၀ နေရင် ကပ်တစ်ခါဆေးတယ်။ အခုလိုရောဂါဆန်းတွေ ပေါ်လာတာ ကမ္ဘာမှာ ကပ်ဆေးတာတဲ့။ ဒါန၊ သီလ၊ ဘာဝနာအားတွေ နှလုံးသားမှာ၊ ခန္ဓာမှာ ကိန်းနေမှ အဲဒီ ရောဂန္တရကပ်ကို ကျော်လွှားနိုင်မှာ။ ဒါကြောင့် စိတ်ကောင်းထားကြပါ၊ မေတ္တာထားကြပါ၊ ကုသိုလ်စိတ်တွေပွားကြပါတဲ့။ အဲဒီရှေးစကားလေးကို သတိရမိသွားတော့ လွန်လေပြီးသော အတိတ်ကာလတွေကို ပြန်ကြည့်မိတယ်။

### ၁၂ ကြိမ်မြောက် ကပ်ရောဂါဆိုး

၁၈၈၈ ခုနှစ် မှာ ကာလဝမ်းရောဂါဖြစ်ခဲ့ပြီး လူပေါင်းများစွာ သေကျေပျက်စီးခဲ့တယ်။

၁၈၉၉ ခုနှစ်မှာ ကျောက်ရောဂါ၊ ၁၉၀၆-၁၉၀၇ ခုနှစ်မှာ ပလိပ်ရောဂါ၊ ၁၉၂၀ ပြည့်နှစ်ဝန်းကျင် (၁၉၁၈-၁၉၁၉) မှာ ဥရောပကနေ မြန်မာနိုင်ငံကို ရောက်လာခဲ့တဲ့ စပိန်တုပ်ကွေးမှာလည်း အထိနာခဲ့ရတယ်။ နောက်အခြားသော ဝက်တုပ်ကွေး၊ (H3N2) ဟောင်ကောင်တုပ်ကွေးကတော့ ၁၉၆၈-၁၉၇၀ အတွင်း ဖြစ်ပွားခဲ့တာပါ။ ၁၉၂၅ မှ ၁၉၄၈ အထိ ပလိပ်ရောဂါ(၆)ကြိမ် ဖြစ်ခဲ့တယ်လို့ ဖတ်မှတ်ရ တယ်။ ၂၀၀၃ မှာ ဆားစ်ရောဂါ၊ ၂၀၀၆ မှာ H1N1၊ ၂၀၁၄ မှာ အီဘိုလာ၊ အခု ၂၀၂၀ မှာတော့ ၁၂ ကြိမ်မြောက် ကပ်ရောဂါဆိုး ကိုဗစ်-၁၉ နဲ့ ရင်ဆိုင်ကြရတယ်။ ကိုရိုနာဗိုင်းရပ်စ် ၂၀၁၉ (SARS CoV- 2) က ဗိုင်းရပ်စ်အသစ် ဖြစ်တယ်။

တရုတ်နိုင်ငံ ဟူပေပြည်နယ်ရဲ့ မြို့တော်ဝူဟန်က စခဲ့တဲ့ ဇာတ်လမ်းဟာ အခု ကမ္ဘာ့နိုင်ငံပေါင်းများစွာမှာ ပျံ့နှံ့ကူးစက် အထိနာနေကြရပြီ။

ရောဂါရဲ့ ထိခိုက်မှုတွေ၊ နစ်နာမှုတွေက တစ်ကမ္ဘာလုံး ရင်ဆိုင်နေကြရတာဖြစ်တယ်။ အိမ်ရှေ့မင်းသား၊ ရုပ်ရှင်မင်းသား၊ နိုင်ငံ့အကြီးအကဲ၊ တော်ဝင်မင်းသမီး၊ သူဌေးသူကြွယ်၊ ချမ်းသာဆင်းရဲ၊ ဆူကြုံနိမ့်မြင့် ဘယ်သူ့ကိုမှ မရှောင်၊ မငဲ့ကွက် ရောဂါတွေ ကူးစက်ခံနေကြရတယ်။

အီရန်လွှတ်တော်ဥက္ကဋ္ဌ အလီလာရီဂျာနီ၊ အစ္စရေး ကျန်းမာရေးဝန်ကြီး ယာကော့ဗ်လစ်သ်ဇ်မန်၊ ဗြိတိန် ကျန်းမာရေးဝန်ကြီး မတ်ဟန်ကော၊ ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်၊ ဖိလစ်ပိုင်တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဖယ်ရီမွန် ဆန်တော့စ် ဂျူနီယာ၊ ဖိလစ်ပိုင် ပြည်ထဲရေးဝန်ကြီး စသည်တို့မှာ ရောဂါပိုးကူးစက်ခံနေတယ်။

### သေခြင်းတရားကို ဆင်ခြင်မိ

ဆိုမာလီယာ ဝန်ကြီးချုပ်ဟောင်း နူရှာတ်ဆန်ဟူစိန်၊ စပိန်တော်ဝင်မင်းသမီး မာရီယာ ထရီဇာနဲ့ ဂျပန်သရုပ်ဆောင်မင်းသမီး အိုကေကူမိကူတို့ကတော့ ကိုရိုနာဗိုင်းရပ်စ်ကြောင့် ကွယ်လွန်သွားရှာကြပါပြီ။ သတင်းတွေဖတ်ရင်း တရားကျမိသလို သေခြင်းတရားကို ဆင်ခြင်မိရပါတယ်။

နိုင်ငံတိုင်း နိုင်ငံတိုင်း ဖွံ့ဖြိုးပြီးနိုင်ငံဖြစ်စေ၊ ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်စေ၊ မဖွံ့ဖြိုးတဲ့ နိုင်ငံဖြစ်စေ ကိုဗစ်စစ်ပွဲကို အပြင်းအထန် ရင်ဆိုင်တိုက်ပွဲဝင်နေကြရပါတယ်။

မြန်မာနိုင်ငံမှာတော့ ၂၃-၃-၂၀၂၀ ရက်နေ့ကစပြီး ပြည်ပက ပြန်လာတဲ့ အမျိုးသား နှစ်ဦးမှာ စတင်တွေ့ရှိခဲ့တယ်။ အခုဆိုရင် ၂၆-၄-၂၀၂၀ စာရင်းအရ ပိုးတွေ့သူ ၁၄၆ ဦး၊ တစ်လကျော်ကာလအတွင်းမှာ ၁၄၀ ကျော်ခဲ့ပြီဆိုတော့ ရှေ့လာမယ့် အလားအလာကို ကြိုတင်မှန်းဆလို့ မရနိုင်ပါဘူး။

ရောဂါပိုးရဲ့ ကြာမြင့်ချိန်၊ ရောဂါပိုးရဲ့ သဘောသဘာဝ၊ ရောဂါပိုးအသစ်အတွက် လူသားတွေရဲ့ ကိုယ်ခံအားစနစ်၊ လိုက်နာဆောင်ရွက်နိုင်မှု အတိုင်းအတာ၊ အားလုံးက ပုံသေနည်းနဲ့ တွက်ချက်လို့မရသလို ဗေဒင်ကိန်းခန်းအရလည်း ပြောဟောလို့မရနိုင်ပါဘူး။ ရောဂါပိုးက အသစ်ဖြစ်တာကြောင့် လူထုထဲကို ကူးစက်ပြီဆိုရင် ၈၀ ရာခိုင်နှုန်းက ရောဂါလက္ခဏာမပြတဲ့သူတွေရှိနိုင်တယ်။ ၁၄ ရာခိုင်နှုန်းက ရောဂါလက္ခဏာပြမယ်။ ဝေဒနာ ခံစားရမယ်။ ကျန်တဲ့ ၆ ရာခိုင်နှုန်းဟာ ဝေဒနာပြင်းစွာ ခံစားရပြီး အသက်ဆုံးရှုံးနိုင်တယ်။ မူလက ဆီးချို၊ နှလုံး၊ သွေးတိုး၊ ကျောက်ကပ်ရောဂါအခံရှိသူ၊ အသက်ကြီးသူတွေမှာ ပိုပြီး ထိခိုက်နိုင်ခြေများတယ်။

ဒါကြောင့် မြန်မာနိုင်ငံအနေနဲ့ ကပ်ရောဂါအသွင် ပျံ့နှံ့မလာအောင် ရောဂါပိုးရှိသူ များပြားမလာအောင်ဆိုရင် ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းတွေ ပြည့်ပြည့်ဝဝ ဆောင်ရွက်နိုင်မှုအပေါ်မှာ မူတည်နေတယ်။

နိုင်ငံတကာကိုကြည့်ရင် ပြင်သစ်သမ္မတ ‘မင်နျူမက်ခရွန်’ကတော့ သူ့အနေနဲ့ ဒီဗိုင်းရပ်စ်ကို ကာကွယ်ဖို့ အသင့် မဖြစ်သေးဘူးလို့ ဖြစ်ခါစမှာ ရိုးသားစွာ ဝန်ခံခဲ့တယ်။ ဒီကာလမှာပဲ ဘရာဇီးလ်သမ္မတ‘ဂျာဘိုလ်ဆိုနာရို’ ကတော့ သူ့ရဲ့ကျန်းမာရေးဝန်ကြီး “လူးဝစ်ဇ် ဟင်နရစ်မန်ဒက်တာ” ကို ရာထူးက ထုတ်ပယ်ပစ်ခဲ့တယ်။ သမ္မတက သာမန် ဖျားနာမှုတစ်ခုအဖြစ် ဘေးချိတ်ဖို့ ကြိုးစားတယ်။ ကိုဗစ်ကို လျှော့တွက်တယ်။ သက်သေမပြနိုင်တဲ့ ကုသမှုတွေကို အားပေးခဲ့တယ်လို့ဆိုတယ်။ အဲဒီအချိန်မှာ သူ့ရဲ့ ကျန်းမာရေးဝန်ကြီးကတော့ တစ်ကမ္ဘာလုံး လုပ်ဆောင်နေတဲ့ လမ်းညွှန်ချက်တွေကို ပြည်သူတွေ လိုက်နာဖို့ တိုက်တွန်းခဲ့တယ်။ ပြည်သူတွေ ခပ်ခွာခွာနေကြဖို့၊ အိမ်ထဲမှာ နေကြဖို့နဲ့ အသွားအလာကန့်သတ်ဖို့ အမိန့်ထုတ်ခဲ့တဲ့ ဒေသန္တရအုပ်ချုပ်ရေးမှူးတွေကို ချီးမွမ်းခဲ့တာတွေက သမ္မတနဲ့ သဘောထားကွဲလွဲခဲ့တာ ဖြစ်တယ်။ ပြောရရင် အဲဒီအချိန် ဘရာဇီးလ်မှာ ပိုးတွေ့လူနာ ၂၈၁၆၅ ဦးရှိပြီး ၁၇၆၄ ဦး သေဆုံးခဲ့ပြီဖြစ်ပါတယ်။

### အစိုးရနဲ့ပြည်သူ ပူးပေါင်း

မြန်မာနိုင်ငံအနေနဲ့ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းတွေကို အရှိန်အဟုန်မြှင့်ပြီး လုပ်နေတယ်။ စောင့်ကြပ်ကြည့်ရှုခြင်းကိုလည်း သတိရှိရှိလုပ်နေတယ်။ အစိုးရနဲ့ပြည်သူ ပူးပေါင်းတယ်။ အစိုးရနဲ့ ကျန်းမာရေးနဲ့ အားကစားဝန်ကြီးဌာန ဝန်ထမ်းတွေ တစ်သားတည်းရှိတယ်။ အစပိုင်းမှာတော့ လိုအပ်ချက်၊ လစ်ဟာချက်ဆိုတာ ရှိမှာပဲ။ ဒီရောဂါက ဒီအချိန်မှာ ဖြစ်မယ်လို့ ဘယ်သူမှ ကြိုသိတာမဟုတ်ပါဘူး။ အကာအကွယ် ဝတ်စုံ(PPE)တို့၊ နှာခေါင်းစည်း (Mask)တို့၊ အသက်ရှူအထောက်အကူပြု ကိရိယာ (Ventilator) တို့ဆိုတာတွေက ဘယ်နိုင်ငံမှာမှ စတိုထဲမှာ အများကြီးရှိမနေခဲ့ဘူး။ ကြိုတင်ပြီး ထုတ်လုပ်ထားခြင်းမရှိလို့သာ ကမ္ဘာမှာ ချမ်းသာလှပါတယ်ဆိုတဲ့ အမေရိကန်၊ အင်္ဂလန်၊ ပြင်သစ်နဲ့ အီတလီ၊ ဂျာမနီ၊ ကိုရီးယား၊ ဂျပန်တွေမှာ ပစ္စည်းတွေ ပြတ်လပ်သွားတာကို ကြားမိမှာပါပဲ။

အဲဒီအခါ အပြစ်တင်၊ ဘေးထိုင်ဘုပြော၊ ဝေဖန်ရေးလုပ်၊ ပွဲလန့်တုန်း ဖျာခင်းလိုသူတွေ ပြောသမျှ နားမထောင်အားကြဘူး။ ဂရုမစိုက်နိုင်အားဘူး။ တကယ့်မေတ္တာစေတနာမှန်နဲ့ တိုင်းပြည်ကို ကယ်တင်လိုတဲ့ အစိုးရတိုင်းမှာ သူ့အပြစ်ကိုယ့်အပြစ် ရန်ဖြစ်နေဖို့ အချိန်ရှိမယ်မထင်ဘူး။

### လက်တွဲညီတူကြရင် ဘယ်ရန်ကိုမဆို နိုင်မယ်

အလှူရှင်တွေကလည်း ရက်ရက်ရောရောလှူတယ်။ ဆရာတော်ကြီးတွေလည်း မနေသာ။ တပည့်သာဝကတွေ ဝန်းရံကာ နေရာထိုင်ခင်း၊ ပစ္စည်းကိရိယာ၊ မီးစက်ပါမကျန် ကြက်သီးမြမြထအောင်လှူကြ၊ ပံ့ပိုးပါဝင်ကြတယ်။ ပရဟိတသမားတွေကလည်း အဆင်သင့်ရှိနေတယ်။ အစိုးရနဲ့ ပြည်သူ လက်တွဲညီတူကြရင် ဘယ်ရန်ကိုမဆို နိုင်မယ်ဆိုတဲ့ စိတ်စွမ်းအားတွေက အားလုံးရဲ့ရင်မှာ ကိန်းအောင်းနေကြတယ်။

ရောဂါကိုရှေ့တန်းက ရင်ဆိုင်ခုခံတိုက်ခိုက်ပေးနေကြတဲ့ ကျန်းမာရေးဝန်ထမ်းတွေဘက်ကတော့ ဘာမှပြောစရာမလိုအောင် ‘ပါဖက်’ (Perfect) ပါပဲ။ ကိုယ့်အသက်ကို ရင်းပြီး လူနာရဲ့အသက်ကို ကယ်တင်တယ်၊ သေရမှာမကြောက်၊ ဒူးမထောက် လက်မမြှောက်၊ ရဲဝံ့တဲ့ တိုက်စစ်မှူးတွေအဖြစ် ပြည်သူတွေက ချီးမွမ်းထောမနာပြုကြတယ်။ ဂုဏ်ပြုကြတယ်။ မှန်တာပေ့ါ။ သူတို့ရဲ့နှလုံးအိမ်က ရာထူး၊ အာဏာ၊ ငွေကြေးနဲ့ ထုဆစ်ထားတာ မဟုတ်ဘူး။ မေတ္တာရယ်၊ ကရုဏာရယ်၊ အကြင်နာရယ်၊ စေတနာရယ်၊ အနစ်နာရယ်၊ ဝါသနာရယ် (နာ) များစွာနဲ့ ထုဆစ်ထားတဲ့ နှလုံးသားဟာ နုနယ်နူးညံ့လှသလို အပင်ပန်းလည်း ခံနိုင်ကြပါတယ်။ ဒီလူနာတွေကို ‘ငါတို့ကယ်မှရမယ်’ ဆိုတဲ့ တာဝန်ယူစိတ်တွေ၊ လူသားတွေ အသက်တွေရှင်သန်ဖို့ အခွင့်အရေးက ငါတို့လက်ထဲမှာရှိတယ်ဆိုတဲ့ ယုံကြည်ချက်တွေနဲ့ သူတို့ ရှင်သန်နေကြတယ်။

တကယ်တော့ ကျန်းမာရေးဝန်ထမ်းတွေအားလုံး ပင်ပန်းကြတယ်။ NHL က ဝန်ထမ်းတွေ အထူးပင်ပန်းလှတယ်။ ရှေ့တန်းတိုက်စစ်မှူးတွေဖြစ်တဲ့ အထွေထွေ အထူးကုသမားတော်ကြီးတွေ၊ ရောဂါဗေဒဆရာဝန်ကြီးတွေ၊ မေ့ဆေးဆရာဝန်ကြီးတွေ၊ ဓာတ်မှန်ဆရာဝန်ကြီးနဲ့ အရေးပေါ်ဆရာဝန်တွေ၊ သူနာပြုတွေ၊ သန့်ရှင်းရေးဝန်ထမ်းတွေ အားလုံးပင်ပန်းနေကြပြီ။

### စီမံနေကြ

ဖျားနာဆောင်က တာဝန်ခံဆရာဝန်၊ ဆရာမတွေ အင်အားနည်းလာပြီ။ ပိုးတွေ့လူနာ၊ သံသယလူနာ၊ ထိတွေ့လူနာတွေကို ကြည့်မိ၊ ကိုင်မိလို့ ကွာရန်တင်းလုပ်ခံရတဲ့ ဝန်ထမ်းတွေ၊ ဝေဘာဂီကိုအလှည့်ကျသွားပြီး ပြန်လာတော့ ကွာရန်တင်းပြန်လုပ်ရပြန်၊ ဒီတော့ အခြားဌာနတွေဖြစ်တဲ့ မျက်စိ၊ နား၊ နှာခေါင်း၊ ကလေး၊ အရိုး စတဲ့ နောက်တန်းခံတပ်တွေက ဆရာဝန်၊ ဆရာမတွေကို အလှည့်ကျဆွဲယူ၊ တာဝန်ချ၊ အဲဒီလို လည်ပတ်နိုင်အောင် စီမံနေကြရတယ်။

ရောဂါဗေဒဌာနက ဝန်ထမ်းတွေမှာ သံသယလူနာတွေကို လည်ချောင်းတို့ပတ် ယူရတယ်။ မင်္ဂလာဒုံဆေးရုံကိုလည်း သွားရတယ်။ လက်ရှိ ဂျူတီလှည့်နေတဲ့သူတွေမှာ ‘ဒေါင်း’ နေပြီ၊ စိမ့်ရည်တို့ပတ် တစ်ခါယူပြီးတိုင်း ဂျူတီတစ်ချိန်ပြီးတိုင်း ခေါင်းလျှော်၊ ရေချိုးရပါများလို့ နှာစေး၊ အအေးပတ်၊ ခေါင်းကိုက်၊ အပူလျှပ် တဖြည်းဖြည်း ချည့်နဲ့လို့ လာပြီ။ ကလေးငယ်ရှိတဲ့သူတွေ၊ မိအိုဖအိုရှိတဲ့သူတွေ၊ ဆီးချို၊ သွေးတိုးအခံရှိတဲ့ အိမ်သားတွေအတွက် သူတို့ရင်ထဲက ပူပန်သောကတွေ၊ တာဝန်ဆိုတာထက် ပိုတဲ့ ခံယူချက်တွေနဲ့ ကြိတ်မှိတ်အလုပ်လုပ်နေကြပါတယ်။ ဆေးရုံဝန်ထမ်း၊ ကျန်းမာရေးဝန်ထမ်းတွေအနေနဲ့ အစဉ်အမြဲ လူနာတွေ၊ ရောဂါတွေနဲ့ ထိတွေ့ဆက်ဆံနေရသူဖြစ်လို့ တော်ရုံအာဂန္တု ရောဂါတွေက ‘ပြီး’ နေတယ်လို့ ပြောရမှာပါ။ လက်ရှိမှာ ကိုယ်က ဘာမှမဖြစ်ပေမယ့် ရောဂါပိုးသယ်ဆောင်သူဖြစ်မနေဖို့အတွက် အစစသတိထားနေကြရပါတယ်။ တစ်ခါတစ်ရံ ဆရာဝန်စိတ် အပြည့်ရှိသူပေမယ့် ကိုယ့်ရဲ့မိသားစုကို ငဲ့ကြရပါတယ်။ ကိုယ်ရှင်သန်ခွင့်ရမှ ကိုယ့်မိသားစု ရှင်သန်မှာပါ။

### ပေ့ါဆလို့မရ

ဒါကြောင့် ကျွန်မတို့နိုင်ငံအနေနဲ့ နောက်နှစ်လမှာ ကူးစက်မှုအခြေအနေ ဘယ်လိုဖြစ်လာနိုင်မလဲဆိုတဲ့၊ ကြိုတင် မှန်းဆလို့မရနိုင်တဲ့ အနာဂတ်ကို မြော်တွေးဖို့ မလိုပါဘူး။ မကြာမီက စက်အသစ်တွေရောက်လာတယ်။ တစ်နေ့ကို လူ ၃၀၀ စစ်နိုင်တယ်။ နောက်ထပ်ရောက်လာတဲ့ စက်တွေက တစ်နေ့ကို ၁၄၀၀ စစ်နိုင်တယ်ဆိုတော့ကာ သံသယလူနာတွေကို ပိုပြီးစစ်နိုင်လေ ပိုပြီးများများ တွေ့နိုင်ချင်တွေ့မယ်။ ဒါမှလည်း ပိုပြီး သတိထားနိုင်လေလေ ဖြစ်မယ်လို့ ကောင်းတဲ့ဘက်က တွေးပါတယ်။ ဒါပေမယ့် ရောဂါပိုးရှိတဲ့လူတွေ လူထဲမှာအများကြီး ရှိနေနိုင်တယ်။ ရောဂါလက္ခဏာမပြတဲ့ ၈၀ ရာခိုင်နှုန်းထဲမှာ ရှိနေနိုင်တယ်ဆိုတာတော့ ပေ့ါဆလို့မရတဲ့ အနေအထားဖြစ်ပါတယ်။

ဆေးရုံတွေမှာရှိတဲ့ Fever Clinic (ဖျားနာကုဆေးခန်း) နဲ့ ပြည်သူလူထုအခြေပြု ဖျားနာကုဆေးခန်းတွေ ဖွင့်ထားပြီး သံသယလူနာတွေကို စစ်ထုတ်နေကြတယ်။ ပိုးရှိလူနာ လုံးဝမတွေ့တဲ့နေ့ရှိသလို ၁၁ ယောက်အထိရှိတဲ့နေ့လည်းရှိတယ်။ အသက်အငယ်ဆုံး တစ်နှစ်ခြောက်လကနေ ၈၅ နှစ်အထိလည်း တွေ့ရတယ်။

လက်ရှိအနေအထားမှာ နိုင်ငံတော်က စနစ်တကျ ကိုင်တွယ်နေတယ်။ ဆေးရုံအလိုက်၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်အလိုက် ရောဂါကုသမှုကော်မတီတွေနဲ့ အချိတ်အဆက်မိမိ ဆက်သွယ်ကြတယ်။ နေ့စဉ်နဲ့အမျှ ကျန်းမာရေးနဲ့ အားကစားဝန်ကြီးဌာနရဲ့ နောက်ဆုံးရညွှန်ကြားချက်ဂိုက်လိုင်းတွေကို ချပေးတယ်။ သက်ဆိုင်ရာကော်မတီအဖွဲ့ဝင်တွေက ချက်ဘောက်စ်ကနေ အသိပေးကြတယ်။ ကျွန်မတို့ ဆေးရုံတွေမှာဆိုရင် လူနာတစ်ယောက် ရောက်လာပြီဆိုတာနဲ့ သတ်မှတ်ထားတဲ့ ဝင်ပေါက်ကနေဝင်မယ်။ လူနာကို အဖျားတိုင်းမယ်၊ ချောင်းဆိုသလား၊ အသက်ရှူကျပ်သလား၊ ပျို့အန်၊ ဝမ်းလျှော၊ ခေါင်းကိုက်ဝေဒနာတွေ ရှိသလားမေးမယ်၊ စစ်မယ်။

စာမျက်နှာ ၁၇ သို့ ❖

**မိသားစုနဲ့ အတူနေထိုင်ရင်း မိမိတို့ကိုးကွယ်ယုံကြည်ရာ ဘာသာတရားရဲ့ အဆုံးအမအောက်မှာ စိတ်တွေကိုငြိမ်းအေးစေဖို့ ကြိုးစားကြရတယ်။ အားလုံးဟာ အသက်ရှိတဲ့ လူသားတွေဖြစ်လို့ အသက်ရှင်လိုမှုဆိုတဲ့ရည်ရွယ်ချက်က တူညီကြတယ်။ ဒီမြေမှာ နေ၊ ဒီရေကိုသောက်ပြီး ဒီလေကို အတူတူရှူရှိုက်နေကြရတယ်။ ဘာသာလူမျိုး ဘယ်လိုပင်ကွဲပြားခြားနားပါစေ၊ ဒီနိုင်ငံရဲ့ မြေ၊ ရေ၊ လေပေါ်မှာ အတူမွေးဖွားလာကြတာဖြစ်လို့ အသားအရောင်မှာ မတူပါလည်း အားလုံးဟာ မြန်မာနိုင်ငံသားချည်းပဲဖြစ်ပါတယ်။**

❖ စာမျက်နှာ ၁၆ မှ
အဲဒီ လက္ခဏာအားလုံးရှိရင် အနီရောင်သတ်မှတ်ထားတဲ့အခန်းကို ပို့တယ်။ ဖျားတယ်၊ အသက်ရှူစနစ် ပြဿနာမရှိဘူး၊ မဖျားဘူး။ ဒါပေမယ့် အသက်ရှူကျပ်တယ်ဆိုရင် လိမ္မော်ရောင်အခန်းကို ပို့မယ်။ မဖျားဘူး၊ အသက်ရှူမကျပ်ဘူး။ ဒါပေမယ့် ပျို့အန်၊ ဝမ်းပျက်၊ ခေါင်းကိုက်ဆိုရင် အစိမ်းရောင်အခန်း စသဖြင့် စနစ်တကျ ပို့ဆောင်ကုသတယ်။ အဲဒီလိုပဲ ဆေးရုံရဲ့ဆရာဝန်၊ ဆရာမ၊ ကျန်းမာရေးဝန်ထမ်းတွေကို အနီရောင်၊ လိမ္မော်ရောင်၊ အစိမ်းရောင် 'အယ်လ်ဂရစ်သမ်' အတိုင်း အကာအကွယ်ဝတ်စုံ သေချာစွာဝတ်ဆင်ဖို့ ညွှန်ကြားတယ်။ ပစ္စည်းတွေ အပြည့်အစုံ ချပေးတယ်။

### စည်းကမ်းညွှန်ကြားချက်တွေ လိုက်နာ

ဒါကြောင့် ပြည်သူတွေအနေနဲ့ စိုးရိမ်ကြောင့်ကြစရာမလိုဘူး။ အဓိကက လူတစ်ဦးချင်းစီ အသိရှိဖို့၊ သတ်မှတ်ချက်၊ စည်းကမ်းညွှန်ကြားချက်တွေ လိုက်နာကြဖို့၊ မိမိတစ်ဦးမှသည် မိမိရဲ့ မိသားစု၊ ရပ်ကွက်၊ တိုင်း/နိုင်ငံတစ်ခွင် လူသားတို့ရဲ့အသက်တွေ ရှင်သန်ခွင့် 'ရ' ဖို့သာဖြစ်ပါတယ်။

ကျွန်မတို့အားလုံး စည်းလုံးကြရပါမယ်။ စိတ်ရှည်သည်းခံကြရပါမယ်။ ဒီကာလကို တောင့်ထားနိုင်ကြရပါမယ်။ နိုင်ငံတော်အစိုးရဆိုတဲ့ အုပ်ချုပ်သူ ပြည့်ရှင်၊ ပညာရှင်ဆိုတဲ့ ဆေးပညာရှင်၊ အသိပညာရှင်၊ အတတ်ပညာရှင်၊ အလှူရှင်ဆိုတဲ့ စေတနာရှင်၊ ပရဟိတ စွမ်းအားရှင်တွေနဲ့ ဝေဒနာရှင်အပါအဝင် ပြည်သူတွေ စတဲ့ ရှင် ငါးရှင်ဟာ စည်းလုံးနေကြရပါမယ်။

အခုဆိုရင် ကျွန်မတို့နိုင်ငံမှာ ရပ်/ကျေး အုပ်ချုပ်ရေးမှူးတွေကစလို့ နေ့စဉ်နဲ့အမျှ ဆိုသလို အိမ်ထဲမှာနေဖို့ ဆော်ဩတယ်၊ ဆေးတွေလိုက်ဖျန်းတယ်။ အလှူ မင်္ဂလာဆောင် ပွဲလမ်းသဘင်၊ တရားပွဲ၊ ဓမ္မသဘင်စတဲ့ လူစုလူဝေး အစီအစဉ်တွေကို မလုပ်ဖို့အသိတွေ လူတိုင်းမှာ ရှိနေကြတယ်။ အဓိကက အသက်ရှင်ကျန်ရစ်ခဲ့ကြဖို့ဆိုတဲ့ ဦးတည်ချက်တစ်ခုအတွက်သာ ဖြစ်တယ်။

ဒါပေမယ့် ရောဂါပိုးဟာ ကိုယ်ပျောက်အတတ်နဲ့ မမြင်နိုင်တာဖြစ်လို့ ပေါ့ဆလို့တော့ မရပါဘူး။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ချုပ်က ကြေညာချက်ထုတ်ပါတယ်။ ရောဂါပိုးစွန့်ထုတ်ကာလက ရောဂါလက္ခဏာမပြမီ နှစ်ရက်မှစပြီး လက္ခဏာပြပြီး ၂၈ ရက်အထိ အဲဒီကာလအတွင်းမှာ အခြားသောသူများကို ကူးစက်နိုင်ပါကြောင်း ထုတ်ပြန်ထားပါတယ်။ တရုတ်နိုင်ငံရဲ့ သုတေသနစာတမ်းအရ ကွာရန်တင်း ၂၁ ရက်ထားရင် ရောဂါကူးစက်မှုနှုန်းကို ၉၈ ဒသမ ၇ ရာခိုင်နှုန်းအထိ ထိန်းချုပ်နိုင်တယ်လို့ ဆိုပါတယ်။

### ကာကွယ်ဆေးတွေကို ရှာဖွေစမ်းသပ်

အခုဆိုရင် နိုင်ငံတကာမှာ ကိုရိုနာဗိုင်းရပ်စ်အတွက် ကာကွယ်ဆေးတွေကို အပြိုင်အဆိုင် ရှာဖွေစမ်းသပ်နေကြပါပြီ။ ဂျပန်နိုင်ငံ Fujifilm 'တိုယားမား' ဆေးကုမ္ပဏီက အေဗီဂန် (Avigan) ဆိုတဲ့ဆေး၊ အမေရိကန်နိုင်ငံ ဆေးကုမ္ပဏီရဲ့ အင်နိုဗီယို (INOVIO) ဆေး၊ ရန်မ်ဒီဆီဗာဆေး (Remidesivir) တရုတ်နိုင်ငံကလည်း ကာကွယ်ဆေးတွေကို စမ်းသပ်နေပါတယ်။ ထိုင်းနိုင်ငံကတော့ ခရမ်းလွန်ရောင်ခြည်ကိုသုံးပြီး ဗိုင်းရပ်စ်တွေသေစေနိုင်တဲ့ စက်ရုပ်ကို တီထွင်ခဲ့တယ်။ ခရမ်းလွန်ရောင်ခြည် မီးလုံးတွေပါတဲ့ စက်ရုပ်က နှစ်မီတာအတွင်းမှာရှိတဲ့ ဗိုင်းရပ်စ်တွေကို မိနစ် ၃၀ အတွင်းမှာ တိုက်ဖျက်ချေမှုန်းနိုင်တယ်လို့ဆိုပါတယ်။ ဩစတြေးလျကတော့ ဉာဏ်ရည်တု နည်းပညာသုံးဆေးရုံ၊ အီရန်မှာတော့ ဗိုင်းရပ်စ်ပိုးရှိ၊ မရှိ ထောက်လှမ်းနိုင်တဲ့ အဝေးထိန်းကိရိယာကို စမ်းသပ်ခဲ့ပါတယ်။ အောင်မြင်ခဲ့မယ်ဆိုရင် လူနာကို သွေးစစ်စရာမလိုဘဲ သံလိုက်စက်ကွင်းကို ဖန်တီးပြီး မီတာ ၁၀၀ ပတ်လည်အတွင်းမှာရှိတဲ့ ဗိုင်းရပ်စ်ကူးစက်ခံရသူတိုင်းကို ငါးစက္ကန့်အတွင်းမှာ ရှာဖွေတွေ့ရှိနိုင်မယ်လို့ ဆိုပါတယ်။

### အရောင်လေးတွေနဲ့ အမှတ်အသားပြ

တရုတ်မှာလည်း သတင်းဆက်သွယ်ရေးခရီးစဉ်ဆော့ဖ်ဝဲကိုသုံးပြီး သံသယရှိသူတွေကို စောင့်ကြည့်ခြေရာခံပါတယ်။ သံသယရှိတဲ့နေရာဒေသကို သွား၊ မသွားဆိုတာ အရောင်လေးတွေနဲ့ အမှတ်အသားပြတာပါ။ အန္တရာယ်ဇုန်ကိုသွားခဲ့ရင် အနီရောင်၊ အခြား ရောဂါပြန့်ပွားနှုန်းများတဲ့နေရာကိုသွားခဲ့ရင် အဝါရောင်၊ စောင့်ကြည့်ကာလမှာ ဘယ်ကိုမှ မသွားခဲ့ဘူးဆိုရင် အစိမ်းရောင် စသဖြင့် အမှတ်အသားပြစေပါတယ်။ ဆော့ဖ်ဝဲရဲ့ ဘားကုတ်ကိုဖတ်ပြီး ဖုန်းနံပါတ်ဖြည့်လိုက်တာနဲ့ ဖုန်းထဲကို "ဖဲရီးဖီကေးရှင်း"စစ်ဆေးပေးထားတဲ့ ကုတ်နံပါတ်တစ်ခု ဝင်လာမယ်။ အဲဒီကုတ်နံပါတ်ကို ဆော့ဖ်ဝဲမှာ ထည့်လိုက်တာနဲ့ ဖုန်းပိုင်ရှင်ဟာ သံသယရှိတဲ့နေရာ သွား၊ မသွား စစ်ဆေးကြည့်နိုင်ပါတယ်။

ကျွန်မပြောချင်တာကတော့ တစ်ကမ္ဘာလုံးဟာ အပြိုင်အဆိုင် ရှာဖွေစမ်းသပ်နေကြတယ်။ နိုင်ငံတိုင်း၊ လူသားတိုင်း မိမိတို့ အသက်ရှင်သန်ဖို့အတွက် သူတို့နည်းသူတို့ဟန်နဲ့ ကြိုးစားနေကြတယ်။ ကပ်ရောဂါကြောင့် ရပ်တန့်သွားတဲ့ ကမ္ဘာကြီးကို ပြန်လည်လည်ပတ်နိုင်ဖို့ အစွမ်းကုန် ကြိုးစားနေကြတယ်။ စက်ရုံ ၊ အလုပ်ရုံ၊ စာသင်ကျောင်းတွေ၊ ယန္တရားတွေ မူလအတိုင်း ပြန်လည်လည်ပတ်နိုင်ဖို့ ဒီအချိန်ကာလဟာ ဘယ်လောက်ကြာမလဲ ဘယ်သူမှမပြောနိုင်တာ အသေအချာပါပဲ။ ဒါပေမယ့် အဆိုးထဲက အမြတ်တွေကို စစ်ထုတ်ကြည့်မယ်ဆိုရင် သိခဲ့ရတာက ဘယ်အရာမှ အစိုးမရဘူးဆိုတဲ့ အနတ္တရဲ့ သဘောကို မြင်လိုက်ရတာပါ။ ကိုယ်ဖြစ်ချင်တာ မဖြစ်ရ၊ ကိုယ်စားချင်တာ မစားရ၊ ကိုယ်သွားချင်တာ မသွားရ၊ ကိုယ်လုပ်ချင်တာ မလုပ်ရ၊ ကိုယ့်ကိုယ်ကိုယ် မပိုင်ပါလားဆိုတာ ဖြစ်လာတယ်။ သေနေ့စေ့ရင် သေမှာပဲဆိုပေမယ့် အသက်ကို ဉာဏ်စောင့်တာကိုလည်း နားလည်လာရတယ်။

ကျွန်မတို့ပိုင်ဆိုင်ထားတဲ့ ငွေကြေးဥစ္စာတွေနဲ့ ကျန်းမာခြင်းကို ဝယ်ယူလို့မရတာ သိသွားတယ်။

### အမုန်းတရားတွေကို လွှတ်ချ

နေရသရွေ့ ကာလလေးမှာ တစ်ဦးနှင့် တစ်ဦး ချစ်ခင်ဖို့၊ မေတ္တာထားဖို့၊ အာဃာတတွေ၊ အမုန်းတရားတွေကို လွှတ်ချပစ်ဖို့၊ အရာရာကို ဒီကာလ၊ ဒီအခက်အခဲ၊ ဒီကပ်ဆိုးကနေ သင်ယူနိုင်ခဲ့ကြရတယ်။

မိသားစုတွေပိုပြီး စည်းလုံးလာတယ်။ ထမင်းအတူစား၊ အတူချက်ပြုတ် ကြော်လှော်၊ သန့်ရှင်းရေးလုပ်၊ သတင်းတွေမျှဝေ၊ တီဗွီရှေ့မှာ အတူထိုင်၊ တရားနာ၊ တရားထိုင်၊ သည်းခံခြင်းတွေ၊ တင်းတိမ်ရောင့်ရဲခြင်းတွေ၊ စာရေး၊ စာဖတ်၊ အရင်က မလုပ်နိုင်ခဲ့တာတွေ လုပ်ခွင့်ရခဲ့တယ်။ လေ့ကျင့်ခန်းတွေလုပ်ဖြစ်တယ်။

အာဟာရရှိတဲ့ အစားတွေစားမယ်။ နေ့တိုင်း ကြက်ဥရယ်၊ ပဲရယ်၊ အာလူးရယ်၊ ငါးခြောက်ငါးခြမ်းလေးတွေနဲ့ စားနေရပေမယ့် လျှာအရသာထက် အသက်ရှင်သန်ဖို့အတွက် အာဟာရဖြစ်ဖို့ဆိုတဲ့အသိနဲ့ စားသောက်ကြတယ်။

လူတိုင်းမှာ တူညီတဲ့ ရပိုင်ခွင့်တစ်ခုရှိတယ်။ အဲဒါကတော့ အသက်ရှင်သန်ခွင့်ပါပဲ။ ကျွန်မတို့အားလုံးဟာ အသက်ရှင်သန်ခွင့်အတွက် အစားအစာစားရတယ်။ ရာသီဥတုဒဏ်ကို ကာကွယ်ဖို့ အဝတ်ဝတ်ရတယ်။ နေဒဏ်၊ မိုးဒဏ်ခံနိုင်ဖို့ အမိုးအကာအောက်မှာ နေရတယ်။ အစားစားဖို့ အလုပ်လုပ်ကြရတယ်။ တစ်ခါ အလုပ်လုပ်နိုင်ဖို့ အစားစားကြရပြန်တယ်။ မိသားစုနဲ့ အတူ နေထိုင်ရင်း မိမိတို့ ကိုးကွယ်ယုံကြည်ရာ ဘာသာတရားရဲ့ အဆုံးအမအောက်မှာ စိတ်တွေကိုငြိမ်းအေးစေဖို့ ကြိုးစားကြရတယ်။ အားလုံးဟာ အသက်ရှိတဲ့ လူသားတွေဖြစ်လို့ အသက်ရှင်လိုမှုဆိုတဲ့ ရည်ရွယ်ချက်က တူညီကြတယ်။ ဒီမြေမှာနေ၊ ဒီရေကိုသောက်ပြီး ဒီလေကို အတူတူ ရှူရှိုက်နေကြရတယ်။ ဘာသာလူမျိုး ဘယ်လိုပင် ကွဲပြားခြားနားပါစေ။ ဒီနိုင်ငံရဲ့ မြေ၊ ရေ၊ လေပေါ်မှာ အတူမွေးဖွားလာကြတာဖြစ်လို့ အသားအရောင်မှာ မတူပါလည်း အားလုံးဟာ မြန်မာနိုင်ငံသားချည်းပဲ ဖြစ်ပါတယ်။

### မေတ္တာထား

အခုလို ကပ်ဘေးကြီးနဲ့ ရင်ဆိုင်ရချိန်မှာ ရေးစကားတွေဖြစ်တဲ့ "ကပ်ဆေး" တဲ့အထဲ ကိုယ်မပါဖို့၊ အသက်ရှင်ကျန်ရစ်ဖို့ ကျွန်မတို့ မေတ္တာထားကြရပါမယ်။

အိမ်ထဲမှာနေရင်းနဲ့ အသိတစ်ခုရခဲ့တယ်။ ဒီအချိန်မှာ မိမိပိုင်ဆိုင်ထားသမျှတွေထဲက တန်ဖိုးအရှိဆုံးအရာဟာ ဘာလဲ၊ ဘဝမှာ မရှိမဖြစ်အရာက ဘာလဲဆိုတာပါ။

ပိုင်ဆိုင်မှု၊ ကျော်ကြားမှုနဲ့ စည်းစိမ်ချမ်းသာတွေ...

စိန်ရွှေကျောက်သံပတ္တမြားတွေ၊ နိုင်ငံခြားငွေတွေ ...

ဘဏ်စာအုပ်တွေနဲ့ ဘွဲ့လက်မှတ်တွေ ...

ရွှေနဲ့မံ၊ စိန်နဲ့ရံ၊ ကျောက်စိမ်းပုလဲ စီခြယ်ထားတဲ့ နန်းတော်တမျှ ခမ်းနားလှတဲ့ တိုက်တာအိမ်ခြေတွေ ...

နောက်ဆုံးပေါ် အဝတ်အထည်တွေ၊ ဖိနပ်တွေ၊ အမျိုးအစားမြင့် လက်ကိုင်အိတ်တွေ၊ အလှအပ ပစ္စည်းအသုံးအဆောင်တွေအားလုံးက အရေးမပါနိုင်တော့ပါ။

ကျွန်မတို့အားလုံးအတွက် တန်ဖိုးအရှိဆုံး၊ အလိုအပ်ဆုံး မျှော်လင့်ချက်ကဖြင့် ရှင်သန်ခွင့်သာလျှင် ဖြစ်ပါတော့တယ်။ ။



## အင်းစိန်မြို့နယ်၌ ကိုဗစ်-၁၉ရောဂါကာကွယ်ရေးအတွက် မြို့နယ်မီးသတ်ဦးစီးဌာနက ပိုးသတ်ဆေးဖျန်း

**ရန်ကုန် မေ ၂၆**

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးလုပ်ငန်းစဉ်တစ်ရပ်အဖြစ် ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ အင်းစိန်မြို့နယ်မီးသတ်ဦးစီးဌာနက အင်းစိန်မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးကော်မတီမှ တာဝန်ရှိသူများနှင့်အတူ မေ ၂၄ ရက်နှင့် ၂၅ ရက်တို့တွင် အင်းစိန်မြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိခဲ့ကြသော ရပ်ကွက်များဖြစ်သည့် မြို့သစ်(က+ခ)ရပ်ကွက်၊ ကွက်သစ်ရပ်ကွက်၊ ရွာမအရှေ့ ရပ်ကွက်၊ တောင်သူကုန်းရပ်ကွက်၊ ကြို့ကုန်း အရှေ့ရပ်ကွက်များရှိ လမ်းများအား မြို့နယ် ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ လူမှုရေး ပရဟိတ အဖွဲ့များနှင့် ပူးပေါင်း၍ မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးဆောင်မှုဖြင့် သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များက ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ပိုးသတ်ဆေးဖျန်းရာတွင် လူစည်ကားရာဈေးများ၊ ရပ်ကွက်များအတွင်းရှိ လမ်းများ၊ ရောဂါပိုးတွေ့ရှိလူနာများ၏ နေအိမ်များနှင့် ပတ်ဝန်းကျင်နေရာများ၊ မြို့နယ်အတွင်း အသွားအလာကန့်သတ်စောင့်ကြည့်ခံရသူများထားရှိသည့် ဂျီတီအိုင် Quarantine Center၊ မြို့နယ်ခန်းမရှိ Fever Clinic နှင့် အင်းစိန် အထွေထွေရောဂါကုဆေးရုံကြီးတို့အား ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြပြီး အင်းစိန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စုပေါင်းရုံးဝင်းအတွင်းရှိ ဌာနဆိုင်ရာရုံးများကိုလည်း ထုံးများဖြူးခြင်း၊ ပိုးသတ်ဆေးများဖျန်းခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဉာဏ်ဟိန်း**

## မအူပင်မြို့၌ ကိုဗစ်- ၁၉ ရောဂါကာကွယ်ရေး ပညာပေးလုပ်ငန်းများ ဆောင်ရွက်

**မအူပင် မေ ၂၆**

ကိုဗစ်- ၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်ကာလအတွင်း အပြင်မထွက်ဘဲ အိမ်မှာနေကြရန်နှင့် မဖြစ်မနေ အပြင်ထွက်ရပါက နှာခေါင်းစည်းတပ်ဆင်သွားလာကြရန် မအူပင်မြို့နယ်အတွင်း ပညာပေးခြင်းလုပ်ငန်းများကို မအူပင်မြို့နယ် ကိုဗစ်- ၁၉ရောဂါ ထိန်းချုပ်ရေးကော်မတီ၏ လမ်းညွှန်မှုနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ ပူးပေါင်း၍ ယနေ့ နံနက် ၈ နာရီက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

### ကျန်းမာရေး အသိပညာပေး

မအူပင်မြို့ကမ်းနားလမ်းရှိ အခွန်လွတ်ဈေး၊ နာရီစင်၊ တိုးရွှေဝါခန်းမ၊ ၁၀ လမ်း၊ ရေလဲလမ်းမကြီး၊ မြို့ရှောင်လမ်း၊ ဘုရားလမ်း၊ ဘောကွင်း ၃ လမ်းနှင့် မြို့ပေါ်ရပ်ကွက်လမ်းဆုံနေရာများတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဦးဆောင်မှုဖြင့် မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်စားသုံးသူရေးရာဦးစီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ ကိုဗစ်- ၁၉ ရောဂါ ထိန်းချုပ်နိုင်ရေး အိမ်မှာပဲနေပြီး အပြင်မထွက်ကြရန်၊ မဖြစ်မနေ အပြင်ထွက်ရပါက နှာခေါင်းစည်းကို စနစ်တကျ တပ်ဆင်အသုံးပြုရန်၊ မကြာခဏလက်ဆေးရန်၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ကြေညာထားသော ပြည်သူများထံ ပန်ကြားချက်၊ ညွှန်ကြားချက်များကို လေးစားလိုက်နာကြရန် အသိပေးကြေညာခြင်း၊ ကျန်းမာရေးအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ကို အရှိန်အဟုန်မြှင့် ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**အောင်ခိုင်၊ အောင်မြင့်မြတ်(မအူပင်)**

## တောင်ကြီးမြို့တွင်းလမ်းများအား ပိုးသတ်ဆေးဖျန်းခြင်း ဆောင်ရွက်

**တောင်ကြီး မေ ၂၆**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ်၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ စဉ်ဆက်မပြတ်အရှိန်မြှင့်ဆောင်ရွက်လျက်ရှိရာ မေ ၂၆ ရက် နံနက် ၁၀ နာရီတွင် တောင်ကြီးမြို့ ကျောင်းကြီးစုရပ်ကွက်နှင့် တောင်ကြီးအချုပ်ထောင်တို့တွင် ပိုးသတ်ဆေးဖျန်းခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

### ပိုးသတ်ဆေးဖျန်း

ထိုသို့ဆောင်ရွက်ရာတွင် ပိုးသတ်ဆေးဖျန်းယာဉ်သုံးစီးဖြင့် တောင်ကြီးမြို့နယ်အဆင့် ကိုဗစ်- ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ စေတနာရှင်ပြည်သူများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်းအဖွဲ့တို့က ပိုးသတ်ဆေးဖျန်းစက်သုံးလုံးဖြင့် တောင်ကြီးမြို့တွင်း လမ်းများ၊ ရပ်ကွက်လမ်းများ၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းမကြီးတစ်လျှောက်နှင့် တောင်ကြီးအချုပ်ထောင်တို့တွင် ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။



**စိုင်းသန်းကျော်(တောင်ကြီး)**

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ကျန်းမာရေးအထောက်အကူပစ္စည်းများ ပေးအပ်

**တောင်ကြီး ဧပြီ ၂၆**

ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်၊ ကာကွယ်ရေးလုပ်ငန်းများအတွက် ရှမ်းပြည်နယ်ပြည်သူလူထု စားနပ်ရိက္ခာထောက်ပံ့ရေးကော်မတီမှ ပြည်နယ်အတွင်းနှင့် အခြားတိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးရှိ တိုက်နယ်ဆေးရုံများ၊ ကျေးလက် ဆေးပေးခန်းများနှင့် ကျန်းမာရေးစောင့်ကြည့်စခန်းများအရောက် နေ့စဉ်လှူဒါန်းလျက်ရှိရာ ယနေ့တွင် တောင်ကြီးမြို့အတွင်း ပိုးသတ်ဆေး ဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် စေတနာရှင်လူငယ်အဖွဲ့သို့ နှာခေါင်းစည်း ၂၀၀၊ မျက်မှန် ငါးလက်ကိုလည်းကောင်း၊ မြန်မာ့စီးပွားရေးဘဏ် တောင်ကြီးမြို့အတွက် အပူချိန်တိုင်းကိရိယာ နှစ်ခုကိုလည်းကောင်း၊ မြို့ဝင်ဂိတ်များအတွက် PPE Normal ၁၀၀ စုံ၊ လက်သန့်ဆေးရည် (၅၀၀ ml) အလုံး ၁၀၀၊ လက်သန့်ဆေးရည် (5l) ရှစ်လုံး၊ လက်အိတ် ၂၀၀၀၊ မျက်မှန် ၃၀၊ နှာခေါင်းစည်း ၃၀၀၀၊ အပူချိန်တိုင်းကိရိယာ ၁၂ ခု ကိုလည်းကောင်း ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။




ထို့အတူ ပြည်နယ် ပြည်သူလူထု စားနပ်ရိက္ခာ ထောက်ပံ့ရေးကော်မတီနှင့် ကမ္ဘောဇဘဏ်လီမိတက်တို့၏ စီမံမှုဖြင့် အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လိုအပ်လျက်ရှိသည့် ကျန်းမာရေးအထောက်အကူပြုပစ္စည်းများကို ပေးပို့လှူဒါန်းလျက်ရှိရာ ဧပြီ ၂၁ ရက်မှ ၂၅ ရက်အထိ ကရင်ပြည်နယ်အတွက် နှာခေါင်းစည်း ၅၀၀၀၊ လက်သန့်ဆေးရည် (၁၈၀ ml) ၃၀၀၊ မျက်မှန် ၂၀၀၊ အပူချိန်တိုင်းကိရိယာ ၅၀ ကိုလည်းကောင်း၊ ချင်းပြည်နယ် တီးတိန်မြို့ဆေးရုံအတွက် အလှူငွေကျပ်သိန်း ၃၀ နှင့် PPE Medical ၅၀ စုံ၊ PPE Normal ၂၀၀ စုံ၊ လက်သန့်ဆေးရည် (၅၀၀ ml) အလုံး ၁၀၀၊ လက်သန့်ဆေးရည် (၂၀ L) နှစ်လုံး၊ မျက်မှန် ၂၀၀၊ နှာခေါင်းစည်း ၃၀၀၀၊ အပူချိန်တိုင်းကိရိယာ ၁၅ ခု၊ Genius Coffee ၂၀၀ ကိုလည်းကောင်း၊ မွန်ပြည်နယ်အတွက် PPE Medical ၁၀၀ စုံ၊ PPE Normal ၂၅၀ စုံ၊ လက်သန့်ဆေးရည် (၅၀၀ ml) အလုံး ၁၅၀၊ လက်သန့်ဆေးရည်(၂၀L) ခြောက်လုံး၊ လက်အိတ် ၁၀၀ ခု၊ မျက်မှန် ၂၅၀၊ နှာခေါင်းစည်း ၁၀၀၀၀၊ အပူချိန်တိုင်းကိရိယာ အခု ၅၀ ကိုလည်းကောင်း၊ ကရင်ပြည်နယ်အတွက် နှာခေါင်းစည်း ၂၀၀၀၀ ကိုလည်းကောင်း ထောက်ပံ့ပေးအပ်ခဲ့ကြောင်း ကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးသူရစောသိန်းထံမှ သိရသည်။

ရှမ်းပြည်နယ် ပြည်သူလူထုစားနပ်ရိက္ခာထောက်ပံ့ရေးကော်မတီ အနေဖြင့် စားနပ်ရိက္ခာနှင့် ကျန်းမာရေးအထောက်အကူပြုပစ္စည်းများအား အမှန်လိုအပ်လျက်ရှိသော နေရာဒေသများသို့ နေ့စဉ်ပေးပို့လှူဒါန်းလျက်ရှိကြောင်း သိရသည်။

**စိုးညွန့်ရွှေ (ပြည်နယ်ပြန် /ဆက်)**

## တပ်ကုန်းမြို့၌ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဧပြီ ၂၆**

နေပြည်တော် တပ်ကုန်းမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် နေပြည်တော်အဝင် ကျန်းမာရေးစစ်ဆေးရေးဂိတ်များ ထားရှိဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီးမှ ဝင်ရောက်လာသူများအား ကြို့ပင်သာစစ်ဆေးရေးဂိတ်မှလည်းကောင်း၊ ရှမ်းပြည်နယ်ဘက်မှဝင်ရောက်လာသူများအား ကင်းသာစစ်ဆေးရေးဂိတ်မှလည်းကောင်း၊ အမြန်လမ်းမှဝင်ရောက်လာသူများအား စက်မှုလယ်ယာစစ်ဆေးရေးဂိတ်မှလည်းကောင်း၊ မီးရထားဖြင့်ဝင်ရောက်လာသူများအား တပ်ကုန်းဘူတာ ပူးပေါင်းစစ်ဆေးရေးအဖွဲ့ကလည်းကောင်း စစ်ဆေး၍ အထက(၁) အသွားအလာစောင့်ကြည့်ရေးစခန်း၌ ကျန်းမာရေးဝန်ထမ်းများက ကိုယ်အပူချိန်တိုင်းတာခြင်း၊ ကျန်းမာရေးစစ်ဆေးခြင်းများ ပြုလုပ်၍ လိုအပ်သူများအား စောင့်ကြည့်ရေးစခန်းများသို့ ပို့ဆောင်ပေးလျက်ရှိသည်။

အစိုးရဝန်ထမ်းများဖြစ်ပါက နေပြည်တော်စည်ပင်ဌေးရိပ်သာ စောင့်ကြည့်ရေးစင်တာသို့လည်းကောင်း၊ ပြည်ပနိုင်ငံများနှင့် နယ်စပ်ဒေသများမှ ပြန်လည်ဝင်ရောက်လာပါက ရွာတော်စစ်ကြောရေးစောင့်ကြည့်စင်တာသို့လည်းကောင်း ပို့ဆောင်ပေးပြီး ပြည်တွင်းသတ်မှတ်မြို့နယ်များမှ ဝင်ရောက်လာသူများအား တပ်ကုန်းအထက(၁)စောင့်ကြည့်စင်တာတွင် (၂၁)ရက် ထားရှိမည်ဖြစ်သည်။

ဧပြီ ၂၆ ရက်အထိ တပ်ကုန်းမြို့ အထက(၁) စောင့်ကြည့်စင်တာသို့ ဝင်ရောက်လာသူ အမျိုးသား ၂၉ ဦး၊ အမျိုးသမီး ၃၆ ဦး စုစုပေါင်း ၆၅ ဦးရှိပြီဖြစ်ကြောင်းနှင့် လိုအပ်သည်များကို မြို့နယ်မှတာဝန်ရှိသူများနှင့် တို့တပ်ကုန်း ပရဟိတလူငယ်များအဖွဲ့က ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**တင်ထွန်းတာ(တပ်ကုန်း)**

## မိုးနဲမြို့၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ကျန်းမာရေး စစ်ဆေး

**မိုးနဲ ဧပြီ ၂၆**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်နိုင်ရေးနှင့် ကူးစက်မှုမရှိစေရေးအတွက် ယနေ့ နံနက် ၈ နာရီက မိုးနဲမြို့တွင် ဝင်/ထွက်သွားလာလျက်ရှိသော မိဘပြည်သူများအား ကျန်းမာရေးစစ်ဆေးပေးခြင်း၊ နှာခေါင်းစည်းများ တပ်ဆင်ပေးခြင်းနှင့် အသိပညာပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့မှုရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်မီးသတ်ဦးစီးဌာန၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့ ပူးပေါင်းအဖွဲ့က မြို့အဝင်တွင် ဝင်ရောက်လာသည့် မော်တော်ယာဉ်၊ ဆိုင်ကယ်များအား ရပ်တန့်စေပြီး ကိုယ်အပူချိန်တိုင်းကိရိယာဖြင့် တိုင်းတာစစ်ဆေးခြင်း၊ နှာခေါင်းစည်းများ အခမဲ့တပ်ဆင်ပေးခြင်းနှင့် အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မျိုးညွန့်ရွှေ (မိုးနဲ)**

## သက်ကြီးရွယ်အိုများ စောင့်ရှောက်ခြင်းဆိုင်ရာ အသိပေးကြေညာချက်

- COVID-19 ကူးစက်မြန်ရောဂါသည် နိုင်ငံတကာတွင် ဖြစ်ပွားနေသော အတွေ့အကြုံများအရ သက်ကြီးရွယ်အိုများ ကူးစက်ခံရပါက အသက်ဆုံးရှုံးသည်အထိ ပြင်းထန်ကြောင်း တွေ့ရှိရပါသည်။
- ထို့ကြောင့် မိမိတို့အိမ်ရှိ သက်ကြီးရွယ်အိုများ အသက်ဘေးအန္တရာယ်မှ ကင်းလွတ်ရန် အိမ်ရှိအခြားသူများက ကျန်းမာရေးပညာပေး ညွှန်ကြားချက်များကို သိရှိအောင်လေ့လာပြီး သတိမလွတ်ဘဲ လိုက်နာဆောင်ရွက်ရန် လိုအပ်ပါသည်။
- သက်ကြီးရွယ်အိုများနှင့်အတူ နေထိုင်သူများသည် မလိုအပ်ဘဲ အပြင်သွားလာခြင်းများ မပြုလုပ်ပါနှင့်၊ အချိန်တိုင်း တစ်ဦးနှင့်တစ်ဦး အနည်းဆုံး သုံးပေအကွာ ခပ်ခွာခွာနေထိုင်ရန် မမေ့ပါနှင့်၊ လက်ကိုမကြာခဏ စနစ်တကျ ဆေးကြောပါ။
- သက်ကြီးရွယ်အိုများ နေထိုင်မကောင်းလျှင်၊ ကိုယ်ပူခြင်း၊ ချောင်းဆိုးခြင်းများဖြစ်ပါက နီးစပ်ရာကျန်းမာရေးဌာနများသို့ သတင်းအရင်ပေးပို့တိုင်ပင်ပြီးမှ ကျန်းမာရေးစောင့်ရှောက်မှုခံယူကြပါရန် အသိပေးနှိုးဆော်အပ်ပါ သည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

## နွေရာသီကာလ အပူရှိန်ပြင်းထန်ချိန်နှင့် COVID-19 ရောဂါဖြစ်ပေါ်နေချိန်တို့တွင် ပြည်သူများ သတိပြုလိုက်နာဆောင်ရွက်ရန် အသိပေးပန်ကြားခြင်း

မြန်မာနိုင်ငံတွင် COVID-19 ကပ်ရောဂါကူးစက်ပြန့်ပွားနေသည့် ယခုကာလ၌ ပူပြင်းခြောက်သွေ့သည့် နွေရာသီကာလသို့ ရောက်ရှိလာပြီဖြစ်၍ အပူရှိန်ပြင်းထန်မှုနှင့်အတူ မီးလောင်ခြင်း၊ ရေတွင်းရေကန်များ ခန်းခြောက်မှုကြောင့် သောက်သုံးရေရှားပါးခြင်း၊ တစ်ခါတစ်ရံ လေပြင်းတိုက်၍ မိုးသီးကြွေခြင်းနှင့် အပူရှိန်မြင့်မားမှုကြောင့် ဖြစ်ပေါ်သည့် ကျန်းမာရေးဆိုင်ရာပြဿနာများ ပိုမိုခံစားရခြင်းနှင့် အသက်ဆုံးရှုံးသည်အထိ ဖြစ်ပွားနိုင်ပါသည်။

အပူရှိန်မြင့်မားသည့် နွေရာသီကာလတွင် ခန္ဓာကိုယ်အပူချိန်မြင့်တက်ခြင်း၊ ခေါင်းမူး၊ ခေါင်းကိုက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်းတို့ကို ခံစားရလေ့ရှိရာ ယခုကဲ့သို့ COVID-19 ရောဂါဖြစ်ပွားချိန်တွင် ပိုမိုသတိပြုနေထိုင်ရန်လိုအပ်ပြီး ပူပြင်းသည့်နွေရာသီနှင့် လိုက်လျောညီထွေနေထိုင်နိုင်ရန်လည်း လိုအပ်ပါသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် နွေရာသီကာလ အပူဒဏ်ခံစားရမှုများမှ လျော့နည်းသက်သာစေရန်အတွက် ယခင်နှစ်က အပူရှောင်စခန်းများ ဖွင့်လှစ်ပေးခဲ့ပြီး ယခုနှစ်တွင် COVID-19 ရောဂါကြောင့် လူစုလူဝေးများ မဖြစ်စေရေးအတွက် အပူရှောင်စခန်းများကို ဖွင့်လှစ်နိုင်ခြင်းမရှိသေးသော်လည်း သောက်သုံးရေများဖြန့်ဝေခြင်း၊ ရေတွင်း၊ ရေကန်ငယ်များတူးဖော်ပြုပြင်ပေးခြင်း၊ ရေသိုလှောင်ထိန်းသိမ်းနိုင်ရေးတို့အတွက် ဆောင်ရွက်ပေးလျက်ရှိရာ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနအပါအဝင် အခြားဌာနအဖွဲ့အစည်းများကလည်း ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

လိုအပ်ပါက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဖွင့်လှစ်ထားရှိသည့် Hot-Line ဖုန်းများဖြစ်သော ၀၆၇- ၃၄၀၄၆၆၆ နှင့် ၀၆၇- ၃၄၀၄၇၇၇ တို့ကို ဆက်သွယ် အကူအညီတောင်းခံနိုင်ပါသည်။

**ပြည်သူများအနေဖြင့်လည်း ယခုကဲ့သို့ အပူရှိန်ပြင်းထန်ချိန်တွင် ဖော်ပါ အချက်များကို သတိပြုလိုက်နာဆောင်ရွက်ရန် အသိပေးပန်ကြားအပ်ပါသည်။**

- အရိပ်ရ၍ အေးမြသော နေရာများတွင် နေပါ။
- အဆောက်အဦများ၌ လေဝင်လေထွက် ကောင်းမွန်စေရေးဆောင်ရွက်ပါ။
- ရေများများသောက်ပါ။
- နေပူထဲမှ ပြန်လာပြီး ချက်ချင်းရေချိုးခြင်းမှ ရှောင်ကြဉ်ပါ။
- အရောင်ဖျော့သည့် ပွပွချောင်ချောင်ချည်ထည်များ ဝတ်ဆင်ပါ။
- အပူရှိန်ပြင်းထန်သည့်အချိန်များတွင် ကလေးငယ်များ၊ သက်ကြီးရွယ်အိုများကို မော်တော်ကားအတွင်း၊ အလုံပိတ်ထားသည့်အခန်းများအတွင်း တစ်ဦးတည်းထားခဲ့ခြင်းမှ သတိပြုရှောင်ရှားပါ။
- နေ့လယ်နေ့ခင်းအချိန်များ၌ ကလေးငယ်များကို အဆောက်အဦများ၏ ပြင်ပနေရောင်ခြည်နှင့် တိုက်ရိုက်ထိတွေ့သောနေရာများတွင် လှုပ်ရှားကစားခြင်းမျိုး မပြုပါစေနှင့်။
- ပူပြင်းသောနေရောင်အောက်မှ အလွန်အေးသောအခန်းနှင့် ကားအတွင်းသို့ ချက်ချင်းဝင်ရောက်ခြင်း၊ အလွန်အေးသောအခန်းနှင့် ကားအတွင်းမှ ပူပြင်းသောနေရောင်ထဲသို့ ချက်ချင်းထွက်ခြင်းတို့ကို ရှောင်ရှားပါ။
- မလိုအပ်ပါက လျှပ်စစ်မီးလုံး၊ မီးချောင်းများ ဖွင့်ထားခြင်းမပြုပါနှင့်။
- ပူပြင်းခြောက်သွေ့မှုလွန်ကဲသောကြောင့် ဖြစ်ပေါ်တတ်သည့် မီးဘေးအန္တရာယ်ကို သတိပြုပါ။
- မလိုအပ်ဘဲ ရေများ လေလွင့်ပြုန်းတီးမှုမရှိစေရေး အထူးသတိပြုဆောင်ရွက်ပါ။
- ထိခိုက်လွယ်သည့် သက်ကြီးရွယ်အိုများ၊ ကလေးသူငယ်များကို COVID-19 ရောဂါကူးစက်ပျံ့နှံ့နေချိန် အပူရှိန်ပြင်းထန်သည့်ကာလတွင် ပိုမိုထိခိုက်ခံစားရခြင်းနှင့် အသက်ဆုံးရှုံးခြင်းများမရှိစေရန် အိမ်ထဲ၌သာနေစေခြင်းဖြင့် ကာကွယ်စောင့်ရှောက်ပါ။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

# ဘေးမသန်းအေးချမ်းသော အလင်းဆိုင်

ဆူးငှက်

အခုလို ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါကြောင့် မိုးလင်းမိုးချုပ် ကိုယ့်အိမ်မှာကိုယ် အတတ်နိုင်ဆုံး အိမ်တွင်းအောင်းနေကြရချိန်တွင် လူ့သဘာဝအတိုင်း လွတ်လွတ်လပ်လပ်နေရစဉ်ကာလက အမှတ်တရလေးတွေကို သတိရမိပါသည်။ အထူးသဖြင့် အလင်းဆိုင်ဟုခေါ်သည့် ညအလင်းပေါက် ဖွင့်လှစ်သည့် လက်ဖက်ရည်ဆိုင်တွင် သန်းခေါင်သန်းလွဲကာလ လွတ်လပ်အေးချမ်းစွာ စားသောက်ခဲ့ရသည့် အတွေ့အကြုံများကို ထူးထူးခြားခြား သတိရနေမိပါ၏။ အခုအတိတ်ရုပ်ပုံလွှာကို တဖျပ်ဖျပ်သတိရချိန်တွင် ထိုအဖြစ်အပျက်များ၏ နောက်ခံကားချပ်ပုံရိပ်တွေက မျက်စိအောက်တွင်ပင် အပြောင်းလဲကြီးပြောင်းလဲနေတာ သတိထားမိတော့သည်။ ကုန်လွန်ခဲ့သည့် နှစ်အစိတ်ဝန်းကျင်ကာလ ၁၉၉၅ ဝန်းကျင်က...။

**လက်ဖက်ရည် ဖန်ဆိမ့်တစ်ခွက်**


"ပက်စီတစ်လုံး"

အသံကြားလို့ ဖျတ်ခနဲ မော့ကြည့်လိုက်တော့ မျက်နှာချင်းဆိုင်မှာ သူ ဝင်ထိုင်သည်။ လောလောလတ်လတ် လိမ်းထားသော သနပ်ခါးက ခပ်ကြမ်းကြမ်းစုတ်ချက်များနှင့်တူ၏။ သူသည် တီရှပ်ဟောင်းတစ်ထည်ပေါ်မှ ယောကျ်ားဝတ် ရှပ်အင်္ကျီတစ်ထည်ကို လျှို့ဝတ်ထားသည်။ လွယ်အိတ်တစ်လုံးကို စလွယ်သိုင်း လွယ်ထား၏။ ကျွန်တော်က ထမင်းကြော်တစ်ဇွန်းကို ကော်စားလိုက်သည်။ အခွံများဖြင့် ပွစာကြဲနေသော စားပွဲပေါ်မှ ကြက်သွန်ဖြူဥ တစ်စိတ်တလေရှိလေမလားဟု လက်ဖြင့် လျှောက်စမ်းမိ၏။ ဟင်းချိုမှုန့်ကို စေတနာဗလပွဖြင့် ထည့်ကြော်ထားသဖြင့် ချိုရဲရဲ အရသာက ပါးစပ်ထဲမှာ စွဲနေသည်။

ကျွန်တော်သည် သတိတရရှိစွာဖြင့် လက်ဖက်ရည် ဖန်ဆိမ့်တစ်ခွက်ကို မှာလိုက်သည်။ ပက်စီသောက်နေသော သူသည် စုပ်တံကျူရိုးမှတစ်ဆင့် ပက်စီရည်ညိုများကို အငမ်းမရ။

**ထမင်းကြော် ချိုရဲရဲ**

တစ်ဖက်စားပွဲတွင် ဖဲဝိုင်းတစ်ဝိုင်းမှ ထလာပုံရသော လူတစ်စုသည် အချဉ် တစ်ကောင် သို့မဟုတ် နှစ်ကောင် သို့မဟုတ် တစ်ဝိုင်းလုံး မိလာပုံရသည်။ တဝါးဝါး ပွဲကျပြီး စားစရာသောက်စရာများ အလုအယက် အပြိုင်အဆိုင်မှာနေကြ၏။ ဆိုက်ကားတစ်စီး ဆိုက်လာသည်။ လူတစ်ယောက် ဆင်းလာသည်။ လက်ဖက်ရည်တစ်ခွက်မှာ၏။ ကျွန်တော့်ရှေ့မှ သူ့ကို လှမ်းကြည့်သည်။ "ကိုစိုးရ မလာသေးဘူးလား" ဟု သူ့ကို လှမ်းမေးသည်။ သူခေါင်းရမ်းသည်။ ခဏနေတော့ ဈေးကားတစ်စီး ၂၈ လမ်းထဲ ချိုးဝင်လာ၏။ ခွေးတစ်ကောင် တကိန်ကိန် ညည်းတွားနေသည်။ ကွမ်းယာသည်က ခေါင်းတငြိမ့်ငြိမ့် ဒူးတနန့်နန့် လှုပ်ရင်း သီချင်းတစ်ပုဒ် ညည်းတွားလျက်။ လက်ဖက်ရည်ဖျော်ခုံမှ 'တီးဆရာ'' က အခန်းကျဉ်းလေးထဲ ဝင်သွားပြီး



၁၉၈၀ ဝန်းကျင် ဈေးချိုတော်

အိုးမည်းဗလပွနှင့် အိုးကြီး မ,လာကာ ဒယ်အိုးကြီးထဲ ထမင်းတွေ လောင်းထည့်သည်။ သံယောက်မကြီးနှင့် အထက်အောက် မွှေ၏။ လှန်၏။ ထိုးဆွ၏။ သူလုပ်နေပုံက ထမင်းကြော်နေသည်နှင့် မတူ။ အနာဟောင်းတစ်ခုအား ထိုးဆွနေသည်နှင့်တူ၏။ သို့သော် ကျွန်တော်သည် ထိုထမင်းကြော် ချိုရဲရဲကိုပင် ညစဉ်စားရသည်။

အလင်းပေါက် အလုပ်လုပ်ရသော ညများတွင် သန်းခေါင်ကျော် နာရီပြန်တစ်ချက်လောက်၌ နေ့ပိုင်း၌ပါ ပင်ပန်းသောဒဏ်များကြောင့် ငိုက်မျဉ်းစပြုလာ၏။ ညဥ့်ဦးယံက စားသောက်ဖြည့်တင်းခဲ့သော ညစာကလည်း ပျောက်ဆုံးသွားချေ၏။ ထိုအခါ လုပ်ဖော်ကိုင်ဖက်အားလုံးသည် ထိုဆိုင်ကလေးဆီကိုပဲ အာရုံရကြတော့သည်။

**ဈေးချိုတော်ရုံဟောင်းကြီးများအား ဖျက်သိမ်းထားသည့် ကွက်လပ်ကြီး**

ဆိုင်ကလေးက ၈၄ လမ်းနှင့် ၂၈ လမ်းထောင့်မှာရှိသည်။ ကျွန်တော်သည် ၈၄ လမ်းနှင့် ၂၈ လမ်းထောင့်ကို နေ့လယ်ပိုင်းများ၌ မည်သည့်အခါမျှ သတိမရသော်လည်း ညအခါ၌ ထိုနေရာပတ်ဝန်းကျင်တွင် စိတ်ဝင်စားမိသည်။ သို့မဟုတ် ပျော်မွေ့မိသည်။ ထိုအချိန်ရောက်မှ ထိုနေရာကို သတိထားမိ၏။ လက်ဖက်ရည်ဆိုင်ကလေး၏ မျက်နှာချင်းဆိုင်တွင် ဈေးချိုတော်ရုံဟောင်းကြီးများအား ဖျက်သိမ်းထားသည့် ကွက်လပ်ကြီးရှိသည်။ ကွက်လပ်ကြီး၏ ဟိုအနောက်ဘက်တွင် အဆင့်မြင့်ဈေးချိုတော်ရုံသစ်ကြီးကို လှမ်းမြင်ရသည်။ ဈေး ဝရန်တာတစ်လျှောက် မီးများ ထွန်းညှိထား၏။ တချို့နေရာက မီးလုံးကျွမ်းသောကြောင့် သို့မဟုတ် မီးလုံးမရှိသောကြောင့် အလင်းမရှိ...။

ဈေးချိုကွက်လပ်ကြီးကတော့ လမ်းမီးရောင်တချို့ကို မမျှမတ ခံယူထားသည်။ သည်ကွက်လပ်ကြီး၏ ပဟေဠိကို မန္တလေးသားတိုင်း စိတ်ဝင်စားကြသည်။ သည်ကွက်လပ်ကြီးမှာ မြောက်ဘက်ကလို အဆင့်မြင့်ဈေးသစ်ကြီး ဖြစ်မှာလား။ သို့မဟုတ် ဟော်တယ်ကြီးဖြစ်မှာလား။ စင်ကာပူလား၊ တရုတ်လား၊ အမျိုးမျိုး မှန်းဆနေကြ၏။ မိုးတွင်းမှာတော့ ရေအိုင်ကွက်ကြီးတွေရှိလို့ ကလေးတွေ ရေကူးကြသည်။ ညနေစောင်းမှာ L ရုံ သမံတလင်းဟောင်း၌ ပိုက်ကျော်ခြင်း ကစားနိုင်၏။ ကွက်လပ်ကြီး၏ အရှေ့ဘက်နှင့် တောင်ဘက်မှာ ကုန်ပစ္စည်းကြော်ငြာဆိုင်းဘုတ်ကြီးတွေရှိသည်။ ဆိုင်းဘုတ်ကြီးတွေ အောက်၌ မှောင်ရိပ်များက ညစဉ်ညတိုင်း တွယ်ကပ်နေ၏။

**၈၄ လမ်းမကြီးပေါ်တွင် သံဆန်ခါကြီးများ**

လက်ဖက်ရည်ဆိုင်ထဲက ပက်စီသောက်သော သနပ်ခါးဘဲကြားနှင့် သူရော အဲဒီ ဆိုင်းဘုတ်ကြီးတွေအောက် ရောက်ဖူးသလား။ ကျွန်တော်သည် မန္တလေး၏ ၈၄ လမ်း သို့မဟုတ် ဗိုလ်ချုပ်အောင်ဆန်းလမ်းမကြီးကို မည်သို့ပင် လျှင် ၂၂စီလမ်းက စတင်သည်ဆိုစေကာမူ နာရီစင်ဈေးချိုမှ စသည်ဟုပဲ စိတ်ထဲမှာ စွဲမှတ်နေသည်။ ယခင်က ဈေးချိုရှိ ၈၄လမ်းမကြီး အလယ်ခေါင်တွင် ကုက္ကိုပင်ကြီးတွေ ရှိခဲ့ဖူးသတဲ့။ သို့သော် ကျွန်တော်မမှတ်မိ။ အခုတော့ ဈေးချိုရှေ့က ၈၄ လမ်းမကြီးပေါ်တွင် သံဆန်ခါကြီးများလည်းရှိပါသည်။ လူကူးခုံးကျော်တံတားလည်း ရှိပါသည်။

နာရီစင်၏ မြောက်ဘက် ၈၄ လမ်းမပေါ် (၂၅/၂၆)လမ်းကြားမှာတော့ ယခင်က နာမည်ကျော် ဗန္ဓုလသက်န်းတိုက်ကြီးရှိ၏။ ဦးဆိုင်၏ ဗန္ဓုလသက်န်းသည် ၁၃၀၀ ပြည့်နှစ်လောက်ဆီက ပေါ်ပေါက်ခဲ့ပါသည်။ သက်န်းတိုက်ကြီးပေါ်မှာ ယခင်က ဆင်းကားစက် အလုံး ၁၀၀ ကျော်နှင့် သက်န်းများ ချုပ်သည်။ ထို့ပြင် နဘဲကြူးရပ်မှာ အရှေ့ပြင်နန်းရှေ့မှာလည်း သက်န်းချုပ်သော အလုပ်ရုံခွဲတွေ ရှိဖူးသည်။ ဦးဆိုင်၏ ဗန္ဓုလသက်န်းသည် ဝိနည်းနှင့်လည်းညီ ဟော်လန်ပိတ်အုပ်ကိုလည်းသုံး၊ ဆေးရောင်လည်းမှန်၊ ခိုင်လည်းခိုင်သောကြောင့် သံဃာတော်တိုင်းက လက်မလွတ်စတမ်း သုံးစွဲကြလေ၏။ ထိုခေတ်က ဗန္ဓုလသက်န်း နာမည်ကျော်ပုံမှာဖြင့် လေဘာတီမမြရင်၏ "အလှူ့ဒကာ" သီချင်း၌ပင် ယခုကဲ့သို့ စပ်ဆိုထားပါသည်။

"မေးနေစရာ လိုမယ်မထင် မယ်ရင်မပြောဘဲ သဘောက အကုန်လုံးလင်၊ သူ့တွေ့မှာ ဆုံမယ်လေ အလှူပေးတဲ့ရက် မနက်က မလာဘူးရှင်၊ ဗန္ဓုလသက်န်းဆိုင်တွင် သူကိုယ်တိုင်ပဲဝင် လူမြင်မှာရှက်လို့တော် ရေစက်ချတောင် ခဏမလာ ပေါင်ရှင်"

**"အုတ်ကာသွပ်မိုး" "၁၂၆၅"**

တကယ်တော့ ၈၄ လမ်းမကြီးသည် ဈေးချိုတော်ကြီး၏ ဖွားဖက်တော်ဖြစ်၏။ ဈေးချိုဆိုသည်မှာ ယခင်က "ဈေးကြို" ဖြစ်ကြောင်း၊ တည်ဆောက်သော ခုနှစ်မှာ "အုတ်ကာသွပ်မိုး" "၁၂၆၅" ဖြစ်ကြောင်း၊ အီတာလျံမင်းသား ဗိသုကာ ကောင့်ကာလာတတီ ဖြစ်ကြောင်း အထူးတလည်တော့ ပြောစရာမလိုတော့ပြီ။ ထိုဈေးချိုတော် အဆောက်အအုံကြီးလည်း ယခုအခါ မရှိတော့။ ဤသို့ဖြင့် ကြာလျှင် မေ့ကြရုံပဲပေါ့။ ဟုတ်သည် ၁၆-၆-၉၁ နေ့က အုတ်မြစ်ချတည်ဆောက်သော လက်ရှိ ဈေးချိုတော် အဆင့်မြင့်ရုံသစ်ကြီးကိုပဲ ယနေ့မြင်နေကြရပြီ မဟုတ်လော။ ထိုဈေးချိုအဆင့်မြင့်ရုံသစ်ကြီးသည် အလျား ၃၆၈ ပေ၊ အနံ ၄၆၄ ပေ နှင့် ခြောက်လက်မတိတိ ရှိသတဲ့။ အလယ်ရုံကြီး ခြောက်ထပ်နှင့် ဘေးခုနစ်ရုံ လေးထပ်ရှိသတဲ့။ အရှေ့ဘက်က လေးထပ်တိုက်တန်းကြီးကလည်း ၁၉၉၁ခုနှစ်မှာ ဖွင့်သတဲ့။ အလျား ၄၉၂ပေ၊ အနံ ၄၈ ပေ ၆ လက်မ ရှိသတဲ့။ ထိုကိန်းဂဏန်းများကိုပဲ ကျွန်တော်တို့ မှတ်သားမိသည်။

အရင်ကတော့ အရှေ့ဘက်က တိုက်တန်းဟောင်းကြီးကို တိုက်တန်းကြီး ခေါ်၏။ ယခု မြို့တော်ခန်းမ ၂ တည်ဆောက်ထားသည့်နေရာတွင် ရှိခဲ့ဖူးသော တိုက်တန်းကို တိုက်တန်းလေးဟု ခေါ်ခဲ့ဖူးသည်။ တိုက်တန်းကြီးတွင် မနော်ဟရီ သွေးဆေး ရှိဖူးသည်။ ခေတ်ဆန်းပရိဘောဂရှိဖူးသည်။ နဂါးနီပိုးထည်တိုက်ရှိဖူးသည်။ တြိဘောဂစတိုးရှိသည်။ ဗမာ့ကုန်စုံပွဲရုံရှိသည်။ စာပေသဘင်ရှိသည်။ ဖွာဓူလာနန်ဂျီ ပန်းကန်ဆိုင်ကြီးရှိသည်။ တိုက်တန်းကြီး သုံးခန်းတွဲကို တွဲ၍ ဖွင့်လှစ်ထား၏။ ထို့ပြင် ဦးစမူသားကိုစု စာရေးကိရိယာဆိုင်လည်းရှိသည်။

**ပြည်တွင်းစစ်ကြောင့် တိုင်းပြည်လူထု နာခဲ့ရသဖြင့်**

ဈေးချိုတော်ကြီး၏ မြောက်နား ၈၄ လမ်းမကြီး၏ အရှေ့ဘက် ၂၄နှင့် ၂၅ လမ်းကြားတွင် ဓားတန်းဝင်းဆိုတာရှိသည်။ ထိုဓားတန်းဝင်းကလည်း ဈေးချိုတော်နှင့် အတူ ၈၄လမ်းနှင့်အတူ ထင်ရှားကျော်ကြားသည်။ ယခင်က ဆိုင်းတန်းဧရာဝတီစာရေးကြီး ဦးမြသိန်းအိမ်မှာ စတည်းချစတင်ခဲ့သော မြို့မတူရိယာအသင်းသည် ဓားတန်းဝင်းကြီးတွင် လူလားမြောက်ခဲ့၊ အရွယ်ရောက်ခဲ့၊ အောင်မြင်ခဲ့၊ ရှုံးနိမ့်ခဲ့၊ ပြန်လည်ရှင်သန်ခဲ့သည်။ ကျွန်တော်မသိမီခဲ့ရသော ၁၉၂၅ ခုနှစ်လောက်ဆီကဖြင့် ၂၂လမ်းနှင့် ၂၈လမ်းကြား ၈၄ လမ်းမကြီးပေါ်မှာ ဈေးချိုအနီးနားက အိန္ဒိယနွယ်ဖွားသူဌေးများ၏ ကုန်ကားကြီးတွေပေါ် ရေစည်ရေပိုင်းများတင်ပြီး သင်္ကြန်အခါတွင်းတွင် ရေပက်ခံခဲ့ကြ၏။ ထိုအချိန်မှစတင်၍ သင်္ကြန်ကို ကားနှင့် လည်ပတ်ခြင်း စသည် ဟု ပြောစမှတ်ပြုခဲ့ကြသည်။ ထိုကိစ္စကို ၈၄ လမ်းမကြီး မှတ်မိပါလိမ့်မည်။

တကယ်တော့ ၂၆ လမ်းနှင့် ၂၈ လမ်းကြား ၈၄ လမ်းမကြီးသည် သမိုင်းပေါင်းများစွာကို ပြောပြနိုင်ပါသည်။ သည်နေရာမှာ လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်ရင်း နယ်ချဲ့သေနတ်ဖျား အသက်ပျောက်ခဲ့ရသည့် မန္တလေး အာဇာနည် ၁၇ ဦး၏ အလောင်းတင်ရထားများလည်း မျက်ရည်လည်ရွှဲလူအုပ်ကား တရွေ့ရွေ့ ဖြတ်သွားဖူးသည်။ ထို့အတူ ပြည်တွင်းစစ်ကြောင့် တိုင်းပြည်လူထုနာခဲ့ရသဖြင့် ငြိမ်းချမ်းရေးအတွက် ဆန္ဒပြသဘောထားပြုကြမည့် လူထုကြီးလည်း ဖြတ်သွားဖူးသည်။ မန္တလေးမြို့၏ အစည်ကားဆုံး အသုဘအခမ်းအနားဟု တွင်ကျန်ရအောင် စည်ကားလှသော က,ရင်းသေသည့် ရွှေမန်းတင်မောင်၏ ဈာပနအခမ်းအနား မြင်ကွင်းကိုလည်း ဤနေရာတွင် မြင်လိုက်ဖူးသည်။

**ဈေးချိုညဈေးတန်း**

ထိုနေရာ ၈၄ လမ်းသည် မန္တလေး၏ အညှာဖြစ်၏။ အသည်းနှလုံးဖြစ်၏။ အသက်သွေးကြောဖြစ်၏။

နောက်တော့ ၁၉၅၉ ခုနှစ် ရောက်သောအခါ ဈေးချိုညဈေးတန်းကို ဤနေရာတွင် စတင်ဖွင့်လှစ်ခဲ့သည်။ ၁၈-၂-၅၉ နေ့တွင် ဖွင့်လှစ်၏။ ညဈေးတန်းကို ညနေ ၅ နာရီခွဲမှ ည ၁၂ နာရီအထိ ဖွင့်လှစ်ခွင့်ပြုခဲ့လေသည်။ ၆ ပေ ၈ ပေ ဆိုင်ခန်းများ ချထားပေး၏။

စာမျက်နှာ ၂၂ သို့ ❁

**မိုးလင်းမိုးချုပ် ကိုယ့်အိမ်မှာကိုယ် အတတ်နိုင်ဆုံး အိမ်တွင်းအောင်းနေကြရချိန်တွင် လူ့သဘာဝအတိုင်း လွတ်လွတ်လပ်လပ်နေရစဉ်ကာလက အမှတ်တရလေးတွေကို သတိရမိပါသည်။ အထူးသဖြင့် အလင်းဆိုင်ဟုခေါ်သည့် ညအလင်းပေါက် ဖွင့်လှစ်သည့် လက်ဖက်ရည်ဆိုင်တွင် လွတ်လပ်အေးချမ်းစွာ စားသောက်ခဲ့ရသည့် အတွေ့အကြုံများကို သတိရ . . .**

## မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံ နေရပ်ပြန်ပြည်သူများထားရှိမည့် စောင့်ကြည့်ရေးစခန်းများ စီစဉ်ဆောင်ရွက်ထားမှုအခြေအနေ ကြည့်ရှုစစ်ဆေး



**မုဒုံ မေ ၂၆**
မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ အေးဇံနှင့်အဖွဲ့သည် ယနေ့ နံနက် ၉ နာရီခွဲက မုဒုံမြို့နယ်အတွင်း မေ ၂၀ ရက်နောက်ပိုင်း ပြည်ပနိုင်ငံမှ ပြန်လည်ဝင်ရောက်လာမည့် နေရပ်ပြန် ပြည်သူများအား ကန့်သတ်စောင့်ကြည့် ထားရှိနိုင်ရေးအတွက် အ.ထ.က (ကမာဝက်)ကျောင်းသို့ သွားရောက်စစ်ဆေးသည်။

မွန်ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မုဒုံမြို့နယ်ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးစောထွန်း၊ မုဒုံမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်ဇော်ဦးနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ တာဝန်ရှိသူများနှင့်အတူ အ.ထ.က(ကမာဝက်)ကျောင်းတွင် နေရပ်ပြန်ပြည်သူများကို ၂၁ ရက်ကြာထားရှိနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ထားမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**အောင်မျိုးသူ(ပြန်/ဆက်)**

## ကလေးမြို့ ဘိုးဘွားရိပ်သာနှင့် ပရဟိတကျောင်းများသို့ စားသောက်ကုန်ပစ္စည်းများ ပေးအပ်လှူဒါန်း

**ကလေး မေ ၂၆**
စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်၌ သီတဂူဆရာတော်ကြီး ဒေါက်တာ အရှင် ဉာဏိဿရ (ကမ္ဘာ့သာသနာပြု သီတဂူဆရာတော်ကြီး)က ကိုဗစ်-၁၉ ရောဂါကာလအတွင်း ဘိုးဘွားရိပ်သာနှင့် ပရဟိတကျောင်းများတွင် ဖွင့်လှစ်ထားရှိသော ဂေဟာများရှိ ပြည်သူများ ရိက္ခာပြတ်လပ်မှုမရှိဘဲ နေထိုင်စားသောက်မှု ပိုမိုအဆင်ပြေစေရန်အတွက် (၁)ဦးလျှင် ဆန်(၁)အိတ်၊ ဆီ (၅၀)ကျပ်သား၊ ကြက်သွန်(၁)ပိဿာ၊ ဆား (၅၀)ကျပ်သား၊ ပဲ(၃)ပိဿာနှုန်းဖြင့် အခြေခံစားသောက်ကုန်(၅)မျိုးတို့ကို မေ ၂၅ ရက် ညနေပိုင်းက ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ကလေးမြို့ ချမ်းမြေ့အောင်စည်ရပ်ကွက် နယ်မြေ(၁၃) ရှိ ဘိုးဘွားရိပ်သာနှင့် မြို့နယ်အတွင်းရှိ ပရဟိတဂေဟာ ၁၉ ခုရှိ အမျိုးသား ၂၅၉ ဦး၊ အမျိုးသမီး ၂၂၅ ဦး စုစုပေါင်း ၄၈၄ ဦးတို့အတွက် ဆန်တစ်တင်းအိတ် ၄၈၄ အိတ်၊ ဆီတစ်ပိဿာဘူး ၄၈၄ ဘူး၊ ကြက်သွန်နီ ၄၈၄ ပိဿာ၊ ဆား ၂၄၂ ပိဿာ၊ ပဲ ၁၄၅၂ ပိဿာတို့ကို ကလေးမြို့ မဟာသန္တာရုံကျောင်းတိုက် သီတဂူအာရောဂျဒါနဆေးရုံတော် စောင့်ရှောက်ရေးအဖွဲ့ အုပ်ချုပ်ရေးမှူး ဆရာတော်ကြီး ဘဒ္ဒန္တပုညသေဋ္ဌနှင့်အတူ ကလေးခရိုင်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ချိုနှင့် ကလေးမြို့ သီတဂူအာရောဂျဒါနဆေးရုံတော်ကြီး၏ ဦးဆောင်ဦးရွက်ပြုသူ ဆေးရုံတာဝန်ခံ ဦးငွေအောင်တို့က သီတဂူဆရာတော်ကြီးကိုယ်စား လိုက်လံလှူဒါန်းပေးပို့ခဲ့ကြကြောင်း သိရသည်။

**ချင်းတွင်းသား**

## ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုထိန်းချုပ်နိုင်ရေး အသိပညာပေးလုပ်ငန်းများဆောင်ရွက်

**ထားဝယ် မေ ၂၆**
တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့တွင် မြန်မာနိုင်ငံကြက်ခြေနီ တပ်ဖွဲ့ဝင်များက ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှု ထိန်းချုပ်နိုင်ရေး အသိပညာပေးလုပ်ငန်းများကို ယနေ့ နံနက်ပိုင်းက ထားဝယ်မြို့ရှိ လူစည်ကားရာ နေရာများတွင် အရှိန်အဟုန်မြှင့်ဆောင်ရွက်ပေးလျက်ရှိသည်။

ထားဝယ်မြို့နယ် ကြက်ခြေနီတပ်ဖွဲ့မှူး ဦးကိုကိုနိုင်နှင့် အဖွဲ့များက အိမ်မှာနေပေးကြပါ၊ အပြင်ထွက်သည့်အခါတိုင်း နှာခေါင်းစည်းတပ်ကြပါ၊ ဆပ်ပြာဖြင့် လက်ကို မကြာခဏဆေးပါ၊ တစ်ဦးနှင့်တစ်ဦး ခြောက်ပေအကွာတွင်နေထိုင်ပါစသည့် အသိပညာပေးပိုစတာများကိုင်ဆောင်၍ ဈေးများ၊ လမ်းဆုံလမ်းခွများနှင့် ရပ်ကွက်များသို့ လှည့်လည်၍ လည်းကောင်း အသံချဲ့စက်များဖြင့် ပြည်သူလူထုသိရှိလိုက်နာရမည့်အချက်များကို လိုက်လံအသိပေး နှိုးဆော်လျက်ရှိကြောင်း သိရသည်။

**ထားဝယ်ခရိုင် (ပြန်/ဆက်)**






## ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများ ပေးအပ်လှူဒါန်း

**ညောင်ဦး မေ ၂၆**
အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို မေ ၂၅ ရက် နံနက် ၉ နာရီခွဲက ညောင်ဦးမြို့ ပြည်သူ့ဆေးရုံကြီးရုံးခန်းမ၌ ကျင်းပသည်။

အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်စွာလင်းနှင့်အဖွဲ့ဝင်များသည် မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့ပြည်သူ့ဆေးရုံကြီးအတွက် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးလုပ်ငန်းများတွင်အသုံးပြုရန် တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံ ၂၀၀၊ Surgical Mask ၃၀၀၀၊ N 95 Mask ၁၀၀၊ လက်အိတ် ၁၀၀၀ နှင့် ညောင်ဦးမြို့ အမှတ်(၃) ရပ်ကွက်ရှိ ကိုကိုညီညီတည်းခိုခန်းနှင့် ပုဂံမြို့ဈေးဟောင်း သုတေသနရိပ်သာတို့တွင် ကန့်သတ်စောင့်ကြည့်ဝင်ရောက်လျက်ရှိသော ဝန်ထမ်းများအတွက် ဆန်(၃)အိတ်၊ ဆီ(၅)ပိဿာ၊ ပဲ (၁၀) ပိဿာ၊ ကြက်ဥအလုံး (၂၀၀)၊ ကော်ဖီမစ်(၅)ထုပ်၊ တီးမစ်(၅)ထုပ်တို့ကို ပေးအပ်လှူဒါန်းရာ ခရိုင်အဆင့် ကိုဗစ်- ၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်အုန်းနှင့်အဖွဲ့ဝင် ဆေးရုံအုပ်ကြီး ဒေါက်တာအောင်အောင်တို့က လက်ခံရယူခဲ့ကြောင်း သိရသည်။

**ကျော်မင်းဦး**
**(ရေနံချောင်း)**

## မန္တလေးမြို့ရှိ စက်ရုံ၊ အလုပ်ရုံများ ပြန်လည်စတင်နိုင်ရေး ပဏာမစစ်ဆေးမှုများဆောင်ရွက်

**မန္တလေး မေ ၂၆**
မန္တလေးမြို့ရှိ စက်ရုံ၊ အလုပ်ရုံများ ပြန်လည်စတင်နိုင်ရေး သတ်မှတ်ချက်များနှင့်ကိုက်ညီမှုရှိ-မရှိပဏာမစစ်ဆေးမှုများကို စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း မန္တလေးစက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်လှက ပြောကြားသည်။

ပြည်ထောင်စုအစိုးရအဖွဲ့ကလုပ်ငန်းများ ပြန်လည်စတင်နိုင်ရေးအတွက် ဦးစားပေးကဏ္ဍလက်အောက် ဆေးဝါးထုတ်လုပ်ရေး စက်ရုံများ၊ စားသောက်ကုန်ထုတ်လုပ်သည့် စက်ရုံ၊ အလုပ်ရုံများနှင့် အခြားကျန်းမာရေးလိုအပ်ချက်များနှင့်ကိုက်ညီပြီး ဖွင့်လှစ်ရန် အသင့်ဖြစ်နေသောစက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများအတွက် သတ်မှတ်ချက် ၁၀ ချက်ရှိပြီး အဆိုပါအချက်များနှင့်ကိုက်ညီမှုရှိ-မရှိ ပဏာမစစ်ဆေးခြင်းဖြစ်ကြောင်း သိရသည်။

"လုပ်ငန်းများပြန်လည်စတင်နိုင်ရေး စက်ရုံ၊ အလုပ်ရုံတွေပေါ် မူတည်ပြီး စစ်ဆေးပေးသွားမှာပါ၊ လက်ရှိတင်ပြထားတဲ့ စက်ရုံတွေကို စစ်ဆေးပေးနေတာပါ၊ အဓိကကတော့ ကျန်းမာရေးနဲ့ပတ်သက်ပြီး ကိုက်ညီမှုရှိ-မရှိ စစ်ဆေးတာပါ၊ မနေ့ကအဖွဲ့နှစ်ဖွဲ့ခွဲပြီး စစ်ဆေးတာဆိုတော့ စားသောက်ကုန်နဲ့ ပတ်သက်တဲ့ စက်ရုံ၊ အလုပ်ရုံ ၁၅ ရုံလောက် စစ်ဆေးနိုင်ခဲ့တယ်၊ ဒီနေ့တော့ လူအင်အားတိုးချဲ့ကာအဖွဲ့ငါးဖွဲ့ခွဲပြီး စစ်ဆေးနေပါတယ်၊ ဒီနေ့မနက်ပိုင်းအထိ အဆင်သင့်ပြင်ဆင်ပြီး စစ်ဆေးခံဖို့တင်ပြထားတဲ့ စက်ရုံ၊ အလုပ်ရုံပေါင်းက ၁၀၀ ကျော်ပဲရှိပါတယ်၊ လက်ရှိမှာလည်း အဆင်သင့်ပြင်ဆင်ပြီး စစ်ဆေးခံဖို့ လာရောက်တင်ပြနေတဲ့ စက်ရုံတွေလည်း ရှိပါတယ်" ဟု မန္တလေးစက်မှုဇုန်စီမံခန့်ခွဲရေး ကော်မတီဥက္ကဋ္ဌ ဦးခင်မောင်လှက ပြောကြားသည်။

အဆိုပါစစ်ဆေးရေးအဖွဲ့တွင် တိုင်းဒေသကြီးအစိုးရက ဖွဲ့စည်းပေးထားသော စက်ရုံ၊ အလုပ်ရုံများ စစ်ဆေးရေးအဖွဲ့ဖြစ်သည့် စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျန်းမာရေးဌာန၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ စက်မှုကြီးကြပ်ရေးအဖွဲ့များပါဝင်ကြောင်း သိရသည်။

ပြည်ထောင်စုအစိုးရက လုပ်ငန်းများအတွက် သတ်မှတ်ထားသည့် အချက်များမှာ နေအိမ်တွင် အလုပ်လုပ်နိုင်ရန် ဖြစ်နိုင်သောအလုပ်သမားကို နေအိမ်များ၌သာ အလုပ်လုပ်စေရန် စီစဉ်ထားခြင်းရှိ-မရှိ၊ တိကျသော ခြောက်ပေအကွာအဝေးများကို ကြမ်းပြင်ပေါ်အမှတ်အသားပြုလုပ်ထားခြင်းရှိ-မရှိ၊ အလုပ်သမားတိုင်းအတွက် ပါးစပ်နှင့် နှာခေါင်းစည်း၊ လက်အိတ်များတပ်ဆင်ရန် ညွှန်ကြားထားခြင်းနှင့် လုံလောက်စွာထောက်ပံ့ပေးထားခြင်းရှိ-မရှိ၊ ကိုဗစ်-၁၉ ရောဂါလက္ခဏာများပြသပါက လုပ်ငန်းခွင်သို့ မဝင်ရောက်စေဘဲ ကျန်းမာရေးဌာနသို့ သွားရောက် ဆေးကုသမှုခံယူစေခြင်းရှိ-မရှိ၊ ဝန်ထမ်းကြို/ပို့ယာဉ်များအား အမည်နှင့်ယာဉ်တွဲ၍ ထိုင်ခုံနေရာသတ်မှတ်ထားခြင်းရှိ-မရှိ၊ လုပ်ငန်းခွင် ဝင်/ထွက်ပေါက်များတွင် ကိုယ်အပူချိန်တိုင်းတာသည့် စက်များရှိ-မရှိ၊ ခြေဖြင့်နင်း၍ အဖွင့်၊ အပိတ် လုပ်နိုင်သည့် လက်ဆေးကန်များ ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ အမှိုက်ပုံးများကို အလုံအလောက်ထားရှိပေးခြင်း၊ အမှိုက်သိမ်းဆည်းခြင်းနှင့် စနစ်တကျစွန့်ပစ်ခြင်းတို့အတွက် စီစဉ်ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ ထမင်းစားခန်း၊ နားနေခန်းများ စီစဉ်ထားရှိမှုအခြေအနေများနှင့် လုပ်ငန်းခွင် လေဝင်/လေထွက်ကောင်းမွန်အောင် စီစဉ်ထားမှုအခြေအနေများပါဝင်ကြောင်း သိရသည်။

**သန်းဇော်မင်း (ပြန်/ဆက်)**

## ကိုဗစ်-၁၉ ရောဂါပိုး ရှိ-မရှိ စစ်ဆေးမည့်စက် မန္တလေးမြို့သို့ရောက်ရှိ

**မန္တလေး မေ ၂၆**
စင်ကာပူနိုင်ငံမှ လှူဒါန်းသော ကိုဗစ်-၁၉ ရောဂါပိုး ရှိ-မရှိ ဓာတ်ခွဲစစ်ဆေးမည့်စက် စင်ကာပူနိုင်ငံမှ မန္တလေးမြို့သို့ ရောက်ရှိလာပြီး ဓာတ်ခွဲခန်းပြင်ဆင်မှုများ ဆောင်ရွက်လျက်ရှိကာ မေလကုန်တွင် စတင်စစ်ဆေးနိုင်မည်ဟု ခန့်မှန်းထားကြောင်း မန္တလေးတိုင်းဒေသကြီး ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစိုင်းပန်းဆိုင်က ပြောကြားသည်။

"ကိုဗစ်-၁၉ ရောဂါပိုးရှိ-မရှိစစ်ဆေးမယ့် ဓာတ်ခွဲခန်းကို မန္တလေးမြို့ မဟာအောင်မြေမြို့နယ် ၃၅ လမ်းရှိ ယခင် FDA ဓာတ်ခွဲခန်းနေရာမှာ ထားရှိသွားမှာပါ။ တိုင်းဒေသကြီးအစိုးရအနေနဲ့ အပူတပြင်းလုပ်ဆောင်နေပါတယ်။ ကိုဗစ်-၁၉ ရောဂါပိုးရှိ-မရှိ ဓာတ်ခွဲခန်းနေရာ အတွင်းပိုင်းပြင်ဆင်မှုတွေလုပ်ဆောင်နေပါတယ်။ လိုအပ်တဲ့ဓာတ်ခွဲခန်းသုံးပစ္စည်းတွေ မှာယူထားပါတယ်။ တိုင်းဒေသကြီးအတွက်ရော၊ တစ်နိုင်ငံလုံးအတွက်ရော သုံးနိုင်အောင် မျှော်မှန်းထားပြီး မေလကုန်လောက်မှာ စတင်စစ်ဆေးနိုင်မယ်လို့ ခန့်မှန်းထားပါတယ်" ဟု ၎င်းက ပြောကြားသည်။

လက်ရှိတွင် မန္တလေးတိုင်းဒေသကြီးနှင့် အခြားဒေသများမှ ပိုးစစ်ဆေးရန် လူနာ၏ ဓာတ်ခွဲနမူနာများကို ရန်ကုန်သို့ ပို့ဆောင်ပေးနေရသဖြင့် အချိန်ပေးရကြောင်း၊ မန္တလေးမြို့တွင် စစ်ဆေးနိုင်ပါက အထက်မြန်မာပြည်အတွက် အချိန်နှင့်အမျှ စစ်ဆေးမှုများ ပိုမိုလုပ်ဆောင်နိုင်မည်ဖြစ်ပြီး ဓာတ်ခွဲစစ်ဆေးမည့် ကျန်းမာရေးဝန်ထမ်းများကိုလည်း သင်တန်းပေးထားပြီးဖြစ်ကြောင်း သိရသည်။

မန္တလေးမြို့တွင် ကိုဗစ်-၁၉ ရောဂါပိုးရှိ-မရှိ ဓာတ်ခွဲစစ်ဆေးနိုင်ရန် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီး ကုသရေးနှင့်ပြည်သူ့ကျန်းမာရေးဦးစီးဌာန အမျိုးသားကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာန NHL နှင့် သက်ဆိုင်ရာအဖွဲ့အစည်းများ ပူးပေါင်း၍ အမြန်ဆုံးစစ်ဆေးနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း တိုင်းဒေသကြီး ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဒေါက်တာသင်းသင်းနွယ်ထံမှ သိရသည်။

**သန်းဇော်မင်း**
**(ပြန်/ဆက်)**

## ဟားခါးမြို့၌ အသိပညာပေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်

**ဟားခါး မေ ၂၆**
ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးနှင့်အရေးပေါ်ကာလအတွင်း အပြင်မထွက်ဘဲ အိမ်မှာနေကြရန်နှင့် မဖြစ်မနေအပြင်ထွက်ရပါက နှာခေါင်းစည်းများ တပ်ဆင်သွားလာကြရန် မေ ၂၅ ရက် နံနက် ၉ နာရီက ဟားခါးမြို့နယ် ဌာနဆိုင်ရာ တာဝန်ရှိသူများက ပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည်။

ချင်းပြည်နယ် ဟားခါးမြို့တွင် ဗိုလ်ချုပ်လမ်းမကြီး တစ်လျှောက် လမ်းဆုံနေရာများဖြစ်သော ပြည်သူ့ဆေးရုံလမ်းဆုံနှင့် ဟားခါးမြို့အထွက် ဟားခါး-ထန်တလန်လမ်းဆုံနေရာများ၌ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကဦးဆောင်၍ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ချင်းပြည်နယ်အစိုးရအဖွဲ့တို့က ထုတ်ပြန်ကြေညာထားသောပြည်သူများထံပန်ကြားချက်၊ ညွှန်ကြားချက်များကို လေးစားလိုက်နာကြရန် အသိပညာပေးဆွေးနွေးခြင်း၊ လက်ကို မကြာခဏဆေးပေးရန်နှင့် ကျန်းမာရေးပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း စသည့်အသိပညာပေးလုပ်ငန်းများကို နေ့စဉ်ဆောင်ရွက်လျက်ရှိသည်။

ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်ကာလအတွင်း အပြင်မထွက်ဘဲ အိမ်မှာနေကြရန်၊ မဖြစ်မနေအပြင်ထွက်ရပါက နှာခေါင်းစည်းတပ်ဆင်သွားလာကြရန်နှင့် လိုက်နာမှုမရှိသူများကိုလည်း အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **မြင့်နိုင်စိုး(ပြန်/ဆက်)**



## မြိတ်မြို့၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်နိုင်ရေး ဆွေးနွေး

**မြိတ် မေ ၂၆**
တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်နိုင်ရေးအတွက် မေ ၂၅ ရက် နံနက် ၁၁ နာရီက မြိတ်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ကျွန်းရတနာ အစည်းအဝေးခန်းမ၌ တိုင်းဒေသကြီး ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်/မြို့နယ်ကော်မတီအဖွဲ့ဝင်များတွေ့ဆုံ၍ ဆွေးနွေးခဲ့ကြသည်။

ထို့နောက် မြိတ်ခရိုင်အတွင်း မြို့နယ်များအလိုက် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို ကော်မတီအလိုက် ဆောင်ရွက်နေမှု၊ မြို့နယ်အလိုက် နေရပ်ပြန်များကို ကန့်သတ်စောင့်ကြည့်စခန်းများ ဆောင်ရွက်ထားရှိပြီး စောင့်ကြပ်ကြည့်ရှုဆောင်ရွက်မှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ဦးက ဆွေးနွေးခဲ့သည်။

ဆက်လက်၍ တက်ရောက်လာကြသည့် လွှတ်တော်ကိုယ်စားလှယ်နှင့် ခရိုင်/ မြို့နယ် ကော်မတီဝင်များက ကဏ္ဍအလိုက် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးလုပ်ငန်း လိုအပ်ချက်များကို ဆွေးနွေးတင်ပြခဲ့ကြရာ တိုင်းဒေသကြီး ကိုဗစ်-၁၉ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီဝင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဒေါ်ရီရီချိုနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီး ဦးကျော်မင်းတို့က ပေါင်းစပ်ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

တနင်္သာရီတိုင်းဒေသကြီးတွင် လက်ရှိအချိန်အထိ ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိလူနာမရှိကြောင်း တိုင်းဒေသကြီး ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီမှ သိရသည်။

**ခိုင်ထူး(ပြန်/ဆက်)**



နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိရပ်ကွက် ချယ်ရီဈေးကားပါကင်နေရာရှိ ပျံကျဈေးအား ကိုဗစ်-၁၉ ရောဂါကာကွယ် နိုင်ရန် ယာယီဈေးအဖြစ် ပြောင်းရွှေ့မည့် ဆိုင်ခန်းနေရာများကို မေ ၂၅ ရက်က တွေ့ရစဉ်။
သန်းနိုင်(ဇမ္ဗူသီရိ)

## ပွင့်ဖြူမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်

**ပွင့်ဖြူ မေ ၂၆**
မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ပူးပေါင်း၍ မေ ၂၅ ရက် နံနက် ၁၀ နာရီက လူအသွားအလာများသော လေးတိုင်စင်လမ်းဆုံနေရာတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး၊ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ကြပ်မတ်စစ်ဆေး ခြင်းနှင့် နှာခေါင်းစည်းဖြန့်ဝေပေးခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

မြို့တွင်းဖြတ်သန်းသွားလာသော ဆိုင်ကယ်များ၊ ယာဉ်များနှင့် သုံးဘီးဆိုင်ကယ် မောင်းနှင်သွားလာကြသူများကို တတ်နိုင်သမျှမိမိတို့နေအိမ်များတွင်သာနေထိုင်သွားကြရန်၊ မဖြစ်မနေအပြင်သို့ သွားလာရပါကလည်း နှာခေါင်းစည်းနှင့် လက်အိတ်များ စနစ်တကျဝတ်ဆင်၍ သွားလာကြရန်နှင့် ယာဉ်အန္တရာယ်ကင်းဝေးစေရေး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများနှင့်အညီ သိရှိ လိုက်နာဆောင်ရွက်ကြရန်၊ ဆိုင်ကယ်စီးဦးထုပ်များ ဆောင်း၍ စီးနင်းသွားလာကြရန် အသိပညာပေး ဆွေးနွေးဟောပြောပြီး နှာခေါင်းစည်းမပါသော ပြည်သူများကို နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

"အခုကာလမှာတော့ ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်း ဆောင်ရွက်နေတဲ့ကာလမှာ ဒေသခံပြည်သူတွေ Stay Home နေထိုင်သွားစေဖို့၊ မလိုအပ်ဘဲ အပြင်သွားလာမှုတွေ မပြုလုပ်စေဖို့နဲ့ မဖြစ်မနေအပြင်ကိုသွားလာရာမှာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများအတိုင်း စနစ်တကျသွားလာစေရန်ရည်ရွယ်ပြီး ဆောင်ရွက်ခြင်းဖြစ်ပါတယ်" ဟု ပွင့်ဖြူမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဇော်ဇော်က ပြောသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

## ခန္တီးမြို့နယ် နန်စီပွန်ဒေသ၌ ပိုးသတ်ဆေးဖျန်း

**ခန္တီး မေ ၂၆**
စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့နယ် နန်စီပွန်ဒေသတွင် သီးသန့်စောင့်ကြည့်ထားသည့် ကျောက်မျက်ရှေ့တန်းရုံး၊ ဓမ္မာရုံနှင့် ရာစုပန်းတိုင်ကျောက်မျက်ကုမ္ပဏီဆောင်တို့ကို မေ ၂၄ ရက်က ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်း ဆောင်ရွက်ခဲ့သည်။

ခန္တီးမြို့နယ် မီးသတ်ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးပြည့်စုံအောင်နှင့် ရုံးဝန်ထမ်းများ၊ ဒုမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖိလစ်ဝင်း၊ ဗိုလ်ကြီးမင်းသစ်ဇော်နှင့် တပ်မတော်သားများ၊ ကျန်းမာရေးဝန်ထမ်းများ စုပေါင်းလျက် ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**စနေမောင်မောင်(ခန္တီး)**



## ကျောက်ပန်းတောင်းမြို့နယ် စည်ပင်သာယာရေးကော်မတီ ပျံ့ကျဈေးသည်များအား စနစ်တကျနေရာချထားပေး

**ကျောက်ပန်းတောင်း မေ ၂၆**
မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် စည်ပင်သာယာရေးကော်မတီက ကိုဗစ်-၁၉ ရောဂါကူးစက်မှုမရှိစေရေးနှင့် လူစုလူဝေးမဖြစ်ပေါ်စေရေးအတွက် တမွ၀တီဈေးသစ်ကြီးတွင် ပျံ့ကျဈေးသည်များအား စနစ်တကျ နေရာချထားပေးလျက်ရှိကြောင်း သိရသည်။

ကျောက်ပန်းတောင်းမြို့တွင် မြို့မစည်ပင်သာယာဈေးနှင့် တမွ၀တီဈေးသစ်ဟူ၍ ဈေးနှစ်ဈေးရှိသည့်အနက် ယခင်က မြို့မစည်ပင်သာယာဈေးကြီးအနီးတွင်သာ ပျံ့ကျဈေးသည်များ စုပြုံရောင်းချလေ့ရှိကြပြီး တမွ၀တီဈေးသစ်တွင် နေရာထိုင်ခင်းအဆင်ပြေသော်လည်း လာရောက်ရောင်းချမှုနည်းပါးကြောင်း သိရသည်။

ယခုအခါ မြို့မပျံ့ကျဈေးသည်များအား တမွ၀တီဈေးသစ်ကြီးတွင် ခြောက်ပေခြားစီနေရာသတ်မှတ်ပြီး စနစ်တကျနေရာချထားပေးခြင်း၊ နှာခေါင်းစည်းများတပ်ဆင်ရောင်းချစေခြင်းများ စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ထိုသို့စီစဉ်ဆောင်ရွက်ရာတွင် ပျံ့ကျဈေးသည်များ အမိုးအကာရရှိစေရန်အတွက် ကိုဗစ်-၁၉ Volunteer (Kyaukpadaung)က ထီး ၁၀ လက်နှင့် Mytel Business Centre (Kyaukpadaung) က ထီးအလက် ၈၀ ပံ့ပိုးလှူဒါန်းခဲ့ရာ ယခုအခါ ပျံ့ကျဈေးသည်စုစုပေါင်း ၃၀၀ ခန့်မှာ အမိုးအကာများဖြင့် စနစ်တကျရောင်းချလျက်ရှိကြောင်းသိရပြီး တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဆွေဦးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမင်းအောင်၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးဖြိုးတင့်ခိုင်တို့က မေ ၂၃ ရက် နံနက်ပိုင်းက ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ကိုနေ(ကျောက်ပန်းတောင်း)**




## ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ခရီးသည်တင်လေယာဉ်များ ပြေးဆွဲခွင့် ရပ်ဆိုင်းခြင်းကာလ ထပ်မံတိုးမြှင့်

**ရန်ကုန် မေ ၂၆**
ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ အပြည်ပြည်ဆိုင်ရာခရီးသည်တင်လေယာဉ်များ ပျံသန်းပြေးဆွဲခွင့် ရပ်ဆိုင်းခြင်းကာလကို မေ ၃၁ ရက်အထိ ထပ်မံတိုးမြှင့်လိုက်ကြောင်း ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်အား စီမံခန့်ခွဲဝန်ဆောင်မှုပေးနေသည့် Yangon Aerodrome Company Limited(YACL) ၏ ထုတ်ပြန်ကြေညာချက်အရ သိရသည်။

မြန်မာနိုင်ငံတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိရောက်စွာထိန်းချုပ်နိုင်ရန် အပြည်ပြည်ဆိုင်ရာ ခရီးသည်တင်လေယာဉ်များ ပျံသန်းပြေးဆွဲခွင့်ရပ်ဆိုင်းခြင်းကာလကို မေ ၃၁ ရက် မြန်မာစံတော်ချိန် ၂၃:၅၉ နာရီအထိ ထပ်မံတိုးချဲ့ရန် မြန်မာနိုင်ငံ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ဗဟိုကော်မတီက ဆုံးဖြတ်ခြင်းဖြစ်သည်ဟု YACL ၏ မေ ၂၄ ရက်က ထုတ်ပြန်ကြေညာချက်တွင် ဖော်ပြပါရှိသည်။

ကူးစက်မြန် ကိုဗစ်-၁၉ ရောဂါပြန့်ပွားမှုကာကွယ်ရေးကြိုတင်စီမံချက်အနေဖြင့် လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတို့၏ ထုတ်ပြန်ချက်နှင့်အညီ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် မြန်မာနိုင်ငံရှိ မည်သည့်လေဆိပ်၌မဆို အပြည်ပြည်ဆိုင်ရာခရီးသည်တင်လေယာဉ်များ ဆိုက်ရောက်ခွင့်ကို မတ် ၃၀ ရက်မှ စတင်၍ ဧပြီ ၁၃ ရက်အထိ ယာယီရပ်ဆိုင်းခဲ့ကြောင်း၊ အဆိုပါ ယာယီရပ်ဆိုင်းချက်အား ပြန်လည်သုံးသပ်ပြီးနောက် ကူးစက်မြန် ကိုဗစ်-၁၉ ရောဂါ မြန်မာနိုင်ငံတွင်းကူးစက်ပြန့်ပွားမှု အစောပိုင်းအဆင့်ကို ပိုမိုထိရောက်သောပြင်ဆင်မှုများ၊ တုံ့ပြန်ကာကွယ်ရေးလုပ်ငန်းစဉ်များဖြင့် ထိရောက်စွာ ထိန်းချုပ်နိုင်ရန် အချိန်ပိုမိုရရှိစေရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာဗဟိုကော်မတီ၏ ခွင့်ပြုချက်ဖြင့် ယာယီရပ်ဆိုင်းချက်အား ဧပြီ ၃၀ ရက်အထိ တိုးမြှင့်သတ်မှတ်လိုက်ကြောင်း ဧပြီ ၁၁ ရက်တွင် ထုတ်ပြန်ကြေညာခဲ့ပြီး ယခုအခါ ရပ်ဆိုင်းခြင်းကာလကို မေ ၃၁ ရက်အထိ ထပ်မံတိုးမြှင့်ခဲ့ခြင်းဖြစ်ကြောင်း YACL ၏ ထုတ်ပြန်ကြေညာချက်များအရ သိရသည်။

**ကိုထက်**

## သန်လျင်မြို့နယ် ယာယီပျံ့ကျဈေးတွင် ဆိုင်ခန်းပေါင်း ၃၀၀ ကျော် ရောင်းချ

**သန်လျင် မေ ၂၆**
ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် (ယာယီ) ပျံ့ကျဈေးကို သန်လျင်မြို့ မြို့မမြောက်ရပ်ကွက် မြို့မအားကစားကွင်း၌ မေ ၂၅ ရက် နံနက် ၆ နာရီမှ စတင်ကာ ဆိုင်ခန်းပေါင်း ၃၀၀ ကျော်ဖြင့် စဖွင့်လှစ်ရောင်းချနေပြီဖြစ်ကြောင်း သန်လျင်မြို့နယ် စည်ပင်သာရေးအဖွဲ့မှ သိရသည်။

သန်လျင်မြို့နယ် အမှတ် (၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်ထွန်းက "(ယာယီ) ပျံ့ကျ ဈေးမှာတော့ သား၊ ငါး၊ ကုန်စိမ်း စတဲ့ စားသောက်ကုန်တွေပါတယ်။ ဈေးရောင်းသူတွေနဲ့ ဈေးဝယ်သူတွေကိုလည်း လူမှုရေးအသင်းအဖွဲ့တွေ၊ ပရဟိတအဖွဲ့တွေနဲ့ ပူးပေါင်းပြီး ဈေးအဝင်တွေမှာ ကိုယ်အပူ တိုင်းတာတွေ၊ လက်သန့်ဆေးဖျန်းပေးတာတွေကို ဆောင်ရွက်ပေးနေပါတယ်။ ကျန်းမာရေးစည်းကမ်းချက်တွေနဲ့အညီ ဆိုင်တွေကို သတ်မှတ်အကွာထားရှိပေးပြီး လေဝင်လေထွက်ကောင်းမွန်တဲ့ အားကစားကွင်းမှာ ဖွင့်လှစ်ခဲ့တာပါ။ အခုဆိုရင် ဆိုင်ခန်းပေါင်း ၃၀၀ ကျော်ပြီဖြစ်ပါတယ်။ ဈေးဆိုင်တွေရဲ့ အမိုးတွေကိုလည်း MYTEL က ပါဝင်ကူညီပေးပါတယ်။ ဈေးဝယ်သူတွေကလည်း နှာခေါင်းစည်း တပ်ဆင်လာပေးစေလိုပါတယ်" ဟု ပြောကြားသည်။

**သက်ခိုင် (သန်လျင်)**



## မကွေးမြို့ ယာယီပျံ့ကျဈေးကို တိုင်းဒေသကြီးအားကစားကွင်းသို့ ပြောင်းရွှေ့ဖွင့်လှစ်

**မကွေး မေ ၂၆**
မကွေးမြို့ ရန်ကင်းဈေးနှင့် မင်္ဂလာဈေးမှဈေးသည်များအားလုံးကို မကွေးမြို့ အဝေးပြေးကားကြီးကွင်းအနီး အောင်ချမ်းသာရပ်ကွက် မကွေးတိုင်းဒေသကြီး အားကစားကွင်းအတွင်းသို့ မေ ၂၄ ရက် နံနက် ၆ နာရီက စနစ်တကျနေရာချထားပေးသည်။

မကွေးမြို့ တိုင်းဒေသကြီးအားကစားကွင်းအတွင်းရှိ ယာယီပျံ့ကျဈေးတွင် အသီးအရွက်သည်များ၊ ပန်းသည်များ၊ သားငါးသည်များနှင့် ဈေးသည်များအားလုံး ဆိုင်ခန်းတစ်ခန်းရှစ်ပေအကျယ်ကို တစ်ဆိုင်နှင့်တစ်ဆိုင် ၁၀ ပေစီခြား၍ နံနက် ၆ နာရီမှ ၁၀ နာရီအထိ ယာယီရောင်းချခွင့်ပေးထားပြီးဖြစ်သည်ဟု သိရသည်။

နှာခေါင်းစည်းမတပ်သူများ ဈေးအတွင်းမဝင်ရောက်စေရေး မြို့နယ်စည်ပင်သာယာရေးမှ တာဝန်ရှိသူများက ကြပ်မတ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ဝင်းမောင်(မကွေး)**

❁ စာမျက်နှာ ၁၉ မှ

စတင်ဖွင့်လှစ်သည့်အချိန်က အစားအသောက်ဆိုင်များအဖြစ် အိန္ဒိယနွယ်ဖွားဆိုင် ၃၁ ဆိုင်၊ တရုတ်ဆိုင် ၂၉ဆိုင်၊ မြန်မာဆိုင် ၈၅ ဆိုင်၊ ဂေါ်ရင်ဂျီဆိုင် နှစ်ဆိုင်နှင့် အဝတ်အထည်ဆိုင်ပါ စုစုပေါင်း ၅၃၄ ဆိုင် ရှိလေသည်။ ၂၆ ဘီလမ်းပေါ်ရှိ ဟုတ်စွန်စတိုးနှင့် တိုက်တန်းကြီးကို သွယ်တန်းထားသည့် ဖဲကြိုးကို မြူနီစီပါယ်ဥက္ကဋ္ဌ မင်းဘူးဦးမောင်မောင်က ဖြတ်ကာ ဖွင့်လှစ်ခဲ့လေသည်။ ဤသို့ဖြင့် ညဈေးတန်းသည် ကျွန်တော်တို့ဘဝ၏ ညပေါင်းများစွာကို ဖဲ့ယူစားသောက်သွားသည်။

ဈေးချိုနှင့် မနီးမဝေးတွင် နေထိုင်သောသူများအဖို့ ညရောက်လျှင် ညဈေးတန်းမှာ လမ်းမလျှောက်ရလျှင် အိပ်မပျော်။

ကျွန်တော်ထိုင်နေသော ၂၈ လမ်း အလင်းဆိုင်လေးနှင့် မျက်နှာချင်းဆိုင်မှာတွန်းလှည်းနှင့်ရောင်းသော ဆီချက်ခေါက်ဆွဲဆိုင်လေးရှိသည်။ ထိုဆိုင်လေးက ဂျုံခေါက်ဆွဲဖတ်သည် နူးညံ့လှ၏။ ယခုအချိန်ထိ ထိုအရသာမျိုး မစားဖူးတော့။ ၈၄လမ်း၊ ၂၈လမ်းထိပ်က လက်တွန်းလှည်းအအေးဆိုင်လေးတွေမှာ သံပရာရည်တစ်ခွက် သုံးမတ်။

ကျွန်တော်သည် ချစ်ဖူးသူတစ်ယောက်အား ခိုးကြောင်ခိုးဝှက်တွေ့ရသည့် ညဦးပိုင်းတစ်ချိန်တွင် ထိုသုံးမတ်တန်သံပရာရည်တစ်ခွက် တိုက်ခဲ့ဖူးသည်။ ယခုတော့ ဤနေရာတွင် ညဦးပိုင်း၌ ဝက်သားတုတ်ထိုးဆိုင်များပဲ ရှိတော့၏။ ဆိတ်သားကင်ဆိုင်များပဲ ရှိတော့၏။ ထိုနေရာတွင် ယခု ရွှေဆိုင်ကြီးတစ်ဆိုင် ဟီးဟီးထနေသည်။ အဆင့်မြင့်ဈေးချိုရုံသစ်ကြီးပေါ်က ရွှေဆိုင်တန်းဆိုသည်ကတော့ နာမည်ကိုပင် ပျောက်လုမတတ်ဖြစ်သွားပါပြီ။ ဘာပဲပြောပြော ၈၄လမ်းမကြီးပေါ်က ရွှေဆိုင်ကြီးတွေမှာ လူစည်ပါသည်။

**အသံပျောက်ခလုတ်ကို နှိပ်ထားသည့် မော်နီတာဖန်ပြင်**

ကျွန်တော့်ရှေ့က ခပ်ညစ်ညစ် စားပွဲပေါ်က ထမင်းကြော် ပန်းကန်ထဲတွင် ကြက်သွန်ဖြူ အခွံတွေ များသည်ထက် များလာသည်။ ပါးစပ်ထဲက လွယ်လွယ်ကူကူ ခွာထုတ်ပစ်သော ကြက်သွန်ဖြူအခွံတွေက ထမင်းပန်းကန်ထဲ ပြန်ရောက်သည်။ ကိစ္စမရှိ။ ပါးစပ်ထဲသွတ်မည့်ဇွန်းမှာ မပါဖို့ဘဲ လိုပါသည်။ ထမင်းကြော်မကုန်မီ လက်ဖက်ရည်လေးတစ်ကျိုက် သောက်လိုက်ချင်သေးသည်။ အရှေ့တောဈေးကားတစ်စီး ၈၄လမ်းမအတိုင်း အပြင်းမောင်းလာကာ ၂၈လမ်းဘက် ချိုးကွေ့ဝင်လာသည်။ သံဖြူတန်းမှာ ရပ်သည်။ ဈေးသည်တွေက တောင်းကိုယ်စီနှင့် အလုအယက် ဆင်းနေကြတာ လှမ်းမြင်ရ၏။ အသံများ မည်မျှပင် ဆူညံနေစေကာမူ ကျွန်တော့်အာရုံတွင် အသံပျောက်ခလုတ်ကို နှိပ်ထားသည့် မော်နီတာဖန်ပြင်ကို ကြည့်နေရတာနှင့် တူပါသည်။

တစ်ဖက်စားပွဲ ဖဲသမားအုပ်စု ရေသန့်ပုလင်းမှာ၏။ မျက်နှာချင်းဆိုင်က ပက်စီသောက်သော သူက ပက်စီကုန်သော်လည်း ပုလင်းထိပ်လေးကို ပွတ်ကာ ဆော့ကစားနေ၏။ ဆိုက်ကားနှင့်လာသူက ကွမ်းတစ်ရာ လှမ်းမှာသည်။ လက်ဖက်ရည်ကုန်သော်လည်း ထသေးမှာမဟုတ်။ ကိုစိုးရဆိုသူကို စောင့်တာလည်းဖြစ်မည်။

၈၄လမ်းမအတိုင်း မြောက်မှတောင်သို့ စက်ဘီးလေးငါးခြောက်စီးအုပ်လိုက် ခပ်သွက်သွက်နင်းလာသည်။ ညောင်ကွဲက သို့မဟုတ် နှင်းဆီခြံက ပန်းသည်များဖြစ်သည်။ ဒါဆို နှစ်နာရီခွဲပြီ။ ကျွန်တော်သည် လက်ဖက်ရည်ကို တစ်ခါတည်းမော့ကာ ထမင်းကြော်တစ်ဇွန်းအား ဒရောသောပါး ဝါးပြီးနောက် ပိုက်ဆံရှင်း၏။ အလုပ်ချိန် ဒုတိယပိုင်း စရတော့သည်။ ဒီနေ့ည စာဖောင်တွေ ပြတ်မှဖြစ်မည်။ သည်စာအုပ်က ထွက်ရက်နောက်ကျနေတော့ နေ့ရောညရော ရိုက်မှ သတ်မှတ်ရက်နှင့် သိပ်မကွာဘဲ ထွက်နိုင်မည်။ ကျွန်တော် ၈၄ လမ်းမကြီးအတိုင်း ဟို ... တောင်ဘက် ၃၃လမ်းဆီအထိ စက်ဘီးနင်းရဦးမှာပေါ့။

**အရာရာသည် ပြောင်းလဲသွားပေမယ့်**

ကုန်လွန်ခဲ့သော နှစ်အစိတ်ဝန်းကျင်က ထိုနေရာ၏ အလင်းဆိုင်လေးမှာ ထိုင်ရင်း မြင်ခဲ့ဖူးသည့်မြင်ကွင်းတွေကို အခု ပြန်စဉ်းစားတော့ ဝိုးတဝါး..။ ကိုဗစ်-၁၉ လွန်ကာလ အားလုံးအေးဆေးတည်ငြိမ်သွားလျှင် ထိုနေရာလေးသို့ တကူးတကန့်သွားပြီး အလင်းဆိုင်လေးမှာ လက်ဖက်ရည် ဖန်ဆိမ့်တစ်ခွက်နှင့် ချိုရဲရဲ ထမင်းကြော်တစ်ပွဲကို ကြက်သွန်ဖြူအမြှောင်းတွေကိုက်ရင်း စားချင်ပါသေးသည်။ အလိုလေး အခုမှ ပြန်စဉ်းစားမိ။ ထိုနေရာက ကွက်လပ်ကြီးလည်း မရှိတော့။ အဆင့်မြင့် မန်းမြန်မာပလာဇာကြီးဖြစ်သွားပြီ။ ထို့အတူ ညဈေးတန်းလည်းမရှိတော့။ လင်းအားကြီးမှ အရှေ့တောဈေးကားတွေရောက်လာကာ ရောင်းချသည့် လင်းအားကြီးဈေးလည်း မရှိတော့။ ထို့အတူ ထိုအလင်းဆိုင်လေးရော ရှိမှာမဟုတ်တော့။ ကျွန်တော်ကိုယ်တိုင်ကရော လွန်ခဲ့သည့် နှစ်အစိတ်ကလို ညလုံးပေါက် မပင်မပန်းလုပ်ကိုင်နိုင်သည့် အရွယ်လည်း မဟုတ်သလို သန်းခေါင်သန်းလွဲအထိ လွတ်လပ်စွာ စိတ်လွတ်လက်လွတ် သွားလာနိုင်သည့် အခွင့်အရေးလည်း မရှိတော့။ အရာရာသည် ပြောင်းလဲသွားပေမယ့် လွတ်လပ်အေးချမ်းစွာဖြင့် လုံခြုံဘေးကင်းသော လူမှုဝန်းကျင် အပြောင်းအလဲကိုဖြင့် မျှော်လင့်နေမိပါသည်။ ထိုအခါ ဘေးမသန်းဘဲ အေးချမ်းမည့် အလင်းဆိုင်လေးတွေဆီ သွားကြတာပေါ့။ ။



## သဘင်အစည်းအရုံးဝင် မိသားစု ၃၄၃၅ ဦးအတွက် စားသောက်ကုန်များလှူဒါန်း

**မကွေး မေ ၂၆**

မကွေးတိုင်းဒေသကြီးအတွင်းရှိသဘင်အစည်းအရုံးဝင် အနုပညာရှင် ၃၄၃၅ ဦးအား စားသောက်ကုန်လှူဒါန်းမှုများ လုပ်ဆောင်နေကြောင်း မကွေးတိုင်းဒေသကြီး သဘင်အစည်းအရုံးမှ သိရသည်။

မြန်မာနိုင်ငံသဘင်အစည်းအရုံးနှင့် CB-KMA Foundation တို့ ပူးပေါင်း၍ သဘင်မိသားစုများအား (၁)ဦးလျှင် ဆန် (၈)ပြည်၊ ဆီ (၅၀) ကျပ်သား၊ ကြက်သွန်(၁)ပိဿာ၊ ပဲထောပတ် (၁) ပိဿာ၊ ဆား (၅၀) သားနှုန်းဖြင့် လှူဒါန်း ပေးခြင်းဖြစ်သည်။

"ကိုဗစ်-၁၉ ရောဂါ ကာကွယ်နေရတဲ့ကာလမှာ အနုပညာညီအစ်ကိုမောင်နှမများ စားဝတ်နေရေးခက်ခဲကျပ်တည်းမှုမရှိစေရေးအတွက် စာနာထောက်ထားပြီး ဗဟိုကနေ အောက်ခြေအဆင့်ထိ ဆင့်ကဲဆင့်ကဲလှူဒါန်းပေးနေခြင်းဖြစ်ပါတယ်'' ဟု မကွေးတိုင်းဒေသကြီး သဘင်အစည်းအရုံးဥက္ကဋ္ဌ ဦးမင်းခန့်ကိုက ပြောကြားသည်။

မေ ၂၅ ရက်တွင် နတ်မောက်နှင့် မကွေးမြို့နယ်များရှိတာဝန်ခံများထံ လှူဒါန်းပစ္စည်းများကို တိုင်းဒေသကြီး အမှုဆောင်များက လိုက်လံပေးပို့ခဲ့ပြီး မကွေးတိုင်းဒေသကြီးအတွင်း မြို့နယ်များသို့ ဆက်လက်ပေးပို့သွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနေ့မှာ မကွေးမြို့နယ်ထဲက သဘင်အနုပညာရှင် ၄၀၆ ဦးအတွက် ဆန် ၁၃၅ အိတ်နဲ့ စားသောက်ကုန်တွေကို တိုင်းဒေသကြီး တာဝန်ရှိသူတွေ ကလာပို့ကြပါတယ်။ သဘင်အစည်းအရုံး(ဗဟို) ဥက္ကဋ္ဌ ဦးဖိုးချစ်နဲ့ CB-KMA Foundation ဥက္ကဋ္ဌ ဦးခင်မောင်အေးတို့ကို သဘင်လောကသားတွေကိုယ်စား ကျေးဇူးတင်ရှိပါတယ်'' ဟု မကွေးမြို့နယ် သဘင်အစည်းအရုံး ဥက္ကဋ္ဌဦးသန်းဇော်ဗိုလ်က ပြောကြားသည်။

စားသောက်ကုန်လှူဒါန်းမှုများကို မေ ၂၅ ရက်မှ ၃၀ ရက်အတွင်း အပြီးလုပ်ဆောင်သွားမည်ဖြစ်ပြီး မြန်မာတစ်နိုင်ငံလုံးရှိ သဘင်အစည်းအရုံးဝင် ဦးရေ ၂၁၀၀၀ ခန့်အတွက် ငွေကျပ်သိန်း ၃၀၀၀ အသုံးပြုထားကြောင်း မကွေးတိုင်းဒေသကြီးသဘင်အစည်းအရုံးဥက္ကဋ္ဌ ဦးမင်းခန့်ကိုထံမှ သိရသည်။

**ဇေယျာတု(မကွေး)**

## ကျေးရွာသုံးရွာသို့ အခြေခံစားသောက်ကုန်များ စုပေါင်းလှူဒါန်း

**သထုံ မေ ၂၆**

မွန်ပြည်နယ် ပအိုဝ်းတိုင်းရင်းသားရေးရာဝန်ကြီး နန်းစံဝင့်ခိုင်၏ ဦးဆောင်မှုဖြင့် မေ ၂၅ ရက်က သထုံမြို့နယ် တိုင်းရင်းသားကျေးရွာသုံးရွာကို ဆန်၊ ဆီ အစရှိသည့် အခြေခံစားသောက်ကုန်များ သွားရောက်စုပေါင်းလှူဒါန်းခဲ့ကြောင်း သိရသည်။

မွန်ပြည်နယ် ပအိုဝ်းတိုင်းရင်းသားရေးရာဝန်ကြီး၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ တာဝန်ရှိသူများက စားနပ်ရိက္ခာအခက်အခဲများဖြစ်နေသည့် ကရင်တိုင်းရင်းသားအများစုနေထိုင်ရာ ကဇိုင်း၊ သမ္မာန်နှင့် ဆူးအင်းကျေးရွာများရှိ ပုံမှန်ဝင်ငွေမရှိသောအိမ်ထောင် ၁၀၀ ကျော်အား ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ ဆောင်ရန်၊ ရှောင်ရန်တို့ကို ပညာပေးဆွေးနွေးပြီး အိမ်ထောင်စု(၁) စုလျှင် ဆန် (၁၇) ပြည်၊ ဆီ(၁)ပုလင်း၊ ဆပ်ပြာ၊ ငါးသေတ္တာ၊ အာလူး၊ ကြက်သွန် စသည့်အခြေခံစားသောက်ကုန်များကို ဖြန့်ဝေလှူဒါန်းပေးခဲ့ကြသည်။

"အလုပ်တွေရပ်နားထားရတော့ စားရေးသောက်ရေး အဆင်မပြေဖြစ်နေကြတယ်သိရလို့ အလှူရှင်တွေကို ချက်ချင်းစုပြီး လာရောက်လှူဒါန်းတာပါ" ဟု သထုံမြို့နယ် မဲဆန္ဒနယ် အမှတ်(၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်သူက ပြောကြားသည်။

"ခုလိုလာလှူပေးသူတွေကို အများကြီးကျေးဇူးတင်ပါတယ်" ဟု ကဇိုင်းကျေးရွာမှ ဒေါ်မခိုင်က ပြောကြားသည်။

**သက်ဦး(သထုံ)**

## လူနာများနှင့် ကျန်းမာရေးဝန်ထမ်းများအား စားသောက်ဖွယ်ရာများလှူဒါန်း

**လှိုင်းဘွဲ့ မေ ၂၆**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်ရှိ ပြည်သူ့ဆေးရုံများ၌ ဆေးကုသမှုခံယူနေကြသော လူနာများနှင့် ကျန်းမာရေးဝန်ထမ်းများအား ယနေ့ နံနက်ပိုင်းက နယ်မြေခံတပ်မှ ဗိုလ်မှူးကြီးမင်းဇော် ဦးဆောင်သော တပ်မတော်သားများကစားသောက်ဖွယ်ရာများကို လှူဒါန်းပေးခဲ့ကြသည်။



လှိုင်းဘွဲ့မြို့နယ် ပြည်သူ့ဆေးရုံတွင် တက်ရောက်ဆေးကုသမှုခံယူနေကြသော လူနာများကို မာမားခေါက်ဆွဲနှင့် ကြက်ဥများလှူဒါန်းပေးခဲ့ပြီး ကျန်းမာရေးဝန်ထမ်းများအတွက် လက်ဖက်ရည်ထုပ်၊ မာမားခေါက်ဆွဲနှင့် ကြက်ဥများကို လှူဒါန်းပေးအပ်ခဲ့ကြောင်း သိရသည်။

**ခင်စန်းမြင့်(ပြန်/ဆက်)**

## ရိုခေါဒါရ်မြို့ ကုန်တင်ကုန်ချအလုပ်သမားများအား ဆန်အိတ်ထောက်ပံ့

**ရိုခေါဒါရ် မေ ၂၆**

ချင်းပြည်နယ် ရိုခေါ်ဒါရ်မြို့ရှိ ကုန်တင်ကုန်ချအလုပ်သမားအသင်းရုံးမှ ကုန်တင်ကုန်ချ အလုပ်သမားများနှင့် ၎င်းတို့၏မိသားစုဝင်များအား ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ကာလအတွင်း စားနပ်ရိက္ခာပြတ်လပ်မှု မရှိစေရေးအတွက် ဆန်အိတ်များထောက်ပံ့ပေးခြင်းကို မေ ၂၅ ရက်က မြို့ကုန်တင်ကုန်ချရုံး၌ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ဆန်အိတ်များ ဖြန့်ဝေပေးခြင်းကို မြို့ကုန်တင်ကုန်ချလုပ်ငန်းကြီးကြပ်ရေး ကော်မတီ ဥက္ကဋ္ဌ ဦးကျင်လမ်းခိုင်၊ ကုန်တင်ကုန်ချအလုပ်သမားများစောင့်ရှောက်ရေးမှူး ဦးဗန်လာလ်ဒုနှင့် ရိုခေါဒါရ်မြို့ အမှတ်(၂)ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဒေးဗစ်တို့၏ စီစဉ်ကြီးကြပ်မှုဖြင့် ကုန်တင်ကုန်ချအလုပ်သမား ၄၁၉ ဦးတို့အတွက် တစ်ဦးလျှင် ဆန်အိတ်တစ်အိတ်စီ ထောက်ပံ့ပေးခြင်းဖြစ်သည်။

"ကျွန်တော်တို့ ကုန်တင်ကုန်ချအလုပ်သမားအနေနဲ့ စားနပ်ရိက္ခာပြတ်လပ်မှုမရှိစေရေးအတွက် သက်ဆိုင်ရာလူကြီးတွေက စီစဉ်ပေးတော့ အဆင်ပြေသွားတယ်။ ယခုလိုစီစဉ်ပေးတဲ့ ကျွန်တော်တို့ မြို့ကုန်တင်ကုန်ချလုပ်ငန်းကြီးကြပ်ရေးကော်မတီ ဥက္ကဋ္ဌ၊ အလုပ်သမားစောင့်ရှောက်ရေးမှူးနဲ့ ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့အပေါ် အထူးကျေးဇူးတင်မိပါတယ်" ဟု ကုန်တင်ကုန်ချအလုပ်သမားတစ်ဦးက ပြောကြားသည်။

ရိုခေါဒါရ်မြို့ရှိ ရပ်ကွက်ပြည်သူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ကာလအတွင်း စားနပ်ရိက္ခာပြတ်လပ်မှုမရှိစေရေးအတွက် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ တားဆီးရေးကော်မတီ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးအဖွဲ့များ၊ ရပ်ကွက်လူငယ်များနှင့် အရပ်ဘက်လူမှုအဖွဲ့ အစည်းများပူးပေါင်း၍ ဆန်နှင့် အခြားစားသုံးကုန်ပစ္စည်းများ ကြိုတင်ဝယ်ယူစုဆောင်း သိုလှောင်ထားရှိရာ ပြည်သူများ ဈေးနှုန်းချိုသာစွာ အလွယ်တကူဝယ်ယူနိုင်ရန် စီစဉ်ဆောင်ရွက်ထားကြောင်း သိရသည်။

**ပက်ကာ(ပြန်/ဆက်)**



## ကိုဗစ်-၁၉ ရောဂါ စောင့်ကြည့်ခံရသူများမှ နောက်ဆုံးကျန်ရှိသည့် ပြည်ပမှပြန်လာသူ ၁၀ ဦးအား ၂၁ ရက်ပြည့်မြောက်၍ နေရပ်သို့ ပြန်လည်စေလွှတ်

**ဇမ္ဗူသီရိ မေ ၂၆**

နေပြည်တော် ဇမ္ဗူသီရိမြို့နယ် စည်ပင်ဧည့်ရိပ်သာ(၁)တွင် ကိုရိုနာဗိုင်းရပ်စ် ကြိုတင်ကာကွယ်သည့်အနေဖြင့် စောင့်ကြည့်ခံရသူ ပြည်တော်ပြန် မြန်မာနိုင်ငံသား ၆၂၀ (ထိုင်းမှ ၄၆၁ ဦး၊ တရုတ်မှ ၁၀၇ ဦး၊ လာအိုမှ ၄၅ ဦး၊ မလေးရှားမှ ခြောက်ဦး၊ အိန္ဒိယမှ တစ်ဦး) တို့မှစောင့်ကြည့်ရက် ၂၁ ရက်ပြည့်မြောက်၍ နောက်ဆုံးကျန်ရှိသည့် ပြည်တော်ပြန်အဖွဲ့မှ ကျန်းမာရေးကောင်းမွန်သူ ၁၀ ဦးအား ယနေ့နံနက် ၈ နာရီက မိမိတို့နေထိုင်ရာ အရပ်ဒေသများသို့ ပြန်လည်ပို့ဆောင်ပေးခဲ့ကြသည်။

### ထောက်ခံချက်များပေးအပ်

ပြန်လည်ပို့ဆောင်ပေးရာတွင် နေပြည်တော်တိုင်း ကုသရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာဝင်းမာလာကြင်၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများ၊ Naypyitaw COVID-19 Volunteer Team မှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာအသီးသီးမှ တာဝန်ရှိသူများက မိမိတို့နေထိုင်ရာ အရပ်ဒေသများသို့ ပြန်လည်ပို့ဆောင်မည့် ၁၀ ဦးအား ၂၁ ရက်ကြာ စောင့်ကြည့်ခြင်း၊ ကိုရိုနာဗိုင်းရပ်စ် ရောဂါပိုးကူးစက်မှု ကင်းရှင်းကြောင်း ထောက်ခံချက်များ ပေးအပ်ခဲ့သည်။

### အိမ်အရောက် လိုက်လံပို့ဆောင်

၂၁ရက်ကြာ စောင့်ကြည့်ပြီးနောက် ကိုရိုနာဗိုင်းရပ်စ် ရောဂါပိုးကင်းရှင်းကြောင်း သိရသဖြင့် မိမိတို့နေထိုင်ရာအရပ်ဒေသများသို့ ပြန်လည်စေလွှတ်ရာတွင် ပျဉ်းမနားမြို့နယ်မှ သုံးဦး၊ လယ်ဝေးမြို့နယ်မှ ငါးဦး၊ တပ်ကုန်းမြို့နယ်မှ တစ်ဦး၊ ဇေယျာသီရိမြို့နယ်မှ တစ်ဦး စုစုပေါင်း ၁၀ ဦးအား သက်ဆိုင်ရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက စီစဉ်ပေးသော မော်တော်ယာဉ်များဖြင့် အိမ်အရောက် လိုက်လံပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**ဟိန်းသူအောင်**
**(မြို့နယ် ပြန်/ဆက်)**

## ကမမောင်းမြို့ ပြည်သူ့ဆေးရုံနှင့် ကျေးလက်ကျန်းမာရေးဌာနသို့ ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ ပေးအပ်လှူဒါန်း

**ကမမောင်း မေ ၂၆**

ကရင်ပြည်နယ် ကမမောင်းမြို့ ပြည်သူ့ဆေးရုံနှင့် ဝါကော်ကျေးကျေးရွာ ကျေးလက်ကျန်းမာရေးဌာနတို့၌ ဆေးကုသမှုခံယူနေကြသူများနှင့် ကျန်းမာရေးဝန်ထမ်းများအတွက် ကျန်းမာရေးအထောက်အကူပြုပစ္စည်းများကို မေ ၂၆ ရက် နံနက် ၁၁ နာရီခွဲက ပေးအပ်လှူဒါန်းခဲ့သည်။

နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးကျော်စွာမြင့်က Surgical Mask အခု ၈၀၀၊ N-95 Mask အခု ၃၀၀၊ Hand Gel ဘူး ၅၀၊ Hand sonitizer ဘူး ၁၂၀၊ မျက်မှန် အခု ၈၀၊ ကြက်ဥနှစ်ကတ်နှင့် ရွှေဖီဦး လက်ဖက်ရည်နှစ်ထုပ်တို့ကို ကမမောင်းမြို့ ပြည်သူ့ဆေးရုံနှင့် ဝါကော်ကျေးကျေးရွာ ကျေးလက်ကျန်းမာရေးဌာနအတွက် ပေးအပ်လှူဒါန်းရာ ကမမောင်းမြို့ပြည်သူ့ဆေးရုံ တာဝန်ခံ ဒေါက်တာဆုရဲထက်က လက်ခံရယူခဲ့ကြောင်း သိရသည်။

**လင်းသန့်**
**(ပြန်/ဆက်)**

## ကျောက်ကြီးမြို့တွင် သောက်သုံးရေလှူဒါန်း

**ကျောက်ကြီး**

ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ်တွင် ယနေ့ နံနက် ၉ နာရီက သောက်သုံးရေမလုံလောက်သည့် ရပ်ကွက်အချို့အား တပ်မတော်မှ ရေလှူဒါန်းခဲ့ကြောင်း သိရသည်။

ကျောက်ကြီးမြို့နယ်ရှိ တပ်နယ်မှူး ဗိုလ်မှူး လှိုင်ကျော်ထွန်းဦးဆောင်သည့် နယ်မြေခံတပ်ရင်းများမှ အရာရှိစစ်သည်များ၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးမိုးဝင်းထွန်းဦးဆောင်သည့် မီးသတ်တပ်ဖွဲ့ဝင်များက မြို့ပေါ် ရပ်ကွက်များဖြစ်သည့် သိမ်းတန်းရပ်ကွက်နှင့် တောင်ငူတန်းရပ်ကွက်တို့ရှိ အိမ်ထောင်စု ၁၀၀ အား သောက်ရေ ၂၀ လီတာဘူးကြီး ၃၀ နှင့် ရေဂါလန် ၁၈၀၀ တို့ကို ဖြန့်ဝေလှူဒါန်းပေးခဲ့သည်။

**ကိုသားကြီး (ကျောက်ကြီး)**

## ရေနံချောင်းတွင် သောက်သုံးရေဂါလန် ၅၀၀၀ ဖြန့်ဝေ

**ရေနံချောင်း**

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ် မကျီးကုန်းကျေးရွာတွင် ကျေးရွာနေပြည်သူများ နွေရာသီကာလ သောက်သုံးရေဖူလုံစေရေးအတွက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးဇော်လင်းနိုင်နှင့် ဝန်ထမ်းများက ရေဂါလန် ၅၀၀၀ ကို မေ ၂၅ ရက် နံနက် ၁၀ နာရီက ကျေးရွာအရောက် ဖြန့်ဝေလှူဒါန်းပေးခဲ့သည်။

ရေနံချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက ရေနံချောင်းမြို့ အဖြူရောင်ပရဟိတအသင်းမှ ရေသယ်ယာဉ်ဖြင့် ရေနံချောင်းမြို့နယ် မကျီးကုန်းကျေးရွာရှိ အိမ်ခြေ ၁၁၈ အိမ်မှ လူဦးရေ ၆၁၈ ဦး အတွက် ရေဂါလန် ၅၀၀၀ ကို သောက်သုံးရေဖူလုံစွာသုံးစွဲနိုင်စေရေး အိမ်ထောင်စုများအလိုက် စနစ်တကျ ဖြန့်ဝေပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သန်းလွင်(မကွေး)**

## သောက်သုံးရေရရှိရေးဆောင်ရွက်နေမှုအား ကြည့်ရှုစစ်ဆေး

**ဖားဆောင်း**

ကယားပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး(နည်းပညာ) ဦးထွန်းချစ်နှင့် တာဝန်ရှိသူများ၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးသန်းဝင်းစိုးနှင့် တာဝန်ခံအင်ဂျင်နီယာတို့သည် မေ ၂၅ ရက်က ဖားဆောင်းမြို့နယ် မော်ချီးဒေသ ကျေးရွာသုံးရွာ သောက်သုံးရေရရှိရေး ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ဒုတိယညွှန်ကြားရေးမှူး( နည်းပညာ) ဦးထွန်းချစ်နှင့်အဖွဲ့သည် မော်ချီးဒေသရှိ မိုလိုချောင်းရေအရင်းအမြစ်နေရာတွင် ဂါလန် ၆၀၀၀၀ ဆံ့ ရေစုကန်တည်ဆောက်ခြင်းလုပ်ငန်းနှင့် တာဝတိံသာကုန်းပေါ်ရှိ ဂါလန် ၃၀၀၀၀ ဆံ့ အုတ်ရေကန်တည်ဆောက်ခြင်းလုပ်ငန်း၊ မော်ချီးအောက်ကျေးရွာ ဂါလန် ၁၀၀၀၀ ဆံ့ အုတ်ရေကန်တည်ဆောက်ခြင်းလုပ်ငန်း၊ မော်ချီး-လွိုင်ကော်-တောင်ငူ ကားလမ်းဘေးတွင် ဂါလန် ၁၀၀၀၀၀ ဆံ့ အုတ်ရေကန် တည်ဆောက်ခြင်းလုပ်ငန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်ကာလအတွင်း လုပ်ငန်းပြီးစီးရေးနှင့် လုပ်ငန်းအရည်အသွေးကောင်းမွန်ရေး ဆောင်ရွက်ကြရန် မှာကြားခဲ့သည်။

အဆိုပါလုပ်ငန်းများပြီးစီးပါက မော်ချီးဒေသ (လိုခါးလို၊ မော်ချီးတောင်ပေါ်၊ မော်ချီးအောက်) ကျေးရွာသုံးရွာရှိ အိမ်ခြေ ၂၅၀၀၊ လူဦးရေ ၉၀၀၀ တို့အတွက် နွေရာသီ သောက်သုံးရေဖူလုံစွာရရှိမည်ဖြစ်ကြောင်း သိရသည်။

**မေဇင်**

## ကောလင်းခရိုင်တွင် ရေရရှိရေးလုပ်ငန်း ၂၆ ခု ဆောင်ရွက်

**ကောလင်း**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းခရိုင်အတွင်း ကျေးလက်ဒေသရေရရှိရေးလုပ်ငန်းပေါင်း ၂၆ ခု ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ကောလင်းခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော်ထံမှ သိရသည်။

ကောလင်းမြို့နယ်၊ ဝန်းသိုမြို့နယ်နှင့် ပင်လည်ဘူးမြို့နယ်များအတွက် ရေရရှိရေးလုပ်ငန်းခုနှစ်ခုကို တိုင်းဒေသကြီးဘတ်ဂျက်ဖြင့် ငွေကျပ် ၈၂ ဒသမ ၄၀ သန်းဖြင့်လည်းကောင်း၊ ပြည်ထောင်စုဘတ်ဂျက်ဖြင့် ရေရရှိရေးလုပ်ငန်း ၁၈ ခုကို ငွေကျပ် ၂၄၈ ဒသမ ၅ သန်းဖြင့်လည်းကောင်း ပြည်ထောင်စုဘတ်ဂျက်မွမ်းမံရန်ပုံငွေဖြင့် လုပ်ငန်းတစ်ခုကို ခွင့်ပြုငွေကျပ် ၁၇ ဒသမ ၈၉ သန်းဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူးက ပြောကြားသည်။

ရေရရှိရေးလုပ်ငန်းများတွင် တွင်းတိမ်တူးဖော်ခြင်းလုပ်ငန်းတစ်တွင်း၊ တွင်းနက်တူးဖော်ခြင်းလုပ်ငန်း ၂၂ တွင်း၊ စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်းသုံးခုကို ခွင့်ပြုငွေကျပ် ၃၅၈ ဒသမ ၇၉ သန်းဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကောလင်းခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော်ထံမှ သိရသည်။

**မွေးကြူဇင်**

■

# ပြည်တွင်းထွက်ကုန် ကြက်သွန်နီကို ပြည်ပပို့ကုန်အဖြစ် ဆောင်ရွက်ပေးစေလို



**မန္တလေး မေ ၂၆**

ပြည်တွင်းထွက်ကုန် သီးနှံတစ်ခုဖြစ်သည့် ကြက်သွန်နီကို ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချနိုင်ရန် ဆောင်ရွက်ပေးခြင်းဖြင့် အထွက်နှုန်းကောင်းလာကာ ပြည်တွင်းဈေးနှုန်းတည်ငြိမ်မှုကို ဖြစ်စေနိုင်ကြောင်း ကြက်သွန်စိုက်တောင်သူများက အကြံပြုပြောကြားသည်။

ကြက်သွန်နီစိုက်ပျိုးမှုသည် လွန်ခဲ့သော ရှစ်နှစ်ကျော်ကာလကတည်းက နှစ်စဉ်အရှုံးနှင့်သာ ရင်ဆိုင်ကြုံတွေ့မှုများပြားနေသဖြင့် တစ်နှစ်ထက်တစ်နှစ် စိုက်ပျိုးမှုလျော့နည်းလာပြီး အထွက်နှုန်းလည်း ကျဆင်းလာကာ ပြည်တွင်းစားသုံးရန်ပြတ်လပ်မှုအထိဖြစ်ပေါ်၍ ဈေးနှုန်းလည်း မြင့်တက်လာခြင်းဖြစ်ကြောင်း မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် ကန်ထောင့်ကျေးရွာမှ ကြက်သွန်စိုက်တောင်သူ ဦးကျော်မြင့်သိန်းက ပြောကြားသည်။

"ကြက်သွန်စိုက်ပျိုးရတာ ကုန်ကျစရိတ်များပါတယ်။ စပြီးစိုက်ပျိုးဖို့အတွက် ပထမနှစ်မှာ မျိုးစေ့ဖြစ်အောင် စိုက်ရတယ်။ ဒုတိယနှစ်မှာ ဒီမျိုးကို ဥဖြစ်အောင်စိုက်ပျိုးပြီး တတိယနှစ်မှာ ဒီဥတွေကို ထပ်မံစိုက်ပျိုးမှ စားသုံးလို့ရတဲ့ကြက်သွန်အဖြစ် ဈေးကွက်ကို ရောင်းချလို့ရတာဖြစ်ပါတယ်။ ကြက်သွန်တစ်ပိဿာရဖို့ စိုက်ပျိုးစရိတ်က ကျပ် ၉၀၀ လောက် ကုန်ကျတဲ့အတွက် ဈေးကွက်မှာ တစ်ပိဿာကို ငွေကျပ် ၁၀၀၀ ကျော်ရမှ စိုက်ပျိုးတဲ့ တောင်သူတွေ အဆင်ပြေမှာဖြစ်ပါတယ်။ ဒါကြောင့် ပြည်တွင်းမှာလည်း ဈေးနှုန်းတည်ငြိမ်ပြီး တောင်သူတွေအတွက်လည်း ဈေးကွက်ခိုင်မာမှုရှိအောင် ပြည်ပကိုတင်ပို့ရောင်းချနိုင်ဖို့ သက်ဆိုင်ရာ တာဝန်ရှိသူတွေက စီစဉ်ပေးစေချင်ပါတယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ထို့ပြင် မြန်မာနိုင်ငံမှ စိုက်ပျိုးထွက်ရှိသည့် ကြက်သွန်နီမှာ အခွန်ပါးပြီး မွှန်အားကောင်းသဖြင့် စားသုံးပါက အရသာပြည့်စုံခြင်းကြောင့် နိုင်ငံတကာနှင့်ယှဉ်၍ ဈေးကွက်ထိုးဖောက်နိုင်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ကြက်သွန်နီကို မိုးနှောင်းကာလဖြစ်သော မြစ်ရေကျချိန် မြေနုကျွန်းများပေါ်သည့် စက်တင်ဘာလနှင့် အောက်တိုဘာလဆန်းတွင်သာ စိုက်ပျိုးကြပြီး ဒီဇင်ဘာလဆန်းမှစ၍ စံပြကြက်သွန်နီအသစ်များ ထွက်ပေါ်လေ့ရှိကြောင်း သိရသည်။

ကြက်သွန်နီဈေးနှုန်းမှာ ၂၀၁၉ ခုနှစ်အတွင်းက ဘင်္ဂလားဒေ့ရှ်နိုင်ငံက ဝယ်ယူခဲ့သည့်အတွက် တစ်ပိဿာလျှင်ကျပ် ၃၀၀၀ ကျော်အထိ အမြင့်ဆုံးဈေးအဖြစ် ရရှိခဲ့ပြီး ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလအတွင်း၌ ကျပ် ၁၅၀၀ မှ ၁၆၀၀ ဝန်းကျင်တွင် ပေါက်ဈေးရှိခဲ့ကာ ယခုကာလတွင် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေကြောင့် ဈေးကွက်အေးစက်ကာ လက်ရှိမေလအတွင်း၌ တစ်ပိဿာလျှင် ကျပ် ၄၅၀ မှ ကျပ် ၅၀၀ အတွင်းသာ ပေါက်ဈေးရှိနေကြောင်း သိရသည်။

**မင်းထက်အောင်**
**(မန်းကိုယ်ပွား)**

## အညာ၌ စမုန်နက်နှမ်းအသစ်များ အထွက်ကောင်းပြီး ဈေးကောင်းရ

**ချောက် မေ ၂၆**

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်နှင့် ရေနံချောင်းမြို့နယ်တွင် စမုန်နက်နှမ်းများ စတင်နုတ်သိမ်းနေရာ အထွက်ကောင်းမွန်ကြောင်း တောင်သူများထံမှ သိရသည်။

နွေရာသီတွင် ကိုင်းမြေများ၌ မြေအောက်မှ အဝီစိရေကို ရေတင်စက်များဖြင့်ရယူကာ ရေသွင်းစနစ်ဖြင့် စမုန်နက်နှမ်းကို အဓိကစိုက်ပျိုးလျက်ရှိကြောင်းသိရသည်။

ရေနံချောင်းမြို့နယ်မှ တောင်သူဦးသိန်းက "စမုန်နက်နှမ်းတွေ အောင်မြင်ဖြစ်ထွန်းနေပြီး တောင်သူတော်တော်များများ နုတ်သိမ်းနေပြီ။ ယခင်နှစ်မှာ ၁၅ တင်းရတဲ့ တောင်သူတွေ ယခုနှစ်မှာ တင်း ၂၀ ရကြတယ်။ တစ်တင်းကို ကျပ် ၇၅၀၀၀ ဝန်းကျင်နဲ့ ဝယ်တယ်။ အခုနှစ် ဆောင်းနှမ်းတစ်တင်း ကျပ် ၆၈၀၀ ရှိတယ်။ ရေသွင်းသီးနှံတွေကနေ ဝင်ငွေရတယ်" ဟု ပြောကြားသည်။

စမုန်နက်နှမ်းကို ပြည်တွင်းပြည်ပဝယ်လိုအားရှိသောကြောင့် မြို့တက်ရောင်းစရာမလိုဘဲ ကျေးရွာရှိငွေရှိသူပွဲစားများက ဝယ်ယူနေကြောင်း သိရသည်။

**ဆန်းညွန့် (ရေနံချောင်း)**



## ဖိုလ်ဝင်တောင်ရှိမျောက်များ အစာရေစာပြတ်လပ်မှုမရှိစေရေး စီစဉ်

**ယင်းမာပင် မေ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်မြို့နယ်အတွင်းရှိ သမိုင်းဝင်ဖိုလ်ဝင်တောင်ဒေသရှိ မျောက်များ အစာရေစာပြတ်လပ်မှုမရှိစေရေး ယင်းမာပင်ခရိုင် စီမံခန့်ခွဲမှုကော်မတီနှင့် ဖိုလ်ဝင်တောင်ဂေါပကအဖွဲ့တို့ပူးပေါင်းလုပ်ဆောင်သွားရန် စီစဉ်လျက်ရှိကြောင်း ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးထွန်းထွန်းနိုင်ထံမှ သိရသည်။

“ဖိုလ်ဝင်တောင်ဒေသမှာ မျောက်အုပ်စုသုံးစုက အကောင်ရေ ၁၀၀၀ လောက်ရှိတယ်၊ အခုအချိန်မှာ ဖိုလ်ဝင်တောင်ဂေါပကအဖွဲ့က မျောက်တွေကို တစ်နေ့ကို ကုလားပဲငါးပြည် ရေစိမ်ပြီးကျွေးနေရတယ်၊ ခရမ်းချဉ်သီးတွေလည်း ကျွေးနေတယ်၊ အလှူရှင်တွေလည်း ပါသလို ဂေါပကအဖွဲ့ရဲ့ စိုက်ထုတ်ငွေနဲ့လည်း ကျွေးနေရတယ်လို့ သိရတယ်၊ မျောက်တွေရေသောက်ဖို့အတွက်လည်း ရေကန်တွေမှာ ရေဖြည့်ပေးတာတွေလုပ်ဆောင်ပေးနေတယ်” ဟု ယင်းမာပင်ခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးထွန်းထွန်းနိုင်က ပြောကြားသည်။

**ဝင်းဦး(ဓေယျာတိုင်း)**

## မိုင်းယောင်း၌ ကြက်ဥ၊ ကြက်သွန်နီ၊ အာလူးနှင့် ခရမ်းချဉ်သီး ရောင်းအားကောင်း

**မိုင်းယောင်း မေ ၂၆**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ်အတွင်း၌ ယခုရက်ပိုင်းအတွင်း ကြက်ဥ၊ ကြက်သွန်နီ၊ အာလူးနှင့် ခရမ်းချဉ်သီးများ ရောင်းအားကောင်းလျက်ရှိကြောင်း အခြေခံစားသောက်ကုန်ပစ္စည်းရောင်းဝယ်သူများထံမှ သိရသည်။

မတ်လကုန်ပိုင်းက ကြက်ဥတစ်ကတ်လျှင် ငွေကျပ် ၃၅၀၀ နှုန်းနှင့် ကြက်သွန်နီမှာ တစ်အိတ်လျှင် ငွေကျပ် ၁၃၀၀၀ နှုန်းဈေးဖြစ်ပြီး မေလဆန်းပိုင်းတွင် အာလူးကို ဒေသခံပြည်သူများ ဝယ်ယူမှုများလာခြင်းကြောင့် ဈေးကွက်အတွင်း တစ်အိတ်လျှင် ငွေကျပ် ၁၅၀၀၀ နှုန်းအထိလည်းကောင်း၊ ခရမ်းချဉ်သီး တစ်ကီလိုလျှင် ငွေကျပ် ၁၀၀၀ နှုန်းအထိလည်းကောင်း ဒေသပေါက်ဈေးများ အသီးသီးရှိကြောင်း သိရသည်။

“မေလအတွင်းမှာလည်း နွေပဲတီစိမ်းနဲ့ စားဖိုချောင်ဟင်းသီးဟင်းရွက်သီးနှံတွေ ဈေးကွက်ကို ဝင်လာတော့မှာပါ။ ဒီသီးနှံနဲ့ အခြေခံစားကုန်နှစ်မျိုးစလုံးက အခုလို ဝယ်လိုအားကောင်းတဲ့အတွက် မိုးဦးကာလမှာလည်း ဆက်လက်ရောင်းအားကောင်းနေဦးမယ်လို့ ခန့်မှန်းပါတယ်” ဟု အခြေခံစားသုံးကုန်ပစ္စည်း သယ်ယူရောင်းဝယ်သူတစ်ဦးက ပြောကြားသည်။

**စိုင်းအောင်ဇော်လင်း**
**(ပြန်/ဆက်)**

# တန်ဖိုးကြီးမား ထိုလူသားများ

ဒေါက်တာမြင့်သန်း(ညောင်လေးပင်)

ကိုရိုနာဗိုင်းရပ်စ်လို့ခေါ်တဲ့ ကိုဗစ်-၁၉ ကပ်ရောဂါဆိုးကြီး ကမ္ဘာ့နေရာအနှံ့ကို ပြန့်နေပါတယ်။ ဒီပိုးဟာ ဆင်းရဲ၊ ချမ်းသာ၊ ဘာသာ၊ လူမျိုး၊ နိုင်ငံမရွေး ဖျက်ဆီးနေတာ ဖြစ်ပါတယ်။ ကမ္ဘာ့အချမ်းသာဆုံး နံပါတ်(၁)ဆိုတဲ့ အမေရိကန်နိုင်ငံဟာ လက်ရှိအချိန်အထိ ကိုဗစ်-၁၉ ရဲ့ တိုက်ခိုက်မှုကို ထိပ်ဆုံးကနေခံစားနေရတဲ့နိုင်ငံ ဖြစ်ပါတယ်။ ချမ်းသာတဲ့နိုင်ငံကြီးများ များစွာခါးစည်းခံနေကြရပါတယ်။ သိပ္ပံပညာတွေဘယ်လောက်ပဲ တိုးတက်နေပြီဆိုပေမယ့် အခုလို ကမ္ဘာနဲ့ချီဖြစ်တဲ့ ကပ်ရောဂါပိုးကိုတော့ ရင်မဆိုင်နိုင်သေးပါဘူး။ ကုသဖို့ဆေးနဲ့နည်းလမ်းတွေ၊ ကာကွယ်ဆေးဆိုတာတွေကို အသည်းအသန်၊ အလျင်အမြန် ရှာဖွေနေကြရတာတွေ တွေ့နေရပါတယ်။ မျက်စိရှေ့မှာတင် လူတွေတဖွဲဖွဲ သေဆုံးနေကြရတာတွေကို စိတ်မချမ်းမြေ့ဖွယ် တွေ့မြင်နေရပါတယ်။ ကျွန်တော်တို့တစ်တွေ ကပ်ရောဂါဆိုတာ ဒီလိုပါလားလို့ လက်တွေ့တွေ့မြင်ရင်ဆိုင်နေကြရပါတယ်။ ဒုဗ္ဘိက္ခန္တရကပ်ခေါ် အစာရေစာငတ်မွတ်ခေါင်းပါးခြင်းကပ်၊ သတ္ထန္တရကပ်ခေါ် စစ်မက်ဖြစ်ပွားဒုက္ခကျရောက်ရသောကပ်၊ ရောဂါဘယများ ကျရောက်ဆင်းရဲ သေကျေကြရတဲ့ ရောဂန္တရကပ်စသည်တို့ရှိရာမှာ အခုတွေ့ကြုံနေရတဲ့ ရောဂန္တရကပ်ရောဂါကြီးဟာ အင်မတန်ကြောက်မက်ဖွယ်ဖြစ်တာကိုလည်း လက်တွေ့ကြုံကြရပြီ ဖြစ်ပါတယ်။

### ကမ္ဘာ့ကပ်ရောဂါ

၁၁.၃.၂၀၂၀ ရက်နေ့က ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) က ကိုရိုနာဗိုင်းရပ်စ် (ကိုဗစ်-၁၉)ကို ကမ္ဘာ့ကပ်ရောဂါ (Pandemic disease)အဖြစ် ကြေညာလိုက်ပါတယ်။ ကူးစက်ရောဂါများမှာ Epidemic ဆိုရင် တစ်နေရာတည်းမှာပဲ သီးသန့်ဖြစ်နေတာ၊ Endemic ဆိုရင် အဲဒီနေရာကနေ တခြားနေရာကိုပြန့်လာတာ၊ Pandemic ဆိုရင်တော့ ကမ္ဘာအနှံ့ပြန့်နေတဲ့သဘောကို ဆိုလိုပါတယ်။

ကမ္ဘာမှာ အဆိုးရွားဆုံး Pandemic Diseases ၁၀ ကြိမ်ရှိခဲ့ကြောင်း သိရပါတယ်။

၁။ HIV/AIDS- ၂၀၀၅-၂၀၁၂ ခုနှစ်- သေဆုံးသူ ၃၆သန်း။

၂။ Flu Pandemic ၁၉၆၈ ခုနှစ်-သေဆုံးသူ တစ်သန်း(တုပ်ကွေးရောဂါ)။

၃။ Asian Flu အာရှတုပ်ကွေးရောဂါ ၁၉၅၆-၅၈ ခုနှစ်-သေဆုံးသူ နှစ်သန်း။

၄။ Flu Pandemic ၁၉၁၈ ခုနှစ်-သေဆုံးသူ သန်း၂၀မှ သန်း၅၀။

၅။ Sixth Cholera Pandemic ၁၉၁၀-၁၉၁၁ ခုနှစ်-သေဆုံးသူ ရှစ်သိန်း(ကာလဝမ်းရောဂါ)။

၆။ Flu Pandemic ၁၈၈၉-၁၈၉၀ ခုနှစ်-သေဆုံးသူတစ်သန်း(တုပ်ကွေးရောဂါ)။

၇။ Third Cholera pandemic ၁၈၅၂-၁၈၆၀ ခုနှစ်-သေဆုံးသူ-တစ်သန်း (ကာလဝမ်းရောဂါ)။

၈။ The Black Death ၁၃၄၆-၁၃၅၃ ခုနှစ်-သေဆုံးသူ ၇၅ သန်းမှသန်း၂၀၀(ပလိပ်ရောဂါ)။

၉။ Plague of Justinian ၅၄၁-၅၄၂ ခုနှစ်-သေဆုံးသူ ၂၅သန်း(ပလိပ်ရောဂါ)။

၁၀။ Antonine Plague အေဒီ ၁၆၅-သေဆုံးသူ ငါးသန်း (ပလိပ်ရောဂါဖြစ်နိုင်သည်)။

ဒီကိုဗစ်-၁၉ ရောဂါဟာလည်း ကပ်ရောဂါတစ်ခုအဖြစ် သမိုင်းတွင်ရစ်တော့မှာ ဖြစ်ပါတယ်။ လူပေါင်းသန်းချီကူးစက်ခံနေရလျက်ရှိပြီး လူပေါင်းများစွာသေဆုံးလျက်လည်း ရှိပါတယ်။ ၂၆-၄-၂၀၂၀ ရက်နေ့အထိ နိုင်ငံနှင့်နယ်မြေဒေသစုစုပေါင်း ၂၁၀ မှာ ဖြစ်ပွားသူ ၂၉၂၄၂၆၅ ဦး၊ သေဆုံးသူ ၂၀၃၃၂၄ ဦး၊ ပျောက်ကင်းသူ ၈၃၇၇၂၁ ဦး၊ လက်ရှိလူနာ (active case) ၁၈၈၃၂၂၀ ဦး၊ မြန်မာနိုင်ငံအနေနဲ့ ပိုးတွေ့ဖြစ်ပွားသူ ၁၄၆ ဦး၊ သေဆုံးသူ ငါးဦးရှိနေပြီလည်း ဖြစ်ပါတယ်။ အထူးသဖြင့် အစစအရာရာ မပြည့်စုံဘူးလို့ ဆိုနိုင်တဲ့ ကျွန်တော်တို့ နိုင်ငံဟာလည်း ဒီကပ်ရောဂါကြီးကို အများနည်းတူ တွေ့ကြုံရင်ဆိုင်နေပါတယ်။ ရုပ်ပိုင်းဆိုင်ရာတွေ၊ နည်းပညာတွေ၊ ဥစ္စာပစ္စည်းတွေ မချမ်းသာပေမယ့် နိုင်ငံသားတွေရဲ့ မွန်မြတ်တဲ့စိတ်ဓာတ်တွေနဲ့ မကြောက်မရွံ့ ရင်ဆိုင်နေကြတာတွေ့ရလို့ အလွန်ပီတိဖြစ်ရပါတယ်။ အထူးသဖြင့် ကျန်းမာရေးဝန်ထမ်းတွေ၊ စေတနာ့ဝန်ထမ်းနိုင်ငံသားတွေရဲ့ စိတ်ဓာတ်နဲ့ လုပ်ရပ်တွေကို အံ့သြချီးကျူးဖွယ် တွေ့ရပါတယ်။ ကျန်းမာရေးဝန်ထမ်းတွေဖြစ်တဲ့ ဆရာဝန်တွေ၊ သူနာပြုတွေဟာ ဝေဒနာခံစားနေရတဲ့ လူနာတွေကို အနီးကပ်စောင့်ကြည့်ကုသပေးနေကြရပါတယ်။ သူတို့ဟာ အလွန်အန္တရာယ်များလှပါတယ်။ သူတို့တာဝန်ယူနေရတဲ့ လူနာခန်းတွေဟာ ဗိုင်းရပ်စ်ပိုးတွေများစွာရှိနေတာ ဖြစ်ပါတယ်။ Viraemia ခေါ်တဲ့ ဗိုင်းရပ်စ်ပိုး အရေအတွက်များစွာ စုဝေးနေတဲ့နေရာ ဖြစ်လို့ အလွန်ကူးစက်လွယ်ပါတယ်။ ဒါကိုသိလျက်နဲ့ တာဝန်သိသိဆောင်ရွက်နေကြတာ ဖြစ်ပါတယ်။ တစ်နည်းဆိုရရင် သူတို့ဟာ သေမင်းနှုတ်ခမ်းဝကို ရောက်နေတဲ့ လူနာတွေကို အသက်စွန့်ပြီးကူညီစောင့်ရှောက်ကယ်ပေးနေသူတွေ (သို့မဟုတ်) သေမင်းနဲ့အနီးကပ်နေရသူတွေ ဖြစ်ကြပါတယ်။ အချိန်မရွေး ကူးစက်ခံရနိုင်သူတွေ ဖြစ်ကြပါတယ်။ ဒေါက်တာ ဒေါ်မြင့်မြင့်စိန်လို မိမိအတွက် အရေးမထားဘဲ လူနာကို ဦးစားပေးကုသပေးတဲ့ ဆရာဝန်ဆိုရင် သိပ်ချီးကျူးဖို့ကောင်းပါတယ်။ ဗိုင်းရပ်စ်ပိုးတွေရဲ့အပိုင်သိမ်းပိုက်မှုကိုခံနေရတဲ့လူနာကို မိမိအတွက် အန္တရာယ်ရှိနိုင်မှန်းသိလျက်နဲ့ စွန့်လွှတ်စွန့်စားဆောင်ရွက်ရဲတဲ့ သတ္တိနဲ့စိတ်ဓာတ်ကို လေးစားစွာဂုဏ်ပြုမိပါတယ်။ သူတစ်ပါးအကျိုးအတွက် အများမလုပ်နိုင်တဲ့၊ မလုပ်ရဲတဲ့၊ ခက်ခဲတဲ့အလုပ်ကို ရဲရဲဝံ့ဝံ့ဆောင်ရွက်နိုင်တဲ့ အာဇာနည်စိတ်ဓာတ်မျိုး ဖြစ်ပါတယ်။

### သူတော်ကောင်းစိတ်ထားရှိသူတွေ

မည်သည့်အကျိုးကိုမျှ မျှော်ကိုးခြင်းမရှိဘဲ မိမိတတ်ထားတဲ့ပညာ၊ အတွေ့အကြုံတွေနဲ့ အများအကျိုးကို ဆောင်ရွက်နေကြတဲ့ သူတော်ကောင်းစိတ်ထားရှိသူတွေ ဖြစ်ကြပါတယ်။

မျိုးဆက်သစ်ဆရာဝန်တွေ၊ သူနာပြုတွေ၊ ဆေးရုံဝန်ထမ်းတွေဟာ ကိုဗစ်- ၁၉ ကပ်ရောဂါ ကာလကြီးမှာ အသက်ကိုပဓာနမထားဘဲ စွန့်လွှတ်စွန့်စားတာဝန်ထမ်းကြတဲ့ ရဲရဲတောက်နိုင်ငံ့သားကောင်းတွေလည်း ဖြစ်ကြပါတယ်။ အလားတူပါပဲ ရောဂါဗေဒပညာရှင်တွေ၊ ဓာတ်ခွဲခန်းဝန်ထမ်းတွေ၊ ဓာတ်မှန်ပညာရှင်တွေနဲ့အတူ အခြားကျန်းမာရေးဝန်ထမ်း အသီးသီးတို့သာမက စေတနာ့ဝန်ထမ်း ပရဟိတသမားတွေအားလုံးဟာလည်း ကပ်ရောဂါဆိုးကြီးကို အောင်မြင်စွာရင်ဆိုင်နိုင်ဖို့ လက်ချင်းတွဲ၊ စိတ်ချင်းတွဲ ဆောင်ရွက်နေကြတဲ့ တာဝန်သိနိုင်ငံ့သားကောင်းတွေဖြစ်ကြပါတယ်။

ကာကွယ်ရေးတပ်ဖွဲ့တစ်ခုရဲ့ တပ်သားသစ်တွေ လေ့ကျင့်ရေးစခန်းတစ်ခုမှာ ဖြစ်ပါတယ်။ သင်တန်းဆရာက သင်တန်းခဏနားနေချိန်မှာ ရဲဘော်လေးတွေ အုပ်စုထဲကို လက်ပစ်ဗုံးတစ်လုံး ပစ်သွင်းလိုက်ပါတယ်။ လက်ပစ်ဗုံးရဲ့စနက်တံကိုဖြုတ်ပြီး ပစ်သွင်းလိုက်တာ ဖြစ်ပါတယ်။ လက်ပစ်ဗုံးကိုလည်းတွေ့ရော ရဲဘော်လေးတွေဟာ ကြောက်လန့်တကြား တိုးဝှေ့ပြေးလွှားထွက်ပြေးကြပါတော့တယ်။ လက်ပစ်ဗုံးဆိုတာ တော်တော်ကြောက်စရာကောင်းတာကိုး။ ပေါက်ကွဲလိုက်ရင် ရဲဘော်လေးတွေအတွက် မတွေးဝံ့စရာပါ။ ဒါပေမယ့် လက်ပစ်ဗုံးက ယမ်းမပါတဲ့ ဗုံးအတုပါ။ ဆရာကြီးက သူ့ရဲဘော်လေးတွေရဲ့စိတ်ကို စမ်းလိုက်တာပါ။ သူတို့ဘယ်လိုတုံ့ပြန်မလဲလို့ပေါ့။ မကွဲတဲ့ဗုံးမှန်းသိတော့မှ သူတို့လေးတွေ ရယ်နိုင်ကြတယ်။ ငိုအားထက် ရယ်အားသန်ကြတာပေါ့။

### မြင့်မြတ်လှတဲ့ စိတ်ဓာတ်

ဒါနဲ့ပဲ နောက်တစ်နေ့ရောက်တော့ သူတို့တပ်စုထဲကို ရဲဘော်အသစ်တစ်ယောက် ရောက်လာတယ်။ ဒီရဲဘော်ကတော့ ဒီအကြောင်းကို လုံးဝမသိပါဘူး။ သူ့ကိုလည်း အသိမပေးဖို့ ကျန်ရဲဘော်တွေကို ဆရာကြီးက သတိပေးထားတယ်။ ဒီရဲဘော်သစ်ရဲ့ စိတ်ကို စမ်းကြည့်ချင်လို့တဲ့။ ဒါနဲ့ တစ်နေ့ကျတော့ တပ်စုနားချိန်မှာ ဆရာကြီးက လက်ပစ်ဗုံးအတုကို လူအုပ်ထဲပစ်သွင်းလိုက်ပြန်ပါတယ်။ ရဲဘော်သစ်က ဗုံးကိုလည်းတွေ့ရော သူများတကာတွေလို ရှောင်မပြေးဘူး။ တခြားရဲဘော်တွေကို ထိမှာစိုးလို့ ဒိုင်ဗင်ထိုးလိုက်ပြီး ဗုံးပေါ်ကို သူ့ရဲ့ရင်ဘတ်နဲ့ အုပ်ချလိုက်တယ်။ သူ့ဘေးနားက ရဲဘော်တွေကိုလည်း ဘေးလွတ်ရာကို တွန်းဖယ်လိုက်ပါသေးတယ်။ သူဟာ ဗုံးကို သူ့ရင်ဘတ်နဲ့ မိမိရရ ဖိထားလိုက်ပါတယ်။ မျက်စိကိုလည်း မှိတ်လို့ပေါ့။ သူဟာ ဒီဗုံးကို ဗုံးတုမှန်း လုံးဝမသိတာသေချာပါတယ်။ ဗုံးအစစ်လို့ပဲ သိထားပါတယ်။ ဗုံးကျလာတာတွေ့လို့ တခြားသူတွေမထိမိစေဖို့ မိမိရဲ့အသက်ကို ပဓာနမထားဘဲ အသက်စွန့်လိုက်တာ ဖြစ်ပါတယ်။ ရဲဘော်လေးရဲ့ မြင့်မြတ်လှတဲ့ စိတ်ဓာတ်ကို အားလုံးက တအံ့တသြ တွေ့လိုက်ကြရပါတယ်။ သူ့ကို ဝိုင်းချီးကျူးကြပါတယ်။ ချစ်ခင်လေးစားစရာကောင်းတဲ့ ရဲဘော်အဖြစ် တပ်ရင်းတစ်ခုလုံးက အသိအမှတ်ပြုကြပါတယ်။ ဒီလုပ်ရပ်ကြောင့် စစ်မြေပြင်မှာသာ ပေးအပ်ချီးမြှင့်လေ့ရှိတဲ့ သူရဲကောင်းတံဆိပ်ကို ပေးအပ်ချီးမြှင့်လိုက်ပါတယ်။

### တန်ဖိုးရှိ လူသားတွေ

ကမ္ဘာကျော် Chicken Soup စာထဲက one of the tenam ဆိုတဲ့ အင်မတန်နှစ်သက်ဖွယ်ကောင်းတဲ့ ဖြစ်စဉ်လေးပါ။ ဒီလိုစိတ်ထားမြင့်မြတ်တဲ့ လူသားတွေဟာ ငယ်သည်ဖြစ်စေ၊ ကြီးသည်ဖြစ်စေ သိပ်ကိုတန်ဖိုးကြီးသူတွေဖြစ်ပါတယ်။ လောကကြီးကို အကျိုးပြုနိုင်သူ တန်ဖိုးရှိ လူသားတွေ ဖြစ်ပါတယ်။ ကိုရိုနာဗိုင်းရပ်စ်ပိုးခေါ်တဲ့ဗုံးကြီးတစ်လုံး ကမ္ဘာမြေနဲ့ မြန်မာ့မြေပေါ်ကျရောက်လာပါတယ်။ ဒီဗုံးကြီးဟာ လူသားတွေရဲ့အသွေးအသားတွေကို ဖျက်ဆီးရုံမက အသက်တွေကိုပါ ခြွေယူနေတာ ဖြစ်ပါတယ်။ ကမ္ဘာသူကမ္ဘာသား နိုင်ငံသူနိုင်ငံသားတွေ မထိခိုက်စေဖို့ အသက်စွန့်ဆောင်ရွက်နေကြတဲ့ ကျန်းမာရေးဝန်ထမ်းတွေနဲ့ စေတနာ့ဝန်ထမ်းနိုင်ငံသားတွေဟာ ဗုံးကြီးကို မိမိရင်နဲ့အုပ်ပြီးကာကွယ်ပေးလိုက်တဲ့ ရဲဘော်လို မြင့်မြတ်တဲ့စိတ်ဓာတ်ပိုင်ဆိုင်သူတွေ ဖြစ်ကြပါတယ်။ ဒီလိုစိတ်ဓာတ်မျိုးရှိတဲ့ နိုင်ငံသားတွေဟာ ကျွန်တော်တို့လူ့အဖွဲ့အစည်းအတွက် တန်ဖိုးကြီးမားလှပါတယ်။ တန်ဖိုးကြီးမား ထိုလူသားများအား လေးစားစွာ ဂုဏ်ပြုအပ်ပါကြောင်းနဲ့ ကျန်းမာချမ်းသာ တိုးတက်အောင်မြင်ကြပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်ခင်ဗျား။ ။

> **ကိုရိုနာဗိုင်းရပ်စ်ပိုးခေါ်တဲ့ဗုံးကြီးတစ်လုံး ကမ္ဘာမြေနဲ့မြန်မာ့မြေပေါ် ကျရောက်လာပါတယ်။ ဒီဗုံးကြီးဟာ လူသားတွေရဲ့အသွေးအသားတွေကို ဖျက်ဆီးရုံမက အသက်တွေကိုပါ ခြွေယူနေတာ ဖြစ်ပါတယ်။ ကမ္ဘာသူကမ္ဘာသား နိုင်ငံသူနိုင်ငံသားတွေ မထိခိုက်စေဖို့ အသက်စွန့်ဆောင်ရွက်နေကြတဲ့ ကျန်းမာရေးဝန်ထမ်းတွေနဲ့ စေတနာ့ဝန်ထမ်းနိုင်ငံသားတွေဟာ ဗုံးကြီးကို မိမိရင်နဲ့အုပ်ပြီး ကာကွယ်ပေးလိုက်တဲ့ ရဲဘော်လို မြင့်မြတ်တဲ့စိတ်ဓာတ်ပိုင်ဆိုင်သူတွေ ဖြစ်ကြပါတယ်။ ဒီလိုစိတ်ဓာတ်မျိုးရှိတဲ့ နိုင်ငံသားတွေဟာ ကျွန်တော်တို့လူ့အဖွဲ့အစည်းအတွက် တန်ဖိုးကြီးမားလှပါတယ်**

# ကသာမြို့နယ် မက်လင်ချောင်ကျေးရွာရှိ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်းလုပ်ငန်း ပြီးစီးမှု တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေး



**ကသာ ဧပြီ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ် မက်လင်ချောင်ကျေးရွာရှိ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်းလုပ်ငန်းသည် ဧပြီလတွင် လုပ်ငန်းဆောင်ရွက်မှု အားလုံးပြီးစီးနေပြီဖြစ်ရာ ကသာမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ကြည်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးညီညီထွန်း၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ဧပြီ ၂၅ ရက်တွင် သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါလမ်းသည် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ခွင့်ပြုငွေကျပ် သန်း ၉၀ ဖြင့် ဇန်နဝါရီ ၁၅ ရက်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး နှစ်မိုင် နှစ်ဖာလုံ (၁၂ ပေ x ၂ ပေ x ၉ လက်မ) ရှိ မြေသားလမ်းနှင့် (၅၀ x ၂၀)ပေရှိ ရေကျော်တစ်စင်းပါဝင်သော အဆိုပါလုပ်ငန်းကို ဟန်သစ်ထွန်းကုမ္ပဏီက တာဝန်ယူဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

မက်လင်ချောင်ကျေးရွာရှိ ဒေသခံပြည်သူများသည် ကြံ၊ စပါးနှင့် မြေပဲတို့ကို အများဆုံးစိုက်ပျိုးကြပြီး ထွက်ရှိသော သီးနှံများကို ဈေးကွက်သို့ အဆင်ပြေလွယ်ကူစွာ သယ်ယူပို့ဆောင်နိုင်ပြီး ကျေးရွာနေပြည်သူများ ရာသီမရွေး အဆင်ပြေစွာ သွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

ရဲအောင်(ကသာ)

# အာဟာရအခက်အခဲဖြစ်နေသော မိဘပြည်သူများနှင့် ပရဟိတကျောင်းများသို့ အာဟာရဒါနလှူဒါန်း



**လှိုင်ကော် မေ ၂၆**

လှိုင်ကော်မြို့နယ်အတွင်းရှိ အလှူရှင်အသီးသီးတို့က ပုံမှန်ဝင်ငွေမရှိသောမိသားစုများအား ပေးအပ်လှူဒါန်းသည့် ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ မားမားခေါက်ဆွဲ၊ ကုလားပဲ၊ ကြက်သွန်နီ၊ ခရမ်းချဉ်သီးနှင့် အာလူးတို့ကို ပရဟိတ လူမှုကူညီရေးအသင်းများဖြစ်သည့် ဖေးကူလက်များ၊ ဝစ္စကုဋ္ဌီအသင်းတို့က ယနေ့ နံနက် ၉ နာရီတွင် အိမ်တိုင်ရာရောက် သွားရောက်ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ထိုသို့ ထောက်ပံ့ပေးအပ်လှူဒါန်းရာတွင် တစ်အိမ်ထောင်လျှင် ဆန်(၃)ပြည်၊ ဆီ (၅၀)ကျပ်သား၊ ဆား (၁)ထုပ်၊ ကြက်ဥ (၁၀)လုံး၊ မားမား ခေါက်ဆွဲ (၂)ထုပ်၊ ကုလားပဲ (၁)ဘူး၊ ကြက်သွန်နီ (၂၅)ကျပ်သား၊ ခရမ်းချဉ်သီး (၅၀)ကျပ်သား၊ အာလူး (၂၅) ကျပ်သားတို့ ပါဝင်ကြောင်း သိရသည်။

**ကိုစိုင်း (လှိုင်ကော်)**

## ပြည်ပပြန်များနှင့် စပ်လျဉ်း၍ အသိပေးကြေညာချက်

- COVID-19 ရောဂါကူးစက်ပျံ့နှံ့နေသော နိုင်ငံများမှ ပြန်လာကြသူများအနေဖြင့် ပြည်သူလူထု၏ ဝိုင်းဝန်း ပူးပေါင်းကူညီစောင့်ရှောက်ပေးမှုဖြင့် သတ်မှတ်နေရာအဆောက်အဦများတွင်ထားရှိပြီး အသွားအလာကန့်သတ်ခြင်းအစီအစဉ်(Community Based Facility Quarantine) ဆောင်ရွက်ရာတွင် တာဝန်သိစွာနှင့် ပူးပေါင်းဆောင်ရွက်ပေးကြပါ။ သတ်မှတ်ထားတဲ့ စည်းကမ်းချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ကြပါ။
- ထိုကဲ့သို့ဆောင်ရွက်ခြင်းဖြင့် မိမိကိုယ်တိုင်ရောဂါဖြစ်ပွားပါက ထိရောက်စွာကုသမှုခံယူနိုင်မည့်အပြင် မိမိရဲ့ မိသားစု၊ မိတ်ဆွေများနဲ့ မိမိရပ်ရွာအတွင်း ရောဂါကူးစက်ပျံ့နှံ့ခြင်းကိုလည်း ထိရောက်စွာ ကာကွယ်နိုင်မှာ ဖြစ်ပါတယ်။
- ပြည်သူများကလည်း မိမိတို့ရပ်ကွက်၊ ကျေးရွာအတွင်း နိုင်ငံခြားမှ ပြန်ရောက်လာသူများရှိပါက သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးမှတစ်ဆင့် သတင်းပို့ကြပါရန် အသိပေးနှိုးဆော်အပ်ပါတယ်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**




# မြိတ်မြို့တွင် ကိုဗစ် -၁၉ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို ကူညီဆောင်ရွက်ပေးသော ပရဟိတအဖွဲ့ဝင်များအား အခြေခံစားသောက်ကုန်(၆)မျိုး ဂုဏ်ပြုထောက်ပံ့

**မြိတ် မေ ၂၆**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့၌ ကိုဗစ် -၁၉ ရောဂါကာကွယ်ရေးလုပ်ငန်းများကို ကူညီဆောင်ရွက်ပေးလျက်ရှိသော ပရဟိတအဖွဲ့ဝင်များအား ယနေ့ နံနက် ၁၀ နာရီက ကျောက်ဖျာကျေးရွာရှိ ဓမ္မိကာရာမကျောင်းတိုက် ဓမ္မာရုံ၌ အခြေခံစားသောက်ကုန်(၆)မျိုးကို ဂုဏ်ပြုထောက်ပံ့ပေးအပ်ခဲ့သည်။

**ထောက်ပံ့**

ကိုဗစ် -၁၉ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို ကူညီဆောင်ရွက်ပေးလျက်ရှိသော ပရဟိတအသင်း ၅၇ သင်းရှိ အဖွဲ့ဝင် ၂၅၅ ဦးအား တစ်ဦးလျှင် ဆန်(၁၀)ပြည်၊ ကြက်ဥ(၁၀)လုံး၊ ဆီ(၁)ဘူး၊ ငါးသေတ္တာ(၂)ဘူး၊ အိုင်အိုဒင်းဆား(၁)ပိဿာ၊ ကြက်သွန်နီ(၁)ပိဿာစသည့် အခြေခံစားသောက်ကုန်(၆)မျိုးကို တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဒေါ်ရီရီချို၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများက ဂုဏ်ပြုထောက်ပံ့ပေးအပ်ခဲ့ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဒေါ်ရီရီချိုက ဂုဏ်ပြုအမှာစကားပြောကြားခဲ့ပြီး မြိတ်ခရိုင် ကိုဗစ် -၁၉ ရောဂါကာကွယ်ရေး အရပ်ဘက်ပူးပေါင်းကော်မတီ ဥက္ကဋ္ဌ ဦးပိုအင်က ထောက်ပံ့ပေးအပ်သည့် ရည်ရွယ်ချက်နှင့် မြိတ်ဒေသ ကိုဗစ် -၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အထောက်အကူပြုကော်မတီ ဥက္ကဋ္ဌ ဒေါ်တင်တင်ထွေးက ဝမ်းမြောက်ဂုဏ်ပြုစကား ပြောကြားကြသည်။

ဂုဏ်ပြုထောက်ပံ့သည့် အခြေခံစားသောက်ကုန်(၆)မျိုး၌ ဆန်နှင့်ကြက်ဥများကို မြိတ်ဒေသ ကိုဗစ် -၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အထောက်အကူပြုကော်မတီကလည်းကောင်း၊ ဆီ၊ အိုင်အိုဒင်းဆားနှင့် ငါးသေတ္တာများကို မြိတ်ခရိုင် ကိုဗစ် -၁၉ ရောဂါကာကွယ်ရေး အရပ်ဘက်ပူးပေါင်းကော်မတီကလည်းကောင်း၊ ကြက်သွန်နီကို ဦးမောင်ထွေးဝေ(အိုကေဆန်စက်) မိသားစုကလည်းကောင်း အသီးသီး လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**ခိုင်ထူး ( မြိတ် ပြန်/ဆက် )**

## မနက်ဖြန်နံနက်အထိ မိုးလေဝသ ခန့်မှန်းချက်

**နေပြည်တော် မေ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ နေပြည်တော်၊ မကွေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မိုး/ဇလ**

# မကွေးတိုင်းဒေသကြီး၌ မေလအတွင်း လူဦးရေ နှစ်ထောင်ကျော် လေဘေးကြုံ၍ ထောက်ပံ့မှုများပေးအပ်

**မကွေး မေ ၂၆**

မကွေးတိုင်းဒေသကြီးအတွင်း၌ မေ ၉ ရက်မှစ၍ လေပြင်းတိုက်ခတ်မှုများဖြစ်ပေါ်ခဲ့ပြီး လူဦးရေ နှစ်ထောင်ကျော် လေဘေးသင့်သဖြင့်ဆန်ရိက္ခာနှင့် အိမ်ဆောက်ပစ္စည်းဖိုးငွေကျပ် ၁၆၆ သိန်းကျော်ထောက်ပံ့မှုများ ဆောင်ရွက်ခဲ့ကြောင်း မကွေးတိုင်းဒေသကြီး ဘေးအန္တရာယ်စီမံခန့်ခွဲမှုဦးစီးဌာနမှ သိရသည်။

“ မကွေးတိုင်းဒေသကြီးထဲမှာ မေ ၉ ရက်လောက်ကစပြီး လေပြင်းတွေတိုက်ခဲ့ပါတယ်။ မြို့နယ် ၁၀မြို့နယ်မှာ ဖြစ်နေတာ။ မကွေးမြို့နယ်မှာ အိမ်ခြေ အလုံး ၂၃၀ နဲ့ ဆင်ပေါင်ဝဲမှာ အိမ်ခြေ ၁၉၄ လုံး ပျက်စီးခဲ့ပါတယ်။ ဒီနှစ်မြို့က အဖြစ်အများဆုံးပါ။ ဌာနအနေနဲ့ ထောက်ပံ့မှုတွေ အမြန်ဆုံးလုပ်ဆောင်ပေးခဲ့ပါတယ်” ဟု ဘေးအန္တရာယ်စီမံခန့်ခွဲမှု ဦးစီးဌာန တိုင်းဦးစီးမှူး ဦးမြင့်စိုးက ပြောသည်။

လေပြင်းတိုက်ခတ်မှုများကြောင့် နေအိမ် ကိုးလုံး ပြိုကျကာ နေအိမ် ၄၉၃ လုံး တစ်စိတ်တစ်ပိုင်း ပျက်စီးခဲ့ကြောင်း၊ အိမ်ထောင်စု ၅၀၂ စု၊ လူဦးရေ ၂၀၆၁ ဦး လေဘေးသင့်ခဲ့ကြောင်း သိရသည်။

စလင်းမြို့နယ်နှင့် ဆိပ်ဖြူမြို့နယ်တို့၌ မေ ၂၅ ရက်က လေပြင်းတိုက်ခတ်ခဲ့မှုကြောင့် နေအိမ် ၄၅ လုံး ပျက်စီးမှုဖြစ်ကာ လူဦးရေ ၂၀၀ ကျော်လေဘေးကြုံ၍ နွား သုံးကောင် သေဆုံးခဲ့သည်။ အိမ်ဆောက်ပစ္စည်းဖိုးနှင့် တစ်ပတ်စာ တန်ဖိုးငွေကျပ် ၁၉၇၆၃၀၀ ထောက်ပံ့ပေးခဲ့ကြောင်း တိုင်းဒေသကြီး ဘေးအန္တရာယ်စီမံခန့်ခွဲမှု ဦးစီးဌာနမှ သိရသည်။

**ဇေယျာတု(မကွေး)**

# မိုးညှင်းခရိုင်အတွင်း လေဘေးသင့် ပြည်သူများအတွက် ထောက်ပံ့ငွေများ ပေးအပ်

**မိုးညှင်း မေ ၂၆**

ကချင်ပြည်နယ် မိုးညှင်းခရိုင်အတွင်း မေ ၂၁ရက် ည ၇ နာရီခွဲခန့်မှစတင်၍ လေပြင်းတိုက်ခတ်ခြင်းနှင့်အတူ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မိုးညှင်း မြို့နယ်နှင့် မိုးကောင်းမြို့နယ်များရှိ အမိုးလန်ပျက်စီးသွားသည့် နေအိမ်များနှင့် မိသားစုဝင်များအား ခရိုင်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဦးစီးဌာနက မေ ၂၅ ရက် နံနက်ပိုင်းမှစ၍ ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။



**ပေးအပ်**

မိုးညှင်းမြို့နယ်အတွင်း အမိုးလန်ပျက်စီးသွားသည့်နေအိမ် ၁၂၁ လုံးနှင့် ဘာသာရေးအဆောက်အအုံ သုံးလုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုးငွေကျပ် ၁၀၆၂၀၈၀၀ နှင့် လေဘေးသင့်လူဦးရေ ၆၀၄ ဦးအတွက် တစ်ဦးလျှင် ၂၁၀၀ နှုန်းဖြင့် တစ်ပတ်စာ ဆန်ရိက္ခာဖိုး ငွေကျပ် ၁၂၆၈၄၀၀ ကို သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးရုံးများ၌ လေဘေးသင့်အိမ်ထောင်စုများ လက်ဝယ်အရောက် ခရိုင်ဘေးအန္တရာယ်စီမံခန့်ခွဲမှု ဦးစီးဌာနမှ ဝန်ထမ်းများက ပေးအပ်ခဲ့ကြသည်။

အလားတူ မိုးကောင်းမြို့နယ်အတွင်း အိမ်ပြိုကျပျက်စီးသွားသည့် နေအိမ်နှစ်လုံးအပါအဝင် အမိုးလန်ပျက်စီးသွားသည့် နေအိမ် ၁၄ လုံးနှင့် ဘာသာရေးအဆောက်အအုံ တစ်လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုးငွေကျပ် ၁၂၃၈၆၀၀ နှင့် လေဘေးသင့် လူဦးရေ ၉၉ဦးအတွက်တစ်ပတ်စာဆန်ရိက္ခာဖိုး ငွေကျပ်၂၀၇၉၀၀ နှင့် ပြိုကျပျက်စီးသွားသည့်နေအိမ် နှစ်လုံးရှိ အိမ်ထောင်စုများအတွက် ကယ်ဆယ်ရေးပစ္စည်း ၁၇ မျိုးပါ သေတ္တာနှစ်လုံးကိုလည်း ပေးအပ်ခဲ့ကြောင်း ခရိုင်ဘေးအန္တရာယ်စီမံခန့်ခွဲမှု ဦးစီးဌာနမှ သိရသည်။

ထို့အတူ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းက လေပြင်းတိုက်ခတ်မှုကြောင့် အမိုးလန်ပျက်စီးသွားသည့် နေအိမ်များအတွက် အရေးပေါ်ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်ခြင်းကို မေ ၂၃ ရက်နှင့်၂၄ ရက်တို့တွင် သက်ဆိုင်ရာမြို့နယ်များ အလိုက်ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကျော်ကျော်(မိုးညှင်း)**

# မြန်မာကြက်တောင်အားကစားမယ် သက်ထားသူဇာ အိုလံပစ်ပြိုင်ပွဲဝင်ခွင့်ရရန် ဆက်လက်ကြိုးပမ်းမည်



**ရန်ကုန် ဧပြီ ၂၆**
မြန်မာကြက်တောင်အားကစားမယ် သက်ထားသူဇာသည် အိုလံပစ်ပြိုင်ပွဲနှင့် ကမ္ဘာ့ကြက်တောင်အဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့်ပြိုင်ပွဲများ ရွှေ့ဆိုင်းထားသော်လည်း ၂၀၂၁ ခုနှစ်တွင် ပြန်လည်ကျင်းပမည့် တိုကျိုအိုလံပစ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရန် ဆက်လက်ကြိုးပမ်းသွားမည် ဖြစ်သည်။

ကမ္ဘာ့နိုင်ငံများတွင် ဖြစ်ပွားနေသည့် ကိုရိုနာဗိုင်းရပ်စ်ကြောင့် ၂၀၂၀ အိုလံပစ်ပြိုင်ပွဲကို ရွှေ့ဆိုင်းထားသလို ကမ္ဘာ့ကြက်တောင်အဖွဲ့ချုပ်က ကြီးမှူးကျင်းပနေသည့် ပြိုင်ပွဲများကိုလည်း မတ်လမှ ဇူလိုင်လအထိ ရပ်နားထားသည်။ အိုလံပစ်ပြိုင်ပွဲ ရွှေ့ဆိုင်းထားခြင်းနှင့် BWF ပြိုင်ပွဲများကျင်းပနိုင်ခြင်းမရှိသောကြောင့် ကမ္ဘာ့ကြက်တောင်အဖွဲ့ချုပ်သည် တိုကျိုအိုလံပစ်ပြိုင်ပွဲအတွက် ဝင်ခွင့်သတ်မှတ်ချက်များကို ပြန်လည်သတ်မှတ်သွားမည် ဖြစ်သည်။ ကမ္ဘာ့ကြက်တောင်အဖွဲ့ချုပ်သည် ယခင်က ဧပြီ ၂၆ ရက်အထိ ကျင်းပသည့်ပြိုင်ပွဲများမှ ရမှတ်များအပေါ်မူတည်၍ တွက်ချက်ကာ အိုလံပစ်ပြိုင်ပွဲဝင်ခွင့်ပေးရန် ဆုံးဖြတ်ထားသော်လည်း ကမ္ဘာ့နိုင်ငံအနှံ့အပြားတွင် ဖြစ်ပွားနေသည့် ကိုရိုနာဗိုင်းရပ်စ်ကြောင့် မတ်လကတည်းက ပြိုင်ပွဲများ ရပ်နားထား၍ ဝင်ခွင့်သတ်မှတ်ချက်များ ပြောင်းလဲရမည် ဖြစ်သည်။

မြန်မာကြက်တောင်အားကစားမယ် သက်ထားသူဇာသည် တိုကျိုအိုလံပစ်ပြိုင်ပွဲဝင်ခွင့်ရရန် ကြိုးပမ်းနေသူဖြစ်ပြီး ကမ္ဘာ့ကြက်တောင်အဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ၂၀၁၈ ခုနှစ် နှစ်ကုန်ပိုင်းမှ ၂၀၂၀ ပြည့်နှစ် မတ်လအထိ ချန်ပီယံဆု ရှစ်ကြိမ် ရရှိထားသည်။ သက်ထားသူဇာသည် BWF က ပြိုင်ပွဲများပြန်လည်ကျင်းပပါက ပြိုင်ပွဲများ ပြန်လည်ယှဉ်ပြိုင်ပြီး အိုလံပစ်ပြိုင်ပွဲဝင်ခွင့်ရရန် ကြိုးပမ်းသွားမည် ဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်**
**ဓာတ်ပုံ-ဖိုးသော်ဇင်**

# မွိုက်ကီယန်ရဲ့ အသွားအလာကန့်သတ်မှု စည်းကမ်းချိုးဖောက်မှုအတွက် အဲဗာတန်အသင်းက တောင်းပန်ခဲ့



အဲဗာတန်အသင်းဟာ အိမ်တွင်းပါတီတစ်ခုမှာ တိုက်စစ်မှူး မွိုက်ကီယန်ရဲ့ ဓာတ်ပုံတွေပေါ်ထွက်လာမှုနဲ့ပတ်သက်ပြီး တောင်းပန်ခဲ့တယ်လို့ အဲဗာတန်အသင်းက ပြောကြားခဲ့ပါတယ်။

တိုက်စစ်မှူး မွိုက်ကီယန်ဟာ ပြီးခဲ့တဲ့နွေရာသီဈေးကွက်အတွင်းက အီတလီစီးရီးအေချန်ပီယံ ဂျူဗင်တပ်အသင်းကနေ ပြောင်းရွှေ့ကြေး ပေါင် ၂၅ ဒသမ ၁ သန်းနဲ့ အဲဗာတန်အသင်းဆီ ပြောင်းရွှေ့လာတာဖြစ်ပြီး မွိုက်ကီယန်ရဲ့ စည်းကမ်းချိုးဖောက်မှုအတွက် အလွန်စိတ်ပျက်မိကြောင်းလည်း အဲဗာတန်အသင်းက ပြောကြားခဲ့ပါတယ်။

ဒေးလီးစတားသတင်းဌာနမှာ ဒီနေ့မှာ ဖော်ပြထားတာကတော့ အသက် ၂၀ အရွယ်ရှိ အီတလီကြယ်ပွင့် မွိုက်ကီယန်အနေနဲ့ အိမ်တွင်းပါတီတစ်ခုမှာ သူကိုယ်တိုင်ဓာတ်ပုံရိုက်ပြီးတင်ခဲ့တာ ဖြစ်တယ်လို့ဆိုပါတယ်။

ကိုရိုနာဗိုင်းရပ်စ်ကူးစက်ဖြစ်ပွားနေမှုနဲ့ ဆက်နွယ်နေတဲ့ အသင်းရဲ့ မူဝါဒနဲ့ အစိုးရရဲ့လမ်းညွှန်ချက်တွေကို လျစ်လျူရှုခဲ့တဲ့ အသင်းရဲ့ တိုက်စစ်မှူး စည်းကမ်းချိုးဖောက်မှုနဲ့ပတ်သက်ပြီး တောင်းပန်ခဲ့ရကြောင်း အဲဗာတန်အသင်းက ပြောကြားခဲ့ပါတယ်။

အိမ်တွင်းအိမ်ပြင် လိုက်နာရမယ့်စည်းကမ်းချက်တွေနဲ့ အကြံပြုချက်တွေအပါအဝင် အစိုးရရဲ့လမ်းညွှန်ချက်တွေအားလုံး အရေးပါမှုကိုလည်း အသင်းသားတွေကို ပုံမှန်ပြောကြားပေးနေကြောင်းလည်း အဲဗာတန်အသင်းက ကြေညာချက်တစ်စောင်မှာ ပြောကြားခဲ့ပါတယ်။

မွိုက်ကီယန်ဟာ အသွားအလာကန့်သတ်မှုဆိုင်ရာလမ်းညွှန်မှုတွေကို ချိုးဖောက်ခဲ့တဲ့ ပရီမီယာလိဂ်ရဲ့ နောက်ဆုံးကစားသမားတစ်ဦးဖြစ်ပြီး အရင်က မန်စီးတီးကစားသမား ကီလီဝေါ်ကာဟာလည်း လိင်လုပ်သားနှစ်ဦးပါဝင်တဲ့ ပါတီတစ်ခုကိုကျင်းပပြီး အသွားအလာကန့်သတ်မှုဆိုင်ရာ စည်းကမ်းတွေကို ချိုးဖောက်ခဲ့ဖူးတာဖြစ်ပါတယ်။

ဒါ့အပြင် စပါးအသင်းကစားသမားနှစ်ဦးဖြစ်တဲ့ ဆာ့ဂ်ျအော်ရီယာနဲ့ ဆစ်ဆိုကိုတို့ဟာလည်း ကိုရိုနာဗိုင်းရပ်စ်ဆိုင်ရာ ထိန်းချုပ်ဟန့်တားမှုတွေ ပြုလုပ်ထားချိန် လေ့ကျင့်ရေးကွင်းမှာ အတူသွားရောက်လေ့ကျင့်ခဲ့လို့ တောင်းပန်ခဲ့ရဖူးတာဖြစ်ပါတယ်။ မန်စီးတီးအသင်းကစားသမား ကီလီဝေါ်ကာကတော့ စည်းမျဉ်းစည်းကမ်းဆိုင်ရာချမှတ်မယ့် အပြစ်ကို စောင့်နေရဆဲဖြစ်တယ်လို့ သိရပါတယ်။

**ငွေကြယ်-ရေးသားသည်**

# အာဆင်နယ်ကစားသမားများ လာမည့်တစ်ပတ်တွင် လေ့ကျင့်ရေးစဆင်းမည်

အာဆင်နယ်အသင်းရဲ့ကစားသမားတွေဟာ လာမယ့် တစ်ပတ်ထဲမှာ အပေါ့စားလေ့ကျင့်မှုတွေ စတင်လုပ်ဆောင်တော့မယ်လို့ သိရပါတယ်။ ကစားသမားတွေအနေနဲ့ အစိုးရက ထုတ်ပြန်ထားတဲ့ ကိုရိုနာဗိုင်းရပ်စ်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းတွေနဲ့အညီ လန်ဒန်ကိုလ်နေး လေ့ကျင့်ရေးကွင်းမှာ တစ်ဦးချင်းပုံစံနဲ့ စတင်လေ့ကျင့်ရေးဆင်းမှာဖြစ်တယ်လို့လည်း ဆိုပါတယ်။

ကိုလ်နေးအဆောက်အအုံအားလုံးကို ပိတ်ထားဆဲဖြစ်ပြီး ကစားသမားတွေအနေနဲ့ တစ်ဦးချင်းသွားရောက်ရမှာဖြစ်သလို တစ်ဦးချင်းလေ့ကျင့်ရေးဆင်းပြီးပါက အိမ်သို့ပြန်ရမှာဖြစ်တယ်လို့ သိရပါတယ်။

အာဆင်နယ်ကစားသမားတွေဖြစ်တဲ့ လာကာဇက်တီ၊ ဒေးဗစ်လုဇ်၊ နီကိုလက်စ်ပီပီနဲ့ ဇာကာတို့ဟာ ခပ်ခွာခွာနေထိုင်ခြင်းညွှန်ကြားချက်တွေကို ချိုးဖောက်ခဲ့လို့ အာဆင်နယ်အသင်းက သတိပေးပြောကြားပြီးနောက် နှစ်ရက်အကြာမှာ အခုလို အပေါ့စားလေ့ကျင့်ရေးဆင်းမှုကို ခွင့်ပြုပေးလိုက်တာဖြစ်တယ်လို့ သိရပါတယ်။

ဗြိတိန်အစိုးရရဲ့ လမ်းညွှန်ချက်အရ ကစားသမားတွေအနေနဲ့ မိမိဘာသာလေ့ကျင့်ကစားရမှာဖြစ်သလို အပြင်ထွက်ပါကလည်း အခြားသူများနဲ့ ခြောက်ပေအကွာမှာရှိနေရမှာဖြစ်ပြီး အာဆင်နယ်အသင်းဟာ ကိုရိုနာဗိုင်းရပ်စ်ကြောင့် ပြိုင်ပွဲတွေရပ်နားထားချိန်မှာ ပရီမီယာလိဂ် အမှတ်ပေးဇယားအဆင့် ၉ နေရာမှာ ရပ်တည်နေတာဖြစ်ပါတယ်။





# ချယ်လ်ဆီးကစားသမားများက လစာလျှော့ယူမည်မဟုတ်ဟုဆို

ချယ်လ်ဆီးအသင်းရဲ့ ကစားသမားတွေဟာ ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါဖြစ်ပွားနေစဉ်အတွင်းမှာ အသင်းအတွက် အထောက်အပံ့ဖြစ်စေရေးအတွက် လစာလျှော့ယူမှုကို ပြုလုပ်မှာမဟုတ်ကြောင်းနဲ့ အခြားသော ပရဟိတအဖွဲ့အစည်းတွေကို ဆက်လက်ထောက်ပံ့ပေးသွားမှာဖြစ်ကြောင်း ဘီဘီစီသတင်းတစ်ရပ်အရ သိရပါတယ်။

ဒါပေမယ့် ချယ်လ်ဆီးအမျိုးသားအသင်းအနေနဲ့ သူတို့လုပ်ခလစာရဲ့ ၁၀ ရာခိုင်နှုန်း လျှော့ယူသွားဖို့လည်း ရှိနေတယ်လို့ဖော်ပြထားပါတယ်။ ကစားသမားများအနေဖြင့် အမျိုးသားကျန်းမာရေးလုပ်ငန်းနဲ့ ပရဟိတအဖွဲ့အစည်းတွေကို ဆက်လက်ထောက်ပံ့ပေးသွားဖို့ရှိတယ်လို့ ချယ်လ်ဆီးအသင်း ဘုတ်အဖွဲ့က ပြောကြားခဲ့ပါတယ်။

ချယ်လ်ဆီးကစားသမားတွေဟာ သူတို့လုပ်ခလစာရဲ့ ၁၀ ရာခိုင်နှုန်းထက်လျှော့နည်းပြီး လျှော့ယူဖို့ကမ်းလှမ်းထားတယ်လို့ မီဒီယာတချို့က ဖော်ပြထားပေမယ့် ချယ်လ်ဆီးအသင်းကတော့ အသင်းနဲ့ကစားသမားတွေကြားမှာ အဲဒီလိုဆွေးနွေးမှုတွေ ပြုလုပ်ထားတာမရှိဘူးလို့ ဆိုပါတယ်။ ချယ်လ်ဆီးအသင်းအနေနဲ့ ကစားသမားတွေကို လုပ်ခလစာအပြည့်ပေးလျက်ရှိကြောင်းလည်း ပြောကြားခဲ့ပါတယ်။

လျှပ်စစ်ဓာတ်အားကို ချွေတာနိုင်သည့် နည်းလမ်းများ

- ရိုးရိုးမီးလုံး၊ မီးချောင်းထက် Energy Saving Lamp ကိုရွေးချယ်အသုံးပြုသင့်သည်။
- Energy Saving Lamp ထက် Led မီးလုံး၊မီးချောင်းများကို ရွေးချယ်အသုံးပြုသင့်သည်။




FIRST SAFETY COMPANY
No.83/A, WaiZanYanTar Rd, Ngwe Kyar Yan St, 3Q, South Okkalapa Tsp, Yangon.

တစ်ခါသုံး PPE ဝတ်စုံ အစုံ (၂၀) မှာလျှင်
ရန်ကုန်မြို့တွင်းအရောက်ပို့ပေးသည်။
01 233 3134, 09 969 770 910,
09 426 777 400, 09 971 999 595.



Instock ရှိသည်။
ချက်ချင်းရမည်။

အကျီ၊ ဖိနပ်၊ Mask ၊ လက်အိတ်
မျက်မှန် – (၅) မျိုး (၂၀၀၀) ကျပ်



# ၂၀၂၀ ပြည့်နှစ်အတွက် အာဆီယံဆု (ASEAN Prize 2020) လျှောက်ထားနိုင်ကြောင်း ကြေညာ

၁။ အာဆီယံအတွင်းရေးမှူးချုပ်ရုံးအနေဖြင့် အာဆီယံ၏ ဂုဏ်ပုဒ်၊ အာဆီယံစိတ်ဓာတ်နှင့် အောက်ဖော်ပြပါသတ်မှတ်ထားသည့် နယ်ပယ်များတွင် အာဆီယံလမ်းစဉ်တို့ကို မြှင့်တင်ပေးနိုင်သည့် လူပုဂ္ဂိုလ်/ အဖွဲ့အစည်းတို့၏ ဆောင်ရွက်မှုများနှင့် အောင်မြင်မှုများကို အသိအမှတ်ပြုသည့်အနေဖြင့် ၂၀၂၀ ပြည့်နှစ် အာဆီယံဆုကို ပေးအပ်ချီးမြှင့်ရန်အတွက် အဆိုပြုလွှာများ ခေါ်ယူလျက်ရှိပါသည်–

(က) အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုများ
(ခ) အာဆီယံနှင့် ကမ္ဘာတစ်ဝန်းအကြား ပူးပေါင်းဆောင်ရွက်မှုများ
(ဂ) အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှုများ
(ဃ) အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား စံနှုန်းများမြှင့်တင်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ
(င) အာဆီယံအသိုက်အဝန်း တည်ထောင်ရေးအတွက် သိသာထင်ရှားသည့် ဆောင်ရွက်မှုများ

၂။ အာဆီယံဆုအား အပြီးသတ်ရွေးချယ်မည့် ဒိုင်အဖွဲ့ကို လက်ရှိအာဆီယံအတွင်းရေးမှူးချုပ်နှင့် အာဆီယံအတွင်းရေးမှူးချုပ်ဟောင်းများအပါအဝင် ထင်ရှားသော အဆင့်မြင့်ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းထားပြီး ဆုရရှိသူအား အာဆီယံဆုဖလားနှင့် အမေရိကန်ဒေါ်လာ ၂၀၀၀၀ ချီးမြှင့်သွားမည်ဖြစ်ပါသည်။ ယင်းဆုကို ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့၌ ၂၀၂၀ ပြည့်နှစ်တွင် ကျင်းပမည့် (၃၇)ကြိမ်မြောက် အာဆီယံခေါင်းဆောင်များ ထိပ်သီးအစည်းအဝေးတွင် ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ပါသည်။ ၂၀၁၉ ခုနှစ်အတွက် အာဆီယံဆုကို မလေးရှားနိုင်ငံမှ Dr.Jemilah Mahmood က အာဆီယံလူသားချင်းစာနာမှုဆိုင်ရာ အကူအညီပေးရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့မှုများကြောင့် ရရှိခဲ့ပါသည်။

၃။ အဆိုပါဆုအား လျှောက်ထားရန် အဆိုပြုသူများသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံသား(သို့မဟုတ်) အဖွဲ့အစည်းဖြစ်ရမည်ဖြစ်ပြီး စည်းမျဉ်းစည်းကမ်းကိုအခြေခံပြီး ပြည်သူကို ဦးတည်၍ ပြည်သူကိုဗဟိုပြုသည့် အာဆီယံအသိုက်အဝန်း ထူထောင်ခြင်းနှင့် အာဆီယံဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုများတွင် ပါဝင်ဆောင်ရွက်နေသူဖြစ်ရမည်ဖြစ်ပါသည်။ လျှောက်ထားမည့် လူပုဂ္ဂိုလ်/အဖွဲ့အစည်းများသည် ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလမှ ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလအတွင်း ပါဝင်ဆောင်ရွက်ခဲ့သည့် ဆောင်ရွက်ချက်များ၊ အောင်မြင်မှုများနှင့် ရှေ့ဆက်၍ အာဆီယံနှင့်ပတ်သက်သည့်ဆောင်ရွက်သွားမည့် အစီအစဉ်များကို စာမျက်နှာ ၃ မျက်နှာမှ ၅ မျက်နှာအကြား ( အင်္ဂလိပ်ဘာသာဖြင့်) အကျဉ်းချုပ်ရေးသားဖော်ပြရမည်ဖြစ်ပါသည်။

၄။ အကျဉ်းချုပ်တွင် ပါရှိရမည့်အချက်အလက်များကို လျှောက်လွှာပုံစံတွင် ဖော်ပြပါရှိပါကြောင်းနှင့် လျှောက်လွှာပုံစံကို အာဆီယံအတွင်းရေးမှူးချုပ်ရုံး၏ အင်တာနက်စာမျက်နှာ https://asean.org/asean-prize-1/တွင် ရယူ၍ အာဆီယံရေးရာဦးစီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၉)၊ နေပြည်တော် (သို့မဟုတ်) dgasean@gmail.com နှင့် amns.mofa@gmail.com ကို ၃-၇-၂၀၂၀ ရက်နေ့ နောက်ဆုံးထား၍ လိပ်မူလျှောက်ထားနိုင်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ အသေးစိတ်အချက်အလက်များကိုလည်း ဖော်ပြပါအာဆီယံအတွင်းရေးမှူးချုပ်ရုံး၏ အင်တာနက်စာမျက်နှာတွင် လေ့လာကြည့်ရှုနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန

KMD Institute
Since 1988



အားလုံးအားလုံးအတွက် Online Learning Classes
(May Intake)

ISO

ယခုကာလအတွင်း Stay Home လုပ်နေသော ကျောင်းသား၊ ကျောင်းသူများ၊ Work from Home လုပ်နေသော ဝန်ထမ်းများ၊ ကွန်ပျူတာပညာရပ်များကို လေ့လာလိုသူများအတွက် လုပ်ငန်းခွင်တွင် လက်တွေ့အသုံးချနိုင်သော ကွန်ပျူတာပညာရပ်များကို COVID-19 ကပ်ရောဂါကာကွယ်ရေး မိမိတို့ပညာရေးအတွက် အပြင်ထွက်စရာမလိုတဲ့အိမ်မှာနေ၍Online Learning ဖြင့် KMD Institute တွင်လေ့လာသင်ယူနိုင်ပါပြီ။

လေ့လာသင်ယူနိုင်သော သင်တန်းများမှာ.....

- i-Office Basic
- i-Office Advanced
- Excel in Business Application
- Advanced Excel
- AutoCAD
- MYOB
- PC Maintenance
- Programming Fundamentals
- Effective presentation with Power Point
- Power Director Video Editing
- Project Management with Microsoft Project
- Artificial Intelligence (AI) powered English Learning Application
- Online Privacy & Social Media for everyone
- Computer Components and Basic Networking

သင်တန်းများကို အထူးနည်းပြဆရာများဖြင့် သင်ကြားပေးလျက်ရှိပါသည်။

အသေးစိတ်အချက်အလက်များစုံစမ်းမေးမြန်းလိုပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ နံနက်(၉) နာရီမှ မွန်းလွဲ (၂)နာရီအထိ စုံစမ်းမေးမြန်းနိုင်ပါသည်။
☎ 01-8381035, 01-8381776, 01-7502233, 01-7527436, 01-8220555, 09-762776004, 01-8384268, 01-9541328, 09-402171227, 09-960881627, 09-428055067
Facebook Messenger မှတစ်ဆင့်လည်း ဆက်သွယ် စုံစမ်းမေးမြန်းနိုင်ပါသည်။
www.facebook.com/kmdedu.mm

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

**Captain ဦးလှဦး**

**အသက်(၆၇)နှစ်**

**(75/Eco)**

**MT SINGA BERLIAN**

မော်လမြိုင်မြို့၊ မောင်ငံအလယ်တန်းရပ်နေ (ဦးတင်ဦး-ဒေါ်လှသိန်း)တို့၏သားကြီး၊ မြိတ်မြို့၊ မြစ်ငယ်ရပ်နေ (ဦးထူးစိန်-ဒေါ်ဖွားညွန့်)တို့၏ သားသမက်၊ E-3, R-5၊ ဓမ္မဒါနလမ်း၊ နတ်ချောင်း တာမွေမြို့နယ်နေ ဒေါ်ယုဇန(79/ Eco)၏ ချစ်လှစွာသောခင်ပွန်း၊ မဆုဝေနွယ် (Bo Aung Kyaw-MPT)၏ ကျေးဇူးရှင်ဖခင် ဦးလှဦး(75/Eco)သည် ၂၅-၄-၂၀၂၀ ရက် နံနက် ၈ နာရီ တွင် မလေးရှားနိုင်ငံ၌ MT SINGA BERLIAN သင်္ဘောပေါ်တွင် ကွယ်လွန် သွားပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**အထူးဝမ်းနည်းကြေကွဲခြင်း**

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

**ဦးမောင်မောင်**

**အသက်(၈၁)နှစ်**

ရန်ကုန်မြို့နေ ဦးအုဋ္ဌ်ခေါင် (Chairman-OK Group of Companies)-ဒေါ်ချယ်ရီဂျူး တို့၏ ချစ်လှစွာသောဖခင်ကြီး ဦးမောင်မောင် အသက်(၈၁)နှစ် သည် ၂၅-၄-၂၀၂၀ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူအထူးဝမ်းနည်းကြေကွဲရပါသည်။

**IRR Strong Worker Co.,Ltd (Thailand)**

---




**သွေးသည်**

**အသက်**

---

# ဝမ်းနည်းကြေကွဲခြင်း

## ဒေါ်ခင်သန်းစု (B.Sc.,Dip, Ed)

**အသက်(၈၃)နှစ်**

**စီမံကိန်းမှူး(ငြိမ်း) ပညာရေးစီမံကိန်းဌာနခွဲ**

**အခြေခံပညာဦးစီးဌာန**

**အထပြ(ငြိမ်း) အထက(၁)ကမာရွတ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ ဇာနည် (၁၁)လမ်း (အထက်)၊ အမှတ်(၄၂)နေ ဦးဘိုကြီး ဘဏ္ဍာရေးမှူး၊ မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေး အသင်း(ဗဟို)၏ ဇနီး သည် ၂၅-၄-၂၀၂၀ ရက် နံနက် ၃ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့**

**မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(ဗဟို)**

---

# အထူးဝမ်းနည်းကြေကွဲခြင်း

## ဒုတိယဗိုလ်မှူးကြီး ထွေးမောင်(ငြိမ်း)

**ကြည်း-၁၁၀၆၅ O-T-S(36)**

**အသက်(၇၉)နှစ်**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ ရတနာမွန်(၃)လမ်း၊ ရတနာမွန်အိမ်ရာ၊ တိုက်(၁၆)၊ အခန်း(၂၀၁)နေ ဒုတိယဗိုလ်မှူးကြီး ထွေးမောင်(ငြိမ်း) သည် ၂၅-၄-၂၀၂၀ ရက် ညနေ ၆ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ ထပ်မျှ ဝမ်းနည်းကြေကွဲရပါ သည်။

**O-T-S(36) သူငယ်ချင်းများ**

---

# အထူးဝမ်းနည်းကြေကွဲခြင်း

## ဗိုလ်မှူးပိုက်ထွေး(ငြိမ်း)

**O.T.S(36)၊ လေ/၁၄၉၆**

**အသက်(၇၈)နှစ်**

ရန်ကုန်မြို့၊ အမှတ် (၄၁/၁၇) (ဘီ)၊ အင်းယားမြိုင်လမ်း၊ ရွှေတောင်ကုန်းရိပ်သာနေ ဗိုလ်မှူးပိုက်ထွေး(ငြိမ်း)သည် ၁၄-၄-၂၀၂၀ ရက် နံနက် ၆ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ ထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**O-T-S(36) သူငယ်ချင်းများ**

---

**ဦးအုန်းမောင် (ပန်းတနော်) (၉၅)နှစ်**

**စာရင်းကိုင်-ပ(ငြိမ်း)၊ လျှပ်စစ်ဓာတ်အားပေးရေးလုပ်ငန်း**

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဆင်မင်းရပ်ကွက်၊ ဆင်ရေကန်လမ်း၊ အမှတ် (၄၅)နေ (ဦးကျော်အေး-ဒေါ်အေးမြိုင်)တို့၏ သား၊ (ဦးလှခိုင်-ဒေါ်ရွှေခြံ)တို့၏ သားသမက်၊ (ဦးသက်တင်-ဒေါ်တင်အေး)တို့၏ညီ၊ ဦးသစ်လွင်-ဒေါ်ခင်စိုး(ဆလရ)၊ ဦးထိန်ဝင်း(တရားရေး)-ဒေါ်လှငွေး(ပညာရေး)၊ ဗိုလ်ကြီးနိုင်ဦး(ငြိမ်း)-ဒေါ်ဂင်ဇေ၊ (ဦးဇော်ဦး)-ဒေါ်ကြူကြူ၊ ဦးကပေါ်စေး-ဒေါ်ခင်ချိုချို၊ (ဗိုလ်နိုင်မင်းဦး)၊ ဦးမျိုးမြင့်-ဒေါ်စိုးစိုးမင်း (ခေတ္တ-စင်ကာပူ)တို့၏ဖခင်၊ ဒေါ်အေးကြိုင်၏ချစ်လှစွာသောခင်ပွန်း၊ မြေး ၁၁ ယောက်၊ မြစ်လေးယောက်တို့၏ အဘိုးသည် ၂၅-၄-၂၀၂၀ (စနေနေ့) နံနက် ၉:၁၅ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေ ၃ နာရီတွင် ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁-၅-၂၀၂၀(သောကြာနေ့) နံနက် ၇ နာရီတွင် အထက်ပါနေအိမ်၌ ရက်လည်ဆွမ်းကျွေးတရားတော်နာယူမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး မိတ်ဆွေသင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဒေါက်တာဦးခင်မောင်ဆွေ**

**အသက်(၈၂)နှစ်**

**ကထိက (ဌာနမှူး-နား-နှာခေါင်း-လည်ချောင်း-အထူးကုဆရာဝန်ကြီး-ငြိမ်း)**

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ဏ-၉/၁၉(က)၊ လမ်း(၆၀) နေ (ဦးဘသန်း-ဒေါ်သက်တင်)တို့၏ သား၊ ဒေါက်တာဒေါ်ခင်မေသိန်း (ပါမောက္ခ-ဌာနမှူး-ငြိမ်း၊ ရောဂါဗေဒဌာန၊ ဆေးတက္ကသိုလ်၊ မန္တလေး၊ ပြည်သူ့ဆေးရုံကြီး မန္တလေး)၏ ခင်ပွန်း၊ ဦးဇော်ဦးဆွေ-ဒေါ်အေးအေးသန်း၊ ဦးမိုးသူ-ဒေါ်သီတာဆွေတို့၏ဖခင်၊ မောင်သီဟန်ဇော်၊ မထက်မြက်သီရိ၊ မခင်ရတနာလွင်၊ မောင်တင်ထွဋ်အောင်တို့၏အဘိုး ဒေါက်တာဦးခင်မောင်ဆွေ အသက်(၈၂)နှစ်သည် ၂၆-၄-၂၀၂၀ (တနင်္ဂနွေနေ့) မွန်းလွဲ ၁၂:၁၀ နာရီတွင် ၉၆ ပါးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၂၇-၄-၂၀၂၀ (တနင်္လာနေ့) မွန်းတည့် ၁၂ နာရီတွင် နေအိမ်မှ တောင်အင်းမြောက်အင်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးရှိ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**မာမာအေး(ခ)ထက်ထက်မိုးဦး**

**အသက်(၇၀)**

ရန်ကုန်မြို့၊ (၅၇)လမ်း၊ အမှတ်(၁၃၉/၁၄၁-က)နေ ညောင်လေးပင်မြို့ အငြိမ်းစား သမာဓိမြို့ဝန်မင်း ဦးချစ်-ဒေါ်ရွှေညွန့်တို့၏ သမီးထွေး၊ ဒေါ်ကြည်ကြည်(ဝဏ္ဏစာပေ)၊ ဒေါ်လှလှ (ဒုတိယ ညွှန်ကြားရေးမှူး-ငြိမ်း၊ စာရင်းစစ်ချုပ်ရုံး၊ ကထိကဟောင်းနိုင်ငံတော်အစိုးရ စာရင်းကိုင်နှင့် စာရင်းစစ်သင်တန်းကျောင်း (လေ့/သု ဌာန၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး)၊ ကုလသမဂ္ဂ၊ ယခင် UNV Auditor, Uganda၊ ဒေါက်တာဦးစိန်ဝင်း၊ ပါမောက္ခဟောင်း၊ မလေးရှားဆေးတက္ကသိုလ် တို့၏ ညီမအငယ်ဆုံး၊ ဦးလှမြင့် (မန်နေဂျာ၊ AGD ဘဏ်)၏ အစ်မသည် ၂၆-၄-၂၀၂၀ ရက် နံနက် ၁၀:၁၃ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့မွန်းလွဲ ၁၂:၂၉ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း၊ ဆွေမျိုးမိတ်သင်္ဂဟများနှင့် ညီမလေးအားအတိုင်း ထက်အလွန်ချစ်မြတ်နိုးကြသည့် ပြည်တွင်းပြည်ပ မိတ်ဆွေသင်္ဂဟအပေါင်းအား အသိပေးအပ်ပါသည်။ ညီမလေးအား မေတ္တာအကြင်နာအပြည့်ဖြင့် စောင့်ရှောက်၍ ဆေးဝါးကုသပေးသော ပုဂ္ဂိုလ်အပေါင်းအားလည်း အထူးကျေးဇူးတင်ရှိပါသည်။

ညီမလေး၏ ကျန်ရစ်သူ

အစ်မကြည်၊ အစ်မလေးနှင့်

ကိုလေး-မိသားစု

---

**အထူးဝမ်းနည်းကြေကွဲခြင်း**

**ဦးကျော်ညွန့် (မော်လမြိုင်)**

**အသက်(၈၄)နှစ်**

**နာယက**

**အစ္စလာမ်သာသနာရေးရာကောင်စီဌာနချုပ်**

မွန်ပြည်နယ်၊ မော်လမြိုင်မြို့နေ ဦးကျော်ညွန့် (နာယက-အစ္စလာမ်သာသနာရေးရာကောင်စီဌာနချုပ်) အသက်(၈၄)နှစ်သည် ၂၅-၄-၂၀၂၀ (စနေနေ့) ညနေ ၄ နာရီတွင် မော်လမြိုင်မြို့နေအိမ်၌ အလ္လာဟ်အရှင်မြတ် အမိန့်တော်ခံယူကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဗဟိုအမှုဆောင်အဖွဲ့**

**အစ္စလာမ်သာသနာရေးရာကောင်စီဌာနချုပ်**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

**ဦးမောင်မောင်**

**အသက်(၈၁)နှစ်**

ရန်ကုန်မြို့နေ ဦးအုဋ္ဌ်ခေါင် (Chairman-OK Group of Companies)-ဒေါ်ချယ်ရီဂျူး တို့၏ ချစ်လှစွာသော ဖခင်ကြီး ဦးမောင်မောင် အသက်(၈၁) နှစ် သည် ၂၅-၄-၂၀၂၀ ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**Mr.Enkeong (Malaysia)**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**

**Captain ဦးလှဦး**

**အသက်(၆၇)နှစ်**

**BE Con.(AS) (1971-1975)**

**MT SINGA BERLIAN**

ရန်ကုန်စီးပွားရေးတက္ကသိုလ်(၁၉၇၁-၇၅)ခုနှစ်၊ ကျောင်းဆင်းသူငယ်ချင်း ဦးလှဦး၊ ရန်ကုန်မြို့၊ အမှတ်(E-3)၊ ဓမ္မဒါနလမ်း၊ နတ်ချောင်း တာမွေမြို့နယ်နေ ဒေါ်ယုဇန(79/Eco)၏ခင်ပွန်းသည် ၂၅-၄-၂၀၂၀ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။ သူငယ်ချင်း ကောင်းရာသုဂတိ လားပါစေ။

**(၁၉၇၁-၁၉၇၅)**

**ရန်ကုန်စီးပွားရေးတက္ကသိုလ် ကျောင်းဆင်းသူငယ်ချင်းများ**

---

# ဝမ်းနည်းကြေကွဲခြင်း

**ဒုအရာခံဗိုလ်(ရုံးအုပ်) ရွှေထွန်း(ငြိမ်း) (၈၂) နှစ်**

**(ထပရ-၂၂၂)**

**ဆောက်လုပ်ရေးဝန်ကြီးဌာန(ငြိမ်း)**

အမှတ် (၂၂၂) ထောက်ပံ့နှင့်ပို့ဆောင်ရေးတပ်ရင်းမှ ဒုအရာခံဗိုလ်(ရုံးအုပ်) ရွှေထွန်း(ငြိမ်း)၊ ယခင် စစ်မှုထမ်းဟောင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ၏ ရုံးတာဝန်ခံ ဆောက်လုပ်ရေးဝန်ကြီးဌာန(ငြိမ်း)သည် (၂၆-၄-၂၀၂၀)ရက်နေ့တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးကျော်ဝင်းနှင့်ဇနီး ဒေါ်ခင်အေးအေးသန်း**

**ရုံးအဖွဲ့မှူး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း)**

**ဆောက်လုပ်ရေးဝန်ကြီးဌာန**

---

# ဦးလှသန်း

**အသက်(၈၆)နှစ်**

**စိန်ဂျွန်းကျောင်းသားဟောင်း**

**အကောက်ခွန်အရာရှိ (ငြိမ်း)**

**အထက်တန်းပြဆရာ(ငြိမ်း)**

**အထက(၅)အလုံ**

**အထက(၂) ဗိုလ်တထောင်**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အမှတ်(၈)၊ လမ်း(၁၁၀)နေ (ဦးဘချို-ဒေါ်စိန်တင်)တို့၏ သား၊ (ဦးချို-ဒေါ်စိန်ညွန့်)တို့၏ သားသမက်၊ [ဒေါ်အေးမူ (ဗန်းမော်)]၏ ခင်ပွန်း၊ ဦးတန်ကောက်စွီး-ဒေါ်ခိုင်ယဉ်ယဉ်(ခ)ဒေါ်ဒေါ်လီ(မဲလ်ဘုန်း ဩစတြေးလျ)၊ ဒေါ်မော်လီ၊ ဒေါက်တာဇော်ဟိန်းကျော် (အင်ဂျင်နီယာချုပ်၊ ကိုင်နက်တစ် ကော်ပိုရေးရှင်း၊ ဘန်ကောက်မြို့)-ဒေါ်ရှယ်လီတို့၏ ချစ်လှစွာသောဖခင်ကြီး၊ မြေးလေးယောက်တို့၏အဘိုး ဦးလှသန်း သည် ၂၄-၄-၂၀၂၀ (သောကြာနေ့) ညနေ ၅:၂၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၄-၂၀၂၀ ရက် နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

**ဒေါ်သန်းသန်းငွေ (ပန်းတနော်)**

**အသက်(၈၂)နှစ်**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ မင်္ဂလာသီရိလမ်း၊ အမှတ် (၆၅)နေ [ဦးရှိန်း (နိုင်ငံခြားရေးဝန်ကြီးဌာန-ငြိမ်း)]၏ ဇနီး၊ ဦးကြည်ဝင်း (ရွှေပွင့်ဖြူ)-ဒေါ်ငွေ၊ ဦးအောင်ဝင်း၊ ဒေါ်ခင်အေးလွင်(M.A.I)၊ ဦးညွန့်ဝင်း၊ ဦးသီဟဘိုဘို-ဒေါ်မြင့်မြင့်ရှိန် (M.A.I)တို့၏ ချစ်လှစွာသော မွေးသမိခင်ကျေးဇူးရှင်၊ မောင်ဝေယံဝင်း၊ မောင်ရှိန်းထက်အောင်၊ မယွန်းမဒီဝင်း၊ မောင်အောင်ဘုန်းခန့်၊ မောင်ပိုင်ဟိန်းခန့်တို့၏ ချစ်လှစွာသောအဘွားသည် ၂၅-၄-၂၀၂၀ (စနေနေ့) ည ၇:၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၄-၂၀၂၀ (တနင်္လာနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

**ဦးမောင်မောင်**

**အသက်(၈၁)နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ သုမင်္ဂလာလမ်း၊ အမှတ် (၄၂၀)နေ ဒေါ်မြင့်မြင့်သန်း၏ ခင်ပွန်း၊ ဦးအုဋ္ဌ်ခေါင်(Chairman-OK Group of Companies)-ဒေါ်ချယ်ရီဂျူး၊ ဦးဆန်းဦး (Managing Director- OK Travels & Tours)-ဒေါ်ချောချောဝင်း၊ ဦးသန်းဦး (Managing Director- OK Burma Co.,Ltd.)-ဒေါ်နီနီကျော်တို့၏ ဖခင်၊ မြေးလေးယောက် တို့၏ အဘိုး သည် ၂၅-၄-၂၀၂၀ (စနေနေ့) နံနက်၉:၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၄-၂၀၂၀(တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

**ဦးအောင်ခိုင်ဇံ (ကျားပိုက္ကေ/မင်းပြား)**

**အသက်(၅၈)နှစ်**

ရခိုင်ပြည်နယ်၊ မင်းပြားမြို့နယ်၊ ကျားပိုက္ကေရွာနေ (ဦးအောင်ထွန်းသာ-ဒေါ်ဦးသာဖြူ)တို့၏ သားထွေး၊ ဦးအောင်ရွှေ-ဒေါ်စိန်မဖြူတို့၏ သားသမက်၊ ဒေါ်ကြာဇံနု၊ ဒေါ်ကြာဇံလှ၊ ဒေါ်မဝေ၊ ဒဂုံအရှေ့ပိုင်း (၇)ရပ်ကွက်၊ ဖျာပုံလမ်း၊ သာသနာရက္ခိတကျောင်း ပဓာနနာယကဆရာတော်(ဘဒ္ဒန္တခေမာစာရ)တို့၏ မောင်/ညီငယ်၊ ရန်ကုန်မြို့၊ ဒဂုံအရှေ့ပိုင်း၊ (၁၂)ရပ်ကွက်၊ မိုးကုတ်ဝိပဿနာ ဇမ္ဗူမေတ္တာကျောင်းတိုက် ပဓာနနာယကဆရာတော် အရှင်ပဏ္ဍိတ၏ ကျေးဇူးရှင်ခမည်းတော်၊ ကိုသန်းရွှေ (မြိတ်မြို့)၊ ကိုသန်းငွေ၊ မမျိုးနန္ဒာ၊ ကိုညီညီ၊ မဖြိုးစန္ဒာငွေ၊ မောင်အောင်အောင်မြင့်တို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ မြေးခုနစ်ယောက်တို့၏ အဘိုးရှင်၊ ရခိုင်ပြည်နယ်၊ မင်းပြားမြို့နယ်၊ ကျားပိုက္ကေရွာနေ ဒေါ်ဦးသန်းနု၏ ခင်ပွန်း ဦးအောင်ခိုင်ဇံသည် ၂၅-၄-၂၀၂၀ (စနေနေ့) နံနက် ၁၂:၃၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၄-၂၀၂၀ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေး သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုး မိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၆) ကြိမ်မြောက် ပုံမှန်အစည်းအဝေးကျင်းပရန် ခေါ်ယူ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုလွှတ်တော်ရုံး**
**ကြေညာချက်အမှတ် (၂/၂၀၂၀)**

၁၃၈၂ ခုနှစ်၊ ကဆုန်လဆန်း ၅ ရက်
(၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၂၆ ရက်)

**ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်**
**(၁၆) ကြိမ်မြောက် ပုံမှန်အစည်းအဝေးကျင်းပရန် ခေါ်ယူခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၇၉၊ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၁၃ နှင့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃ နည်းဥပဒေခွဲ (ခ) တို့အရ ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၆) ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို နေပြည်တော်၌ ၁၃၈၂ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၂ ရက် (၂၀၂၀ ပြည့်နှစ်၊ မေလ ၁၈ ရက်) တနင်္လာနေ့၊ ၁၃၃၀ နာရီအချိန်တွင် စတင်ကျင်းပရန် ခေါ်ယူကြောင်း ကြေညာအပ်ပါသည်။

(ပုံ) တီခွန်မြတ်
နာယက

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကျင်းပရန်ခေါ်ယူ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်သူ့လွှတ်တော်**
**ကြေညာချက်အမှတ်( ၂/၂၀၂၀)**

၁၃၈၂ ခုနှစ်၊ ကဆုန်လဆန်း ၅ ရက်
(၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၂၆ ရက်)

**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်**
**(၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကျင်းပရန်ခေါ်ယူခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၂၆၊ ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၃၅ နှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေများ၏ နည်းဥပဒေ ၃၊ နည်းဥပဒေခွဲ(ခ)တို့အရ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို နေပြည်တော်၌ ၁၃၈၂ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၂ ရက် (၂၀၂၀ ပြည့်နှစ်၊ မေလ ၁၈ ရက်)တနင်္လာနေ့၊ နံနက် ၁၀ နာရီအချိန်တွင် စတင်ကျင်းပရန် ခေါ်ယူကြောင်း ကြေညာအပ်ပါသည်။

(ပုံ)တီခွန်မြတ်
ဥက္ကဋ္ဌ

## ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကျင်းပရန် ခေါ်ယူ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားလွှတ်တော်**
**ကြေညာချက်အမှတ် (၂/၂၀၂၀)**

၁၃၈၂ ခုနှစ်၊ ကဆုန်လဆန်း ၅ ရက်
(၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၂၆ ရက်)

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော်**
**(၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကျင်းပရန် ခေါ်ယူခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၅၅၊ ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၃၅ နှင့် ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေများ၏ နည်းဥပဒေ ၃၊ နည်းဥပဒေခွဲ(ခ)တို့အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို နေပြည်တော်၌ ၁၃၈၂ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၂ ရက်(၂၀၂၀ ပြည့်နှစ်၊ မေလ ၁၈ ရက်) တနင်္လာနေ့၊ နံနက် (၁၀)နာရီအချိန်တွင် စတင်ကျင်းပရန် ခေါ်ယူကြောင်း ကြေညာအပ်ပါသည်။

(ပုံ) မန်းဝင်းခိုင်သန်း
ဥက္ကဋ္ဌ

နိုင်ငံတော်အစိုးရ၏
**ပြည်သူ့အတွက် စတုတ္ထ (၁) နှစ်တာ**

### ပြည်သူ့အတွက် စတုတ္ထ(၁)နှစ်တာ အချပ်ပိုပါရှိ

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် ကာကွယ်ရေးဝန်ကြီးဌာန၏ စတုတ္ထ(၁)နှစ်တာကာလအတွင်း ဆောင်ရွက်ချက်များကို အချပ်ပိုလေးမျက်နှာဖြင့် ဖော်ပြထားပါသည်။



## ဒလမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး ပိုးသတ်ဆေးဖျန်း

**ရန်ကုန် ဧပြီ ၂၆**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုမဖြစ်ပွားစေရေးနှင့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ယနေ့ မွန်းလွဲ ၂ နာရီခွဲက ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများဆောင်ရွက်ရာတွင် မြို့တွင်းရှိ ပြည်သူများ အသွားအလာများသော လမ်းမကြီးများ၊ အနယ်နယ်အရပ်ရပ်မှ ဝင်ထွက်သွားလာမှုများသော ဒလသင်္ဘောဆိပ်ကမ်းနှင့် အဝေးပြေးကားဝင်း၊ ဒလ-တွံ့တေး ကားလမ်းမကြီးတစ်လျှောက်၊ မြို့ပေါ်ရှိ ရပ်ကွက်များ၌ မော်တော်ယာဉ်နှစ်စီး၊ မီးငြိမ်းသတ် ရေယာဉ်တစ်စီး၊ အုပ်ချုပ်ရေးယာဉ်လေးစီးတို့ဖြင့် ပိုးသတ်ဆေးဖျန်းခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ကြသည်။

အဆိုပါ ပိုးသတ်ဆေးဖျန်းခြင်း ဆောင်ရွက်ရာတွင် မြို့နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံး၊ မြို့နယ်မီးသတ်ဦးစီးဌာန၊ မြို့နယ်ကြက်ခြေနီ အသင်းခွဲ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအသင်းအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ရန်ကုန်မြို့ မော်တော်ကားရောင်းဝယ်ရေးအသင်းတို့ ပူးပေါင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းနှင့်ဓာတ်ပုံ-နိုင်လင်းကျော်(ဒလ)

## ကျောက်တံတားမြို့နယ်၌ ကိုဗစ် -၁၉ ရောဂါ ကာကွယ်ရေး လက်ကမ်းစာစောင်များ ဖြန့်ဝေ

**ကျောက်တံတား ဧပြီ ၂၆**

ကျောက်တံတားမြို့နယ်၌ ကိုဗစ် -၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ဝေသည့် ပိုစတာများ၊ ဗီနိုင်းများနှင့် အနုပညာရှင်များ၏ တိုက်တွန်းနှိုးဆော်ချက်များကို နံရံကပ်စာစောင်အသွင်သဏ္ဌာန်ဖြင့် ပြသပေးခြင်း၊ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဧပြီ ၂၃ ရက် နံနက်ပိုင်းတွင်လည်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ

စာမျက်နှာ ၅ ကော်လံ ၁ သို့★



**ကြေးမုံ ယနေ့ ဖတ်စရာ**

ဒေါ်နယ်ထရမ့်နှင့် ပူတင်တို့ ပူးတွဲကြေညာချက် ထုတ်ပြန် စာမျက်နှာ » ၁၁

ကိုဗစ်-၁၉ ကျန်းမာရေးထောက်ခံချက် ထုတ်ပေးမယ့်အစီအစဉ် အထမြောက် အောင်မြင်နိုင်သလား စာမျက်နှာ » ၁၃

မန္တလေးမြို့ရှိ စက်ရုံ၊ အလုပ်ရုံများ ပြန်လည်စတင်နိုင်ရေး ပဏာမစစ်ဆေးမှုများဆောင်ရွက် စာမျက်နှာ » ၂၀

ဖိုလ်ဝင်တောင်ရှိ မျောက်များ အစာရေစာပြတ်လပ်မှုမရှိစေရေး စီစဉ် စာမျက်နှာ » ၂၄

မြန်မာကြက်တောင်အားကစားမယ် သက်ထားသူဇာ အိုလံပစ်ပြိုင်ပွဲဝင်ခွင့်ရရန် ဆက်လက်ကြိုးပမ်းမည်



စာမျက်နှာ » ၂၇

ကြေးမုံ
အထူးကဏ္ဍ
နိုင်ငံတော်အစိုးရ၏
# ပြည်သူ့အတွက် စတုတ္ထ (၁) နှစ်တာ
ဧပြီ ၂၇၊ ၂၀၂၀ (တနင်္လာနေ့)

# နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး ကျရာအခန်းကဏ္ဍ၌ အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် တပ်မတော် နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက်စတုတ္ထ(၁)နှစ်တာကာလအတွင်း အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ


ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း

**လွတ်လပ်ရေးကြိုးပမ်းမှုနှင့်အတူ သန္ဓေတည်ပေါ်ပေါက်လာခဲ့သည့် မြန်မာ့တပ်မတော်သည် ခေတ်အဆက်ဆက်တွင် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ဦးလည်မသုန် စွမ်းစွမ်းတမံကြိုးပမ်းထမ်းရွက်ခဲ့သည့်နည်းတူ လက်ရှိအစိုးရလက်ထက်တွင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျရာအခန်းကဏ္ဍ၌ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။**

ယင်းသို့ဆောင်ရွက်ရာတွင် ပြည်သူက အားကိုးရသော၊ နိုင်ငံတော်က အားထားရသော တပ်မတော်တစ်ရပ်ဖြစ်ရေးနှင့် အင်အား တောင့်တင်းပြီး စွမ်းရည်ပြည့်ဝသည့် ခေတ်မီ မျိုးချစ်တပ်မတော်တစ်ရပ်ဖြစ်ရေးကို အစဉ် အမြဲ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

> **ပြည်သူက အားကိုးရသော၊ နိုင်ငံတော်ကအားထားရသော တပ်မတော်တစ်ရပ်ဖြစ်ရေးနှင့် အင်အားတောင့်တင်းပြီး စွမ်းရည်ပြည့်ဝသည့် ခေတ်မီမျိုးချစ်တပ်မတော်တစ်ရပ်ဖြစ်ရေးကို အစဉ်အမြဲကြိုးပမ်း**

ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ၂၀၁၉ ခုနှစ် ဇူလိုင် ၁၀ ရက်မှ ၁၂ ရက်အထိ (၁၃) ကြိမ်မြောက် အာဆီယံကာကွယ်ရေးဝန်ကြီးများအစည်းအဝေး (13th ASEAN Defence Ministers' Meeting)သို့ တက်ရောက်ပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကာကွယ်ရေးဝန်ကြီးများအကြား အမြင်ချင်းဖလှယ်နိုင်ရေး၊ အာဆီယံဒေသတွင်း လုပ်ငန်းဖော်ဆောင်နိုင်ရေးနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံ၏ ရပ်တည်ချက်ကို အခြားအာဆီယံနိုင်ငံများနှင့်အတူ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့သည်။ ယင်းအစည်းအဝေးတွင် မြန်မာနိုင်ငံက အဆိုပြုတင်သွင်းသော အာဆီယံတပ်မတော်ဆေးဘက်ဆိုင်ရာညီလာခံ တည်ထောင်ခြင်းဆိုင်ရာ သဘောထားအမြင်စာတမ်း (Concept Paper on Establishment of ASEAN Military Medicine Conference)ကို အတည်ပြုခဲ့သည်။

ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်းခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟူပေပြည်နယ် ဝူဟန်မြို့၌ ၂၀၁၉ ခုနှစ် အောက်တိုဘာ ၁၈ ရက်တွင် ကျင်းပသည့် (၇)ကြိမ်မြောက် CISM Military World Games (Wuhan 2019) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီးနောက် ဆက်လက်၍ ပေကျင်းမြို့ရှိ ပေကျင်းနိုင်ငံတကာကွန်ဗင်းရှင်းစင်တာတွင် အောက်တိုဘာ ၂၀ ရက်မှ ၂၂ ရက်အထိ (၉)ကြိမ်မြောက် ပေကျင်းရှန်ကျန်းဖိုရမ် (9th Beijing Xiangshan Forum)သို့ တက်ရောက်၍ မျက်မှောက်ကာလ ကမ္ဘာ့လုံခြုံရေးဆိုင်ရာ အခင်းအကျင်းများကို သိရှိနားလည်ပြီး စိန်ခေါ်မှုများအပေါ် ကိုင်တွယ်ဖြေရှင်း နိုင်ရေးရှုမြင်သုံးသပ်မှုများ၊ ဒေသတွင်း တည်ငြိမ်အေးချမ်းရေးနှင့် သာယာဝပြောရေး တို့ကို အထောက်အပံ့ဖြစ်စေမည့် နိုင်ငံပေါင်းစုံ ပါဝင်သည့် အနာဂတ် ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်ခိုင်မြဲ စေရေးတို့အတွက် အမြင်ချင်းဖလှယ် ဆွေးနွေး ခဲ့သည်။

ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်းခေါင်းဆောင်သည့် မြန်မာကိုယ်စား လှယ်အဖွဲ့သည် ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ၂၀၁၉ ခုနှစ် နိုဝင်ဘာ ၁၆ ရက်မှ ၁၉ ရက် အထိ အာဆီယံကာကွယ်ရေးဝန်ကြီးများ သီးသန့်အစည်းအဝေး (ASEAN Defence Ministers' Meeting Retreat)နှင့် (၆)ကြိမ် မြောက် အာဆီယံအပေါင်း ကာကွယ်ရေး ဝန်ကြီးများအစည်းအဝေး (6th ASEAN Defence Ministers' Meeting–Plus) တို့ကို တက်ရောက်ပြီး ဒေသတွင်းနှင့် နိုင်ငံတကာ

အထူးကဏ္ဍ [ ခ] သို့ »»



ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့၌ ကျင်းပသည့် အာဆီယံ ကာကွယ်ရေးဝန်ကြီးများ သီးသန့်အစည်းအဝေးတွင် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

»»» အထူးကဏ္ဍ [ က ] မှ

လုံခြုံရေးကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ်နိုင်ရေး၊ ခင်မင်ရင်းနှီးသော မိတ်ဖက်ဆက်ဆံရေး တည်ထောင်နိုင်ရေးတို့အတွက် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့သည်။

ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်းခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဗီယက်နမ်နိုင်ငံ ဟန္ဓိုင်းမြို့တွင် ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၁၈ ရက်မှ ၂၀ ရက်အထိ အာဆီယံကာကွယ်ရေးဝန်ကြီးများ သီးသန့်အစည်းအဝေး (ASEAN Defence Ministers' Meeting Retreat)နှင့် အာဆီယံ-ဩစတြေးလျကာကွယ်ရေးဝန်ကြီးများ အလွတ်သဘော အစည်းအဝေးတို့သို့ တက်ရောက်ခဲ့ပြီး ဘုံအကျိုးစီးပွားဆိုင်ရာ ဒေသတွင်းနှင့် နိုင်ငံတကာလုံခြုံရေးကိစ္စရပ်များအပေါ် သဘောထားအမြင်ဖလှယ်ခဲ့ကြသည်။ အာဆီယံကာကွယ်ရေးဝန်ကြီးများ သီးသန့်အစည်းအဝေးတွင် ကူးစက်ရောဂါပြန့်ပွားမှုတိုက်ဖျက်ရေးနှင့် ကာကွယ်ရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အာဆီယံကာကွယ်ရေးဝန်ကြီးများ ပူးတွဲထုတ်ပြန်ချက် (Joint Statement by The ASEAN Defence Ministers on Defence Cooperation Against Disease Outbreaks) ကို ထုတ်ပြန်ကြေညာနိုင်ခဲ့သည်။

အထက်ဖော်ပြပါ အစည်းအဝေးများသို့ တက်ရောက်ခြင်းဖြင့် ကာကွယ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံ၏ ရပ်တည်ချက်ကို အခြားအာဆီယံနိုင်ငံများနှင့်အတူ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးနိုင်ခဲ့ခြင်း၊ ရခိုင်ပြည်နယ်အရေးကိစ္စနှင့်ပတ်သက်သည့် မြန်မာနိုင်ငံ၏ ဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားနိုင်ခြင်း၊ အာဆီယံဒေသတွင်း လုပ်ငန်းဖော်ဆောင်မှုကိစ္စရပ်များနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံ၏ ရပ်တည်မှုကို ဖော်ပြနိုင်ခဲ့ခြင်းနှင့် ချစ်ကြည်ရင်းနှီးမှုများ တိုးမြှင့်ဖော်ဆောင်နိုင်ခြင်း စသည့်အခွင့်အလမ်းများကို ရရှိစေခဲ့သည်။


ထို့အပြင် အာဆီယံအပေါင်း တပ်မတော်ဆေးဘက်ဆိုင်ရာ လုပ်ငန်းကျွမ်းကျင်အဖွဲ့များ၏ ၂၀၁၇-၂၀၁၉ ခုနှစ် သုံးနှစ်တာသက်တမ်း ပူးတွဲဥက္ကဋ္ဌတာဝန်ကို မြန်မာနိုင်ငံဆေးဝန်ထမ်းတပ်ဖွဲ့နှင့် အိန္ဒိယသမ္မတနိုင်ငံ ဆေးတပ်ဖွဲ့တို့မှ ဆောင်ရွက်လျက်ရှိရာ (၁၁)ကြိမ်မြောက် အာဆီယံအပေါင်း တပ်မတော်ဆေးဘက်ဆိုင်ရာ လုပ်ငန်းကျွမ်းကျင်အဖွဲ့များ၏ အစည်းအဝေးနှင့် ပူးတွဲဥက္ကဋ္ဌ တာဝန်လွှဲပြောင်းခြင်း အခမ်းအနား (11th ADMM Plus Experts' Working Group on Military Medicine Meeting and Handover Ceremony of the ADMM-Plus EWG on MM Co-Chairmanship) ကို ၂၀၁၉ ခုနှစ် အောက်တိုဘာ ၆ ရက်မှ ၁၀ ရက်အထိ နေပြည်တော်ရှိ M-Gallery Hotel ၌ အိမ်ရှင်နိုင်ငံအဖြစ် အောင်မြင်စွာ ကျင်းပဆောင်ရွက်နိုင်ခဲ့ပြီး နိုင်ငံပေါင်းစုံမှ ဆေးတပ်ဖွဲ့ဝင်များနှင့် တွေ့ဆုံရင်းနှီးခွင့်၊ အတွေ့အကြုံဗဟုသုတဖလှယ်ခွင့်နှင့် ပူးပေါင်းဆောင်ရွက်မှု အလေ့အကျင့်များရရှိရေး၊ နိုင်ငံတကာနှင့် ဒေသတွင်း လုပ်ထုံးလုပ်နည်းများနှင့် နိုင်ငံအသီးသီး၌ အသုံးပြုလျက်ရှိသော ဆေးနှင့် ဆေးပစ္စည်းဆိုင်ရာ ကိရိယာများ လေ့လာခွင့်ရရှိရေးတို့အတွက် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့သည်။



ပေကျင်းမြို့ရှိ ပေကျင်းနိုင်ငံတကာ ကွန်ဗင်းရှင်းစင်တာတွင် ကျင်းပသည့် (၉)ကြိမ်မြောက် ပေကျင်းရှန်ကျန်းဖိုရမ် (9th Beijing Xiangshan Forum) အခမ်းအနား ကျင်းပစဉ်။

ဆက်လက်၍ အာဆီယံအပေါင်း တပ်မတော်ဆေးဘက်ဆိုင်ရာ လုပ်ငန်းကျွမ်းကျင်အဖွဲ့ ပူးတွဲဥက္ကဋ္ဌများဖြစ်သည့် မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့က ဘရူနိုင်းဒါရူဆလမ်နိုင်ငံနှင့် ဩစတြေးလျနိုင်ငံတို့ထံသို့ ဥက္ကဋ္ဌတာဝန်ကို လွှဲပြောင်းပေးအပ်ခဲ့သည်။

အထူးကဏ္ဍ [ ဂ ] သို့ »»»



ဗီယက်နမ်နိုင်ငံ ဟန္ဓိုင်းမြို့တွင် ပြုလုပ်သည့် အာဆီယံ ကာကွယ်ရေးဝန်ကြီးများ သီးသန့်အစည်းအဝေး ကျင်းပစဉ်။

**ကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံ၏ ရပ်တည်ချက်ကို အခြားအာဆီယံ နိုင်ငံများနှင့်အတူ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးနိုင်ခဲ့ခြင်း၊ ရခိုင်ပြည်နယ်အရေး ကိစ္စနှင့်ပတ်သက်သည့် မြန်မာနိုင်ငံ၏ ဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားနိုင်ခြင်း၊ အာဆီယံ ဒေသတွင်း လုပ်ငန်းဖော်ဆောင်မှု ကိစ္စရပ်များနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံ၏ ရပ်တည်မှုကို ဖော်ပြနိုင်ခဲ့ခြင်းနှင့် ချစ်ကြည်ရင်းနှီးမှုများ တိုးမြှင့်ဖော်ဆောင်နိုင်ခြင်း စသည့်အခွင့်အလမ်းများကို ရရှိစေခဲ့**

»»» အထူးကဏ္ဍ [ ခ ] မှ

**အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးရေး ကိစ္စရပ်များကို United Nations Country Task Force on Monitoring and Reporting နှင့် ပူးပေါင်းဆောင်ရွက်ခဲ့မှုများ**

ကာကွယ်ရေးဝန်ကြီးဌာနနှင့် United Nations Country Task Force on Monitoring and Reporting (UN CTFMR) တို့အကြား အရွယ်မရောက်သေးသူ ကလေးသူငယ်များ စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေး လုပ်ငန်းစီမံချက်ကို ၂၀၁၂ ခုနှစ် ဇွန်လ ၂၇ ရက်တွင် ပြည်ထောင်စုဝန်ကြီး ဦးဆောင်၍ နှစ်ဖက် သဘောတူလက်မှတ်ရေးထိုးခဲ့ပြီး ကော်မတီကို အဖွဲ့ဝင် ၁၃ ဦးဖြင့် ဖွဲ့စည်းဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထ(၁)နှစ်တာ ကာလအတွင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် မြန်မာနိုင်ငံစောင့်ကြည့်လေ့လာရေးနှင့် အစီရင်ခံတင်ပြရေးလုပ်ငန်းအဖွဲ့(CTFMR)တို့ ပူးပေါင်း၍ တွေ့ဆုံဆွေးနွေးမှုများကို ကာကွယ်ရေးဝန်ကြီးဌာန ဝန်ကြီးရုံးတွင် ၃ ကြိမ်ပြုလုပ်ခဲ့သည်။

အရွယ်မရောက်သေးသူ ကလေးသူငယ်များ စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေး ဆင့်ပွားသင်တန်းများကို အရာရှိ၆၈ ဦးနှင့် အခြားအဆင့် ၃၁၂ ဦးအား တိုင်းစစ်ဌာနချုပ်များ၏ အစီအစဉ်ဖြင့် ဖွင့်လှစ်ပို့ချခဲ့ပြီး ဆက်လက်၍ တိုင်းစစ်ဌာနချုပ်အလိုက် နှစ်လတစ်ကြိမ်သင်တန်းများ ဖွင့်လှစ်လျက်ရှိသည်။

တပ်မတော်သို့ ဝင်ရောက်စဉ် အသက် ၁၈ နှစ် ပြည့်မြောက်ခြင်း မရှိသေးကြောင်း စိစစ်တွေ့ရှိရသည့် စစ်သည်လေးဦးကို ၁၂-၆-၂၀၁၉ ရက်တွင် လည်းကောင်း၊ စစ်သည် ၁၈ ဦးကို ၁၃-၁၂-၂၀၁၉ ရက်တွင် လည်းကောင်း တပ်မတော်မှ လုပ်ထုံးလုပ်နည်းနှင့်အညီ နုတ်ထွက်ခွင့်ပြု၍ မိဘ/အုပ်ထိန်းသူများထံသို့ တစ်ဦးချင်း အစီအစဉ်ဖြင့် လွှဲပြောင်းပေးခဲ့ပြီး နိုင်ငံတော်အစိုးရ၏ ၄ နှစ်တာကာလအတွင်း တပ်မတော်သို့ ဝင်ရောက်စဉ် အသက် ၁၈ နှစ် ပြည့်မြောက်ခြင်း မရှိသေးကြောင်း စိစစ်တွေ့ရှိရသည့် စစ်သည် ၂၆၂ ဦးကို မိဘ/အုပ်ထိန်းသူများထံသို့ လွှဲပြောင်းပေးအပ်ပြီးဖြစ်သည်။ ၂၀၁၂ ခုနှစ်မှစ၍ အသက် ၁၈ နှစ် ပြည့်မြောက်ခြင်းမရှိသူ စစ်သည် စုစုပေါင်း ၁၀၀၆ ဦးကို မိဘ/အုပ်ထိန်းသူများထံ လွှဲပြောင်းပေးအပ်ပြီးဖြစ်သည်။

တပ်မတော်သို့ ဝင်ရောက်စဉ် အသက် ၁၈ နှစ်မပြည့်သေးသည့် စစ်သည်များကို စုဆောင်းမှုနည်းလမ်းမမှန်ဘဲ မှားယွင်းစုဆောင်းခဲ့သည့် အရာရှိ ၁၀ ဦးနှင့် အခြားအဆင့် ၈ ဦးတို့ကို စစ်စည်းကမ်းအရ အရေးယူဆောင်ရွက်နိုင်ခဲ့ပြီး ယခုအချိန်အထိ အရာရှိ ၂၈ ဦးနှင့် အခြားအဆင့် ၃၇ ဦး စုစုပေါင်း ၆၅ ဦးကို အရေးယူဆောင်ရွက်ခဲ့ပြီးဖြစ်သည်။

မြန်မာ့တပ်မတော်အနေဖြင့် အရွယ်မရောက်သေးသူ ကလေးသူငယ်များ စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးရေးကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နိုင်ရေးအတွက် UN CTFMR နှင့်ပူးပေါင်း၍ Plan of Action စာချုပ်ပါအတိုင်း တိတိကျကျ လိုက်နာဆောင်ရွက်လျက်ရှိသကဲ့သို့ CTFMR မှ National Campaign Materials တစ်ရပ်နောက်တစ်ကြိမ် ဆောင်ရွက်နိုင်ရေး အဆိုပြုလာမှုအရ ၉-၅-၂၀၁၇ ရက်မှစ၍ နိုင်ငံပိုင်ရုပ်မြင်သံကြားနှင့် ရေဒီယိုတို့မှ ထုတ်လွှင့်ပေးခဲ့ပြီး သတင်းစာများတွင် ပညာပေးကြော်ငြာထည့်သွင်းခြင်းများ ဆောင်ရွက်ပေးခဲ့သည်။ အကြောင်းအမျိုးမျိုးကြောင့် မှားယွင်းစုဆောင်းခံရသူများ စစ်မှုထမ်းဆောင်နေခြင်း လုံးဝမရှိစေရေး ဖော်ထုတ်လျက်ရှိပြီး မြန်မာ့တပ်မတော်ကို ကလေးစစ်သား အသုံးပြုသည့် စာရင်းမှ ပယ်ဖျက်ခွင့်ရရှိရေး မြန်မာနိုင်ငံစောင့်ကြည့်လေ့လာရေးနှင့် အစီရင်ခံတင်ပြရေး လုပ်ငန်းအဖွဲ့ (CTFMR) နှင့် အပြည့်အဝ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

**သဘာဝဘေးအန္တရာယ် ကျရောက်စဉ် ကူညီကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးဆောင်ရွက်ပေးနိုင်ခဲ့မှု**

မြန်မာ့တပ်မတော်သည် ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၇) ပုဒ်မ - ၃၄၁ ၌ နိုင်ငံတော်တွင် နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် ဘေးအန္တရာယ်များ ကျရောက်လာလျှင် တပ်မတော်က ကူညီဆောင်ရွက်ရမည်ဟု ပြဋ္ဌာန်းထားသည်နှင့်အညီ သဘာဝဘေးအန္တရာယ် ဖြစ်ပေါ်လာသည့်အခါ ဆုံးရှုံးမှုများလျော့နည်းစေရေးအတွက် သဘာဝဘေးအန္တရာယ် မကျရောက်မီ ကြိုတင်ပြင်ဆင်ခြင်းနှင့် ကြိုတင်ကာကွယ်ခြင်း အပါအဝင် သဘာဝဘေးအန္တရာယ် လျော့ပါးရေးလုပ်ငန်းများ၊ သဘာဝဘေးအန္တရာယ်ကျရောက်သည့်အခါ ရှာဖွေကယ်ဆယ်ရေး အပါအဝင် အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းများ၊ သဘာဝဘေးအန္တရာယ်ကျရောက်ပြီးနောက်


အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးလုပ်ငန်းစီမံချက် အစည်းအဝေး ကျင်းပစဉ်။



အရွယ်မရောက်သေးသူကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ
ကာကွယ်တားဆီးထိန်းသိမ်းရေးဆိုင်းဘုတ်စိုက်ထူထားသည်ကို တွေ့ရစဉ်။

ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ကူညီဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် သဘာဝဘေးအန္တရာယ်ဖြစ်ပွားသည်နှင့် အမိန့်တစ်စုံတစ်ရာ စောင့်ဆိုင်းခြင်းမပြုဘဲ အလျင်မြန်ဆုံး သွားရောက်ကူညီဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မိမိတို့တပ်မတော်အနေဖြင့် နိုင်ငံတကာတပ်မတော်များနည်းတူ နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် ကျရောက်လာမည့် သဘာဝဘေးအန္တရာယ်များ အပါအဝင် ဘေးအန္တရာယ်အမျိုးမျိုးကို အချိန်တိုအတွင်း တုံ့ပြန်ဆောင်ရွက်နိုင်စွမ်းရှိအောင် အမြဲလေ့ကျင့်နေရမည်ဖြစ်ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အလေးအနက် ညွှန်ကြားထားသည်ကို လိုက်နာဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်အစိုးရ၏ စတုတ္ထ (၁) နှစ်တာကာလအတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ် ၄ ခုနှင့် မြို့နယ် ၉ မြို့နယ်တို့တွင် မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ရာ တပ်မတော်မှ လုံခြုံရေးဆောင်ရွက်ပေးခြင်း၊ အိမ်ထောင်စု ၆၅ စုကို ကူညီရွှေ့ပြောင်းပေးခြင်း၊ ဘုန်းကြီးကျောင်း တစ်ကျောင်းနှင့် အိမ်ခြေ ၆၂ လုံးတို့ကို ရှင်းလင်းပြုပြင်ပေးခြင်း၊ ပြည်သူ ၃၆၃ ဦးကို ကျန်းမာရေး စောင့်ရှောက်ပေးခြင်းများ ဆောင်ရွက်ခဲ့ပြီး ကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးပစ္စည်း စုစုပေါင်းတန်ဖိုးငွေကျပ် ၂၁၆ သိန်းကျော် ထောက်ပံ့ပေးနိုင်ခဲ့သည်။

လေပြင်းတိုက်ခတ်မှုကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ် ၇ ခုနှင့် မြို့နယ် ၂၀ တို့တွင် သာသနိကအဆောက်အဦများ၊ အစိုးရအဆောက်အဦများနှင့် လူနေအိမ်များ ပျက်စီးဆုံးရှုံးခဲ့ရာ တပ်မတော်မှ အိမ်ထောင်စု ၉၄၇ စုကို ကူညီရွှေ့ပြောင်းပေးခြင်း၊ စာသင်ကျောင်းကိုးကျောင်း၊ ဘုရား/စေတီ နှစ်ဆူ၊ ဘုန်းကြီး

အထူးကဏ္ဍ [ ဃ ] သို့ »»»


တပ်မတော်ရဟတ်ယာဉ်ဖြင့် ရေကြီးမှုဖြစ်ပွားသည့် ဒေသများသို့ ထောက်ပံ့ပစ္စည်းများ ပို့ဆောင်နေစဉ်။

**နိုင်ငံတော်အစိုးရ၏ ၄ နှစ်တာကာလအတွင်း တပ်မတော်သို့ ဝင်ရောက်စဉ် အသက် ၁၈ နှစ်ပြည့်မြောက်ခြင်း မရှိသေးကြောင်း စိစစ်တွေ့ရှိရသည့် စစ်သည် ၂၆၂ ဦးကို မိဘ / အုပ်ထိန်းသူများထံသို့ လွှဲပြောင်းပေးအပ်ပြီး ဖြစ်သည်။ ၂၀၁၂ ခုနှစ်မှစ၍ အသက် ၁၈ နှစ်ပြည့်မြောက်ခြင်းမရှိသူ စစ်သည် စုစုပေါင်း ၁၀၀၆ ဦးကို မိဘ / အုပ်ထိန်းသူများထံ လွှဲပြောင်းပေးအပ်ပြီးဖြစ်**

မြဝတီ အထူးကဏ္ဍ
နိုင်ငံတော်အစိုးရ၏

# ပြည်သူ့အတွက် စတုတ္ထ (၁) နှစ်တာ



»»» အထူးကဏ္ဍ [ ၈ ] မှ

ကျောင်း ၁၃ ကျောင်း၊ အိမ်ခြေ ၅၈၈ လုံး၊ အစိုးရရုံး/ဌာန တစ်ခု၊ တံတားတစ်စင်းနှင့် ရေကန် တစ်ကန်တို့ကို ရှင်းလင်းပြုပြင်ပေးခြင်းများ ဆောင်ရွက်ခဲ့ပြီး ကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးပစ္စည်း စုစုပေါင်းတန်ဖိုးငွေကျပ် ၁၀၄ သိန်းကျော် ထောက်ပံ့ပေးနိုင်ခဲ့သည်။

ရေကြီးမှုဖြစ်ပွားခဲ့သည့် တိုင်းဒေသကြီးနှင့် ပြည်နယ် ၈ ခုနှင့် မြို့နယ် ၂၁ မြို့နယ်တို့တွင် တပ်မတော်မှ အိမ်ထောင်စု ဖ၆၇၅ စုနှင့် တိရစ္ဆာန်ကောင်ရေ ၁၇၀ တို့ကို ကူညီရွှေ့ပြောင်းပေးခြင်း၊ တာ/တမံ ၁၇၃၅ ပေ၊ လမ်း ၁၄၈၅ ပေ၊ စာသင်ကျောင်း ကိုးကျောင်း၊ ဘုရားစေတီ တစ်ဆူ၊ ဘုန်းကြီးကျောင်း ၁၀ ကျောင်း၊ အိမ်ခြေ ၂၆ လုံးနှင့် တံတား လေးစင်းတို့ကို ရှင်းလင်းပြုပြင်ပေးခြင်း၊ ပြည်သူ ၅၁၅၆ ဦးကို ကျန်းမာရေးစောင့်ရှောက်မှု ပေးခြင်းများ ဆောင်ရွက်သည့်အပြင် တပ်မတော်(လေ)မှ လေယာဉ်နှင့် ရဟတ်ယာဉ်များဖြင့် ခေါက်ရေ ၄ ခေါက်၊ ကုန်တန်ချိန် ၆ ဒသမ ၄ တန်ကျော် သယ်ယူပို့ဆောင်ပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ပြီး ကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးပစ္စည်း စုစုပေါင်းတန်ဖိုးငွေကျပ်သိန်း ၁၀၈၀ ကျော် ထောက်ပံ့ပေးနိုင်ခဲ့သည်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး မျိုးဇော်သိန်းက တာဝန်ရှိသူများထံ တရုတ်ပြည်သူများအတွက် မြန်မာ့တပ်မတော်က ပေးပို့လှူဒါန်းသည့် ဆေးဘက်ဆိုင်ရာပစ္စည်းများ လွှဲပြောင်းလက်ခံခြင်းစာလွှာနှင့် ဆေးဘက်ဆိုင်ရာပစ္စည်းများအား လွှဲပြောင်းပေးအပ်စဉ်။

ငလျင်ဘေးဖြစ်ပွားခဲ့သည့် စစ်ကိုင်းတိုင်းဒေသကြီးရှိ ရွှေဘို၊ ခင်ဦးနှင့် ရေဦးမြို့နယ်တို့တွင် တပ်မတော်မှ ဘုရား/စေတီ နှစ်ဆူနှင့် ဘုန်းကြီးကျောင်း သုံးကျောင်းတို့ကို ရှင်းလင်းပြုပြင်ပေးခြင်းများ ဆောင်ရွက်ပေးခဲ့သည်။ ၂၀၂၀ ပြည့်နှစ် နှစ်ဆန်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ စတင်ဖြစ်ပွားသည့် ကိုဗစ်-၁၉ ရောဂါတိုက်ဖျက်ရေး လုပ်ငန်းများအတွက် ၂၅-၂-၂၀၂၀ ရက်တွင် စုစုပေါင်းတန်ဖိုးငွေကျပ် ၄၉၉၅ သိန်းကျော်တန်ဖိုးရှိ ဆေးဘက်ဆိုင်ရာပစ္စည်းများဖြစ်သည့် Surgical Masks (2 Ply)၊ Type-N95 (SM Particulate Respirator Masks)နှင့် Safety Goggles တို့ကို တစ်မျိုးလျှင် အရေအတွက် ၉၀၀၀၀ စီကို တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ပို့ဆောင်လွှဲပြောင်းပေးအပ် လှူဒါန်းထောက်ပံ့ပေးနိုင်ခဲ့သည်။

၂၀၁၆ ခုနှစ်မှ ယနေ့အချိန်အထိ နိုင်ငံတော်အစိုးရ၏ ၄ နှစ်တာသက်တမ်းကာလအတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဖြစ်ပွားခဲ့သည့် မီးဘေး၊ လေဘေး၊ ရေဘေး၊ ငလျင်ဘေးနှင့် ကပ်ရောဂါဘေးအတွက် ပြည်ပနိုင်ငံသို့ ပေးပို့လှူဒါန်းခဲ့မှုအပါအဝင် တပ်မတော်မှ အိမ်ထောင်စု ၄၁၁၀၅ စုနှင့် တိရစ္ဆာန် ၇၄၅၄ ကောင်တို့ကို ကူညီရွှေ့ပြောင်းပေးခြင်း၊ ဆန်စက်တစ်လုံး၊ တာ/တမံ ၄၃၄၉၂ ပေ၊ လမ်း ၁၁၈၃၅၂ ပေ၊ စာသင်ကျောင်း ၁၉၇ ကျောင်း၊ ဆေးရုံ ၁၇ ရုံ၊ ဘုရား/စေတီ ၁၀၄၄ ဆူ၊ ဘုန်းကြီးကျောင်း ၈၁၄ ကျောင်း၊ အိမ်ခြေ ၇၃၇၁ လုံး၊ အစိုးရရုံး/ဌာန ၁၅ ခု၊ တံတား ၁၁ စင်း၊ တံတားချဉ်းကပ်လမ်း ၇၂၅ ပေနှင့် ရေတွင်း/ရေကန် ၂၁၄၅ ကန်တို့ကို ရှင်းလင်းပြုပြင်ပေးခြင်း၊ ပြည်သူ ၂၀၆၆၇ ဦးကို ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းများ ဆောင်ရွက်ခဲ့ပြီး တပ်မတော်ပိုင် လေယာဉ်နှင့် ရဟတ်ယာဉ်များဖြင့် ခေါက်ရေ ၅၄ ခေါက်၊ ကုန်တန်ချိန် ၁၅၉ ဒသမ ၈၁ တန် သယ်ယူပို့ဆောင်ပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့သည့်အပြင် ကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးပစ္စည်း စုစုပေါင်းတန်ဖိုးငွေကျပ် ၁၉၆၇၈ သိန်းကျော်ကို ဘေးအန္တရာယ် ကျရောက်ခဲ့သော ဒေသများအတွက် လှူဒါန်းထောက်ပံ့ ပေးအပ်နိုင်ခဲ့သည်။



တပ်မတော်သားများက တနင်္သာရီတိုင်းဒေသကြီး ရေဖြူမြို့နယ်ရှိ ဒေသခံပြည်သူများအား ဆေးကုသမှုပေးစဉ်။

မြန်မာ့တပ်မတော်သည် ဒို့တာဝန်အရေးသုံးပါးကို အစဉ်ဦးထိပ်ထားလျက် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို စွမ်းစွမ်းတမံဆောင်ရွက်လျက်ရှိပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရ၏ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ချက်များကို တစ်တပ်တစ်အားပါဝင်ကူညီဆောင်ရွက်လျက်ရှိပါကြောင်းနှင့် နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထ (၁)နှစ်တာကာလအတွင်း ကာကွယ်ရေးဝန်ကြီးဌာန၏ ဆောင်ရွက်ချက်များကို မှတ်တမ်းပြုတင်ဆက်လိုက်ရပါသည်။



တပ်မတော်သားများက ရေး-ထားဝယ်သွားကားလမ်းတွင် မြေပြိုကျ၍ ပိတ်ဆို့နေသော မြေသားများကို ဖယ်ရှားရှင်းလင်းပေးစဉ်။



တပ်မတော်သားများက တံတားချဉ်းကပ်လမ်းပျက်စီးမှုဖြစ်ပေါ်ခဲ့သည့်နေရာတွင် သဲအိတ်များချထားခြင်းနှင့် မြေဖို့ခြင်းတို့ကို ဆောင်ရွက်ပေးစဉ်။